
www.burmeseclassic.com

မိတ်ဆွေစာပေ



# မြန်မာနိုင်ငံ ဘာလဲ ဘယ်လဲ

BURMESE CLASSIC .com

မျှော်လင့်ချက်ဆေး ၂

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၄၊ ဇန်နဝါရီ-ဖေဖော်ဝါရီ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀၀ ကျပ်
အဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာစာစီ - ချယ်ရီမေ (အင်းစိန်)
အတွင်းဖလင် - မျိုးဝင်းကျော်
ထုတ်ဝေသူ - ဦးချစ်ညွန့် (၈၄၀၀၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ) ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့် အတွင်းပုံ - ဦးကျော်မင်းစိုး (မြဲ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း CIP

| |
|---|
| ၃၉၈.၂ |
| မျှော်လင့်ချက် (ဆေး-၂) |
| မြန်မာနိုင်ငံ ဘာလဲ မြန်မာနိုင်ငံ ဘယ်လဲ/မျှော်လင့်ချက် (ဆေး-၂)။ ရန်ကုန်။ |
| လင်းလင်းစာပေ (၂၀၁၄) |
| ၂၈၀ - စာ၊ ၁၂×၁၈ စင်တီ |
| (၁) မြန်မာနိုင်ငံ ဘာလဲ မြန်မာနိုင်ငံ ဘယ်လဲ |


မိတ်ကောင်းဆွေမှန်၊ လမ်းကောင်းညွှန်၍
များလွန်အကျိုး၊ ရှယ်သယ်ပိုး၏။
မိတ်ဆွေစာပေ


ဖြန့်ချိရေး
**မိတ်ဆွေ(စာပေ)**
၆၀ ဘုရင့်နောင်လမ်း၊ ပေါက်တော၊ အင်းစိန်
ဖုန်း - ၀၉၈၆၂၀၇၆၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


နိဒါန်း

၁။ မြန်မာနိုင်ငံဘာလဲ၊မြန်မာနိုင်ငံဘယ်လဲ ၁

၂။ တရုတ်နိုင်ငံဘာလဲ၊တရုတ်နိုင်ငံဘယ်လဲ ၂၀

၃။ အမေရိကန်ဘာလဲ၊အမေရိကန်ဘယ်လဲ ၃၃

၄။ အိန္ဒိယနိုင်ငံဘာလဲ၊အိန္ဒိယနိုင်ငံဘယ်လဲ ၄၅

၅။ ရုရှားနိုင်ငံဘာလဲ၊ရုရှားနိုင်ငံဘယ်လဲ ၅၅

၆။ စင်ကာပူနိုင်ငံဘာလဲ၊စင်ကာပူနိုင်ငံဘယ်လဲ ၆၆

၇။ ချစ်စကားတစ်ခွန်းအမှန်ဆိုပါမယ်(၁) ၇၇

၈။ ချစ်စကားတစ်ခွန်းအမှန်ဆိုပါမယ်(၂) ၈၉

၉။ ချစ်စကားတစ်ခွန်းအမှန်ဆိုပါမယ်(၃) ၁၀၂

၁၀။ ဘတ်စ်ကားပေါ်မှအတွေးများ ၁၁၄

၁၁။ လှည်းတန်းခုံးကျော်တံတားကြီး ပြီးသွားသောအခါ ၁၂၇

၁၂။ ညီလေးရေ ၁၃၅

၁၃။ အိပ်ပျော်နေသောမြန်မာပြည် ၁၄၆

၁၄။ ပညာရေးဘာလဲ၊ဘယ်လဲ ၁၅၈

၁၅။ သံကြိုးလေးနဲ့ရေဒိုးစင် ၁၇၀

၁၆။ ၂၀၀၅ ၁၈၀

၁၇။ သူ့နိုးသည့်ကျေးရွာ ၁၉၂

၁၈။ အမြုံအသိမ်းတွေတွေ့တဲ့နေ့ ၂၀၄

၁၉။ ကျွန်တော်ကြီးလာရင် ၂၁၇

၂၀။ ကျွန်တော်ခြေကြာပြည့်မယ်နော် ၂၃၄

၂၁။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ၂၄၇

၂၂။ ဗုံး ၂၅၀

၂၃။ ဆောကြိုးတာတဲ့စာတ ၂၆၀

နိဂုံး


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

စာအုပ်နာမည်ကတော့ "**မြန်မာနိုင်ငံ** ဘာလဲ၊ **မြန်မာနိုင်ငံ** ဘယ်လဲ"ဖြစ်ပါတယ်။ ဒီစာအုပ်ကို နိုင်ငံရေးစာအုပ်လို့ မှတ်ယူဆ စေချင်ပါဘူး။ တကယ်လဲ ဟုတ်ပါတယ်၊ နိုင်ငံရေးစာအုပ် မဟုတ် ပါဘူး။ နိုင်ငံ့အရေးစာအုပ်ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ "မိတ်ဆွေ"စာပေတိုက်နဲ့ လက်တွဲဖြစ်ခဲ့ တာကြာပါပြီ။ ကျွန်တော် ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်၊ ခုနစ်နှစ်ခန့် တတည်းက "မိတ်ဆွေ"စာပေတိုက်ကနေ စာအုပ်တွေ ဝယ်ယူ ဖတ်ရှုဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ ပထမဆုံးပွဲဦးထွက် နိုင်ငံရေး စာအုပ်ဖြစ်ပါတယ်။ အရင်ကတော့ "ကျန်းမာရေး"နဲ့ပတ်သက်တဲ့ "**ခန္ဓာပြောင်းချက်**"စာအုပ်နဲ့ "**ရှောင်ရန်နှင့်ဆောင်ရန် ဆေးပညာ ဆောင်းပါးပေါင်းချုပ်**" ၂-အုပ် ရေးသားခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီ "မြန်မာနိုင်ငံ ဘာလဲ၊ မြန်မာနိုင်ငံ ဘယ်လဲ"စာအုပ်ထဲမှာ စုစည်းဖော်ပြထားတာကတော့ ဆောင်းပါး ၂၃ ပုဒ်ဖြစ်ပါတယ်။ ဒီဆောင်းပါး ၂၃ ပုဒ်တာ အပတ်စဉ် တနင်္လာနေ့ထုတ် "Envoy" သတင်းဂျာနယ်ရဲ့ တမျက်နှာ ၁၂ မှာ ဖော်ပြပါရှိခဲ့ပြီးတဲ့ ဆောင်းပါးများပဲ ဖြစ်ပါတယ်။ ၆ လစာခန့် စုစည်းထားတာ ဖြစ်ပါတယ်။

"မြန်မာနိုင်ငံ ဘာလဲ၊ မြန်မာနိုင်ငံ ဘယ်လဲ"ဆောင်းပါးနဲ့ အစပြုထားပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို မှန်းဆဝေဖန်ထားပါတယ်။ နောက်တော့ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံတို့အကြောင်းကို ရှုထောင့်စုံကနေ တင်ပြထားပါတယ်။ ဘာလဲ၊ ဘယ်လဲဆောင်းပါး(၆)ပုဒ်ကို ဖတ်ရှုရမှာဖြစ်ပါတယ်။

နောက်တော့ ချစ်စကားတစ်ခွန်း အမှန်ဆိုထားတာတွေကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ချစ်စကားတစ်ခွန်းဆောင်းပါး(၃)ပုဒ်ကို စုစည်းထားပါတယ်။

နောက်ဆောင်းပါးတွေမှာတော့ "ဘတ်စ်ကားပေါ်မှ အတွေးများ"၊ "လှည်းတန်းခုံးကျော်တံတားကြီး ပြီးသွားသောအခါ"၊ "ညီလေးရေ"စတာတွေကို စုစည်းတင်ဆက်ထားပါတယ်။





"အိပ်ပျော်နေသောမြန်မာပြည်"အကြောင်းလဲ သိရှိရမှာဖြစ်ပါတယ်။ "ပညာရေးဘာလဲ၊ ဘယ်လဲ"ကိုလဲ့ ဝေဖန်သုံးသပ်ထားပါတယ်။ "သံကြိုးလေးနဲ့ ရေအိုးစင်"လဲ ပါပါတယ်။

"၂၀၁၅"မှာတော့ ၂၀၁၅ ရောက်ရှိသွားသလို ခံစားရမှာဖြစ်ပါတယ်။ "သူခိုးယဉ်ကျေးမှု"ကိုလည်း လေ့လာသိရှိရမှာဖြစ်ပါတယ်။ "အပြုံးအစိမ်းတွေ တွေ့တဲ့နေ့"မှာလည်း ကျောင်းသားကျောင်းသူများရဲ့ အနာဂတ်ကို မှန်းဆဖြစ်ခဲ့ပါတယ်။

"ကျွန်တော်ကြီးလာရင်"ဆောင်းပါးကတော့ ကျွန်တော်အသက်ကြီးလာရင် မြင်တွေ့လိုတဲ့ နိုင်ငံတစ်ခုကို ပုံဖော်ဖြစ်ခဲ့တာပါ။ မင်းသားဦးကျော်သူရေးတဲ့ "ကျွန်တော်သမ္မတကြီး ဖြစ်ခဲ့ရင်" ဆိုတဲ့ စာအုပ်ထူကြီးလောက်တော့ မရေးဖြစ်ခဲ့ပါဘူး။ ဒေါက်တာကျော်သူက "ဖြစ်ခဲ့ရင်"ဆိုတဲ့ အတိတ်ကာလကို လှမ်းမျှော်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ "ဖြစ်လာရင်"ဆိုတဲ့ အနာဂတ်ကာလကို လှမ်းမျှော်နေတာ ဖြစ်ပါတယ်။ ကွဲပြားတဲ့ရသကို ခံစားနိုင်ပါတယ်။

နောက်တော့ "ကျွန်တော်ပြောကြည့်မယ်နော်"နဲ့ ကျွန်တော်ပြောကြည့်ခဲ့ပါတယ်။ "ကျွန်တော်တို့ရပ်ကွက်ထဲမှာ"ဘာတွေဖြစ်နေလဲဆိုတာလည်း ရေးဖြစ်ခဲ့ပါတယ်။ "ဗုံး"ဆောင်းပါးမှာတော့

www.burmeseclassic.com



"ဗုံး"အကြောင်း တစ်ကိုးခဲ့တာပါ။ "မေပြီးတာတဲ့မောဟ"ဆောင်းပါး နဲ့ အဆုံးသတ်ထားပါတယ်။ ဆောင်းပါး ၂၃ ပုဒ်ကို နှစ်သက်ရာ အပုဒ်ကနေ စတင်ဖြည်းစမ်းနိုင်ပါတယ်။

နိုင်ငံအရေး၊ ဘဝအရေး၊ အနာဂတ်အရေးကို တစ်ခုခု အတွေး သစ်ပေါ်ခဲ့တယ်ဆိုရင်ပဲ ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမှာပါ။ ဖတ်ကြည့်ကြပါကုန်။



# မြန်မာနိုင်ငံဘာလဲ ...မြန်မာနိုင်ငံဘယ်လဲ

ကျွန်တော့်ကို ဆရာတစ်ယောက်က ပြောဖူးပါတယ်။ "မင်း သူများအကြောင်း ကောင်းမကောင်း မစပ်စုချင်နဲ့၊ ကိုယ့်အကြောင်း ကို ကိုယ်သိအောင် အရင်လုပ်"တဲ့၊ ဟုတ်ပါတယ်။ မြန်မာနိုင်ငံ အကြောင်း မသိဘဲ ကမ္ဘာ့နိုင်ငံအကြောင်း သိချင်တာက စပ်စုရာ ကျပါတယ်။

မြန်မာနိုင်ငံဘာလဲ၊ မြန်မာနိုင်ငံဆိုတာ အရှေ့တောင်အာရှမှာ သယံဇာတ ပေါကြွယ်ဝလှတဲ့ နိုင်ငံဖြစ်တယ်။ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ခန့်က အရှေ့တောင်အာရှမှာ အချမ်းသာ ဆုံးနိုင်ငံဖြစ်ခဲ့တယ်။ အရှေ့တောင်အာရှမှာ အကောင်းဆုံးလေဆိပ်က မင်္ဂလာဒုံလေဆိပ်ဖြစ်ခဲ့တယ်။ အရှေ့တောင်အာရှမှာ အသန့်ရှင်းဆုံး မြို့ဟာ ရန်ကုန်မြို့ဖြစ်ပါတယ်။ ဒါတွေဟာ ပုံပြင်မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်ကာလတွေမှာ တကယ်ကို ဖြစ်ခဲ့တာပါ။ နောက်ပြီး ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



စက်ာပူနိုင်ငံကို တည်ဆောက်ခဲ့စဉ်က စံနမူနာယူခဲ့တာ ရန်ကုန်မြို့ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ရန်ကုန်ပုံစံကိုကြည့်ပြီး စက်ာပူမြို့ကို တည်ဆောက်ခဲ့တာပါ။ အဖြစ်မှန်ကတော့ စက်ာပူဟာ မြန်မာနိုင်ငံကို အားကျခဲ့တယ်ဆိုတာပါ။ ဒါတွေဟာလည်း အဖြစ်မှန်ပါပဲ။

ဒါပေမယ့် ဒါတွေပြောရင် ဒေါ်တွေပါလိမ့်မယ်ဆိုတဲ့ စကားရပ်လိုပါပဲ။ အခုတော့ ဖွတ်ကျောပြာစုဘဝ မရောက်ရှိတမယ်ပါပဲ။ ဒါပေမယ့် မြန်မာနိုင်ငံဟာ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ တကယ်ပြောင်းလဲပြီဆိုရင် လေးငါးနှစ်အတွင်းမှာ ပြတ်ပြတ်သားသား တိုးတက်သွားမှာ သေချာပါတယ်။

မြန်မာနိုင်ငံရဲ့ အခုလက်ရှိ အခြေအနေကို စဉ်းစားကြည့်ရအောင်ပါ။ သီလဝါဆိပ်ကမ်း၊ ထားဝယ် ရေနက်ဆိပ်ကမ်းစတာတွေပြီးတဲ့ တစ်နေ့မှာ ပွဲသိမ်းပါပဲ၊ အနောက်နိုင်ငံက ဖြတ်သန်းလာတဲ့ သင်္ဘောကြီးငယ် အကုန်ဟာ စင်္ကာပူအထိ မသွားပါဘူး။ ရန်ကုန်ဆိပ်ကမ်းထားဝယ်ရေနက်ဆိပ်ကမ်းတွေမှာပဲ ကုန်တင်ကုန်ချအလုပ်လုပ်ကြတော့မှာ ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုအကောင်းဆုံးအနေအထားဖြစ်လာမှာပါ။ ငွေကိုသဲ့ပြီး ယူရုံပါပဲ။ ရေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာကနေ စီးပွားရေးအခြေအနေ အဆင်ပြေလာမှာပါ။ အဲဒီ အခါ စက်ကပ္ပူမှာ သုံးနေခဲ့တဲ့ စက်ကပ္ပူဆိပ်ကမ်းဟာ အလုပ်လက်မဲ့ ဖြစ်သွားမှာပါ။ ဒါကိုသိတဲ့ စက်ကပ္ပူကလည်း အရမ်းကိုကြောက်ပါ တယ်။

ဒါကြောင့်ပဲ သူတို့နိုင်ငံရဲ့ ပိုင်နိုင်တဲ့ ပညာရေးဈေးကွက်ကို အသုံးချပြီး အကွက်တွေပြောင်းရွှေ့ဖို့ ကြိုးစည်နေပါတယ်။ စက်ကပ္ပူရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံခဲ့တဲ့ အခြေအနေကို လျှော့ တွက်လို့ မရပါဘူး။ အခုဆို စက်ကပ္ပူနိုင်ငံဟာ မလေးရှားကနေ ရေဝယ်သောက်ခဲ့ရတဲ့ အခြေအနေကို လျှော့ချနေပါပြီ။ ရေဆိုးကို ရေသန့်ဖြစ်အောင် ပြောင်းခဲ့ပြီဖြစ်ပါတယ်။ အိမ်သာရေကို သောက် ရေဖြစ်အောင် ပြောင်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်းနိုင်ငံ ပမွှားလေး ဆိုပြီး လျှော့တွက်လို့ မရပါဘူး။ ထားပါတော့လေ။

မြန်မာနိုင်ငံဘယ်လဲ၊ မြန်မာနိုင်ငံကြီးကတော့ ရွှေ့သွားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆိုလိုတာက နောက်ပိုင်းနှစ်တွေမှာ ဘာဖြစ်လာမလဲပေါ့။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှာတော့ သေချာ ပါတယ်။

ဒါက မြေကြီးလက်ခတ် မလွဲပါဘူး။ မြန်မာနိုင်ငံမှာ ဆက်သွယ် ရေး၊ စီးပွားရေး၊ စက်မှုလုပ်ငန်းစသဖြင့် အဘက်ဘက်ကနေ တိုးတက်





များပြားလာမှာ သေချာပါတယ်၊ ပြည်သူတွေအနေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်လေးကို စားသုံးခွင့်ရဖို့ပဲ လိုအပ် ပါတယ်။

အသီးမစားရတောင် အစေ့လေးတော့ စိုက်ခွင့်ရဖို့လိုပါတယ်။ ဒါပေမယ့် မြေကြီးတွေ အကုန်၊ လယ်မြေတွေ အကုန်သိမ်းနေတဲ့ ဒီအခြေအနေမျိုးနဲ့တော့ မဖြစ်သေးပါဘူး။ မဖြစ်နိုင်သေးပါဘူး။ ပြည်တော်မျှော်တိုင်းဝေးနေဆဲပါပဲ။

နောက်တော့ ဘာတွေပြောင်းလဲလာမလဲ။ ဟုတ်ပါတယ်။ ပြောင်းလဲမှုတွေရှိလာဦးမှာဖြစ်ပါတယ်။ မကောင်းတဲ့ဆိုးကျိုးထဲက တစ်ခုပြောရမယ်ဆိုရင်တော့ လူဦးရေပိုများလာမှာဖြစ်ပါတယ်။ ရန်ကုန် မြို့မှာ နေထိုင်သူ လူဦးရေများလာတာနဲ့အမျှ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ယာဉ် ကြောတွေ ပိုမိုကျပ်လာမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးအချက်တစ်ချက် ရှိပါတယ်။ ဟုတ်ကဲ့ စာဖတ်သူ စာရှုသူအနေနဲ့ ယနေ့ရန်ကုန်မြို့မှာ ကားလမ်းတွေ ကျပ်ပါတယ်၊ ဟုတ်ကဲ့၊ အဲဒီကားတွေ မောင်းနှင်နေတဲ့ ကားလမ်းမှာ ကြားတာ ဘာတွေ့ပါသလဲ။ ယာဉ်ကြောကျဉ်းတာတွေ့ရပါတယ်။ ဒါဟာ လူဦးရေသိပ်သည်းလွန်းတဲ့ ရန်ကုန်မြို့အတွက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဝိစိကွေးလေးပဲဖြစ်ပါတယ်။ ခြောက်လမ်းသွားဆိုလို့လည်း လောက်လောက်လားလားလမ်းတွေ မရှိပါဘူး။ ဒါဟာ လုံးဝမဖြစ်သင့်တဲ့ အနေအထားဖြစ်ပါတယ်။ ရန်ကုန်လမ်းတွေကို ဖောက်လုပ်ခဲ့တဲ့ အင်ဂျင်နီယာတွေဟာ သူ့ခေတ်သူ့အခါက ဒိတ်ဒိတ်ကြဲတွေ ဖြစ်ပါတယ်။ ဒါပေမယ့် အင်ဂျင်နီယာတွေဟာ လူဦးရေသိပ်သည်းလာမှာကို လျော့တွက်ခဲ့ကြပုံ ရပါတယ်။ ဒါဟာလည်း တကယ်တော့ အင်ဂျင်နီယာမျိုးကြီးတွေရဲ့ အားနည်းချက်တော့ မဟုတ်ပါဘူး။ သူတို့မြင်တာက ရန်ကုန်မြို့နည်းတူ တတိုင်းပြည်လုံး တပြေးညီ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ထင်ခဲ့ပုံ ရပါတယ်။ အခုတော့ ရန်ကုန်တစ်မြို့ထဲကွက်ပြီး ထွန်းကားစည်ပင်ခဲ့တော့ ဇဗင်ဆရာ လွဲသွားခဲ့တော့တာပဲပေါ့။

ဒီလိုနဲ့ ဒီအဖြစ်တွေနဲ့ လက်ရှိမှာတော့ ထရပ်ဖစ်ဂျမ်ဖြစ်နေ တာဖြစ်ပါတယ်။ အခုတော့ ဝိုနေရုံမှ တစ်ခြားမရှိတော့လို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

တစ်ခုရှိပါသေးတယ်၊ တကယ်လို့ စာဖတ်သူအနေနဲ့ ရန်ကုန် မြို့မှာ ကားစီးဖြစ်တယ်ဆို၊ ကားစီးရင် သတိထားကြည့်ပါ၊ ခြောက် လမ်းသွားတွေမှာ ကားကလေးလမ်းပဲ မောင်းလို့ရတာတွေ့ပါလိမ့် မယ်။ ဆိုလိုတာက လမ်းဘေးဝဲယာ နှစ်လမ်းကို အသေရပ်ထား





တွေ မောင်ပိုင်စီးထားတာပါ။ ပြောမယ်ဆိုရင်တော့ ကျက်သရေ တုံးတွေ မောင်ပိုင်စီးတာပေါ့။ ဒီမှာလည်း တရားဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိဆိုတဲ့ မျက်လုံးစုံမှိတ်ပြီး ကုန်းအော်နေတဲ့သူတွေ ရှိပါတယ်။ အဲ့ဒါကိုက လွဲနေတာပါ။ တကယ်တော့ တရားဥပဒေလို့ ပြောလိုက်ပြီဆိုကတည်းက တရားတဲ့ ဥပဒေဖြစ်ပါတယ်။ တရားတဲ့ဥပဒေလို့ ပြောပြီဆိုကတည်းက တရားဥပဒေ အထက်မှာ မရှိစေရဆိုပြီး အော်နေစရာမလိုတော့ပါဘူး။ အမှိုက်မပစ်ရဆိုတဲ့ ဆိုင်းဘုတ်တွေ့ဖူးမှာပါ။ ဒါက အမှိုက်ပစ်တဲ့သူရှိလို့ ဖြစ်ပါတယ်။ အပေါ်ကစကားဟာလည်း ဒီအတိုင်းပါပဲ။

မြန်မာနိုင်ငံ ဘယ်လဲဆိုတဲ့အတွက် စဉ်းစားစရာအချက် ကျန်ပါ သေးတယ်။ အဲဒါကတော့ ကားသမားတွေရဲ့ ကိစ္စပါ။ ဒီကားမောင်း တဲ့ ယာဉ်မောင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆောင်းပါးတွေ တော်တော်များများ ရေးခဲ့ကြသူတွေ များခဲ့ပါပြီ။ ဒါပေမယ့် သူတို့ ကတော့ ခုံရင်းက ခုံရင်းပါပဲ။ ဒီတော့ အစီအစဉ်တစ်ခုကို တင်ပြချင် ပါတယ်။ ခရီးသည် အပြည့်တင်ပြီး မိုင်ကုန်မောင်းတဲ့ ယာဉ်မောင်း တွေကို မှတ်ထားလိုက်ပါ။ ပြီးရင် သိမ်ဖြူကွင်းမှာ ပြိုင်ကားအစီးရေ တစ်ရာလောက်မောင်းပြီး နေ့စဉ်ပြိုင်စေပါမယ်။ ပထမရတဲ့သူကို ဆုပေးပေါ့။ ဒီလိုလုပ်ရင် မကောင်းဘူးလား။ သူတို့လည်းဆုရတော့



www.burmeseclassic.com

www.burmeseclassic.com



မျှော်ရှင်မှာတော့ သေချာပါတယ်။ နောက်ပြီး အရေးကြီးတာ တစ်ချက်ကျန်ပါသေးတယ်။ အဲ့ဒီပြိုင်ကားမှာ ဘရိတ်ဖြုတ်ထားဖို့ပါ။ နို့မို့ဆိုသူက ဘရိတ်ပဲ အုပ်နေမှာပါ။ ဘရိတ်အုပ်လို့မရတဲ့ ပြိုင်ကားကို ခမောင်းနှိုင်းသင့်ပါတယ်။

နောက်တစ်ခု ကျန်တာကတော့ စပယ်ယာတွေကိစ္စပါ။ စာရေးသူ စီးရင်ကြားနေကျ စကားတစ်ခွန်းပါ။ "ကိုယ့်ဟာကိုယ် တိုးနော်၊ ကိုယ့်အသိစိတ်နဲ့ ကိုယ်တိုး၊ ကျွန်တော်တိုးရင် သည့်ထက် ပိုဆိုးမယ်"ဆိုတဲ့စကားကို စာဖတ်သူတို့လည်း ကြားဖူးလိမ့်မယ် ထင်ပါတယ်။ ဒါပေမယ့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုတဲ့ဌာနက ရှေ့ဆော်တော်စူးရောက်တဲ့ လူကြီးတွေ မကြားတာတော့ အံ့ဩလို့ မဆုံးပါဘူး။ တကယ်တော့ မကြားဘူးဆိုတာ မရှိပါဘူး။ အိပ်ချင် ယောင်ဆောင်တဲ့သူဟာ နှိုးရအခက်ဆုံးပါပဲ။ ဒီမှာလည်း လာဘ် မစားရ၊ ဘာမစားရ၊ ညာမစားရဆိုတဲ့ အသံကောင်းတစ်တဲ့သူ တွေလည်း ရှိပါတယ်၊ လာဘ်မစားရဘူးဆို ဘာစားရမလဲလို့ စဉ်းစားမိပါတယ်။ အံ့ဩကုန်နိုင်ဖွယ်ပါပဲ။ တကယ်တော့ စပယ်ယာက ခရီးသည်ကို လူ့ပါးဝတာ ကြာခဲ့ပါပြီ။ အခုမှဖြစ်တဲ့ ကိစ္စမဟုတ် ပါဘူး။ တာဝန်မဲ့သူတွေကြောင့်သာ ဒီကိစ္စဟာ မပြောင်းလဲတာပါ။ တကယ်တော့ လူကြီးနဲ့ လူငယ်ဆိုပြီး ၂ မျိုးရှိပါတယ်။





လူကြီးတွေဟာ လူငယ်တွေကို ဘာဖြစ်တယ် အမြဲပြောလေ့ ရှိပါတယ်။ သူတို့မမြင်တာက သူတို့မပြောင်းလဲနိုင်ခဲ့တဲ့ ခေါက်ရိုး ကျိုးနေတဲ့ ပတ်ဝန်းကျင်ဖြစ်ပါတယ်။ ဒီလိုမိုက်ရိုင်းတဲ့ ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲဖို့တော့ အားမထုတ်တဲ့ လူငယ်တွေက ဘာဖြစ်တယ်၊ ညာဖြစ်တယ်လို့ ပြောတာဟာ အယားပြေပြောတာလို့ မြင်မိ ပါတယ်။

တကယ်တော့ စပယ်ယာရဲ့အလုပ်က လမ်းခရီးလုံခြုံ ချောမွေ့ စေဖို့ပါ။ အခုတော့ ဒီလိုမဟုတ်ပါဘူး။ စပယ်ယာဆိုတဲ့ ယာဉ် အကူတွေဟာ ထောင်ထွက်လူမိုက်ပုံစံ ပေါက်နေပါတယ်။ တကယ် တော့ လူဆိုတာ ဘဝနာဖူးမှ သိတာပါ။ ဒီလိုစပယ်ယာတွေ အိမ် ခြေ ယာမရှိ လမ်းဘေးမှာ ခွက်တစ်လုံးနဲ့ဖြစ်နေမှပဲ မျက်ရည် ကျမှာပါ။ ဒီလို အော်တဲ့၊ ဆဲတဲ့ စပယ်ယာဆိုတာ နည်းပါတယ်။ ဒါပေမယ့် ဒီနည်းပါးတဲ့ စပယ်ယာတွေကြောင့်ပဲ စပယ်ယာလောက တစ်ခုလုံးဟာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ပါတယ်။

စပယ်ယာတွေ ယဉ်ကျေးဖို့တော့ လိုနေပြီဖြစ်ပါတယ်။ စပယ် ယာနဲ့ ယာဉ်မောင်း၊ ယာဉ်မောင်းနဲ့ စပယ်ယာ ဒီနှစ်ယောက်ဟာ ခရီးသည်တွေအတွက် ပင်မခေါက်တိုင်နှစ်ခုပါ။ ခေါက်တိုင်တွေ မခိုင်ရင် ယိုင်မြဲကျမှာ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုကတော့ ပညာရေးဖြစ်ပါတယ်။ ပညာရေးမှာ ထိုးထွင်းသိမြင်ဉာဏ်နဲ့ယှဉ်တဲ့ ပညာရေးအထိ ဖြစ်ဖို့လိုပါတယ်။ ခန္ဓာဉာဏ်ရောက်ဖို့လိုပါတယ်။ အကျက်အဖြေဆိုတဲ့ ပညာရေးမျိုးကို သူငယ်တန်းကတည်းက ပျိုးထောင်ပေးခဲ့တာဟာ တိုင်းပြည်ကို ချောက်ထဲရောက်အောင် တွန်းချတာပဲဖြစ်ပါတယ်။ ဒီလိုနည်းလမ်း တွေ သုံးနေသရွေ့တော့ ဘယ်သောအခါမှ ဘာကြီးမှ ဖြစ်လာမှ မဟုတ်ပါဘူး။

ကျန်းမာရေးလည်း ကျန်နေပါသေးတယ်။ တိုတလော သတင်းထဲမှာ ဖတ်လိုက်ရပါသေးတယ်။ စာရင်းစစ်ချုပ်ရုံးက ကျ မာရေးဝန်ကြီးဌာန အကြောင်းတိုင်ကြားခြင်းဖြစ်ပါတယ်၊ လွှတ်တော် မှာ ကျန်းမာရေးဝန်ကြီးက ပြန်ရှင်းပြရပါတယ်။ တကယ်တေ ပြဿနာက ရိုးရိုးလေးပါပဲ၊ စရိတ်မျှပေး ပြဿနာပါ၊ ဆေ တွေမှာ "စရိတ်မျှပေးကျန်းမာရေး" ဆိုတဲ့ ဆိုင်းဘုတ်ကိုမြင်ဖူ မှာပါ။ အဲ့ဒီဆိုင်းဘုတ် အဓိပ္ပာယ်မှာကိုက အခြေပါပြီးသာ စရိတ်တွေကို မျှပြီးပေးတဲ့ ကျန်းမာရေးစနစ်ဖြစ်ပါတယ်။ အလ ကုပေးသည်လို့ ရေးမထားပါဘူး။ အဲ့ဒါကိုပဲ အစိုးရက ငွေ ရက်နဲ့ ကျန်းမာရေးဝန်ကြီးဌာနက အလကားကုမပေးဘူး





တိုင်တာပါ။ တကယ်တော့ ရယ်လည်းရယ်စရာပါ။ စရိတ်မျှပေးနဲ့ အလကားဆိုတဲ့စကားလုံးကို တူတူပဲလို့ ထင်တာပါ။ သူငယ်တန်း ပြန်တက်ခိုင်း သင့်ပါတယ်။ ဒါကြောင့်လည်း ရှေးလူကြီးတွေက ဆိုဆုံးမခဲ့တာဖြစ်ပါတယ်။ မရှိတာထက် မသိတာခက်တယ်။

မွေးကတည်းက လူတိုင်းကတော့ ဘာကြီးဖြစ်ချင်၊ ညာကြီး ဖြစ်ချင်ကြတာပါပဲ။ ဒါပေမယ့် နောက်တော့ အချိန်တွေသာ ကုန်သွား တယ်။ ဆန်ကုန်မြေလေးပဲ ဖြစ်ကျန်ခဲ့တာပါ။

မြန်မာနိုင်ငံ ဘာလဲဆိုတာကို သေချာမတွေ့ခင် ကိုယ့်ကိုယ်ကို ဘာလဲဆိုတာ အရင်တွေ့အောင် ရှာရမှာဖြစ်ပါတယ်။ အခုတော့ ဆောင်မင်းကို မြှောက်မင်းမကယ်နိုင်တဲ့ စကားလိုပါပဲ။ ဟိုဟာလည်း ဖြစ်မလာ၊ ဒီဟာလည်းဖြစ်မလာ၊ နောက်ဆုံးတော့ အိုယောင်ဝါး အခြေအနေပဲ ဖြစ်လာတာမျိုးပေါ့။

ဒါတွေကတော့ မြန်မာနိုင်ငံ ဘယ်လဲဆိုတဲ့ အချို့တဝက် အဖြေများပဲဖြစ်ပါတယ်။ စိန်ခေါ်မှုတွေကတော့ အမြဲပဲရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့အတွက် ဦးနှောက် တွေလိုပါတယ်။ သတ်မယ်ဖြတ်မယ် ခိုးမယ်လုမယ်ဆိုတဲ့ အကုသိုလ် စိတ်တွေပဲ ကြီးစိုးနေမယ်ဆိုရင် ဘယ်တော့မှ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးနောက်မှာ ရင်းနှီးမြှုပ်နှံဖို့ အပူတပြင်း လိုအပ်နေတဲ့အချိန်အခါ ဖြစ်ပါတယ်။ တကယ်တော့ နှလုံးသားမှာ ရင်းနှီးမြှုပ်နှံတာလဲ လိုပါတယ်။ ဦးနောက်နဲ့ နှလုံးသားမျှမျှတတ ရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဘာလဲဆိုတာအတွက် အဖြေတချို့တစ်ဝက်လည်း ရှိနေပါသေးတယ်။ မြန်မာနိုင်ငံဟာ တစ်ချိန်က အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံဖြစ်ပါတယ်။ အနာဂတ်မှာလည်း တစ်ကျော့ပြန်ဖြစ်လာဖို့ ရှိပါတယ်။ ဒါပေမယ့် စိတ်ကောင်းရှိတဲ့ အစိုးရ၊ ဦးနှောက်ရှိတဲ့ အုပ်ချုပ်သူအုပ်စိုးမှုပဲ ဖြစ်နိုင်မှာပါ။ သတင်းစာထဲမှာ အမြဲဖတ်ရတဲ့ ဘာကြီးဖြစ်သင့်တယ်။ ညာကြီးဖြစ်သင့်တယ် စတာတွေ တကယ်ဖြစ်လာဖို့ လိုပါတယ်။

ဟိုတလောက ကာတွန်းတပုဒ်တောင် ဖတ်မိပါသေးတယ်။ ကာတွန်းထဲမှာ ရေးထားတာက "မိဘပြည်သူများ ၂၄ နာရီ မီးရရှိရေးအတွက် ၂၄ နာရီကြိုးစားနေကြောင်းကို ၂၄ နာရီ သတင်းထုတ်ပြန် ကြေညာပေးထားပါတယ်"တဲ့ လှောင်တာလေ၊ နောက်ကာတွန်းကလည်း ရှိပါသေးတယ်။ ထိုင်းနိုင်ငံ ၂၄ နာရီ မီးလင်းရေးအတွက် မြန်မာနိုင်ငံမှ ကူညီမည်ဆိုတဲ့ သတင်းလေးကို ဖြတ်ညှပ်ကပ်ပြီး လှောင်ထားတာပါ။ ပြည်တွင်းကို ၂၄ နာရီ မီး





မပေးနိုင်ဘဲ ပြည်ပကို မီးရောင်းတယ်ဆိုတာ မြင်တတ်မယ်ဆိုရင် အမြင်မတော် ဆင်တော်နဲ့ ခလောက်ပါပဲ။

ဒါကြောင့် မြန်မာနိုင်ငံ ဘာလဲ မြန်မာနိုင်ငံဘယ်လဲဆိုတာအတွက် အဖြေကတော့ ရှိပါတယ်။ ဒီအဖြေအတိုင်းဖြစ်လာရင် မြန်မာနိုင်ငံ တိုးတက်ကြီးပွားမှာ သေချာပါတယ်။ စိတ်ကောင်းရှိတဲ့ အစိုးရ၊ လူကိုလူလို့မြင်တဲ့ အစိုးရ၊ လူကောင်းတွေ ပါဝင်တဲ့အစိုးရ၊ ပညာရေးနဲ့ကျန်းမာရေးကို အရေးပေးတဲ့ အစိုးရ၊ ရေရှည်ကို မြင်တဲ့အစိုးရ၊ အများအကျိုးကိုဆောင်တဲ့ အစိုးရ၊ ကိုယ်ကျိုးစီးပွားဦးစားမပေးတဲ့ အစိုးရ ဒါတွေသာ ရှိနေမယ်ဆိုရင် ရွှေရောင်လွှမ်းတဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်မှာ သေချာပါတယ်။ ရွှေနိုင်ငံတော်ကြီးဆီသို့ ရောက်မယ်ဆိုတာ ...။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## တရုတ်နိုင်ငံဘာလဲ ...တရုတ်နိုင်ငံဘယ်လဲ

အခုဆို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေး အတောင့်တင်းဆုံး၊ အချမ်းသာဆုံးနိုင်ငံတွေထဲမှာ နံပါတ် ၂ ကို ရောက်လာပါပြီ။ သူ့အပေါ်မှာ အမေရိကန်ပဲရှိပါတော့တယ်။ ဒီဆောင်းပါးကတော့ တရုတ်နိုင်ငံအနေနဲ့ ကမ္ဘာ့အဆင့် ၁ ကို ရောက်မလားဆိုတာပါ။ အဖြေကတော့ ရှင်းပါတယ်။ ဘယ်တော့မှ မရောက်ပါဘူး။ ရုပ်ရှင်ကားတစ်ကားထဲကလို ပြောရရင် "ဆယ်နှစ်၊ ဆယ်နှစ်"ပါပဲ။





ဘာကြောင့်လဲ။ တရုတ်နိုင်ငံဟာ ကွန်မြူနစ်တိုင်းပြည်ပါ။ ကွန်မြူနစ်ဆိုတာ ဘာသာတရားမရှိပါဘူး။ ဘာသာတရားမရှိတော့ ဘာဖြစ်လဲ။ ဘာသာတရားမရှိတော့ စိတ်မတည်ငြိမ်ပါဘူး။ သူတို့မှာ အားကိုးစရာစာအုပ်ဆိုလို့ ကားမတ်စာအုပ်တို့၊ မားစ်အိမ်ဂျယ်စာအုပ်တို့လောက်ပဲရှိတာပါ။ ဒါပေမယ့် သူတို့က ဒီစာအုပ်တွေကို ဖတ်ရုံပဲဖတ်တာပါ။ လက်တွေ့တိုက်ရိုက်သုံးတာ မဟုတ်ပါဘူး။ ခေါင်းဆောင်ကြီးမော်စီတုန်းချမှတ်ခဲ့တဲ့ လမ်းစဉ်ကိုပဲ ကျင့်သုံးတာပါ။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ဝါဒကို မော်ဝါဒလို့ခေါ်မယ်ဆို ခေါ်လို့ရပါတယ်။

နောက်တစ်ခုရှိပါသေးတယ်။ တရုတ်နိုင်ငံဟာ လူ့အခွင့်အရေး ချိုးဖောက်တဲ့တိုင်းပြည်ဆိုတာ ကမ္ဘာ့အနှံ့မှာ မကောင်းသတင်းနဲ့ ကျော်ဇောပါတယ်။ ဒါကြောင့် လူ့အခွင့်အရေး ချိုးဖောက်တဲ့ တိုင်းပြည်ဟာ ကမ္ဘာ့နံပါတ် ၁ မဖြစ်နိုင်ပါဘူး။ အိုင်ဝေဝေတို့လို **အနုပညာရှင်တွေကို** ဖိနှိပ်ထားပါတယ်။ နောက်အခု အမေရိကမှာ ခိုလှုံနေတဲ့ **မျက်မမြင်ရှေ့နေ**ကိုလည်း နှိပ်ကွပ်ထားပါတယ်။ နိုဗယ်ဆုရတဲ့ **တရုတ်စာ**ပေပညာရှင်ကိုလည်း ဆုမယူဖို့တားဆီးပါတယ်။ လူ့စံနှုန်းတွေ **ချွတ်ချုံ**ကျနေတဲ့ တိုင်းပြည်ဟာ ကမ္ဘာ့အဆင့် ၁ ဘယ်လိုမှ **မဖြစ်**နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုကတော့ တီထွင်ဖန်တီးနိုင်စွမ်းအားပါ။ တရုတ်ပြည်ကြီးဟာ ပစ္စည်းတွေကို လက်ရာမြောက်အောင် တုပနိုင်ပါတယ်။ အစစ်ထုတ်ဖို့တော့ ခက်ပါတယ်။ နည်းပညာက အမေရိကန်ကို မီဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီနိုင်ငံတွေက တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးပါတယ်။ ကွန်မြူနစ်ဆိုတာ အတွေးတွေကို ပိတ်ပင်တားဆီးထားပါတယ်။ ဒီတစ်ချက်ထဲနဲ့တင် တရုတ်ဟာ အမေရိကန်ကို လုံးဝမမီနိုင်ပါဘူး။

နောက်တစ်ခုကတော့ ဘာသာစကားပါ။ တရုတ်ဘာသာစကားဟာ သင်ရခက်ပါတယ်။ သူ့က တစ်လုံးချင်းဆီမှာ အဓိပ္ပာယ်တစ်မျိုးစီရှိပါတယ်။ အင်္ဂလိပ်စာလို စုပေါင်းစပ်ပေါင်းမှတ်လို့မရပါဘူး။ မှတ်လို့မကောင်းပါဘူး။ ကမ္ဘာ့အဆင့် ၁ ဖြစ်ဖို့ဆို ဘာသာစကားကလည်း တစ်ကမ္ဘာလုံးသုံး ဖြစ်ရမှာပါ။ ဒါမှပဲ ကမ္ဘာ့အဆင့် ၁ ကို မျှော်မှန်းနိုင်မှာပါ။ ဘာသာစကားဆိုတာ နိုင်ငံရဲ့အမှတ်အသားဖြစ်ပါတယ်။ တရုတ်လူမျိုးတွေဟာ အခုအချိန်မှာ အင်္ဂလိပ်စာကို ကျားကုတ်ကျားခဲသင်နေပြီ ဖြစ်ပေမယ့် မွေးကထဲက အင်္ဂလိပ်စကားပြောလာတဲ့ အမေရိကန်ကို ဘယ်လိုမှ မမီနိုင်ပါဘူး။

နောက်တစ်ခုကတော့ ငွေစက္ကူပါ။ တရုတ်နိုင်ငံသုံးတာက ယွမ်စက္ကူဖြစ်ပါတယ်။ အမေရိကန်က ဒေါ်လာသုံးပါတယ်။ ယွမ်ကို





ကမ္ဘာသုံးဖြစ်အောင် လုပ်လို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နိုင်ငံထုတ်ဖြစ်နေလို့ပါ။ လူ့အခွင့်အရေး ချိုးဖောက်တဲ့နိုင်ငံတစ်နိုင်ငံရဲ့ ငွေစက္ကူကို တစ်ကမ္ဘာလုံး မက်မက်စက်စက် သုံးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အမေရိကန်ရဲ့အစိမ်းကိုပဲ သုံးကြမှာဖြစ်ပါတယ်။ ကမ္ဘာသုံးဖြစ်ဖို့ဆိုတာ တခြားအချက်တွေနဲ့လည်း ကြည့်ကြရမှာဖြစ်တယ်။ နောက်ပြီး ယွမ်တန်ဖိုးကလည်း ပျော့ပါတယ်။ ဒေါ်လာက မာပါတယ်။ ယွမ်တန်ဖိုးကို ပျော့အောင်လုပ်ထားတာပါ။ စီးပွားရေးတွေ တိုးတက်ဖွံ့ဖြိုးအောင် ယွမ်တန်ဖိုးကို တမင်နိမ့်အောင်နည်းအောင်လုပ်ထားတာက တရုတ်အစိုးရရဲ့ ဗျူဟာတစ်မျိုးပါ။

နောက်ရှိပါသေးတယ်။ ကမ္ဘာ့ဘဏ်ပါ။ ကမ္ဘာ့ဘဏ်ဆိုတာ ကမ္ဘာ့ငွေကြေး ဈေးကွက်ကို ထိန်းသိမ်းပေးနေတာပါ။ ကမ္ဘာ့ဘဏ်က အမေရိကန်မှာ ရှိပါတယ်။ ဥပမာတစ်ခုပြောပါရစေ။ စက်ာပူကနေ တရုတ်ပြည်ကို ဒေါ်လာသန်းချီလွှဲတယ်ဆိုကြပါစို့။ ဒါကို စက်ာပူကငွေက တရုတ်ပြည်ကို ကားလေးနဲ့သယ်ပို့ပြီး ရောက်သွားတာမဟုတ်ပါဘူး။ ဒီလောက်မလွယ်ပါဘူး။ ကမ္ဘာ့ဘဏ်ကို ဖြတ်သန်းရပါတယ်။ ကမ္ဘာ့ဘဏ်က ခွင့်ပြုမှပဲ တရုတ်ပြည်ကို ငွေရောက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလောလောဆယ် ဆီးရီးယားကိုကြည့်ပါ။ ဆီးရီးယားမှာ အာဆတ်နဲ့အာဆတ်ကို ဖြုတ်ချမယ့်သူတွေ တိုက်ပွဲဖြစ်နေတာ ၂ နှစ်ကျော်ပါပြီ။ အာဆတ်အစိုးရရဲ့ငွေတွေကို ကမ္ဘာ့ဘဏ်က ပိတ်ပင်ထားပါတယ်။ ဆိုလိုတာက အာဆတ်ကြီးဘီလီယံကြွယ် ချမ်းသာလည်း သူ့ငွေသူ လွတ်လွတ်လပ်လပ် သုံးလို့မရပါဘူး။ ဒါဟာ အမေရိကန်နံပါတ် ၁ ဖြစ်နေရခြင်းရဲ့ ဝှက်ဖဲတစ်ချပ်ပဲ ဖြစ်ပါတယ်။

အမေရိကန်က ကမ္ဘာ့ဘဏ်ကို ချုပ်ကိုင်ထားပါတယ်။ တစ်ကမ္ဘာလုံးရဲ့ငွေကြေးစီးဆင်းမှုဟာ အမေရိကန်လက်ထဲမှာပါ။ ကျားသနားမှ နွားချမ်းသာရာရဆိုတဲ့ စကားလိုပါပဲ။ အမေရိကန် သနားမှ ကမ္ဘာ့နိုင်ငံတွေ အသက်ရှုလို့ရမှာပါ။ ဒါဟာ အမေရိကန် ကြီးရဲ့ ဘယ်နိုင်ငံနဲ့မှ မတူတဲ့အားသာချက်ပါ။

ကောင်းပြီ။ ဒါတွေပဲလားပေါ့။ ဟုတ်ကဲ့။ ဒါတွေတင်မက ပါဘူး။ အမေရိကန်မှာ အလွန်တရာများပြားတဲ့ အားသာချက်တွေ ရှိပါသေးတယ်။ အမေရိကန်ရဲ့ စစ်ရေးအသုံးစရိတ်ဟာ ကမ္ဘာ့ နိုင်ငံအားလုံးရဲ့ စစ်ရေးအသုံးစရိတ်ရဲ့ တစ်ဝက်ကျော်ပါတယ်။ ဆိုလိုတာက စစ်ရေးအသုံးစရိတ်ကို ရုရှားနဲ့တရုတ်ပေါင်းတောင် အမေရိကန်ကို မမီပါဘူး။ လေယာဉ်တင်သင်္ဘောကြီးတွေ ရှိပါတယ်။

မိတ်ဆွေစာပေ



ကမ္ဘာ့နိုင်ငံတိုင်းမှာ အဲဒီသင်္ဘောမျိုး မရှိပါဘူး။ နောက်တစ်ခုက လေထဲမှာပဲ လေယာဉ်က ဆီဖြည့်လို့ရတာပါ။ တခြားနိုင်ငံတွေလည်း လုပ်နိုင်ပေမယ့် အမေရိကန်လုပ်နိုင်ခဲ့တာ သူတို့မလုပ်တတ်ခင် နှစ်ပေါင်းများစွာကထဲကပါ။ ပျံသန်းနေတဲ့ လေယာဉ်အချင်းချင်း လေယာဉ်ဆီပိုက်ထုတ်ပြီး လေယာဉ်ဆီဖြည့်တာဟာ ကမ္ဘာ့နိုင်ငံ တစ်ချို့ အိပ်မက်တောင် မမက်ဖူးတဲ့အရာပါ။ အခန့်မသင့်ရင် လေယာဉ်နှစ်စင်းလုံး ပေါက်ကွဲသွားနိုင်ပါတယ်။ စစ်မက်ဖြစ်ပွားပြီဆို လေယာဉ်ပျံက ခဏနေဦး။ ဆီကုန်လို့ ဆီပြန်ဖြည့်လိုက်ဦးမယ် ဆိုပြီး မရပါဘူး။ မြေပြင်ပေါ်ဆင်းတာနဲ့ အမှုန့်ဖြစ်သွားမှာပါ။

ဒီလို စစ်ရေးအားသာချက်ကို အမေရိကန်ပိုင်ဆိုင်ထားပါတယ်။ လူမဲ့ဒရုန်းတွေလည်း ရှိပါသေးတယ်။ ဘင်လာဒင်ကိုလည်း ရှင်းခဲ့ပြီးပါပြီ။ လူမဲ့ဒရုန်းဆိုတာ တောတောင်ရေမြေတွေ ကြားထဲ မှန်းနေလည်း မလွတ်နိုင်တဲ့အရာပါ။ လူမဲ့ဒရုန်းက သုတ်သင်ခဲ့တာ အာဖဂန်နယ်စပ်မှာရှိတဲ့ ဘင်လာဒင်ရဲ့တပည့်ကျော်တွေ ပြုတ်ပြုတ်ပြုန်းနေပါပြီ။

အမေရိကန်ဟာ သမုဒ္ဒရာကိုလည်း ကြီးစိုးထားပါတယ်။ သမုဒ္ဒရာထဲမှာရှိတဲ့ ကျွန်းလေးတွေကအစ အမေရိကန်ထိန်းချုပ်မှု

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာပဲ ရှိတာပါ။ ဂူအမ်ကျွန်းမှာ အခြေစိုက်တဲ့ အမေရိကန်စစ်တပ်ဟာ အခုထိရှိနေပါသေးတယ်။

ဒီလိုဒီလို အားသာချက်တွေရှိတဲ့အတွက်ကြောင့်ပဲ ဂျပန်ဟာ ဒုတိယအမေရိကန်ဖြစ်ခဲ့တာပါ။ ဂျပန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်လဲပြီးရော ပြာပုံအတိ ဖြစ်သွားပါတယ်။ ပြာပုံဘဝကနေ အမေရိကန်ပြီးရင် ဒုတိယအချမ်းသာဆုံး နိုင်ငံအဖြစ်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ဒါဟာ အမေရိကန်လမ်းစဉ်ကို လိုက်နာခဲ့လို့ ဖြစ်ပါတယ်။ အမေရိကန်ရဲ့တပည့်ကြီးအဖြစ်ကို ခံယူလိုက်တာပါပဲ။ ဂျပန်ဟာ ဒုတိယကမ္ဘာစစ်ကိုတိုက်တော့ ရှုံးပါတယ်။ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို အဏုမြူဗုံးကြဲခံရပြီးတော့ ဂျပန်ဟာ လုံးဝဥဿုံ လက်နက်ချခဲ့ပါတော့တယ်။ သူတို့နိုင်ငံကို ပြာပုံအတိဖြစ်အောင် လုပ်ခဲ့တဲ့ အမေရိကန်ကို သေလောက်အောင် နာကျည်းမှာ သေချာပါတယ်။ ဒါပေမယ့် ဂျပန်ဟာ အမေရိကန်ဆီက ကောင်းမွေကို ဆက်ခံခဲ့ပါတယ်။ စစ်ရှုံးခဲ့ပေမယ့် အရှုံးထဲက အမြတ်ကို ပြန်လည်ထုတ်ယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အာရှတိုက်မှာ အမေရိကန်တစ်နိုင်ငံထပ်မံ ပေါ်ထွန်းခဲ့ပါတယ်။ ဒါကတော့ ဂျပန်နိုင်ငံပါပဲ။

မကြာခင်ကပဲ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံကို ခြေဦးလှည့်ခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ်ဟာ အမြော်အမြင်ကြီးစွာနဲ့ စာရေးသူ





တို့ရဲ့ မြန်မာနိုင်ငံကို ချဉ်းကပ်ခဲ့ပါတယ်။ အမေရိကန်ရဲ့ လုံးဝဒီမိုကရေစီဝါဒဟာ ဆက်တိုက်အောင်ပွဲခံနေဆဲပါပဲ။

ဒါကြောင့်မို့ တရုတ်နိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံကို ကျော်တက်ဖို့ ကြိုးစားဖို့ တန်ပြင်ခြင်းဟာ ဓါးချဉ်ကောင်မာန်ကြီးပြီး တောင်ကြီးဖြိုမယ်ကြံ ဓါးကမသန် ဆိုသလိုပဲ ဖြစ်ပါလိမ့်မယ်။ ဒါဟာ တရုတ်နိုင်ငံဘာလဲ၊ တရုတ်နိုင်ငံဘယ်လဲဆိုတာရဲ့အဖြေပဲဖြစ်ပါတယ်။

နောက်ဖြစ်နိုင်တဲ့အချက်တွေလည်း ရှိပါသေးတယ်။ အဲဒီထဲကတစ်ချက်ကတော့ တစ်မိသားစု ကလေးတစ်ယောက်မွေးကိစ္စပါပဲ။ လူဦးရေ အဆမတန် တိုးပွားတာကို ထိန်းချုပ်ဖို့အတွက် တစ်အိမ်ထောင်ကလေးတစ်ယောက်ဝါဒကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ ဒါဟာ အိမ်နီးချင်းနိုင်ငံတွေအတွက်လည်း ခေါင်းခဲစရာပြဿနာဖြစ်ပါတယ်။ သတို့သမီးရှားပါးမှုပြဿနာက ပြဿနာကြီးတစ်ရပ်ပဲဖြစ်ပါတယ်။ ဒီဝါဒကို ပြန်လည် မသုံးသပ်ဘူးဆိုရင်တော့ ဒီထက်ပိုကြီးတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရဖို့ရှိပါတယ်။

တကယ်တော့ တရုတ်နိုင်ငံဟာ ကမ္ဘာ့ဒုတိယအချမ်းသာဆုံးနိုင်ငံဖြစ်လာတာပါ။ တိုင်းသူပြည်သားတွေထဲမှာ ဆင်းရဲလို့အသုံးရမှုတွေ သိန်းချီဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ဆင်းရဲချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကွာဟမှုလည်း ကြီးကြီးမားမားကို ဖြစ်ပေါ်နေတာပါ။ မွဲတဲ့သူက တာတေလန်အောင်မွဲ ချမ်းသာတဲ့သူက သယ်ကမှာစားမကုန်အော ချမ်းသာ ဒါတွေဟာ အန္တရာယ်လက္ခဏာတွေပဲဖြစ်ပါတယ်။

အခုဆိုရင် အမေရိကန်ဟာ အာရှတိုက်ကို အာရုံစိုက်လာ ပြီဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံကြီးဟာ ဘေးကျပ်နံကျ အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ကမ္ဘာ ဇာတ်ခုံပေါ်က မင်းသား၊ မင်းသမီး၊ ဇာတ်ပို့ဇာတ်ရံတွေရဲ့ တင်ဆက် ပြသမှုတွေပဲဖြစ်ပါတယ်။

ချမ်းသာလာတာနဲ့အမျှ တောင်ပေါ်မြေပြန့်ဖွံ့ဖြိုးတိုးတက် တွေကလည်း ဟန်ချက်တွေ ပျက်လာပါတယ်။ လူတွေအားလုံး ဟာ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်တဲ့ ဆိပ်ကမ်းမြို့တွေရှိရာ တရုတ် နိုင်ငံ အရှေ့ပိုင်းကိုပဲ စုလာနေကြပါတယ်။ ဒါဟာ လူဦးရေချိန်ခွင် လျှာကို ဖောက်ထိုးဖြစ်စေတဲ့ကိစ္စဖြစ်ပါတယ်။

ဒလိုင်းလားမားပြဿနာလည်းရှိနေပါသေးတယ်။ တိဗက် ဘုန်းတော်ကြီးဒလိုင်းလားမားရဲ့ တိဗက်အရေးကိစ္စကလည်း မြေ… ကင်းမှောက်ပါတယ်။

တိဘက်ကုန်းပြင်မြင့်ဟာ ပြည်မတရုတ်ပြည်ကြီးနဲ့ လူမျိုး ကွာခြားပါတယ်။ တိဗက်မှာ နေထိုင်သူတွေဟာ ဂျန်ဂျစ်ခန်တို့





…နွယ်စုတွေဖြစ်ပါတယ်။ ကိုယ်ပိုင်ခွဲထွက်ခွင့် လွတ်လပ်ရေးတောင်း …ပါတယ်။ ဒီကိစ္စကို ကိုင်တွယ်ရ မခက်ပေမယ့် အကြမ်းကိုင်တွယ် …လည်း မဖြစ်ပြန်ပါဘူး။ ဒါဟာလဲ ခေါင်းခဲစရာတစ်ခုပါပဲ။

နောက်တစ်ခုက ထိုင်ဝမ်ပါ။ ချန်ကေရှိတ်တို့လက်ထက်ထဲက …ထွက်ချင်ခဲ့တဲ့ ထိုင်ဝမ်ကျွန်းကိစ္စဟာ တအုံ့နွေးနွေး ဆက်လက် …နေဆဲပါ။ မကာအိုကို ထိန်းသိမ်းပြီး စည်းပင်ဝပြောအောင်လုပ်နိုင် …ခဲ့မယ့် ထိုင်ဝမ်အုပ်ချုပ်သူ လူတန်းစားနဲ့ကတော့ တတောင်းစေးနဲ့ …ချေးဖြစ်နေဆဲပါ။

အခုဆိုတောင် တရုတ်ပင်လယ်မှာရှိတဲ့ ကျွန်းပြဿနာလည်း …နေပါတယ်။ အရင်ကပြောစကားဆိုစကား နားထောင်ခဲ့တဲ့ မြောက်ကိုရီးယားကလည်း ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်လုပ်နေ …တယ်။ မြောက်ကိုရီးယားဟာ အရင်က ပြောစကားဆိုစကား …ထောင်ခဲ့ပေမယ့် အခုတော့ တစ်ကိုယ်တော်လုပိုက်ကြီးဘဝကို …ရောက်တော့မှာဖြစ်ပါတယ်။ ရင်မှဖြစ်သောသားကို စွန့်ပစ်ရမှာခက် …သို့ ကွန်မြူနစ်အချင်းချင်း အမွေဖြတ်ဖို့ကလည်း ကျော်မကောင်း …ကြားမကောင်းပါပဲ။

ဒါကြောင့်လည်း ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ …အခြေအနေကို ဖန်တီးပေးဖို့လိုပါတယ်။ မြောက်ကိုရီးယားကို



www.burmeseclassic.com

www.burmeseclassic.com



ချောင်ပိတ်ရိုက်တာဟာ ပြန်ကိုက်တာကလွဲလို့ ကောင်းကျိုးခံစားရမှာမဟုတ်ပါဘူး။ အခုခေတ်ကာလအခြေအနေဟာ စစ်ရေးအားသာမှုကနေ ဦးနှောက်အားသာမှုဆီကို ရွေ့နေပါပြီ။ ဦးနှောက်အချင်းချင်း ပြိုင်ဆိုင်ကြတဲ့ခေတ်ဖြစ်ပါတယ်။

တကယ်တော့ တရုတ်နိုင်ငံဟာ ထောင်စုနှစ်နဲ့ချီပြီး ကြိုတင်စီမံကိန်းချပြီး အလုပ်လုပ်တာပါ။ နှောင်းဆယ်နှစ်လောက်တင် မဟုတ်ဘဲ နောင်ထောင်စုနှစ်တွေအထိ ရှေ့ရှည်စဉ်းစားဆုံးဖြတ်ကြတဲ့ သဘောရှိပါတယ်။ ဒါကြောင့် လုံးဝတော့ လျော့တွက်မထားသင့်ပါဘူး။ ဒါကြောင့်ပဲ တရုတ်နိုင်ငံခေါင်းဆောင်ကြီးတွေဟာ စီးပွားရေး မီးကုန်ယမ်းကုန်ဖွံ့ဖြိုးဖို့ ရည်သန်လုပ်ဆောင်နေကြပါတယ်။ အခု လောလောဆယ် တရုတ်ကွန်မြူနစ်ပါတီရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေဟာ စီးပွားရေးပညာပါရဂူဘွဲ့ရှင်တွေ ဖြစ်ပါတယ်။ လူ့အခွင့်အရေးကို နဖါးကြိုးဆွဲဖို့ ဥပဒေပါရဂူတွေလည်း ပါဝင်ပါတယ်။

ဒါပေမယ့် မြဲစဉ်းစားရင်တော့ စီးပွားရေးကို ဦးတည်နေတယ်ဆိုတာ ထင်ရှားပါတယ်။ နောင်အနာဂတ်မှာ ရေရှားပါးမှု ပြဿနာဟာ စစ်ပွဲဖြစ်ဖို့အကြောင်း တရားဖြစ်လာမှာပါ။ တရုတ်ပြည်ရဲ့မြစ်ဝါမြစ်၊ ယန်စီမြစ်တွေဟာလည်း အဆိပ်သင့်ညစ်နွမ်းခဲ့တာကြာပါပြီ။ ဒါကြောင့် ရေအရင်းအမြစ် ရှားပါးမှုကို ရင်ဆိုင်လာရဖို့ရှိနေပါတယ်။ စက်မှုတို





အစွမ်းကုန်အားပေးခဲ့တဲ့အတွက် အစိမ်းရောင်သစ်ပင်တွေ ကွယ်ပျောက်ကုန်ပါတယ်။ ဒါတွေဟာ တရုတ်နိုင်ငံကြီးကို နာတာရှည်လူမမာကြီးဖြစ်လာအောင် တွန်းပို့နေတဲ့အရာတွေပဲဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားမှာလည်း မြစ်တွေကိုအားမကိုးချင်လို့ ဧရာဝတီကို မျက်စောင်းထိုးခဲ့ပါတယ်။ ဒါပေမယ့် ဧရာဝတီက လျှပ်စစ်စွမ်းအား ထုတ်ဖို့ကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးပဲ ဖြစ်မှာပါ။

ဒီလိုနဲ့ပဲ နှစ်တွေလတွေ ကြာခဲ့ပါပြီ။ နောက်ဆုံးပြန်ခြုံကြည့် တော့ တရုတ်နိုင်ငံကြီးဟာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက် နေတာတော့ အမှန်ပါပဲ။ အားရစရာအားကျစရာတွေ တပုံတပင်ကြီး ပါ။ ဒါပေမယ့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေဆဲပဲ ပါတယ်။ အာဏာဆုပ်ကိုင်ထားမှုတွေ ရှိနေဆဲပဲဖြစ်ပါတယ်။ ဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ အာဏာဟာ တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှိကျင့်ပင်းလက်ထဲ ရောက်နေပါပြီ။

ကွန်မြူနစ်ပါတီခေါင်းဆောင်ပိုင်းတွေမှာ စာရိတ္တပိုင်းကို ပြင်းပြင်း ထန်တင်းကြပ်နေတာတွေလည်း ရှိပါတယ်။ ပါတီထိပ်ပိုင်း ဆောင်တွေဟာ ခြေလှမ်းတိုင်းကို သတိဝီရိယကြီးစွာ လျှောက် နေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံး ဖြစ်ရပ်တွေအားလုံးကတော့ တရုတ်နိုင်ငံကြီးရဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။ အနာဂတ်ကို လှမ်းမျှော်ကြည့်လိုက်မယ်ဆိုရင်တော့ တရုတ်နိုင်ငံဟာ အမေရိကန်ရဲ့ ကြွေးရှင်အဖြစ်နဲ့ ဆက်ရှိနေမှာဖြစ်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုပြဿနာတွေ လောလောဆယ်ချုပ်ငြိမ်းသွားဖို့ မဖြစ်နိုင်သေးပါဘူး။ နံပါတ် ၁ ဖြစ်အောင်လည်း ဆက်လက်ကြိုးစားနေဦးမှာ သေချာပါတယ်။ ဒါပေမယ့် ဟုတ်ကဲ့၊ ဒါပေမယ့် အခြေအနေဖြစ်ရပ်ဖြစ်စဉ်တွေကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြည့်မယ်ဆိုရင်တော့ ကမ္ဘာ့အဆင့် ၁ ကို ဘယ်နည်းနဲ့မှ ရောက်လာနိုင်မှာ မဟုတ်ပါဘူး။ အခုခေတ်ဟာ တီထွင်ဖန်တီးဖို့လိုတဲ့ခေတ်ပါ။ တီထွင်ဖန်တီးနိုင်စွမ်းကို အာဏာနဲ့ ဖေဖန်ကန့်သတ်ထားတဲ့အတွက် နံပါတ် ၁ ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး။ ရွှေပြည်တော် မျှော်တိုင်းဝေးပဲ ဖြစ်နေဦးမှာပါ။ ဂျပန်နိုင်ငံရဲ့ ဒုတိယနေရာကို ပြန်လုမယ့် အခြေအနေကိုလည်း တွန်းလှန်ရမှာ ဖြစ်ပါတယ်။

ဒုတိယနေရာမြဲဖို့အတွက်ကိုပဲ ကျားကုတ်ကျားခဲ ကြိုးစားနေရဦးမှာ ဖြစ်ပါတယ်။ အဆင့် ၁ ဆိုတာကိုတော့ ...။

✧ ✧ ✧



# အမေရိကန်ဘာလဲ...အမေရိကန်ဘယ်လဲ

အမေရိကန်နိုင်ငံဆိုတာ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ အနာဂတ်အလားအလာတွေကဘာလဲ၊ ဒီနိုင်ငံဘယ်လမ်းကို သွားမှာလဲ၊ တွေးကြည့်ရအောင်ပါ။

အမေရိကန်ဘာလဲ၊ အမေရိကန်ဆိုတာ ကမ္ဘာသစ်(New Wrold)လို့လည်း ခေါ်လို့ရပါတယ်။ မြောက်အမေရိကတိုက်မှာ တည်ရှိပါတယ်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်ပါတယ်။ လက်ရှိသမ္မတကတော့ ဘားရက်အိုးဘားမားဖြစ်ပါတယ်။

ကမ္ဘာ့စစ်အင်အားအကြီးမားဆုံးနိုင်ငံဖြစ်ပါတယ်။ စစ်အသုံးစရိတ် အကြီးမားဆုံးနိုင်ငံဖြစ်ပါတယ်။ သမုဒ္ဒရာလေးစင်းလုံးမှာ လေယာဉ်တင်စစ်သင်္ဘောတွေနဲ့ ကမ္ဘာ့ရေပြင်တစ်လွှားကို လွှမ်းမိုးထားပါတယ်။ သူနဲ့အနီးစပ်ဆုံး စစ်အင်အားကြီး နိုင်ငံတွေကတော့ ရုရှားနဲ့တရုတ်ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံဟာ စီးပွားရေးအင်အားကြီးနိုင်ငံလည်း ဖြစ်ပါတယ်။ သူ့နေရာကို ဝင်လုဖို့ကြိုးစားနေတာကတော့ တရုတ်နိုင်ငံဖြစ်ပါတယ်။

အမေရိကန်ဘယ်လဲ၊ အမေရိကန်နိုင်ငံ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဆက်ဖြစ်နေဦးမှာလား။ သူ့နေရာကို တရုတ်နိုင်ငံက ဝင်လုနိုင်မှာလား။ တွေးကြည့်ရအောင်ရယ်ပါ။

အမေရိကန်နိုင်ငံဟာ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်မှာ သေချာပါတယ်။ ဒီလိုပြောရတာက အကြောင်းပြချက်များစွာရှိပါတယ်။ ပထမဆုံးအချက်ကတော့ ဒီမိုကရေစီခေါင်းဆောင်နိုင်ငံကြီးဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံဆိုတာ လူတစ်ဦးချင်း လွတ်လပ်ခွင့်ကို အလေးထားပါတယ်။ စွန့်ဦးတီထွင်မှုတွေကို အားပေးအသိအမှတ်ပြုပါတယ်။ ဒါကြောင့်လည်း တီထွင်မှုအပေါ်င်းဟာ အမေရိကန်က စတင်ခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ဦးဆောင်နေဦးမှာဖြစ်ပါတယ်။ တီထွင်မှုမှာ အမေရိကန်နိုင်ငံကို ယှဉ်နိုင်တဲ့နိုင်ငံ မရှိသေးပါဘူး။ ဒါဟာ အမေရိကန် နံပါတ်ဝမ်းဖြစ်နေရခြင်းရဲ့အကြောင်းရင်းတစ်ချက်ပါ။

နောက်တစ်ချက်ကတော့ သမ္မတဖြစ်ပါတယ်။ ဟုတ်ပါတယ်၊ မစ္စတာဘားရက်အိုဘားမားဟာ ထက်မြက်တဲ့ သမ္မတတစ်ဦးဖြစ်ပါ





တယ်။ သူ့ရဲ့သမ္မတသက်တမ်းမှာ သူဟာ စစ်တိုက်ခြင်းကို ရှောင်ရှားခဲ့ပါတယ်။ စစ်လက်နက်ပစ္စည်းရောင်းချခြင်းကိုတော့ ခွင့်ပြုထားပါတယ်။ ဒီနည်းနဲ့အမေရိကန်နိုင်ငံကို ကယ်တင်နိုင်ခဲ့ပါတယ်။ အီရတ်နဲ့ ...တန်မှာ စစ်ဝင်တိုက်ခဲ့တဲ့ အချိန်ကုန်ကျခဲ့တဲ့ စစ်စရိတ်တွေကြောင့် အမေရိကန်နိုင်ငံဟာ ကြွေးအထူဆုံးနိုင်ငံဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ဝန်ထုပ်ဝန်ပိုးကို တစ်နည်းတစ်လမ်းအားဖြင့် အိုဘားမားအစိုးရအနေနဲ့ ပြေလျော့ပေးစေနိုင်ခဲ့ပါတယ်။ စစ်ကိုရှောင်ရှားပြီး စစ်ပွဲကတဲ့ စီးပွားရေးအကျိုးစီးပွားကိုတော့ လက်လွှတ်မခံခဲ့ပါဘူး။ ဒီနည်းနဲ့ ...တာအိုဘားမားဟာ အမေရိကန်ရဲ့ ကျဆင်းနေတဲ့ ဂုဏ်သိက္ခာကို တယ်တင်စောင်မပေးနိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံနဲ့ မစ္စတာ...ဘားမားအချိန်အခါနဲ့ နေရာဒေသလိုက်ဖျော့ညီထွေရှိခဲ့ပါတယ်။ ...ကြောင့်လည်း စစ်ပွဲတိုင်းပွဲတိုင်းကျော် စစ်နွှဲခဲ့တဲ့ ပွဲကြီး အမေရိကန် ...သိက္ခာ လက်တစ်ဆုပ်ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ဒီအခြေအနေ...ကြောင့် အမေရိကန်နိုင်ငံ နံပါတ်တစ်မှာ ဆက်ရှိနေဦးမှာပါ။

နောက်တစ်ချက်ကတော့ ကမ္ဘာ့ဘဏ်ဖြစ်ပါတယ်။ ကမ္ဘာ့...ဘဏ်ကို ကိုင်တွယ်တာ အမေရိကန်နိုင်ငံပါ။ ငွေကြေးစီးဆင်းမှုကို ...ချုပ်ထားတာ အမေရိကန်ပါ။ ဒီတစ်ချက်နဲ့တင် အမေရိကန်ဟာ ...သိက္ခာမပျက် အိမ်ခြေမပျက် ဆက်လက်ပန်းပန်နိုင်ဆဲပါ။ အမေ

www.burmeseclassic.com



ရိကန်သာ ဖိတ်ဆို့မှုပြုလုပ်နိုင်တဲ့သော့ကို ကိုင်ထားတာပါ။ နို
တစ်နိုင်ငံရဲ့ စီးပွားရေးကို ကျွမ်းပစ်သွားအောင် လုပ်နိုင်တဲ့ အစွ
ဟာ အမေရိကန့်ရဲ့ လက်ထဲမှာသာရှိတာပါ။ တခြားဘယ်နိုင်ငံ
မရှိပါဘူး။ အခုဖြစ်ပွားနေဆဲ ဆီးရီးယားပြည်တွင်းစစ်မှာလည်
အင်အားချိန်ခွင်လျှာကို ပြောင်းလဲစေခဲ့တာ အမေရိကန်ပဲ ဖြစ်
တယ်။ သမ္မတ အာဆတ်ဘာတွေပဲ ပြောနေပြောနေ သူ့အတွ
နေဝင်ချိန်ရောက်ရှိဖို့ မဝေးတော့ပါဘူး။ လက်ဖျစ်တစ်တွက်
မီးဟုန်းဟုန်းတောက်အောင် လုပ်နိုင်တာ တစ်မိုးလုံးအောက်
အမေရိကန်မှတစ်ပါး အခြားမရှိပါ။

နောက်တစ်ချက်ကတော့ ဒရုန်း(Drone)ဖြစ်ပါတယ်။ မောင်း
မဲ့လေယာဉ်ပျံကနေ ဒုံးနဲ့ပစ်တာပါ။ မောင်းသူမဲ့ လေယာဉ်တတော
နိုင်ငံများစွာ တုပပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့် ဟုတ်ပါတယ်
အဲဒီ ဒါပေမယ့်က အရေးကြီးပါတယ်။ လေယာဉ်မောင်းသူမပါ
မောင်းသူမဲ့လေယာဉ်ပျံကနေ ဒုံးနဲ့ပစ်မှတ်ဆီကို ဆံခြည်မျှင်တစ်
မလွဲအောင်ပစ်နိုင်တာ အမေရိကန်တစ်နိုင်ငံပဲ တတ်နိုင်ပါသေးတယ်
အစ္စရေးလည်း တတ်နိုင်သေးပေမယ့် အစ္စရေးတာ အမေရိကန်
မဟာမိတ်ဖြစ်တဲ့အတွက် ထည့်တွက်စရာ မလိုပါဘူး။ ဒီနည်းဆိုလ





အားဖြင့်လည်း ဒရုန်းပိုင်ဆိုင်တဲ့ အမေရိကန်က ထိပ်ဆုံးမှာ ခန့်ခန့်ကြီး ရှိနေဆဲပါ။

နောက်တစ်ချက်ကတော့ ပညာရေးဖြစ်ပါတယ်။ တရုတ်နိုင်ငံကနေ ပညာတော်သင်လွှတ်ထားတဲ့ တရုတ်လူငယ် ၉ သိန်းဟာ အမေရိကန်နိုင်ငံမှာ ပညာသင်ယူဆည်းပူးနေကြပါတယ်။ အမေရိကန်နိုင်ငံရဲ့ ပညာရေးဈေးကွက်ဟာ ကြီးကျယ်ခမ်းနားခြင်းတွေနဲ့ ပြည့်နှက်နေတာပါ။ ဆီလီကွန်တောင်ကြားဆိုတဲ့ နည်းပညာရွာကြီးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ နည်းပညာပစ္စည်းမျိုးစုံ ထွက်ပေါ်ရာနေရာဒေသဟာလည်း အမေရိကန်နိုင်ငံမှာသာ တည်ရှိနေတာပါ။ ပညာရေးမှာလည်း လက်ဝါးကြီးအုပ် စိုးမိုးနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ဟာလည်း အမေရိကန်ကို ထောက်ကူပေးနေတာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ နိုဘယ်လ်ဆုရှင် အများအပြားရှိနေခြင်းပါပဲ။ အဲဖရက်နိုဘယ်လ်ချန်ထားခဲ့တဲ့ နိုဘယ်လ်ဆုဟာ အရမ်းကာရောတွေ့ရာလူ ပေးတဲ့ဆု မဟုတ်ပါဘူး။ ပညာရပ်အသီးသီးရဲ့ ခေါင်းချုပ်အမိပတိတွေကိုသာ ချီးမြှင့်ခြင်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ တက္ကသိုလ်တွေမှာ နိုဘယ်လ်ဆုရှင် သိပ္ပံပညာရှင်တွေ လမ်းလျှောက်သွားလာနေကြပါတယ်။ တစ်ယောက်နဲ့

www.burmeseclassic.com



တစ်ယောက် ပခုံးချင်းတိုက်မိရင်တောင် နိုဘယ်လ်ဆုရှင်နှစ်ဦး ဖြစ်နေတဲ့အထိ များပြားလှပါတယ်။ ဒါဟာ ကမ္ဘာမှာရှိတဲ့ တခြား ဘယ်နိုင်ငံမှာမှ တွေ့မြင်နိုင်မှာမဟုတ်တဲ့ မြင်ကွင်းများပဲဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီမိုကရေစီစစ်စစ်ရှိတဲ့ နိုင်ငံဖြစ်တဲ့ အတွက်ကြောင့်ပါပဲ။ အမေရိကန်ဟာ ဒီမိုကရေစီရဲ့ ဘိုးအေကြီး ဖြစ်ပါတယ်။ ဒီမိုကရေစီခေါင်းကိုင် ဖခင်ကြီးဖြစ်တဲ့အတွက် လူ့ အခွင့်အရေးကို အသက်တမျှ အလေးထားပါတယ်။ လူ့အခွင့် အရေးကို အပြည့်အဝရတဲ့ တိုင်းပြည်ဟာ ကမ္ဘာ့နံပါတ်တစ်နေရာ မှာပဲ အမြဲနေမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သက်သေပြစရာ အချက်တွေ များစွာရှိပါတယ်။ ဒါကြောင့်လည်း လူ့အခွင့်အရေး ချိုးဖောက်တဲ့နိုင်ငံတွေကို ကိုကိုအမေရိကန်ကြီးအနေနဲ့ ဆယ်နှစ်၊ ဆယ်နှစ်ဆိုပြီး မင်းသားကြီးကျော်ဟိန်း ပြောသလိုပြောဖို့ကလွဲလို့ တခြားပြောစရာ မရှိပါဘူး။

ကမ္ဘာပေါ်မှာ နံပါတ်တစ်ဆိုတာ လွယ်လွယ်ဖြစ်ခွင့်မရှိပါဘူး။ ချိုကျိုးနားရွက်ပဲ့နဲ့ ယှဉ်ပြိုင်လို့မရပါဘူး။ အခြေတည်နေတဲ့ အမေ ရိကန်ဟာ ဒီအခြေအနေအတိုင်းပဲ အသာလေးနေနေရုံနဲ့တင် လုံလောက်ပါတယ်။





ဒါတွေကတော့ အမေရိကန်နိုင်ငံ ဘာကြောင့် ကမ္ဘာ့နံပါတ် တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်သလဲဆိုတဲ့ အဖြေတွေပဲ ဖြစ်ပါတယ်။ ကောင်းတာတွေနဲ့ ဆိုးတာတွေဟာ ရောပြွမ်းနေတာ ပါပဲ။ အကောင်းဆုံးကို လိုချင်ရင် ပေးဆပ်မှုတွေလည်း ရှိရတာ ပါပဲ။

အမေရိကန်ဟာ တစ်ဦးချင်းလွတ်လပ်ခွင့်ကို အလေးထား တဲ့အတွက်ပဲ တချို့တွေရဲ့ လွတ်လပ်ခွင့်တွေ အငွေ့ပျံခဲ့ရပါတယ်။ ဥပမာဆိုကြပါစို့။ အမေရိကန်မှာ လူတိုင်းလက်နက်ကိုင်ဆောင်ခွင့် ရှိပါတယ်။ ဒီလက်နက်နဲ့ပဲ မူလတန်းကျောင်းထဲဝင်ပြီး မူလတန်း ကျောင်းသားများစွာကို ရပ်ရှင်ဆန်ဆန်ပစ်သတ်ခဲ့တဲ့ မှုခင်းတွေလည်း မရှားပါဘူး။ ရုပ်ရှင်ရုံထဲဝင်လာပြီး သေနတ်နဲ့ မည်းမည်းမြင်ရာ ပစ်သတ်တဲ့အဖြစ်တွေလည်း များပြားလှပါတယ်။ အသက်ပေါင်း များစွာ သေကျေပျက်စီးရပါတယ်။ ဒါတွေဟာ ဆိုးကွက်တွေပါပဲ။ လူတိုင်းလက်နက်ကိုင်ဆောင်ခွင့်ဟာ အပြစ်မဲ့ ပြည်သူတွေကို သေတွင်းဆီကို တွန်းပို့ပေးနေတာပါ။ ဒါပေမယ့် ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးအနေနဲ့ လက်နက်ကိုင်ဆောင်ခွင့်ကို ရုပ်သိမ်းတဲ့ ဥပဒေကို ပြဋ္ဌာန်းဖို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်တာကြောင့် နိုင်ငံသားများလက်မှိုင်ချရတာပါပဲ။ ဒီမိုကရေစီခေါင်းကိုင်နိုင်ငံကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ဟာ အမြဲမြိမ်းခြောက်ခံနေရဆဲပါပဲ။ ဒီအခြေအနေဟာ တစ်ဖက်ကနေကြည့်ရင် ပန်း တစ်ဖက်ကနေကြည့်ရင် ခေါင်းဖြစ်တဲ့အတွက် အဖြေမှန်ဘယ်တော့မှ ထွက်လာနိုင်မှာ မဟုတ်ပါဘူး။ စဉ်းစားရတဲ့သဘောပါပဲ။

နောက်တစ်ချက်ကတော့ နိုင်ငံသားတွေရဲ့ တစ်ဦးချင်းလွတ်လပ်စွာ ပြောဆိုခွင့်ကို စောင့်ကြည့်ခံထားရတာပါ။ ဥပဒေအရ အရေးယူဖို့ မဟုတ်ပေမယ့် အကြမ်းဖက်သောင်းကျန်းသူတွေကို ဖမ်းဆီးနိုင်ဖို့အတွက် နိုင်ငံသားများပြောကြားတဲ့ ဖုန်းပြောသံတွေကို CIA က စက္ကန့်မလပ် ထောက်လှမ်းနားထောင်နေတာဖြစ်ပါတယ်။ ဒီအခြေအနေကြောင့် နိုင်ငံသားတွေရဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ဟာ အတိုင်းအတာတစ်ခုအထိ ထိပါးစော်ကားနေဆဲ အခြေအနေဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အကြမ်းဖက်မှုအန္တရာယ်ကို အမြဲ စိုးရွံ့နေရခြင်းဖြစ်ပါတယ်။ ဘင်လာဒင်မရှိတော့ပေမယ့် ဘင်လာဒင်ရဲ့ မြွေပွေး အများအပြားကျန်ရှိနေပါသေးတယ်။ လက်ရှည်မိနစ်ပိုင်း အပေါက်ခံရနိုင်သလို အကြမ်းဖက်မှု စောင့်ကြည့်ရေးအဖွဲ့ သတိ တစ်ချက်လစ်သွားတာနဲ့ မြွေပွေးပေါက်ခံရနိုင်ပါတယ်။ ဒါကြောင့်လည်း ကျိုးလန့်တစား အခြေအနေလို့ ပြောမယ်ဆို ပြောလို့ရပါတယ်။

ဒါတွေကတော့ အမေရိကန်ဘာလဲ၊ အမေရိကန်ဘယ်လဲရဲ့ တစ်စိတ်တစ်ပိုင်း အဖြေများပဲဖြစ်ပါတယ်။ လောလောဆယ် အနေအထားကို သုံးသပ်ကြည့်မယ်ဆိုရင်ဖြင့် အမေရိကန်နိုင်ငံဟာ သူတို့နဲ့သင့်တော်တဲ့ သမ္မတအိုဘားမားလက်ထက်မှာ တည်ငြိမ်စပြုနေပြီဖြစ်ပါတယ်။ ၂၀၁၆ အကျော်မှာ အိုဘားမားနေရာ ဆက်ခံသူအနေနဲ့လည်း သမ္မတပီသဖို့ လိုပါတယ်။ အိုဘားမားလိုသာ ထက်မြက်တဲ့ ဉာဏ်ရည်ရှိခဲ့မယ်ဆိုရင် အမေရိကန်က ပန်းပန်လျက်ပဲ ရှိနေဦးမှာ ဖြစ်ပါတယ်။

အရှေ့အလယ်ပိုင်းဒေသမှာ စစ်မီးတောက်နိုင်တဲ့ အခြေအနေတွေ ရှိနေပေမယ့် အမေရိကန်နိုင်ငံဟာ တိုက်ရိုက်ပါဝင်စွက်ဖက်ပြီး သွေးကြီးလုပ်နေတဲ့ အလုပ်ကိုငြီးငွေ့နေခဲ့ပြီဖြစ်ပါတယ်။ ဒီတစ်ကြိမ်ကတော့ အမေရိကန်အနေနဲ့ တတောတ်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။

မြောက်ကိုရီးယားနဲ့ သတ်မယ် ဖြတ်မယ် ဟန်တပြင်ပြင်ဖြစ်နေပေမယ့် မိုင်ပေါင်းထောင်ချီဝေးကွာတဲ့ နိုင်ငံနှစ်ခု တစ်ဖက်နဲ့ တစ်ဖက် စစ်ဖြစ်စရာ လုံလောက်တဲ့အကြောင်းပြချက်တွေ ရှိမနေ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အိရန်နဲ့ စစ်ဖြစ်ဖို့ကိုလည်း တတ်နိုင်သရွေ့ ခေါင်းရှောင်နေမှာပဲဖြစ်ပါတယ်။ အစ္စရေးစတိုက်ရင် သူပါ လာမှာဖြစ်ပေမယ့် အစ္စရေးဟာလည်း ကျဉ်းထဲကျပ်ထဲ ရောက်နေတာဖြစ်ပါတယ်။ အိရန်ကို ရန်မူဖို့ ဆုံးဖြတ်လိုက်တာနဲ့ အစ္စရေးကို အပြုတ်နှံဖို့ ဟစ်ဘိုလာသူပုန်တွေက စောင့်နေတာဖြစ်ပါတယ်။ အစ္စရေးအနေနဲ့ ခြေလှမ်းတိုင်းကို သတိထားနိုင်မှသာ တော်ကာကျမှာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ ကမ္ဘာ့အရှေ့ဖျားဒေသရှိ နိုင်ငံများနှင့်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက် ရှိပါတယ်။ အာဆီယံနိုင်ငံများကိုလည်း ဖက်လဲတကင်းဆက်ဆံနေပြီဖြစ်ပါတယ်။ ဒီနည်းလမ်းအားဖြင့်လည်း အမေရိကန်နိုင်ငံဟာ ကမ္ဘာ့ဇာတ်ခုံမှာ မင်းသားနေရာကို ပြန်ရဖို့ တောင်းဆိုနေပြီဖြစ်ပါတယ်။

ဒါတွေဟာ အမေရိကန်နိုင်ငံဘာလဲ၊ ဘယ်လဲရဲ့ အဖြေတွေလို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့တွေ ဘာတွေသင်ခန်းစာယူနိုင်မလဲ စဉ်းစားရအောင်ပါ။

အမေရိကန်လို ဒီမိုကရေစီ စစ်စစ်ဖြစ်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ပညာရေးကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့်လည်း ဆက်ဆံရေး ကောင်းမွန်ရမှာ ဖြစ်ပါတယ်။





စကားတစ်လုံးတည်းနဲ့ ဖော်ပြရရင်တော့ ရိုးသားကြိုးစား လုပ်အားပြည့် နိုင်ငံတည်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းဟာ အရှိန်ရနေပြီဖြစ်ပါတယ်။ ဒီအင်ဂျင်စက်ကြီး ထာဝရလည်ပတ်နိုင်စေဖို့ ရိုးသားမှုဆီတွေ၊ ကြိုးစားမှုဆီတွေ၊ လုံ့လရှိမှုဆီတွေ ဖြည့်တင်းပေးရမှာ ဖြစ်ပါတယ်။

ဒါတွေကတော့ စာရေးသူကျွန်တော်ရေးပြချင်တဲ့ အမေရိကန်ဘာလဲ၊ ဘယ်လဲ အချက်တွေပဲ ဖြစ်ပါတယ်။ မြန်မာပြည်ကြီး တိုးတက်ရေးကို အစဉ့်မျှော်တွေးလျက် ....။



www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံ ဘာလဲ… အိန္ဒိယနိုင်ငံဘယ်လဲ

ကျွန်တော်တို့နိုင်ငံရဲ့ အနောက်ဘက်မှာ တည်ရှိနေတဲ့ အိန္ဒိယ နိုင်ငံဘာလဲ၊ ဘယ်လဲ။ အိန္ဒိယနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်ပါတယ်။ ယဉ်ကျေးမှုပေါင်းစုံ မြစ်ဖျားခံရာနေရာလည်း ဖြစ်ပါတယ်။ ဘာသာ အယူဝါဒမျိုးစုံတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ လူမျိုးပေါင်းစုံ နေထိုင်တဲ့ ဒေသလည်းဖြစ်ပါတယ်။ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုတွေလည်း ရှိနေဆဲဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဘာလဲ၊ မြန်မာနိုင်ငံနဲ့ မရှေးမနှောင်းမှာပဲ လွတ်လပ် ရေးရခဲ့ပါတယ်။ အင်္ဂလိပ်လက်အောက်ကနေ လွတ်မြောက်ပြီး နောက်ပိုင်းမှာ အင်္ဂလိပ်ပေးခဲ့တဲ့ အမွေတွေကို လက်ခံရရှိခဲ့ပါတယ်။





အင်္ဂလိပ်ပေးခဲ့တဲ့ အုပ်ချုပ်ပုံကိုလည်း ရရှိခဲ့ပါတယ်။ အင်္ဂလိပ်ပေး ခဲ့တဲ့ ဘာသာစကားကျွမ်းကျင်မှုကိုလည်း ရရှိခဲ့ပါတယ်။ လက်ရှိ အိန္ဒိယနိုင်ငံရဲ့ ရုံးသုံးဘာသာစကားဟာ အင်္ဂလိပ်စကားဖြစ်ပါတယ်။ အင်္ဂလိပ်လို ပီပီသသပြောနိုင်တဲ့ လေယူလေသိမ်းကိုလည်း ထိန်းသိမ်း ထားနိုင်ခဲ့ပါတယ်။ အုပ်ချုပ်ပုံကိုလည်း ဆက်ခံရရှိခဲ့ပါတယ်။

စီးပွားရေးအနေနဲ့ လက်ရှိအချိန်မှာ IT ကို အဓိကထားပါ တယ်။ IT ပညာရှင်တွေ များစွာ ထွက်ပေါ်လာပါတယ်။ အမေရိကန် ရဲ့ ဆီလီကွန်တောင်ကြားအရပ်မှာ အိန္ဒိယနိုင်ငံသား IT ဂုရုတွေကို အများအပြားတွေ့နိုင်ပါတယ်။ နိုင်ငံရဲ့အခြားစီးပွားရေးအနေနဲ့ စိုက်ပျိုးရေးကို အားပြုပါသေးတယ်။ ကုန်စည်စီးဆင်းမှုဟာလည်း ချောမွေ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ကုန်ဈေးနှုန်းလည်း ထူးဆန်း အံ့ဩဖွယ် တည်ငြိမ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိန္ဒိယနိုင်ငံရဲ့ အရှေ့ပိုင်းမြို့နဲ့ အနောက်ပိုင်းမြို့တို့မှာ အာလူးတစ်ပိဿာဝယ်မယ် ဆိုရင် ဈေးနှုန်းအတူတူပဲဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုချောမွေ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ လမ်းတွေကို ပင့်ကူအိမ်သဖွယ် ဆက်နွယ်တည်ဆောက် ဖောက်လုပ်ထားပါတယ်။

အိန္ဒိယနိုင်ငံရဲ့ အဝေးပြေးလမ်းတွေမှာ ကုန်တင်ကားတွေ ချောက်မှတောင်၊ အရှေ့မှအနောက် တအိအိနဲ့ မောင်းနှင်သွယ်ပို့



www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်။ ကုန်တင်ကားတွေဟာလည်း တစ်စီးပြီးတစ်စီး တန်းစီပြီး မောင်းနေလိုက်တာ ယာဉ်တွဲ တစ်တန်းကို သုံးမိုင်ခန့်အထိ ရှည်လျား ပါတယ်။

ယဉ်ကျေးမှုပေါင်းစုံလည်း ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ တွင်းထွက်ပစ္စည်းကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ကျောက်မီးသွေးတွေဟာ ဘယ်လောက်ကောင်းမွန်သလဲဆိုရင် နေပူတဲ့အခါ မြေကြီးက မီးထတောက်တဲ့အထိ များပါတယ်။ ကတ္တရာစေးထုတ်နိုင်တဲ့ ကျောက်မီးသွေးအမြောက်အမြား ထွက် တယ်။

အိန္ဒိယနိုင်ငံရဲ့ GDP တိုးတက်မှုနှုန်းဟာလည်း ကြောက်ခမန်း လိလိပါပဲ။ ၂၀၀၅–၀၆ ဘဏ္ဍာရေးနှစ်မှာ GDP ၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါတယ်။ အိန္ဒိယရယ်၊ ဘရာဇီးရယ်၊ အင်ဒိုနီးရှားရယ်တို့ ကံကြမ္မာတူညီကြပါတယ်။ စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်သလို ခြားမှုနှုန်းဟာလည်း မြန်ဆန်ပါတယ်။ GDP တက်လာသလို ဈေးကြီးလာရက်တွေရဲ့ အကျင့်ပျက်ခြစားမှုနှုန်းက အမီလိုက်ခဲ့ပါတယ်။ အဲဒါကြောင့် တိုင်းပြည်က အိတ်ပေါက်နဲ့ ဖားကောက်သလိုဖြစ်

ခုဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးအင်အားဟာ ချည့်နဲ့လာခဲ့ ဖြစ်ပါတယ်။ ဟိုးအရင်ကတော့ အိန္ဒိယနိုင်ငံကို အခန်းထဲကဆင်ကြီး





တစ်ကောင်နဲ့ နှိုင်းနှိုင်းပါတယ်။ ဆင်ကြီးကြီးထွားလာရင် ဘယ်လို လုပ် အခန်းကျဉ်းလေးထဲမှာ ဆက်ထားမလဲဆိုပြီး စိုးရိမ်ခဲ့ကြ ပါတယ်။ အခုတော့ စိုးရိမ်စရာ အထူးမရှိတော့ပြန်ပါဘူး။ ဆင်ကြီး ဆိတ်ပြန်ဖြစ်သွားလို့ ဖြစ်ပါတယ်။

အိန္ဒိယဟာ ယဉ်ကျေးမှုတွေလည်း ပေါင်းစုံရောပြွန်းနေပါ တယ်။ ဘာသာစကားလည်း မျိုးစုံပြောပါတယ်။ လူတန်းစားလည်း စုံလင်လှပါတယ်။ မန်မိုဟန်ဆင်းဟာ သူဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့စဉ် ကတည်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အားပေးခဲ့တာပါ။ ၁၉၉၀ ပြည့်လွန်နှစ်တွေကနေ အားပေးခဲ့တာ ခုဆိုဝန်ကြီးချုပ် ဖြစ်တဲ့အထိ ၂၀ နှစ်တိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အခုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အန့်သွားခဲ့ပါပြီ။ အစိုးရအနေနဲ့ အေသခံပြည်သူ ၈၀ ရာခိုင်နှုန်းက ထောက်ခံမှုပဲ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုမယ်ဆိုတဲ့ ဥပဒေကို ထုတ်ပြန်ခဲ့ရပါတယ်။

အခုတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အရှိန်နှေးသွားခဲ့ ပြီး မကြာသေးမီကာလက ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုတွေကြောင့် လည်း နိုင်ငံရဲ့ပုံရိပ်ကို ထိခိုက်ခဲ့ရပါတယ်။ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလည်း အထိနာခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံဘယ်လဲ၊ အိန္ဒိယနိုင်ငံဟာ တောင်အာရှမှာ ဩဇ
အာဏာကြီးမားတဲ့နိုင်ငံဖြစ်ပါတယ်။ ပါကစ္စတန်နဲ့ နယ်မြေလုတ်
အနေအထားတွေ မပြီးသေးပါဘူး။ အကျင့်ပျက်ခြစားမှုတွေဟာ
နေရာအနှံ့ ရာသီမရွေးရှိနေဆဲပါ။ ဒီမိုကရေစီနိုင်ငံဖြစ်တယ်ဆို
အားသာချက်ကိုတော့ ဆုပ်ကိုင်ထားဆဲဖြစ်ပါတယ်။ ဒါပေမယ့်
အကျင့်ပျက်ခြစားမှု၊ ရာဇဝတ်မှု ထူပြောမှုတွေကို မလျှော့နိုင်
ဆိုရင်တော့ အနာဂတ်မှာ ခက်ခဲပင်ပန်းကြီးစွာ ရုန်းကန်ရဖို့ ရှိ
တယ်။

အိန္ဒိယနိုင်ငံဟာ စစ်ရေးနဲ့ ပတ်သက်ရင် ရန်လိုတဲ့အိမ်နီးချ
မဟုတ်ပါဘူး။ အားလုံးနဲ့ သင့်သင့်မြတ်မြတ်နေလိုတဲ့သဘော
ရှိပါတယ်။ တရုတ်နိုင်ငံနဲ့လည်း နယ်မြေအငြင်းပွားမှုတွေ ရှိနေ
မယ့် စစ်ရေးနဲ့ ဖြေရှင်းလိုတဲ့ ဆန္ဒမရှိပါဘူး။ သူ့နိုင်ငံလူဦးရေ
သန်း ၁၂၀၀ ကိုဝလင်အောင် ကျွေးမွေးနိုင်ဖို့ အတွက်သာခေါင်း
နေတာပါ။

အေသတွင်းနိုင်ငံများဆီသို့ လျှပ်စစ်အီလက်ထရောနစ်ပစ္စည်း
တင်ပို့ရောင်းချပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ အိန္ဒိယနိ
လုပ်ပစ္စည်းတွေကို ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူသုံးစွဲ
နေပြီဖြစ်ပါတယ်။





အိန္ဒိယနိုင်ငံရဲ့နိုင်ငံရေး အလားအလာဘယ်လိုရှိနိုင်မလဲ၊ အိန္ဒိယ
နိုင်ငံဟာ ဒီမိုကရေစီအခြေကျပြီး နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရေးမူဝါဒ
အနေနဲ့ ထူးထူးခြားခြားကြီး ပြောင်းလဲသွားစရာမရှိပါဘူး။ မန်မို
ဟန်ဆင်း မရှိတော့ရင်လည်း နောက်တက်လာမယ့်ဝန်ကြီးချုပ်ဟာ
လည်း မန်မိုဟန်ဆင်းလုပ်ခဲ့စဉ်အတိုင်းပဲ စီစဉ်သွားဖို့ ရှိပါတယ်။
ဒါဟာ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီအခြေခိုင်ပြီးသား နိုင်ငံ
ဖြစ်တာကြောင့် ဖြစ်ပါတယ်။

လူမှုရေးရော ဘာတွေပြောင်းလဲမှာလဲ။ အိန္ဒိယနိုင်ငံမှာ ပြုပြင်
ပြောင်းလဲရေးနဲ့ ရှေးရိုးစွဲဟာ အမြဲအားပြိုင်နေကြတာဖြစ်ပါတယ်။
ဒါ့ပေါ်င်းအစိုးရဖွဲ့စည်းပြီး အုပ်ချုပ်ရတဲ့အထိ အားပြိုင်ကြတာပေါ့။
ရှေးရိုးစွဲတွေလည်း အရင်လိုပဲ ရှေးရိုးစွဲနေဦးမှာ ဖြစ်ပါတယ်။
ဒါကြောင့် အရင်လိုပဲ လူတန်းစားခွဲခြားမှုတွေ၊ ဇာတ်နိမ့်ဇာတ်မြင့်
ခွဲခြားမှုတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။

စီးပွားရေးကို ဘာတွေပြောင်းမှာလဲ။(ပုဒ်မ) စက်မှုလုပ်ငန်း
တွေရော၊ လယ်ယာလုပ်ငန်းတွေရော ထူးထူးခြားခြား ပြောင်းလဲစရာ
မရှိပါဘူး။ ဆီလီကွန်တောင်ကြားမှာလည်း IT ပညာရှင်တွေ အများစု
ဟာ အိန္ဒိယနိုင်ငံသားတွေ ဖြစ်နေမှာပါ။ ပြည်တွင်းမှာတော့ မီးလုံးဝ
မီးမရှိရတဲ့ မရှိဆင်းရဲသားတွေလည်း ရှိနေဦးမှာ အသေအချာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သုခမြို့တော်"စာအုပ်ထဲမှာ ရေးထားတဲ့ ကိုးလ်ကတ္တား (ကာလကတ္တား)မြို့ရဲ့ ဆင်းရဲသားတွေအပြင်မှာလည်း အမှန်တကယ် ရှိနေပါတယ်။

လူမှုရေးနဲ့ ပတ်သက်ရင်လည်း နိုင်မာတဲ့ယဉ်ကျေးမှုသမိုင်းကြောင်းတွေ ရှိခဲ့ပေမယ့် ရာဇဝတ်မှုတွေကတော့ ထူပြောလှပါတယ်။ အကြမ်းဖက်မှုတွေလည်း များပြားလှပါတယ်။ ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက် စိတ်ရဲ့ငြိမ်းအေးရာကို ရှာဖွေနေကြသူတွေရှိသလို ရာဇဝတ်မှုတွေကို ကျူးလွန်နေကြသူတွေလည်း ရှိပါတယ်။

အိန္ဒိယနိုင်ငံသာတွေလုပ်မလဲ၊ အိန္ဒိယနိုင်ငံဟာ ခိုင်မာတဲ့ သမိုင်းကြောင်းရှိခဲ့ပြီးသား ဖြစ်ပါတယ်။ အာသောကမင်းကြီးလက်ထက် အနောက်ဘက်မှာ အာဖဂန်နစ္စတန်၊ အရှေ့ဘက်ဆို အိန္ဒိယနိုင်ငံ အရှေ့ပျားစသဖြင့် ဘုန်းမီးနေလ တောက်ပပြီး နိုင်ငံရေးဩဇာ ကျယ်ပြောခဲ့ပါတယ်။

ဂင်္ဂါမြစ်ရဲ့ နုံးမြေပို့ချမှုတွေနဲ့အတူ စိုက်ပျိုးရေးလည်း ဘာစိုက်စိုက် အပင်ပေါက်ဆိုသလို ကောင်းမွန်လှပါတယ်။ ဒါကြောင့်လည်း လူဦးရေ သန်း ၁၂၀၀ ကို အိန္ဒိယနိုင်ငံက စောင့်ရှောက်နိုင်ခဲ့တာပါ။ ခုတော့ စက်မှုခေတ်ကို ရောက်ရှိခဲ့ပါပြီ။ အရင်လို စိုက်ပျိုးရေးကို အားကိုးအားထားပြုလို့ သိပ်မဖြစ်တော့ပါဘူး။





နဲ့အတူ အိန္ဒိယနိုင်ငံသားတွေလည်း ရိုးရာဝတ်စုံကို မဝတ်တော့ဘဲ၊ နောက်တိုင်းဝတ်စုံ အပြည့်အစုံနဲ့ ဆိုလီကွန်တောင်ကြားမှာ ကွန်ပျူတာတွေနဲ့ အလုပ်ရှုပ်နေကြပါပြီ။

အနာဂတ်အလားအလာ ဘယ်လိုရှိမလဲ။ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေ၊ တိုးတက်မှုတွေဟာ နေ့ချင်းညချင်း မြင်တွေ့ရဖို့ မရှိပါဘူး။ နိုင်ငံကြီးဖြစ်တဲ့အတွက် တရွေ့ရွေ့နဲ့ အားကြီးလာ တရွေ့ရွေ့နဲ့ အားနည်းလာ၊ ဒီမျိုးတွေပဲ မြင်နေရမှာပါ။

အနာဂတ်မှာ တဖြည်းဖြည်းနဲ့ တိုးတက်လာမှာတော့ သေချာပါတယ်။ ဒါပေမယ့် တိုင်းသူပြည်သားတွေ အချင်းချင်းကြားမှာ ခြားမှုတွေ၊ အကျင့်ပျက်မှုတွေ လျော့နည်းသွားဖို့တော့ လိုပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ခြင်းနဲ့ခပ်တဲ့ရေလို တစ်စက်မှ အဖတ်တင်ကျန်ရစ်ခဲ့မှာ မဟုတ်ပါဘူး။

အကျင့်ပျက်ခြစားမှုတွေဟာ နိုင်ငံတိုင်းမှာ ရှိစမြဲပါ။ ဒါပေမယ့် သေချာတာက ဖဟိုထိန်းချုပ်မှုများလွန်းတဲ့ နိုင်ငံတွေမှာ ပိုတွေ့ရပါတယ်။ ဥပမာအားဖြင့် ကွန်မြူနစ်နိုင်ငံတွေကို လေ့လာကြည့်နိုင်ပါတယ်။ ဗဟိုချုပ်ကိုင်မှု များလွန်းတဲ့အခါကျတော့ အောက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်တွေမှာ အဆင့်ဆင့်တွေ ခိုးသွားလိုက်တာ လူထုထံလည်း ရောက်ရော ငါးမူးစေ့လောက်ပဲ ကျန်တော့တာပါ။

ဒါဟာ ဒီမိုကရေစီနိုင်ငံနဲ့ ကွန်မြူနစ်နိုင်ငံတို့ရဲ့ ကြီးစွာသော ကွာဟချက်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာ ခြစားတာ မရှိတော့ဘူးလား။ ရှိပါတယ်။ ဒါပေမယ့် ဒီလိုရုပ်ပျက်ဆင်းပျက်တွေ့မြင်ရလို့မှာ မဟုတ်ပါဘူး။

အနောက်နိုင်ငံတွေဟာ လူတစ်ဦးချင်းလွတ်လပ်ခွင့်ကို အလေးထားပါတယ်။ အရှေ့နိုင်ငံတွေကတော့ လူတစ်ဦးချင်း လွတ်လပ်ခွင့်ထက်စာရင် လူအုပ်စုလိုက် လွတ်လပ်ခွင့်ကို အရေးထားပါတယ်။ အမေရိကန်မှာ စစ်သည်တစ်ဦး ပြန်ပေးဆွဲခံရရင် နိုင်ငံတော်က စစ်တပ်လွှတ်ပြီး ပြန်လည်ရရှိဖို့ ကြိုးစားပါတယ်။ ကမ္ဘာ့အရှေ့နိုင်ငံတွေမှာတော့ ဒါမျိုးတွေကို တွေ့နိုင်ဖို့ ခက်ခဲပါတယ်။

ဘာကြောင့်လဲဆိုတော့ အမေရိကန်ဟာ ဘာလူမျိုး၊ ဘာယဉ်ကျေးမှုရယ်လို့ တိတိကျကျလက်ညှိုးထိုးပြစရာ မရှိပါဘူး။ ဒါကြောင့် အမေရိကန်ဟာ အမေရိကန်နိုင်ငံသားတစ်ယောက်ကို တစ်ယောက်ချင်းစီရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါတယ်ဆိုတဲ့ အမျိုးသားရေးဦးတည်ချက်ကို ထားရှိတာ ဖြစ်ပါတယ်။ အမေရိကန်ကို စည်းလုံးညီညွတ်အောင် ထိန်းထားတဲ့ ကြိုးတစ်ချောင်းဖြစ်ပါတယ်။





အိန္ဒိယနိုင်ငံအနေနဲ့တော့ ကမ္ဘာ့အရှေ့တိုင်းနိုင်ငံတွေမှာပဲ ပါဝင်ပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ပေမယ့် ဗဟိုချုပ်ကိုင်မှုများပြားနေဆဲပါ။ ရှုပ်ထွေးကရက်ဆန်ဆန် အုပ်ချုပ်ရေးယန္တရား လည်ပတ်နေဆဲပါပဲ။ ဖက်ဒရယ်အစိုးရဆန်နေဆဲပါ။ အိန္ဒိယနိုင်ငံရဲ့ အထွေထွေဖွံ့ဖြိုးတိုးတက်ကြီးပွားမှုတွေကို နောက်ကျောကနေ ဆွဲထားတဲ့၊ နောက်ကို ပြန်ဆွဲတဲ့ ကြိုးတစ်ချောင်းဟာ ကြိုးနီတစ်ချောင်း၊ အကျင့်ပျက်ခြစားမှု ကြိုးတစ်ချောင်းဖြစ်ပါတယ်။

မြင်းတစ်ကောင်ဟာ ဘယ်လိုပဲ မြန်မြန်ပြေးနေပေမယ့် ဇာတ်ကြိုးကိုဆွဲထားရင် တုံ့ခနဲရပ်ရသလို အိန္ဒိယရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုတွေဟာ ဇာတ်ကြိုးနဲ့တူတဲ့ နိုင်ငံသားတွေရဲ့ အကျင့်ပျက်မှု၊ ရာဇဝတ်မှု ချပြောမှုတွေက ဇာတ်ကြိုးဆွဲရင် တုံ့ခနဲ ရပ်သွားမှာပါ။

စာရေးသူရဲ့ဆောင်းပါးကို အဆုံးသတ်ပါတော့မယ်။ အိန္ဒိယနိုင်ငံဆိုကနေ စာရေးသူတို့ ဘာတွေသင်ခန်းစာယူနိုင်မလဲ။

အကျင့်ပျက်ခြစားမှုတွေ နိုင်ငံအများအပြားမှာ ရှိနေသလို စာရေးသူတို့ နိုင်ငံမှာလည်း ရှိနေပါတယ်။ လူကိုလူလို့မြင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်။ လူကို လူလို တန်ဖိုးထားဖို့လိုပါတယ်။ လူကိုလူလို ဆက်ဆံဖို့လိုပါတယ်။

တခြားနိုင်ငံတွေရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖြစ်စဉ်တွေကို ကြည့်ပြီးတော့ သင်ခန်းစာယူတတ်မယ်ဆိုရင် အတိုင်းထက်အလွန်ပါပဲ၊ ရွေးကောက်ပွဲတွေ တစ်နှစ်ကို ဆယ်ခါကျင်းပပါစေဦး။ လူတွေရဲ့ အမူအကျင့်တွေ မပြောင်းလဲသရွေ့တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

နိုင်ငံအတွင်း အချင်းချင်း သူခိုးကင်းပါစေ၊ နိုင်ငံအတွင်း အချင်းချင်း အမျက်ဒေါသ ဟာန်ကင်းပါစေ။ နိုင်ငံအတွင်း အချင်းချင်း ခွက်စောင်းခုတ်တာကင်းပါစေ၊ နိုင်ငံအတွင်း အချင်းချင်း လူပါးဝတာကင်းပါစေ၊ နိုင်ငံအတွင်း အချင်းချင်း မတရားလုတာကင်းပါစေ၊ နိုင်ငံအတွင်း အချင်းချင်း မတရားမှုတွေ ကင်းပါစေ။

✧ ✧ ✧



# ရုရှားနိုင်ငံဘာလဲ ... ရုရှားနိုင်ငံဘယ်လဲ

ရုရှားနိုင်ငံဘာလဲဆိုတော့ သူက ကမ္ဘာ့အကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ လက်ရှိ သမ္မတကတော့ ဗလာဒီမာပူတင်ပဲဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ သမိုင်းကြောင်းဟာလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ နယ်မြေအကျယ်ကြီးကို ထိန်းသိမ်းအုပ်ချုပ်ဖို့ဆိုတာ လွယ်တဲ့ ကိစ္စတစ်ရပ်တော့ မဟုတ်ပါဘူး။

ရုရှားဟာရေနံနဲ့အတူ နာမည်ကြီးပါတယ်။ ရေနံထွက်တဲ့ အတွက်ကြောင့်လည်း စီးပွားရေးအင်အားမှာ အမေရိကန်ကို ပခုံးချင်း ယှဉ်နိုင်ပါတယ်။ နျူကလီးယားလက်နက်လည်း ပိုင်ဆိုင်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ နိုင်ငံရေးပြိုင်ဘက်လည်း ဖြစ်ပါတယ်။ ဗီတို အာဏာရှင်ဖြစ်ပြီးတော့ ဗီတိုအာဏာကို ခဏခဏ သုံးစွဲတဲ့နိုင်ငံ လည်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုရှားနိုင်ငံဘာလဲ၊ ရုရှားဟာ ဒီမိုကရေစီနိုင်ငံလည်း ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ပေမယ့် ဒီမိုကရေစီဘိုးအေနိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့တော့ မတူတာတွေအများကြီးရှိနေပါတယ်။ ဖော်ကာအရက်ကို အအေးဒဏ်ခံနိုင်ဖို့ သောက်ကြတဲ့ ရုရှားနိုင်ငံသားတွေဟာ ရုရှားနိုင်ငံမှာ ကွဲပြားပျံ့နှံ့နေထိုင်ကြပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်းမှာ နိုင်ငံကိုယ်စီ ခွဲထွက်ခဲ့ကြတယ်။

ရုရှားရဲ့အနာဂတ် ဘယ်လိုရှိမလဲ၊ ရုရှားရဲ့ လောလောဆယ် သမ္မတဟာ ပူတင်ဖြစ်လို့နေပါတယ်။ ပူတင်ဟာအရင်က KGB ထောက်လှမ်းရေးအရာရှိ ဖြစ်ခဲ့ဖူးပါတယ်။ အမေရိကန်ရဲ့ CIA လို အဖွဲ့အစည်းမျိုးဖြစ်ပါတယ်။ ပူတင်ဟာ အားကစားမှာလည်း ထူးချွန်ပြီး ကရာတေးခါးပတ်နက်အဆင့်ရှိပါတယ်။ ကြံ့ခိုင်တဲ့ ခန္ဓာကိုယ်ရှိပါတယ်။ သံမဏိအပြုံးနဲ့ လူသားလို့ဆိုစမှတ်ပြုကြပါတယ်။ သူဟာ သူ့ရဲ့ ကြာရှည်ပေါင်းသင်းခဲ့တဲ့ ချစ်ဇနီးလုမေယာနဲ့ လမ်းခွဲခဲ့တာ မကြာသေးပါဘူး။

ပူတင်ဟာ နိုင်ငံရေးရည်မှန်းချက် ကြီးမားပါတယ်။ ရှုပ်ရှုပ်ရှက်ရှက် လုပ်ကိုင်တယ်။ ဆုံးဖြတ်ချက်ပြတ်သားတယ်။ တုံးတိုက်တိုက်ကျားကိုက်ကိုက် လုပ်ဆောင်တယ်။ သူ့လက်ထက်မှာ ရုရှားနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးလာတယ်။ GDP တွေ တရိပ်ရိပ် တက်လာတယ်။





ချင်းညှာ ခွဲထွက်လိုသူ သူပုန်တွေကိုလည်း ပြတ်ပြတ်သားသား ကိုင်တွယ်ခဲ့တယ်။

အနောက်ကမ္ဘာနဲ့ ဆက်ဆံရေးမှာလည်း လိုချင်တာကိုရအောင် လုပ်ယူတတ်တဲ့ တင်းမာတဲ့ သဘောထားရှိပါတယ်။ သူ့လက်ထက်မှာ ရုရှားနိုင်ငံရဲ့ဩဇာကို မြင့်သထက်မြင့်အောင် မြှင့်တင်လာခဲ့တယ်။

ပူတင်ဘယ်ကလာသလဲ၊ ပူတင်ဟာ ထောက်လှမ်းရေးအရာရှိ တစ်ဦးအဖြစ် ဘဝကိုရပ်တည်ခဲ့တာပါ။ နောက်တော့ မော်စကိုရဲ့ မြို့တော်ဝန်အထိ ဖြစ်လာခဲ့ပါတယ်။ ဘောရစ်ယက်ဆင်ရဲ့ စိတ်ကြိုက်ရွေးချယ်မှုနဲ့ ရုတ်တရက်နိုင်ငံရေးစင်မြင့်ပေါ်ကို ရောက်ရှိခဲ့ပါတယ်။ ပူတင်သမ္မတဖြစ်လာခဲ့ပါတယ်။ ဘောရစ်ယက်ဆင်ရဲ့ မပြီးပြတ်တဲ့ အမှုတွဲတွေကို ပြည်ပုံကား ချပေးခဲ့တယ်။ ဒီနည်းနဲ့ သမ္မတဟောင်း ဘောရစ်ယက်ဆင်ကို ကျေးဇူးဆပ်ခဲ့ပါတယ်။

ပူတင်ဟာ ရေနံလုပ်ငန်းရှင် ဘီလျံနာတချို့ကို တရားမဝင် ငွေကြေးခဝါချမှုတွေနဲ့ ဖမ်းဆီးအရေးယူပြီး ထောင်သွင်းအကျဉ်းကျ စေခဲ့တယ်။ ရေနံလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်တဲ့ ချဲလ်ဆီးဘောလုံးအသင်းပိုင်ရှင် အေဗရာဟမ်မိုဗစ်ကတော့ ပူတင်ရဲ့ကျောထောက်နောက်ခံဖြစ်လာခဲ့တယ်။ မိုဗစ်ဟာ ပေါင်းတတ်သင်းတတ်သူဖြစ်ပြီး ပူတင်နဲ့ ပလဲနံပသင့်အောင် ပေါင်းနိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုဗစ်ဟာလည်း ရေနံရောင်းဝယ်သူဘဝကနေ ရေနံလုပ်ငန်းရှ ဘီလျံနာဖြစ်လာတဲ့အထိ ဒေါင်းသင်းတတ် စီးပွားရေးလုပ်တတ်ခဲ့သ ပါ။ မိုဗစ်ရဲ့ တစ်ချိန်က ဆရာဖြစ်ခဲ့သူကတော့ ဇောစကီးဖြစ်ပါတယ် အခုတော့ ဘီလျံနာဟောင်း ဇောစကီးဟာ လန်ဒန်မြို့ရဲ့ အိ တစ်အိမ်မှာ ရုတ်တရက်သေဆုံးခဲ့ပြီး ဖြစ်ပါတယ်။ ရုရှားရေ သူဌေးတွေရဲ့ ဘဝအဆုံးသတ်ဟာ မလှပခဲ့ပါဘူး။

ပူတင်မှာ လက်တွဲလုပ်ကိုင်နိုင်တဲ့ တွဲဖက်ညီ(ညီအရင်းမဟုတ် မက်ဗီဒက် ရှိပါတယ်။ ပူတင်ဟာ သူ့ရဲ့ သမ္မတသက်တမ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး မက်ဗီဒက်ကို သမ္မတ လွှဲပေး ပါတယ်။ သူကတော့ ဝန်ကြီးချုပ်နေရာယူခဲ့ပါတယ်။ ခုတေ မက်ဗီဒက်နေရာကို သူပြန်ယူခဲ့ပါတယ်။ သမ္မတသက်တမ်း နှစ်ကြိ ထမ်းဆောင်နိုင်စေဖို့ ဖြစ်ပါတယ်။ ဒီလိုနဲ့ စိတ်တိုင်းကျပြင်ဆင်ခဲ့ ရုရှားဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပူတင် ၅ နှစ် သက်တမ်း နှစ်ကြိမ်တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။ ဟင်းတစ်မျိုးတည်း ရုရှားပြည်သူတွေ ကြာရှည်မစားနိုင်ပါဘူး။ ဒါကြောင့်လည်း နို အဝန်းပူတင်ကို ဆန္ဒပြမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ပူတင်အနေနဲ့ကတော ရုရှားနိုင်ငံကို ၂၂နှစ်တာ ဒီမိုကရေစီနိုင်ငံကြီးမှာ အုပ်ချုပ်သွားခဲ့ ဆန္ဒရှိနေပါတယ်။ မက်ဗီဒက်နဲ့ပူတင်ဟာ ဆပ်ကပ်ပွဲထဲက တု





ချောင်းလေးနှစ်ချောင်းလိုပါပဲ။ မျက်လှည့်ဆရာလက်ထဲက တုတ် ချောင်းလေးနှစ်ချောင်းဟာ လေထဲမှာ မြောက်နေပေမယ့် အချိန် တန်တော့ လက်ထဲကိုပဲပြန်လာတာပါ။

ပူတင်ရဲ့ရည်မှန်းချက်က ဘာတွေလဲ၊ ဆပ်ကပ်ပွဲတွေကို သတိရစေပါတယ်၊ အာဏာတူညီလိုတဲ့ ဆန္ဒရှိနေပါတယ်။ အမေရိကန် တဲ့သို့ ကမ္ဘာ့ထိပ်သီး အင်အားကြီးနိုင်ငံဖြစ်လိုပါတယ်။ တစ်ချိန် ကတော့ ရုရှားဟာ အမေရိကန်ရဲ့ ဘက်ညီပြိုင်ဘက် ဖြစ်ခဲ့ပါတယ်။ အခုတော့ မဟုတ်တော့ပါဘူး။

အမေရိကန်မှာ CIA ရှိသလို ရုရှားနိုင်ငံမှာလည်း KGB ရှိ ခဲ့ပါတယ်။ အစ္စရေးမှာ မော့ဆက်ရှိသလို ရုရှားမှာလည်း KGB ရှိခဲ့ပါတယ်။ စစ်အေးတိုက်ပွဲကာလမှာတုန်းက အပြန်အလှန်နှစ်ထပ် ဆင့်သူလျှို၊ သုံးထပ်ဆင့် သူလျှိုတွေထားတဲ့အထိ ပြင်းထန်ခဲ့ပါတယ်။ အခုတော့ ဒီလိုသူလျှိုထားရှိမှုတွေ ရှိနေပေမယ့် နည်းပညာကို ပိုမိုအားပြုလာခဲ့ပြီ ဖြစ်ပါတယ်။

အမေရိကန်နဲ့ နိူင်းယှဉ်မယ်ဆိုရင် အမေရိကန်ကဝေဟင်ကို စိုးမိုးထားနိုင်ခဲ့ပါတယ်။ လေယာဉ်ပျံကို လေထဲမှာ လေယာဉ်ဆီ ဖြည့်တာကို အမေရိကန်ကသာ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်တာ ဖြစ်ပါတယ်။ ဒါကို တခြားဘယ်နိုင်ငံကမှ တုပနိုင်တာမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရုရှားရဲ့ အားသာချက်ကတော့ ဖြိုဖျက်တာမှာ အားသာပါတယ်။ ဖြိုဖျက်တာတွေကို နည်းပညာမြင့်မားစွာနဲ့ ထုတ်လွှင့်ထားနိုင်တာ ရုရှားပဲ ဖြစ်ပါတယ်။ အမေရိကန်မျက်ခုံးလှုပ်ရသည်အထိ စွမ်းနိုင် ပါတယ်။

တရုတ်ရဲ့ အားသာချက်ကတော့ အင်တာနက်ပါပဲ။ အင်တာနက်ကို ဖောက်ထွင်းနိုင်တဲ့ ဝိဇ္ဇာပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလို အားသာချက်တွေ ကိုယ်စီရှိပေမယ့် အမေရိကန်ရဲ့ အားသာချက် တွေကြောင့် ဒီအမေရိကန်ကို ဘယ်လိုမှ လိုက်လို့မမီနိုင်တာပါ "ရွှေပြည်တော်မျှော်တိုင်းဝေး"လို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

ရုရှားနိုင်ငံ ဘာလိုအပ်ချက်တွေရှိနေလဲ။ ရုရှားနိုင်ငံဟာ နိုင်ငံ ဧရိယာကျယ်ဝန်းလှပါတယ်။ ချေချင်းညာအရပ်မှာ ခွဲထွက်လိုတဲ့ သူပုန်တွေလည်း ရှိနေပါတယ်။ ပူတင်ရဲ့ ကြာရှည်လှပြီဖြစ်တဲ့ အုပ်ချုပ်မှုကို မလိုလားငြီးငွေ့လာသူတွေကလည်း အနဲ့အေးပါ ကွန်မြူနစ်တိုင်းပြည်ကနေ ဒီမိုကရေစီစနစ်ကို ပြောင်းလဲခဲ့ပြီ ဖြစ်ပေ မယ့် အရိပ်မည်းကတော့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ ဗျူရိုကရေ ယန္တရားဟာ လည်ပတ်နေတုန်းပဲ ဖြစ်ပါတယ်။ ကြိုးနီစနစ်လည်း ရှိနေတုန်းပါပဲ။





ရုရှားမှာ အမေရိကန်ကို ဘယ်လိုမှ လိုက်မမီနိုင်တဲ့ အချက် တစ်ခုရှိပါသေးတယ်။ ဒါကတော့ ဒီမိုကရေစီ စစ်စစ်မရသေးတာပါပဲ။ အမေရိကန်မှာ သမ္မတတစ်ယောက်ဟာ မိုးပျံနေအောင် တော်နေ ပါစေ။ သမ္မတသက်တမ်းကို နှစ်ကြိမ်ထက် ပိုထမ်းဆောင်ခွင့်မရှိ ပါဘူး။ ဒီအရာဟာ အမေရိကန်ကို ရုရှားဘယ်သောအခါမှ ကျော် သွားနိုင်မှာမဟုတ်တဲ့ အရေးကြီးအချက်တွေထဲက တစ်ခုပါပဲ။

နိုင်ငံတစ်နိုင်ငံမှာ သမ္မတတစ်ယောက်ဟာ နှစ်ကြိမ်ထက် ပိုတာဝန်ထမ်းဆောင်တာဟာ ပြည်သူလူထုကို ဗဟိုပြုတဲ့ ဒီမိုကရေစီ ဆိုတဲ့ နိုင်ငံရေးဝေါဟာရနဲ့ သွေဖယ်ဆန့်ကျင်နေပါတယ်။ ဒါကြောင့်မို့ သမ္မတကြီး ဗလာဒီမာပူတင်အနေနဲ့ ဘယ်လိုပဲ ပြင်းပြတဲ့ဆန္ဒ သဘောထားရှိနေပါစေ၊ ကျော်ဟိန်းစကားနဲ့ ပြောရရင် "ဆယ်နှစ်၊ ဆယ့်နှစ်"ပါပဲ၊ ဆယ်နှစ်မကလို့ ရာစုနှစ်ပင်ချီပါစေဦးတော့။

ရုရှားက အမေရိကန်ကို မမီနိုင်ပါဘူး။ ရုရှားရဲ့ ထုတ်ကုန် တွေကို ကြည့်ကြဦးစို့ရဲ့။ ရုရှားဟာ သဘာဝပစ္စည်းအနေနဲ့ ရေနံအများအပြားထွက်ပါတယ်။ လူလုပ်ပစ္စည်းအနေနဲ့ စက်မှု ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့အတွက် ဒုံးခွင်းဒုံးအထိ ထုတ်လုပ်နိုင်ပါတယ်။ အမေရိကန်နဲ့ယှဉ်ရင် ဘယ်လိုနေသလဲ၊ ယှဉ်လို့မရနိုင်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ရဲ့ စစ်လေယာဉ်တစ်စင်း ပျက်ကျရင် အဲဒီလေယာဉ် ဒေါ်လာသန်းချီပေးပြီး သုတေသနပြုလိုတဲ့ နိုင်ငံတွေအများအပြ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်က လေယာဉ်ပျံ အသံမထွက်အောင် ဘယ်လိုလုပ်တာလဲဆိုတာကို သိချင်လို့ ရုရှားရဲ့လေယာဉ်တစ်စင်းပျက်ကျလို့ ဝယ်မယ့်နိုင်ငံမရှိသေးပါ ဒီအချက်နဲ့တင် ရှင်းသွားပါတယ်။

ရုရှားဘာဆက်လုပ်မှာလဲ၊ ရုရှားဟာ ကုလသမဂ္ဂရဲ့ အမြဲတ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးတော့ ဗီတိုအာဏာသုံးနိုင်တဲ့ နိုင်ငံဖြစ်ပါတ နိုင်ငံရေးဩဇာလည်း ကြီးမားပါတယ်။ တစ်ချိန်က ကွန်မြူနစ်မှ ရုရှားကို အလေးဂရုပြုခဲ့ရတာပါ။ ရုရှားကွန်မြူနစ်နဲ့ တရုတ်ကွ နစ်ဟာ ကွဲပြားချက်တွေ ရှိပါတယ်။ ဥက္ကဋ္ဌမော်ရဲ့ ကွန်မြူနစ် ဟာမော်တီထွင်ထားတဲ့ မော်ကွန်မြူနစ် ဖြစ်ပါတယ်။ ရုရှားနဲ့ကွဲ ခြားနားပါတယ်။

ရုရှား ဘာတွေလုပ်ဦးမှာလဲ၊ ရုရှားအနေနဲ့ အမေရိက အမြဲစဉ်ပြိုင် ရပ်တည်နေမှာဖြစ်ပါတယ်။ အမေရိကန်ရဲ့ လု မှန်သမျှကိုလည်း အမြဲစဉ်ပြိုင် ရပ်တည်မှာဖြစ်ပါတယ်။ ဆီးရီးယ အရေးမှာလည်း ဒီလိုပါပဲ၊ လောလောဆယ်ဖြစ်ပျက်နေတဲ့





များစွာအရေးသာမကဘဲ အခြားနောင်ဖြစ်ပျက်မယ့် အဖြစ်အပျက်များအတွက်လည်း ဒီအတိုင်းပဲဖြစ်နေမှာပါ။

ဘာကြောင့်လဲဆိုတော့ အမေရိကန်နဲ့ ရုရှားဟာ ရပ်တည်ချက်မတူညီတဲ့ နိုင်ငံဖြစ်ပါတယ်။ တစ်နိုင်ငံရဲ့အကျိုးစီးပွားဟာ အခြားတစ်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ အမြဲထိပ်တိုက်တွေ့နေတဲ့အတွက်ပဲ ဖြစ်ပါတယ်။

ရုရှားနိုင်ငံဘယ်ကိုသွားမှာလဲ၊ ကွန်မြူနစ်ဆန်သော ဒီမိုကရေစီနိုင်ငံအနေနဲ့ ဘယ်ကိုသွားမလဲဆိုတာတော့ မှန်းရခက်ပါတယ်။ သေချာတာကတော့ ရုရှားကြိုးစားနေဦးမှာပါ။ ကမ္ဘာ့အဆင့်တစ်ဆိုတဲ့နေရာကို ရောက်ဖို့ကျားကုတ်ကျားခဲ ကြိုးစားနေဦးမှာဖြစ်ပါတယ်။ ရောက်မရောက်ကတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ရုရှားနိုင်ငံကနေ သင်ခန်းစာယူစရာတွေလည်း ပြည့်နှက်လို့နေပါတယ်။

ရုရှားရေနံသူဌေးတွေအနေနဲ့ သူတို့ရဲ့ စည်းစိမ်ဥစ္စာတွေ ထာဝရ တည်မြဲလိမ့်မယ်လို့ မျှော်လင့်နေခဲ့မှာ သေချာပါတယ်။ ပူတင်ရဲ့ အုပ်ချုပ်မှုအောက်မှာတော့ သံတိုင်နောက်ကို ရောက်ရှိသွားပါတယ်။ ဇောစကီးဟာ ပူတင်ကို သမ္မတဖြစ်စေခဲ့တာပါ။ ဇောစကီးဟာ ရုရှားနိုင်ငံက ထွက်ပြေးခဲ့ရပါတယ်။ ဇောစကီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကပြောခဲ့ဖူးပါတယ်။ ဗလာဒီမာပူတင်ကို သူတင်ခဲ့သ
သူပြန်ဖြုတ်ချဖို့ ကြိုးစားမယ်တဲ့၊ အခုတော့ ဇောစကီးတစ်ယော
လန်ဒန်မြို့ရဲ့ သူ့နေအိမ်မှာပဲ လောကကနေ ထွက်ခွာသွားခဲ့ရပါ

ဇောစကီးတပည့်ဖြစ်ခဲ့ဖူးတဲ့ အေဗရာဟမ်မိုဗစ်လည်း ချ
ဆီးအသင်းကို ပိုင်ဆိုင်နေဆဲပါပဲ။ နေသာတဲ့နေ့တွေမှာ သူပိုင
ဇိမ်ခံသင်္ဘောကြီးနဲ့ ခရီးလှည့်လည်သွားလာနေပါတယ်။ ချဲလ်
အသင်းဟာလည်း ချန်ပီယံလိဂ်ဆုဖလားကို ရရှိခဲ့ပါပြီ။ ရု
သမ္မတကြီးလည်း သူ့ရဲ့စံနန်းတော်မှာ အေးဆေးရှိနေဆဲပါ
သမ္မတကြီးဟာ တစ်ချိန်က ရုရှားခေါင်းဆောင်ဖြစ်တဲ့ လီနင်
အားကျသူဖြစ်ပါတယ်။ သူဟာ သူ့ကိုယ်သူ လီယာမင်းကြီးလိုလ
ဖြစ်ချင်သူပါ။

ရုရှားနိုင်ငံ ဆက်လက်တည်ရှိနေဦးမှာပါ။ ရုရှားပြည်သူတွေ
လည်း အေးခဲနေတဲ့ ရေခဲမှတ်အပူချိန်မှာ ဗော့ကာအရက်
သောက်နေဦးမှာပါ။ ကမ္ဘာကြီးကလည်း လည်ပတ်နေဦးမှာ
ရုရှားနိုင်ငံ အောက်ခြေက ရေနံထွက်နေဦးမှာပါ။ အမေရိက
ဟာလည်း ကမ္ဘာ့အရေးတွေမှာ ဝင်ရောက်စွက်ဖက်နေဦးမှာ
ရုရှားနိုင်ငံဟာလည်း အမြဲဝင်ရောက် စင်ပြိုင်နေရာယူနေဦးမှာ





ဘာတွေ ဘယ်လိုဖြစ်လာဦးမှာလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ခါးပတ်
တော်ရထားတဲ့ သမ္မတကြီးနဲ့ ရေနံဆိုတဲ့ ရွှေနက်(ရွှေမည်း)ထွက်တဲ့
ရုရှားနိုင်ငံဟာလည်း ခွဲခြားမရအောင် တွဲမြဲတွဲနေဦးမှာ ဖြစ်ပါတယ်။

ဗလာဒီမာပူတင်ရဲ့ သမ္မတသက်တမ်းကုန်သွားပြီးတဲ့ နောက်ပိုင်း
မှာတော့ ဘာတွေဖြစ်လာဦးမှာလည်း ဆိုတာကိုတော့ ....။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# စင်္ကာပူနိုင်ငံ ဘာလဲ ....ဘယ်လဲ

စင်္ကာပူနိုင်ငံဟာ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံ ဖြစ်ပါတယ်။ ကျွန်းနိုင်ငံလေးဖြစ်ပါတယ်။ စင်္ကာပူနိုင်ငံဟာ ရေကို တောင် မလေးရှားကနေ ဝယ်ယူသောက်သုံးရတာဖြစ်ပါတယ်။ အခုတော့ စင်္ကာပူနိုင်ငံ ပြောင်းလဲခဲ့ပါပြီ။

စင်္ကာပူနိုင်ငံအကြောင်းကို ပြောရရင် မြန်မာနိုင်ငံအကြောင်းပါ သတိရလာပါတယ်။ ဒီလိုပါ။ တစ်ချိန်က စင်္ကာပူဝန်ကြီးချုပ် လီကွမ်ယူက ပြောဖူးပါတယ်။ မြန်မာနိုင်ငံကိုမီအောင်လိုက်မယ် ဆိုတာပါ။ အခုတော့ စင်္ကာပူက မြန်မာကို မီရုံတင်မကဘူး။





ော်ပါတက်သွားပါပြီ။ အခု စင်္ကာပူဝန်ကြီးချုပ်ကတော့ အရင်က ာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူရဲ့သား ဝန်ကြီးချုပ် လီရှိန်လွန်း ပါတယ်။ မကြာသေးမီရက်ပိုင်းက စင်္ကာပူဝန်ကြီးချုပ် ရှိန်လွန်းက ဘာပြောလဲဆိုတော့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု က်ကျကျန်နေခဲ့ပါပြီ။ အသည်းအသန်ကြိုးစားရင်တောင် ဘက်ဖို့မလွယ်ပါဘူးလို့ သုံးသပ်ပြောသွားပါတယ်။ အဖေ ်ထက်တုန်းက မြန်မာနိုင်ငံကို မီအောင်လိုက်မယ်ပြောခဲ့တယ်။ လက်ထက်မှာတော့ စင်္ကာပူကို မြန်မာက ပြန်လိုက်နေရပါပြီ။ ်ကို့လည်း မမီတော့တဲ့ အနေအထားပါပဲ။

စင်္ကာပူနိုင်ငံဘာလဲ၊ စင်္ကာပူနိုင်ငံဆိုတာ ကျွန်းနိုင်ငံ ပိစိကွေး းပါ။ ရေသောက်လို့ရတဲ့ မြစ်တစ်စင်းတောင်မရှိရှာပါဘူး။ မယ့် စင်္ကာပူနိုင်ငံ လက်ကို့အားမပြုခဲ့ပါဘူး။ ခေါင်းကို ပြုခဲ့ပါတယ်။ ဦးနှောက်မှာ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ခုတော့ ့တောင်အာရှမှာ စင်္ကာပူနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ထိပ်တန်း ီး ကမ္ဘာ့နိုင်ငံအများအပြားက ကျောင်းသားတွေ သိန်းချီပြီး င်ပြီး ပညာသင်ကြားပေးနေပြီဖြစ်ပါတယ်။ စင်္ကာပူကျောင်းထွက်ဟာ ာမှာမည်သည့်နိုင်ငံမှာမဆို ခေါင်းမော့ရင်ကော့ပြီး အလုပ်လုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပညာရေးကို အသိဉာဏ်ရှိရှိ ရင်းနှီးမြှုပ်နှံခဲ့ခြင်းရဲ့ အကျိုး ရလဒ်ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံဘာထွက်သလဲ။ စင်ကာပူနိုင်ငံဘာမှ 'မထွက်ပါဘူး'။ သဘာဝဓာတ်ငွေ့၊ ကျောက်သံပတ္တမြား ဘာဆိုဘာမှ မထွက်ပါဘူး။ ကျောက်စိမ်းတွင်းကြီးတွေလည်း မရှိပါဘူး။ ပတ္တမြားတွင်းကြီးလည်း မရှိပါဘူး။ ဒါပေမယ့် စင်ကာပူနိုင်ငံက ထွက်တာတစ်ခုတော့ရှိပါတယ်။ ဦးနှောက်ကောင်းတွေ ထွက်ပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဦးနှောက် တွေ အများကြီးထွက်ပါတယ်။

စင်ကာပူနိုင်ငံဘာလဲ၊ စင်ကာပူနိုင်ငံဟာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတောင် မကျယ်ပါဘူး။ ဒါပေမယ့် တခြားနိုင်ငံတွေမှာမရှိတဲ့ ပိုင်ဆိုင်မှုတွေကို သူပိုင်ဆိုင်ပါတယ်။ ရေနဲ့ပတ်သက်လို့ ပြောမယ် ဆိုရင် စင်ကာပူဟာ အရင်ကတည်းက မလေးရှားဆီကနေ သောက်ရေ ဝယ်သောက်ရပါတယ်။ ခုတော့ ရေဆိုးကို ရေသန့်ပြောင်းလဲခဲ့ ပါပြီ။ ခုဆို အိမ်သာရေကိုတောင် ပြန်သောက်လို့ရတဲ့ နည်းပညာကို စင်ကာပူနိုင်ငံပိုင်ဆိုင်ထားပြီး ဖြစ်ပါတယ်။ မလေးရှားဆီကနေ သောက် ရေဝယ်သောက်ရတဲ့ အခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါတယ်။

စင်ကာပူဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ အရှေ့တောင် အာရှမှာ စီးပွားရေးအတောင့်တင်းဆုံးနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့အချမ်း





သာဆုံးနိုင်ငံတွေရဲ့ ထိပ်တန်းနေရာမှာ ပါဝင်ပါတယ်။ စင်ကာပူမှာ တဲပုတ်ဆိုတာ ဝေလာဝေးမို့ မိုးမျှော်တိုက်ကြီးတွေကိုပဲ တွေ့ရမှာ ဖြစ်ပါတယ်။ မိုးပေါ်မှာ တည်ဆောက်ထားတဲ့ ရေကူးကန်လည်း ရှိပါတယ်။ တင်းနစ်ကွင်းလည်းရှိပါတယ်။ ပြောမဆုံးပေါင် တော သုံးတောင်ပါပဲ၊ ဘာဆိုဘာမှ မရှိတဲ့ စင်ကာပူဟာ ဦးနှောက်ကို အရင်းပြုလို့ လက်ညှိုးညွှန်ရာရေဖြစ်တဲ့ နိုင်ငံအဖြစ် တိုးတက်ခဲ့ပြီ ဖြစ်ပါတယ်။

နိုင်ငံရေးအခြေအနေကရော။ ရွေးကောက်ပွဲစနစ်ကျင့်သုံးပါ တယ်။ လီရှန်လွန်းကတော့ လက်ရှိဝန်ကြီးချုပ်ဖြစ်ပါတယ်။ နိုင်ငံရေး အခြေအနေ တည်ငြိမ်ပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံဖြစ်ပါတယ်။ လမ်းပေါ်မှာ အမှိုက်မရှိတဲ့ တိုင်းပြည်လည်းဖြစ် ပါတယ်။ အမှိုက်ပစ်ရင်လည်း စင်ကာပူဒေါ်လာ(၅၀၀)ပေးဆောင် ရမှာဖြစ်တဲ့အပြင် ကြိမ်ဒဏ်လည်း ခံစားသွားရနိုင်ပါတယ်။ စည်းကမ်း တင်းကျပ်တဲ့ နိုင်ငံဖြစ်ပါတယ်။ သန့်ရှင်းသာယာလှပတဲ့ တိုင်း နိုင်ငံလည်း ဖြစ်ပါတယ်။

စားဝတ်နေရေးအခြေအနေကရော၊ ပြည်ပကနေ တင်သွင်း တာလည်းရှိသလို၊ ပြည်တွင်းကနေ ထုတ်လုပ်တာလည်း ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးအတန်ငယ်ကြီးတယ်လို့ ဆိုနိုင်ပေမယ့် ဝင်ငွေကတော့ တည်ငြိမ်မှုရှိတဲ့အတွက် လူတန်းစေ့နေထိုင်နိုင်ပါတယ်။ စင်ကာပူနိုင်ငံမှာ လူပျင်းတွေအတွက် နေရာမရှိပါဘူး။ အလုပ်မလုပ်ချင်သူတွေအတွက် စင်ကာပူနိုင်ငံက ကြိုဆိုမှာ မဟုတ်ပါဘူး။ ဒါဟာ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ အားနည်းချက်တစ်ရပ်လို့ ဆိုရမှာဖြစ်ပါတယ်။ စင်ကာပူလိုနိုင်ငံကို ကြည့်လိုက်ရင် လမ်းပေါ်မှာ လူတွေဟာ စက်ရုပ်လို သွားလာလှုပ်ရှားနေတာတွေ့ရမှာပါ။ ဘာကြောင့်လဲဆိုတော့ အလကားနေလို့ရတဲ့ အချိန်ဆိုတာ မရှိတဲ့အတွက် ဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုတာ သူတို့နိုင်ငံသားတွေ မကြားဖူးပါဘူး။

စင်ကာပူနိုင်ငံဘယ်လဲ။ စင်ကာပူနိုင်ငံဟာ စစ်အင်အားကြီးနိုင်ငံဖြစ်ပေမယ့် လူသားအင်အားကြီးနိုင်ငံတော့မဟုတ်ပါဘူး။ လူဦးရေကန့်သတ်ထိန်းချုပ်မှုတွေကြောင့် စင်ကာပူရဲ့လူဦးရေဟာ ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ယှဉ်ရင် နည်းနေပါသေးတယ်။ ကျွန်းနိုင်ငံလေးဖြစ်တဲ့အတွက် နေရာလည်းကျဉ်းပါတယ်။ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်နဲ့ပဲ ဆက်လက်ပြီးတော့ တည်ရှိနေမှာ ဖြစ်ပါတယ်။

ဒေသတွင်း တောင်တရုတ်ပင်လယ်ပြင်မှာ ရန်ဖြစ်နေကြသလို စင်ကာပူနိုင်ငံအနေနဲ့ ရန်ဖြစ်စရာ၊ နယ်မြေလုစရာ အနေအထားမရှိ





…ဘူး။ အရှေ့တောင်အာရှနိုင်ငံများအကြားမှာ စေ့စပ်ညှိနှိုင်းပေးတဲ့ …ဝန်ကိုပဲ ဆက်လက်ထမ်းဆောင်နေဖို့ ရှိပါတယ်။

အာရှတိုက်ရဲ့ ကျားတစ်ကောင်ဖြစ်ပါတယ်။ အခြားကျား …လာနိုင်တဲ့ နိုင်ငံတွေကိုလည်း ကူညီဖို့အသင့်ရှိနေပါတယ်။

စင်ကာပူနိုင်ငံရဲ့ ရာသီဥတု အခြေအနေ ဘယ်လိုရှိသလဲ၊ …လဝသရာသီဥတုကတော့ ပုံမှန်ပါပဲ၊ သင့်တင့်မျှတတဲ့ ရာသီဥတု…။ နေလို့အင်မတန်ကောင်းတယ်လို့ ပြောလို့မရသလို နေလို့ …တန်ဆိုးတယ်လို့လည်း ပြောလို့မရပါဘူး။ နိုင်ငံရေးရာသီဥတုနဲ့ …ပြောရမယ်ဆိုရင်တော့ တည်ငြိမ်နေဆဲ ဖြစ်ပါတယ်။ ဆက်လက်ပြီး …ည်း တည်ငြိမ်နေဦးမှာဖြစ်ပါတယ်။ စီးပွားရေးပုံမှန် ဖွံ့ဖြိုးတိုးတက် …တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးရာ ရာသီဥတုဟာ တည်ငြိမ်အေးချမ်း …ယ်ဆိုတာ ဗေဒင်ဆရာ မလိုတဲ့ အခြေအနေဖြစ်ပါတယ်။

အရှေ့တောင်အာရှရဲ့ အမေရိကန်နိုင်ငံဆိုလည်း မမှားပါဘူး။ …ရေးအခြေအနေကရော၊ လူမှုရေးအခြေအနေကတော့ သင့်တင့် …သလို့ သုံးသပ်နိုင်ကြပါတယ်။ ရိုးရာယဉ်ကျေးမှုကို ဖက်တွယ် …ခြင်းမရှိတဲ့အတွက်နိုင်ငံရဲ့ သမိုင်းကို ပြန်လှည့်လာရင်တော့ …ကျေးမှုအမွေအနှစ်၊ ရိုးရာယဉ်ကျေးမှုစတာတွေကို ရှာတွေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ လက်ခံခဲ့ပြီးဖြစ်ပါတယ်။

စီးပွားရေးကရော ဘာကို အရင်းတည်သလဲ၊ စက်မှုနိုင်ငံဖြစ်ပါတယ်။ IT ကို အရင်းတည်ပါတယ်။ စိုက်ပျိုးရေးကို အဓိကထားတဲ့၊ အားပြုတဲ့နိုင်ငံ မဟုတ်ပါဘူး။ ကုန်ကြမ်းထက် ကုန်ချောကို ဦးစားပေးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဝါးကို သွားကြားထိုးတံ လုပ်ရောင်းတာထက်စာရင် သတ္တုအနည်းငယ်ပေါင်းစပ်ပြီး ကွန်ပျူတာ Laptop ကို လုပ်ရောင်းတာမျိုးဖြစ်ပါတယ်။ ဦးနှောက်ကို ရင်းနှီးမြှုပ်နှံခဲ့တာဖြစ်ပါတယ်။ သွားကြားထိုးတံနဲ့ Laptop ဈေးနှုန်းဘယ်နှဆကွာသလဲဆိုတာ တွက်ကြည့်ရင် ဦးနှောက်ရဲ့တန်ဖိုးကို မှန်းဆနိုင်ပါတယ်။

စင်ကာပူနိုင်ငံဘယ်ဆီကို ဦးတည်မှာလဲ၊ အနာဂတ်မှာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ ကမ္ဘာ့မြေပုံမှာ ကြည့်ရင်သေးသေးလေးပဲ၊ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်မှုကတော့ အားကျစရာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံကနေ ဘာတွေကို သင်ခန်းစာယူနိုင်သလဲ။ သင်ခန်းစာယူမယ်ဆိုရင်တော့ ယူစရာအများကြီးပါပဲ။ စင်ကာပူက နမူနာကောင်းတစ်ခု ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံလို ဖြစ်ချင်ရင် စင်ကာပူနိုင်ငံလို ကျင့်ကြံရမှာ ဖြစ်ပါတယ်။





KAP ဆိုတဲ့ သုံးလုံးရှိပါတယ်။ Knowledge, Attitude, Practice ဖြစ်ပါတယ်။ Knowledge ဆိုတဲ့အတွက် ပညာရပ်ကို သိအောင်လေ့လာဆည်းပူးရပါတယ်။ ဒီလိုသိပြီးပြီဆိုရင် Attitude ဆိုတဲ့ သဘောထားပြောင်းလဲသွားပြီဖြစ်ပါတယ်။ ဒါဆိုနောက်ဆုံးမှာ Practice ဆိုတဲ့ လက်တွေ့လုပ်ကိုင်မှုလိုက်ပါလာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လူတော်တော်များများကတော့ Knowledge အဆင့်မှာပဲ ရပ်သွားကြတာပါ။ Practice အဆင့်ရောက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ပညာကို သင်ပေးတဲ့အခါမှာလည်း ဒီတိုင်းပါပဲ။ Practice ရအောင်၊ Practice ထိ ရောက်အောင်ပြုလုပ်ပေးဖို့က အခက်ခဲဆုံးပဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို မြန်မာနိုင်ငံအနေနဲ့ အမီလိုက်မယ်ဆိုတဲ့ သဘောမျိုးစေတနာရှိမယ်ဆိုရင် Practice ထိ ရောက်အောင် ချီတက်ရမှာ ဖြစ်ပါတယ်။ နို့မို့ဆိုရင်တော့ လေထဲဆောက်တဲ့ တိုက်အိမ်ဟာ လေထဲမှာပဲ ကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။

ငွေကြေးအခြေအနေကရော၊ စင်ကာပူဒေါ်လာကို သုံးပါတယ်။ အမေရိကန်တစ်ဒေါ်လာကို စင်ကာပူဒေါ်လာ ၁.၇ ဒေါ်လာနီးနဲ့ ညီတယ်။ ငွေကြေးစနစ် ခိုင်မာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



Stock share (စတော့ရှယ်ယာ)ဈေးကွက်ရှိပါတယ်။ ဘဏ် တိုးနှုန်းနည်းပါးပါတယ်။ ငွေကြေးစီးဆင်းမှုဟာ ဘဏ်ထက်တ ပြင်ပမှာ ပိုများပါတယ်။

ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး ဦးမျှော်တိုက်တွေကို မြ ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး ချူးရုတတ်လည်း ရှိပါတယ် သာယာလှပတဲ့ ပန်းခြံတွေရှိပါတယ်။ နိုင်ငံအထိမ်းအမှတ် Sealio အရုပ်ကြီးက ခန့်ခန့်ထည်ထည် ပင်လယ်ဘက်ကို မျက်နှာမူ ကြိုဆိုနေပါတယ်။

ဘာသာရေးအနေနဲ့ ဘာသာပေါင်းစုံ ပေါင်းစုနေထိုင်ပါတယ် လူမျိုးလည်းစုံလင်ပါတယ်။ နိုင်ငံသားအနေနဲ့နိုင်ငံကို ခေါ်ဝေါ်သ စင်္ကာပူနိုင်ငံသားလို့ပဲ ခေါ်ဝေါ်သုံးစွဲပါတယ်။ တိုင်းရင်းသားရယ်လ သတ်မှတ်ထားတာမရှိပါဘူး။ နိုင်ငံသားခံယူဖို့လည်း လွယ်မယော ခက်ပါတယ်။ စင်္ကာပူကပညာတတ်ကိုသာ လက်ခံတဲ့နိုင်ငံဖြစ်ပါတယ် အတတ်ပညာတစ်ခုခုကို မတတ်ထားဘူးဆို စင်္ကာပူမှာနေရာမရ မရှိပါဘူး။

နိုင်ငံရေးအနေနဲ့ တင်းကျပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဖြစ်ပါတယ်။ ပြတ်သားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံရှိပြီး ဖြစ်ပါတယ်





စင်္ကာပူနိုင်ငံရဲ့ အနေအထားဟာ အားကျဖွယ်ရာအနေအထား ဖြစ်သလို ရှောင်ရှားစရာ၊ သင်ခန်းယူစရာ အရာတချို့လည်း ရှိနေပါတယ်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုတွေမှာ မတူညီမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း လောကအလယ်နေထိုင်သွားလာတတ်စေဖို့ ပြည်သူ့နီတိ၊ လောကနီတိတွေကို နိုင်ငံသားတိုင်းကို သင်ကြားပေးထားပြီးဖြစ်ပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်အနေနဲ့လည်း လက်ဆုပ်လက်ကိုင်ပြစရာနည်းပါးလှပါတယ်။ ဒါပေမယ့်လည်း တခြားတစ်ဖက်ဖြစ်တဲ့ လူမှုရေး တည်ဆောက်ပုံကတော့ ခိုင်မာလှပြန်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေးအခြေအနေတို့ဟာ လိုက်ဖက်ညီအသားကျလျက်ရှိပါတယ်။

စင်္ကာပူနိုင်ငံရဲ့ ကျန်းမာရေးအခြေအနေကလည်း အားကျဖွယ်ကောင်းပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပီပြင်အသက်ဝင်ပါတယ်။ ပျမ်းမျှလူ့သက်တမ်း မြင့်မားလှပါတယ်။ ဂျပန်နိုင်ငံလို ပျမ်းမျှလူ့သက်တမ်း ၈၉ နှစ်၊ ၉၀ နှစ်စသဖြင့် မဟုတ်ပေမယ့် ပျမ်းမျှ လူ့သက်တမ်းဟာ ကမ္ဘာ့နိုင်ငံများထဲမှ သက်တမ်းအရှည်ဆုံး နိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နီဂိုးချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ စက်ဘုနိုင်ငံဟ
အတုယူရမယ့် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အားကျရမယ့် နိုင်ငံလည်း
ဖြစ်ပါတယ်။ သင်ခန်းစာယူရမယ့် နိုင်ငံလည်းဖြစ်ပါတယ်။ ဘာပေ
ဘယ်လိုပဲ ပြောပြော ဆယ်တန်းပြီးရင် အနာဂတ်ပညာရေးအတွ
ငွေကြေးချမ်းသာတဲ့ မိဘတွေရဲ့ သူတို့ရဲ့ ဆယ်တန်းအော
သားသမီးတွေကို နိုင်ငံခြားပို့ ပညာသင်မယ်ဆိုရင် စက်ဘုနိုင်ငံ
ပို့လွှတ်မယ်ဆိုတာကတော့ ....။

✧ ✧ ✧



# ချစ်စကားတစ်ခွန်းအမှန်ဆိုပါ့မယ်(၁)

တုတ်ကဲ့။ ကျွန်တော်ချစ်စကားတစ်ခွန်း အမှန်ဆိုချင်ပါတယ်။
ကျွန်တော်ဟာ လိုင်းကားစီး ပြည်သူတစ်ယောက်ပါ။ ကျွန်တော်က
ပြည်သူထဲက ပြည်သူတစ်ယောက်ပါ။ ကျွန်တော်အသားကျ
နေတဲ့လည်တဲ့ပတ်ဝန်းကျင်ကို ကျွန်တော်ချစ်တာ ဆန်းလှတယ်တော့
မဟုတ်ပါဘူး။ ပြည်သူထဲက ပြည်သူဖြစ်တဲ့ ကျွန်တော်ဟာ ပြည်သူ့
ကိုယ်စားကျွန်တော့်ကို ချစ်စကားတစ်ခွန်းပြောခွင့်ပြုပါ။ ကျေးဇူးရှင်
စာသသမားအပေါင်း နားဆင်ကြပါခင်ဗျာ။

ကျွန်တော်ဟာ လူသားပါ။ ကျွန်တော်ပိုက်ဆံမတတ်နိုင်လို့
ကားမဝယ်စီးနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်ဟာလည်း လူသားပါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကားပေါ်တက်တဲ့အခါ ကျွန်တော့်ကို အတင်းကျောကုန်း[illegible] လက်နဲ့တွန်းပြီးတင်တာ မကြိုက်ပါဘူး။ ကိုရွှေစပယ်ယာတို့[illegible] ပြောချင်ပါတယ်။ ကျွန်တော်လူသားပါ။ ကျွန်တော်အားကော[illegible] မောင်းသန်ယောကျာ်းတစ်ယောက်ပါ။ ကားပေါ်ကိုတွန်းတင်[illegible] လောက်အောင် ဂိလာနမဟုတ်ပါဘူး။ လူ့အခွင့်အရေးကို လေးစား[illegible] ကျွန်တော်လူသားဆိုတာ ယုံသလား။ ကျွန်တော်ပြောပြမယ်[illegible] လူသားတွေ[illegible]

ငါးပါးသီလကို ခါးဝတ်ပုဆိုးလို ကျင့်ကြံတဲ့လူသား။ ဒီ[illegible] လူသားကို မဖြစ်မှာစိုးလို့ ကျွန်တော်ကားပေါ်တက်ရင် [illegible] တွန်းတင်ခံရပါတယ်။ ကျွန်တော့်ကို[illegible] ကိုရွှေစပယ်ယာ[illegible] [illegible]

ကျွန်တော်ခုထိ [illegible]



ကျွန်တော်ကားပေါ်မှာ ငါးမိနစ် ငါးချဉ်မိနစ် မစီးချင်ပါဘူး။ ကျွန်တော်ကယောကျာ်းလေးပါ။ [illegible] ပြဿနာ[illegible] No Problem ပါ။ ကားစီးတဲ့ထဲမှာ အမျိုးကောင်းသမီးတွေပါ တယ်။ သူတို့လည်း ငါးမိနစ် ငါးချဉ်မိနစ် မစီးချင်ပါဘူး။ အရှက်တွေထဲမှာ တိုက်ဖျက်ပြီးတဲ့ ဆင်းရဲမှုတိုက်ဖျက်ရေးတွေ ပြီးလောကမှာ တကယ်ဖြစ်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်။

မှတ်ကြ။ ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။ ကိုရွှေယာဉ်မောင်းတို့ ကားကိုပြိုင်မမောင်းပါနဲ့။ ကျွန်တော်ပြိုင်ကား မစီးချင်ပါဘူး။ ကိုရွှေယာဉ်မောင်းတို့ ကားပြိုင်ရတာ သဘောကျတယ် ဆိုရင် Formula one ကားပြိုင်ပွဲဆိုတာ သတ်သတ်ရှိပါတယ်။ သွားရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ကျွန်တော်သိထားတဲ့ မိတ်ဆွေ [illegible] ပြောတယ် [illegible] အနည်းနဲ့အများ [illegible] ပါလာခဲ့တယ်တဲ့။ ကိုရွှေယာဉ်မောင်းတို့ကို ကြည့်ရတာ သေချင်စိတ်အားကြီးတဲ့ပုံရပါတယ်။ ဒါပေမဲ့ ပြည်သူ တွေက [illegible] ကျွန်တော် မသေချင်သေးဘူးဗျာ။ ကျွန်တော့်မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်ဗျ။ [illegible]

ကိုရွှေယာဉ်မောင်းတို့ အရိုက်ကို ဆောင့်ဆောင့်ပြီး မမောင်း ပါနဲ့။ ကိုရွှေယာဉ်မောင်းတို့ အရိုက်အပေါ် ပြဿနာရှာလို့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကားပေါ်မှာ ကိုရွှေယာဉ်မောင်းတွေရဲ့ မိသားစုကို ထမင်းကျွေးထားတဲ့ ပြည်သူတွေပါပါတယ်။ ဘရိတ်ခဏခဏဆောင့် အုပ်တာဟာ ကိုရွှေယာဉ်မောင်းတို့ စိတ်တိုနေတယ်ဆိုတာ ပြတာပါ။ ကိုရွှေယာဉ်မောင်းတို့ ကားကားချင်းပြိုင်တယ်၊ ကိုယ့်ကားကို သူများက ကျော်တက်သွားရင် ကိုရွှေယာဉ်မောင်းတို့ စိတ်တိုတယ်။ ကားပေါ်မှာ လူနည်းနေရင် ကိုကိုတို့ ဒေါသထွက်တယ်။ ရဲပမ်းရင် ကိုကိုတို့ ဒေါ်ဒီးတယ်။ စပယ်ယာက ပြောစကားနားမထောင်ရင် ကိုကိုတို့ ဒေါ်ဖောင်းတယ်။

ပြည်သူတွေနဲ့ ဘာမှမဆိုင်ပါဘူး။ ကိုရွှေယာဉ်မောင်းတို့ ဒေါသထွက်တိုင်း၊ ဘရိတ်ကို ဆောင့်ဆောင့်နင်းစရာဘာအကြောင်း ပြချက်မှ မရှိပါဘူး။ ထမင်းကျွေးတဲ့ ကျေးဇူးရှင်ကို စော်ကားရင် တစ်ဘဝတော့ ကောင်းစားချင် ကောင်းစားမယ်။ သံသရာမှာတော့ ဝဋ်လည်လိမ့်မယ်။ ကိုရွှေယာဉ်မောင်းတို့ လစာကောင်းပါတယ်။

ကိုရွှေယာဉ်မောင်းတို့ လစာဟာ တစ်လလေးသိန်းအထက်မှာ ရှိပါတယ်။ ဒီလောက်ဝင်ငွေကောင်းတဲ့အလုပ်ကို ကိုရွှေယာဉ်မောင်းတို့ မရိုက်ခွဲချင်ပါနဲ့။ ထမင်းအိုးရိုက်ခွဲရင် ထမင်းမစားရတော့ဘူး။ ကိုကိုတို့လစာလောက်ကောင်းတဲ့သူ သိပ်မရှိတော့ဘူး။ ခရီးသည်တွေအားလုံးရဲ့ အသက်ဟာ ကိုကိုတို့ရဲ့ လက်ထဲမှာပါ။





ကိုရွှေစပယ်ယာတို့ အပြောအဆို ယဉ်ကျေးပါ။ ကိုရွှေစပယ်ယာတို့ရဲ့ ထမင်းကိုစားပြီး ကားစီးတဲ့ခရီးသည်တစ်ယောက်မှ မရှိပါဘူး။ ကိုရွှေယာဉ်မောင်းနဲ့ ကိုရွှေစပယ်ယာတို့ ခေတ်ကောင်းတဲ့အချိန်ဖြစ်ပါတယ်။

ခေတ်ဆိုတာက အမြဲပြောင်းလဲပါနေတယ်။ ခေတ်ကောင်းတုန်းမှာ၊ သီလ၊ ဘာဝနာကို အားထုတ်ပါ။ ကိုရွှေစပယ်ယာကို ယဉ်ကျေးလိမ္မာ သင်တန်းတက်ခိုင်းချေချင်တယ်။ ကိုရွှေစပယ်ယာ တစ်ယောက်အတွက်ကြောင့်နဲ့ တစ်လောတလုံးက စပယ်ယာတွေ ပုပ်ပါစေနဲ့။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်ပါစေနဲ့။ အခုဆို ကျောင်းတွေလည်းဖွင့်ပြီ၊ ကိုရွှေစပယ်ယာတို့ဝင်ငွေ ပိုတိုးလာတော့မှာပါ။

ကျွန်တော်ကြုံဖူးတဲ့ ဖြစ်ရပ်မှန်တစ်ခု ပြောပြချင်ပါတယ်။ ကိုရွှေစပယ်ယာတစ်ယောက်အကြောင်းပါ။ ကျွန်တော် ၄၅ လိုင်းကား စီးပါတယ်။ သမိုင်းလမ်းဆုံမှာ ဆင်းပါတယ်။ စပယ်ယာက ကျွန်တော့်လက်ကို ဆွဲပြီး အောက်ကိုဆွဲချပါတယ်။ ကျွန်တော်က အောက်ရောက်တော့ သူဆုပ်ထားတဲ့ လက်ကနေရုန်းလိုက်ပါတယ်။ အင်မတန်ယဉ်ကျေးတဲ့ ကိုရွှေစပယ်ယာ ဘာလုပ်တယ်ထင်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားရေည့်နတွေ့ကျ်သွားရော့ သူကဏ္ဍားထဲက သိမ်းထားတဲ့ သံတုတ်
ကိုဆွဲပြီး ခရီးသည်စာင်တွဲဝင်ပေါက်ကနေ သံတိုင်ကိုကိုင်လို့
မင်းကြွပ်ကြွပ်သဏ်ထားတဲ့။ အဲဒီစပယ်ယာဘယ်သူလို့ထင်ပါသလဲ
ကျွန်တော်သိပ်မသိပါဘူး။ စပယ်ယာအများကြီးထဲက တစ်ယောက်
ဖြစ်မှာပါ။ ဒါပေမယ့် အဲဒီစပယ်ယာ ဒီလောက် မိုက်ရိုင်းတာကို
ကြည့်ပြီး ကျွန်တော့်စပယ်ယာတွေလည်း ဒီလိုပဲလို့ ကျွန်တော်
ထင်မိပါတယ်။

တုတ်ပါဘယ်။ တကယ်တော့ လွတ်ငြိမ်းချမ်းသာခွင့်
ပေးလိုက်တိုင်း အဲဒီလို သံတုတ်နဲ့ လူမိုက်တွေပဲ ထွက်လာတာ
နိုင်ငံရေး အကျဉ်းသားမရှိတဲ့ တိုင်းပြည်ဆိုတော့ လွတ်ငြိမ်းချမ်းသာ
ခွင့်မှာ ဒီလိုလူတွေပဲ ထွက်လာတာပါ။

ကိုရွှေယာဉ်မောင်းတွေထဲမှာ လူသတ်သမားတွေ ပါပါတယ်
ဒါက ကျွန်တော်အထင်နဲ့ ရမ်းပြောတာ မဟုတ်ပါဘူး။
သတ်သတ်ကိုယ်တိုင်ပြောနေတာကိုကြားတာပါ။ အဲ့ဒါတွေ
နောက်ခံအကြောင်း အရင်းခံတွေ ရှိမှာပါ။ ထားပါတော့
ကျွန်တော်တို့ လိုရာခရီးရောက်ဖို့သာ အဓိကပါ။



ချစ်စကားတစ်ခွန်းအမှန်ဆိုပါမယ်။ ကျွန်တော်ယဉ်ကျေးတဲ့
ယာဉ်မောင်းတွေကို မြင်ဖူးပါတယ်။ ပြည်သူတွေကို လိုရာခရီး
ပို့ဆောင်ပေးတဲ့ သူတော်ကောင်းယာဉ်မောင်းတွေ ရှိပါတယ်။ ပြည်သူ
တွေကို ကူညီပေးတဲ့ ယာဉ်အကူတွေ အများအပြား မြင်ဖူးပါတယ်။
ဒါပေမယ့် တစ်ကြိမ်လောက် အဆင်မပြေတာနဲ့ ဒီလိုပဲ အဲဒီ
ကြိမ်ကိုပဲ အမြဲမှတ်မိနေတယ်ဆိုတဲ့ စကားလိုပါပဲ။

ချိုး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့တွေဟာ ကိုယ့်
ကိုယ်ကိုယ်လျှော့ကြတာပါ။ ဒီခရီးမှာ ခဏတာ ဆုံတွေ့ကြရ
ကျန်းကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန် လေးစားချစ်ခင်
ကောင်းမယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့တွေဟာ တစ်လှေတည်းစီး တစ်ခရီးတည်း
ကြသူတွေပါပဲ။ ဒီလို ပြဿနာတွေ မဖြစ်စေဖို့ ကျွန်တော်
တော့ ယာဉ်စီးရေ(အများသုံးယာဉ်)များလာစေဖို့ မျှော်လင့်
ပါသည်။

နောက်ပြီး ကျွန်တော်ဖြစ်စေချင်တာ တစ်ခုရှိပါတယ်။ လပေး
မှတ်လို့မျိုး စီစဉ်ပေးဖို့ပါ။ တစ်ခါစီး ကျပ် ၂၀၀ နဲ့ တစ်နေ့
လောက်စီးရင် ကျပ် ၁၂၀၀ ကုန်သွားပါတယ်။ မစားရ
ကျပါ။ လပေးကတ်လို လုပ်ထားရင် အဆင်ပြေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ခရီးစရိတ်က အင်မတန်သောင်းပါတယ်။ လပေ
ကတ်လိုမျိုးဆို ကျွန်တော်တို့ တော်တော်ဝန်ပေါ့မှာပါ။ အခုတော
အရမ်းကို ခရီးစရိတ်ကထောင်းပါတယ်။ ထမင်းတစ်နပ်စာလော
အမြဲသုံးနေရတဲ့ ယာဉ်စီးခဟာ ကျွန်တော်တို့အတွက် မွဲသေ
တစ်မျိုးပဲ၊ ကျွန်တော်လပေးကတ်ကို မျှော်လင့်မိပါတယ်။

ကျွန်တော်ချစ်စကားတစ်ခွန်း အမှန်ဆိုပါတယ်။ အင်ဒိုနီးရှ
နိုင်ငံဂျာကာတာမြို့က ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနည်းပါ။ သူတို့
ဆီမှာ ယာဉ်ကြောကို ချဲ့လိုက်ပါတယ်။ ခြောက်လမ်းမောင်
၁၂ လမ်းမောင်း စသဖြင့် ချဲ့လိုက်ပါတယ်။ နောက်ပြီး ယာဉ်ကြေ
တစ်ခုကို သီးသန့်သတ်မှတ်လိုက်ပါတယ်။ အဲဒီယာဉ်ကြော
အများသုံးယာဉ်တစ်မျိုးထဲကိုပဲ မောင်းနှင်ခွင့် ပေးပါတယ်။ ဒါ
ယာဉ်ကြောပိတ်ဆို့မှုပြဿနာ နည်းနည်းပြေလည်နိုင်ကောင်းပါတယ်
အခုတော့ ယာဉ်ကြောက တော်တော်ကို ကျပ်ပါတယ်။

ကျွန်တော် သူ့လေကနေ အင်းစိန်ကို လိုင်းကားစီး
အနည်းဆုံး ၂ နာရီ ကြာပါတယ်။ အသွားအပြန်ဆို ၄ နာ
ကြာပါတယ်။ ဒီ ၄ နာရီမှာ ကျွန်တော် တစ်ခုခုလုပ်နေရင် တစ်
ပြီးပါတယ်။ ဆိုလိုတာက ရန်ကုန်မြို့နေ လူဦးရေ ခြောက်သန်း

ထဲက ၅ သန်းလောက်က လိုင်းကားစီးတာပါ။ ဒါတောင် လျော့
လျော့ပေါ့ပေါ့ တွက်ထားတာပါ။ လိုင်းကားစီးတဲ့ ပြည်သူ ၅
သန်းနဲ့ တစ်နေကုန်တဲ့အချိန် ၄ နာရီနဲ့ မြှောက်ကြည့်ပါ။

ဟုတ်ကဲ့၊ ကျွန်တော်ကို စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းတစ်ပုဒ်
ထောက် ခဏသုံးခွင့်ပြုပါ။ "လမ်းပေါ်မှာ အချိန်တွေဖြုန်း ကုန်ဆုံး
သွားတဲ့ ရက်ပေါင်းများစွာ" ဟုတ်ပါတယ်။ နာရီသန်း ၂၀ နေ့စဉ်
ယာဉ်ကြောပိတ်ဆို့မှုကြားထဲမှာ အငွေ့ပျံသွားပါတယ်။ ဒါကြောင့်
ကျွန်တော်တို့ကို စကားတစ်ခွန်းပြောခွင့်ပြုပါ။ ချစ်စကားလေး
တစ်ခွန်း အမှန်ဆိုပါမယ့်။

ကျွန်တော့်ချစ်တယ်၊ ကျွန်တော်ပြည်သူတွေကို ချစ်တယ်။
လမ်းပေါ်မှာ အချိန်တွေ ကုန်ဆုံးပေမယ့် တာဝန်ကျေတဲ့ ပြည်သူ
တွေကိုချစ်တယ်။ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို အချိန်မီပြီးစီး
အောင် ဆောင်ရွက်နိုင်တဲ့ အံ့ဩကုန်နိုင်ဖွယ် စွမ်းဆောင်နိုင်တဲ့
လိုင်းကားစီးပြည်သူတွေကို ချစ်တယ်။

သီချင်းလေးတစ်ပုဒ် စာသားကြားဖူးပါတယ်။ "ပြည်သူတွေ
ပြည်သူတွေချစ်သော ပြည်သူတွေ"ဖြစ်ပါတယ်။

လူသားဆိုတာ ဘဝတိုးတက်ဖို့ အမြဲရုန်းကန်နေကြပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာနေပြည်သူတွေဟာလည်း သူတို့ရဲ့ စားဝတ်နေရေးအတွက် အမြဲရုန်းကန်နေကြပါတယ်။ သူတို့တွေကို ကြည့်ရတာ ပျော်ဆိုတဲ့ ကလေးတွေရှိပါရဲ့။ စားဝတ်နေရေး ပူလုံးဖို့အတွက် မပျော်နိုင် မပန်းနိုင် ရှာဖွေအားထုတ်ကြရပါတယ်။

နဖူးကချွေး ခြေမကျတဲ့အထိ ပင်ပန်းကြီးလှပါတယ်။ တချို့ စကားနဲ့ ပြောပြရရင်တော့ ကျွန်တော်တို့ အားလုံးဟာ သံသရာမှာ ဆွေမျိုးတော်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ကျွန်တော်ရဲ့ သံသရာက ဆွေမျိုးတွေကို ချစ်စကားတစ်ခွန်း အမှန်ဆိုချင်တာပါ။

နောက်ပြီး ကျွန်တော်ပြောချင်တဲ့စကားတစ်ခွန်းက ကိုရွှေ သူဖုန်းစားတို့ဖြစ်ပါတယ်။ ကိုကိုတို့နည်းနည်းလေးတော့ များနေပါပြီ။ ကားပေါ်မှာ ဆရွတ်လိုက်ရပြီး တောင်းတဲ့အဆင့်မြင့်တဲ့ ကိုစိုးနွဲ့မတွေ့လည်း တစ်နေ့တခြားများလာပါတယ်။ ရန်ကုန်မြို့ လယ်ကြီးမှာ ဗိုနပ်ပြတ်တဲ့သူလည်း တော်တော်များပါတယ်။ အကြွေ လေးငါးဆယ်လောက်ဆိုတာလည်း မြေနီကုန်းမှတ်တိုင်မှာ ကြားခဲ့ရတာ မကြာသေးပါဘူး။ ကိုကိုတို့ခြေတွေ လက်တွေ အကောင်းကြီးပါ။ ဘာဖြစ်လို့များ သူများဆီက လိုက်တောင်းနေတာလဲဆိုတာ လုံးဝစဉ်းစားလို့ မရပါဘူး။



သာသနာကို အဖျက်ဆိုးတာလည်း မနည်းပါဘူး။ ဒါ့အပြင်တော့ [illegible] ပြောခွင့်မရှိပါဘူး။ ကျမ်းစာန်တတ်တဲ့ ဆရာ [illegible] အခုနဲ့ သင့်တော်သလို မြှမြင်ဆိုနေကျချင်းပေး [illegible] တရားသည်တော်ရှိခဲ့တွေ တိုက်တွန်းလိုက်ပါတယ်။ အရှင်ဘုရား။ [illegible] မဟုတ်ပါဘူး။ ဒါပေမယ့် [illegible] မစဉ်းစားတော့ဘူးလို့ ဖြစ်မြင် [illegible] တယ်။ ဒီတွေကတော့ dilemma တွေဖြစ်ပါတယ်။ [illegible] ဖြစ်ပါမယ်ဆိုပြီး [illegible] မဟုတ်ပါဘူး။ ဒါပေမယ့် [illegible] dilemma ဖြစ်လာည်း [illegible] အခြေအနေရတော့မှာပါပဲ။

အထက်မှာ ကြုံခဲ့ရတာတွေကတော့ ကျွန်တော်ရဲ့ လိုင်းကား စီးသွားအတွေ့အကြုံများပဲ ဖြစ်ပါတယ်။ ကျွန်တော်လိုင်းကား [illegible] မစီးချင်တော့ပါဘူး။ ဖြစ်နိုင်ရင် လပေးကတ်လို အစီအစဉ် မျှော်လင့်ပါတယ်။

ကျွန်တော်ဘရိုက်ခဏခဏ အုပ်တဲ့ကားပေါ်မှာ ရောက်မနေ [illegible] တော့ပါဘူး။ ကျွန်တော်မှန်းထားတဲ့ ဘဝတစ်ခုဟာ သိပ်ပြီးများ [illegible] နေမလား။ လိုင်းကားချောင်ချောင်ချိချိလေး တက်ပါတလေ

www.burmeseclassic.com

www.burmeseclassic.com



စီးချင်ပါတယ်။ လပေးကာတ်လိုမျိုး အမြဲမတုတ်တောင် ဘ
တစ်ကြိမ်လောက်တော့ ကြုံဖူးချင်ပါတယ်။ ဘရိတ်ခဏခဏမအုပ်
လိုင်းကားကို တစ်သက်မှာ တစ်ခါလောက်တော့ စီးချင်ပါတ

ဟုတ်ကဲ့၊ ချစ်စကားလေးတစ်ခွန်း အမှန်ဆိုပါမယ်။ ကျွန်
တာ ပြည်သူတစ်ယောက်ပါ။ ပြည်သူထဲက ပြည်သူတစ်ယောက်
ကျွန်တော် လူလိုသူလို စီးခွင့်ရမယ့် လိုင်းကားတစ်စီးလောက်
မျှော်လင့်နေပါတယ်။

ဟုတ်ကဲ့၊ ဆောင်းပါးလည်း ရှည်ပြီမို့လို ကျွန်တော်နှုတ်
ပါတယ်။ ကျွန်တော်ဆောင်းပါးစရေးတဲ့ အချိန်တုန်းက လှည်း
မီးပွိုင့်တာ နီနေပါတယ်။ ခြောက်မီးပွိုင့်က မီးစိမ်းပြနေပြီ။ ပြည်
တွေရဲ့ဘဝတွေလဲ ဘယ်တော့များမှာ စိမ်းလန်းစိုပြည်ကြမှာ

✧ ✧ ✧



## ချစ်စကားတစ်ခွန်းအမှန်ဆိုပါ့မယ်(၂)

ဟုတ်ကဲ့၊ ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။ တဖတ်သူ
တ်သွေများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။
တော်ကတော့ ဒီဆောင်းပါးကို ကျွန်တော့်အိမ်ရှေ့ ဝရံတာလေး
ရေးနေတာပါ။ ညခင်းအချိန် လေလေးတဖြူးဖြူးနဲ့ အင်မတန်
ရေးလို့ကောင်းတဲ့အချိန်ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တွေးနေမိတယ်။ မနက်ဖြန်ရော ဒီလိုပဲ
တိုက်ပါဦးမလားပေါ့။ ဟုတ်ပါတယ်။ ဒီလို ရာသီဥတုဖောက်ပြန်
ပြောင်းလဲနေတဲ့အချိန်မှာ ကျွန်တော်နေ့တိုင်း လေတဖြူးဖြူးနဲ့
ရနိုင်ပါဘူး။ အခုဆို မိုးတွင်းသာပြောတယ်။ ဘယ်မှာ မိုးက
ရွာလို့လဲ။ ရွာတော့လည်း ခဏပဲ။ ပြီးရင် ချစ်ချစ်တောက်ပြန်ပူ
ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



လူဦးရေ ခြောက်သန်းခန့်(ဒီထက်များလာဖို့ပဲရှိပါတယ်) နေထိုင်တဲ့ ရန်ကုန်မြို့မှာ ပူတာဟာ ကိစ္စအနည်းငယ်တော့ ရှိ[...] တယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ရှိလို့ပါ[...] ဟိုနေ့တွေက ကျွန်တော့် ကြေးမုံသတင်းစာဖတ်တော့ သတင်း[...] တစ်ခုတွေ့ပါတယ်။

"မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း" ဖြစ်[...] တာပါ။ စီမံကိန်းရဲ့နာမည်မှာကိုပဲ မဟာဆိုတာ နှစ်ခုရှိပါတယ်[...] မဟာဆိုတာ ကြီးမြတ်သော၊ သာလွန်သောလို့ အဓိပ္ပာယ်ရပါတယ်[...] မဟာရန်ကုန်ဆိုတော့ လူဦးရေပိုများလာမယ့် ရန်ကုန်မြို့ကို ဆို[...] တာပါ။ မဟာဗျူဟာဆိုတော့ သာမန်ဗျူဟာအဆင့်ထက်ပိုလွန်[...] အသေးစိတ်ရေးဆွဲထားတဲ့ စီမံကိန်းလို့ ဆိုလိုပါတယ်[...] ကျွန်တော်ဖတ်ရတာ တွေးနေမိတယ်။ ပြည်ထောင်စုဝန်[...] တစ်ဦးရဲ့စကားပါ။ "ကားဈေးကိုထိန်းပြီးရင် မြေဈေးကိုထိန်းမယ်[...] [illegible] ကားဈေးကတော့ [illegible] [...] နေ့ [illegible] ဖြတ်ကျသွားပါပြီ။ မြေဈေးကိုတော့ ဘယ်လိုထိန်း[...] ဆိုတာ စိတ်ဝင်စားမိပါတယ်။

ကားဆိုတာက နိုင်ငံခြားက တင်သွင်းခွင့်သာရရင် အ[...] တစ်သိန်းလည်း တစ်ယောက်တည်းကနေ သွင်းလို့ရပါတ[...]



[...] ဆိုကြတာဆိုတော့ နိုင်ငံခြားကား တင်သွင်းလို့မရပါဘူး။ ရှိပြီးသားမြေကိုပဲ လှည့်ပတ်ပြီး ရောင်းနေကြတာပါ။ အဲဒီတော့ ဆိုလိုတာက ကားတွေ၊ [...] လာတွေ၊ ရွှေတွေက အသစ်အသစ် ရောက်လာလို့ရပါမယ်။ မြေဆိုတာကတော့ လက်တွေ့ဆိုက်နေလည်း တင်သွင်းလို့မရဘူး။ ဘယ်ကမှ တင်သွင်းလို့မရပါဘူး။ ဒါကြောင့်လည်း မြေဈေးဆိုတာ အရင်ကတစ်ထောင်တန်ပေမယ့် အခုတော့ သိန်းတစ်ထောင်တန် တာလည်း ဖြစ်ချင်ဖြစ်သွားတာပါ။

တကယ်တော့လည်း စာရေးကျွန်ုပ် ပြောတာပါပဲ။ [illegible] [...] တစ်ခုခုတော့ [illegible] ရှိလို့ [illegible] ပေမယ့် စီးပွားရေးသမားကြီး တွေကတော့ အခုထိ လယ်မြေတွေရော မြေတွေရော ဈေးသိန်းချီ [...] တောင် အခုထိ [illegible] ပါ။ ရှေ့လျှောက်လည်း [illegible] [...] ရမယ်ထင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တွေ့ထားတဲ့ ထူးခြားတဲ့အချက်လေး တစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီတိုင်းပြည်ကြီး စီးပွားရေးသမားဆိုတာ [illegible] ထိုင်ထိုင် [illegible] နေတာပါ။ တချို့ဆို [...] မျိုးတွေတောင် ဖြစ်နေတတ်ပါတယ်။ အဲဒီတော့ ဘာဖြစ်လို့ပေါ့။ [...] ဖြစ်ပါဘူး။ တကယ်ပြီးပြီ အချိန်လိုက်ရှာရင်တော့

www.burmeseclassic.com



အစိုးရကိုယ်တိုင်ကပဲ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေပြီး စီးပွားရေးလုပ်ငန်းရှင်ကပဲ အစိုးရဖြစ်နေပါတယ်။ နေရာပြောင်းပေမယ့် လူမပြောင်းပါဘူး။

ဒီနေရာမှာလည်း တစ်ခုထပ် သတိထားမိတာ ရှိပါသေးတယ်။ ကျွန်တော်တို့ ကြားဖူးနေတဲ့ တကယ့်အချမ်းသာဆုံးလို့ ဆိုရမယ့် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဆိုတာ မိဘချမ်းသာလို့ သူတို့ချမ်းသာခဲ့ကြတာမရှိသလောက် ရှားပါတယ်။ အားလုံးပဲ ကိုယ့်ထူကိုယ်ချွန်ပြီး ချမ်းသာလာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ဘယ်လောက် ချမ်းသာတယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ အရေးကြီးဆုံး အချက်တစ်ခုကတော့ သူတို့ ဘယ်လိုအလုပ်လုပ်ပြီး ချမ်းသာလာခဲ့တာလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။ အတ္ထုပ္ပတ္တိလို တအုပ်တစ်အုပ်တော့ ထွက်လာရင် ကောင်းမှာပါ။ သူတို့တွေ ဘယ်လိုနည်းလမ်းသုံးပြီး ဘယ်လိုချမ်းသာလာခဲ့ကြတယ် ဆိုတာကိုပေါ့။ တကယ်တော့ မဟာရန်ကုန်စီမံကိန်းဟာ အကောင်အထည်ဖော်သင့်တာ ကြာပြီ အခုလို ကားတွေလည်းကျပ် လမ်းတွေလည်းကျပ်နေတဲ့အချိန် ပိုပြီးတော့ လိုအပ်ပါတယ်။

ကျွန်တော်မြင်တာလေးတွေ နည်းနည်းပြောကြည့်မယ်နော်





Down town ခြောက်မြို့နယ်ကိုပဲ ဗဟိုပြုမယ်ဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒီလိုပါ။ အိမ်တွေဆောက်ထားတာတွေအားလုံးက အတည်ဖြစ်နေတာ ကြာပါပြီ။ ဒီလိုအချိန်မှာမှ လမ်းချဲ့ဖို့အတွက် Down town ခြောက်မြို့နယ်က အိမ်တွေကို နောက်ဆုတ်ခိုင်းရင် ဘယ်သူမှ ဆုတ်မှာမဟုတ်ပါဘူး။

ခက်တာက ဒီလမ်းနဲ့လည်း အလုပ်ဆက်လုပ်ဖို့ ရေရှည်မှာ မဖြစ်နိုင်ပါဘူး။ မိုးပျံရထားစီမံကိန်းကို ထည့်သွင်းစဉ်းစားရမှာပါ။ အဲဒီအခါကျတော့လည်း ပြဿနာနည်းနည်း ရှိပါတယ်။ မိုးပျံရထားက လူတွေကိုပဲ သယ်ယူပို့ဆောင်ရမှာ ချောမွေ့စေမှုဖြစ်ပြီး ကုန်စည်တွေ စီးဆင်းဖို့ကျတော့ မိုးပျံရထားက သုံးလို့သိပ်မကောင်းပါဘူး။ ရန်ကုန်ဆိပ်ကမ်းကလည်း မရှိမဖြစ်၊ မသုံးမဖြစ် ဆိပ်ကမ်းဖြစ်တဲ့အတွက်ကြောင့် ခက်နေတာပါ။ ဆိုလိုတာက Down town ခြောက်မြို့နယ်မှာပဲ ကိစ္စရပ်တွေ အကုန်စုနေတာကို ပြောတာပါ။ ရေလမ်းလည်း ဒီကစ၊ ကုန်းလမ်းလည်း ဒီကစ။ လေကြောင်းလိုင်းတစ်ခုပဲ ဒီက မစတာပါ။ ဒီတော့ အခြေခံတာက ဒီကပါ။

ဒီတော့ ကျွန်တော်တို့ လက်မှိုင်ချရတော့မှာလား။ အဲဒီလိုလဲ မဟုတ်ပါဘူး။ နည်းလမ်းတော့ ရှိမှာပါ။ ဒီလိုပါ။ ကျွန်တော်တို့ရွေး



www.burmeseclassic.com

www.burmeseclassic.com



တခြားနေရာတွေကိုလည်း ဒီလိုကုန်စည်စီးဆင်းမှု ဖြစ်ပေါ်လာအော[င်] ဖန်တီးယူရမှာပါ။ မရမ်းကုန်းမြို့နယ်တစ်ဝိုက်ဟာ အမြန်သွားလ[မ်း] ဖြစ်တဲ့ ဂမိုင်(ပြည်လမ်း)လိုမျိုးရှိတဲ့အတွက် နည်းနည်းအသက်[ရှူ] ပေါက်ရနိုင်စရာအကြောင်း ရှိပါတယ်။

နောက်တစ်နေရာကတော့ ဒလဆိပ်ကမ်းဘက်ဖြစ်ပါတယ်[။] ဒါဆို မဟာရန်ကုန်ရဲ့ ဝန်ထုပ်ဝန်ပိုးကို အတော်အတန် လျှော့[ပေး] စေမှာ ဖြစ်ပါတယ်။ ကြည့်မြင်တိုင်ဟိုဘက်ခြမ်းလည်း အတေ[ာ်] အတန် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီမှသာ ဟိုဘက် ဒီဘက် ဖွံ့ဖြိုးတာ ဟန်ချက်ညီမှာပါ။ အခုတော့ ဒီဘက်ခြမ်း[က] ထိန်ထိန်လင်း၊ ဟိုဘက်က မှောင်အတိကျ ဖြစ်နေဆဲပါ။ ရန်ကုန်[မြို့] ဖွံ့ဖြိုးလာသလို ရန်ကုန်မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ ဒလမြို့နယ်လည်[း] ဖွံ့ဖြိုးတိုးတက်လာမှုကို ဖြစ်မှာပါ။

ဒီမှာလည်း ကိုယ်ချင်းစာတရားဆိုတဲ့ စကားလုံးလေးအကြော[င်း] ကို စဉ်းစားနေမိပါတယ်။ Compassion ဆိုတဲ့ စကားလုံး[ဟာ] တကယ်တော့ ကရုဏာလို့ပြောမှ ပိုမှန်မှာပါ။ ကရုဏာတရားဟာ လောကအတွက် အရေးကြီးပါတယ်။ နေပြည်တော်ကြီး ထိန်ထိ[န်] လင်းသလို မြန်မာတစ်ပြည်လုံးလည်း ထိန်ထိန်လင်းစေချင်ပါတယ်[။]





ဒါဆိုရင် ကျွန်တော်တို့လည်း ဘာဆိုတာမှ ထူးထူးခြားခြား မျှော်လင့် နေရာမလိုတော့ပါဘူး။

နောက်တစ်ခုအရေးကြီးတာက တိုင်းပြည်အနှံ့ ဖွံ့ဖြိုးတိုးတက်မှု ဖြူးစေဖို့ ဖြစ်ပါတယ်။ နို့မို့ဆို ရန်ကုန်တစ်မြို့တည်းမှာပဲ လူဦးရေ သန်းချီရှိနေပါလိမ့်မယ်။ ဒါဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ဖက် စောင်းနင်းဖြစ်နေပါလိမ့်မယ်။

အခုဆိုရင်ပဲ နှစ်ကုန်ပိုင်းမှာ နိုင်ငံတကာအားကစားသမားတွေ ရောက်လာတော့မှာပါ။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြိမ့်သဲ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ image တွေ ပိုကောင်းလာတော့မှာဖြစ်ပါတယ်။ နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုတွေလည်း ဒီရေအလား တရိပ်ရိပ် တက်လာတော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ မှာ အာဆီယံ စီးပွားရေးဇုန်စီမံကိန်းကလည်း ရှိရလာမှာဖြစ်ပါတယ်။ ၂၀၁၄ မှာလည်း အာဆီယံဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ရမှာပါ။ ဒါကြောင့် ဒီဆယ်နှစ်ဝန်းကျင်အတောအတွင်းမှာ ကျွန်တော်တို့ ခေါင်းသုံးနိုင်ရင် ရွှေဖြစ်မှာဖြစ်ပြီး၊ ခေါင်းမသုံးနိုင်ရင် ကျန်နေခဲ့မှာပါ။ ဒါဟာ တကယ်တော့ တွေးကြည့်ရင် ဦးနှောက် စားကြရမှာပါ။ Brain game စစ်စစ်ပဲဖြစ်ပါတယ်။ အခုခေတ်မှာ လက်တွေ ခြေထောက်တွေ သုံးတဲ့အချိန်တွေဟာ ကုန်လွန်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်သုံးတဲ့ ခေတ်ဖြစ်နေပါပြီ။ လက်ရုံးရည်အားကိုးရင် ကျ
တော့မှာပါ။ နှလုံးရည်အားကိုးရမယ့် အချိန်ဖြစ်ပါတယ်။

စစ်ပွဲတွေလည်း ငြိမ်းစေချင်ပါပြီ။ ကချင်ပြည်နယ်က စ
တွေလည်း တစ်ခန်းရပ်စေချင်ပါပြီ။ ဟုတ်ကဲ့။ ချစ်စကားတစ်
အမှန်ဆိုပါမယ်။ ကျွန်တော်တို့ တိုင်းသူပြည်သားတွေ မော်ရုံတော
မောလှပါပြီ။ ရေကြည်တစ်ပေါက် သောက်ခွင့်ရဖို့၊ လေကော
လေသန့်ရှူခွင့်ရဖို့ နှစ်ပေါင်းများစွာ ဆယ်ခုနှစ်နဲ့ချီပြီး စော
ကြရပါတယ်။ အခုလို အချိန်မှာတော့ ရေကြည်လေးတစ်ပေ
ပေးသောက်ပါ။ လေကောင်းလေသန့်ပေးရှူပါ။ ကျွန်တော်တို့
သဘာဝကျကျ လှလှပပ ပြုံးခွင့်လေးပေးပါတော့လို့။

အခုဆို ကံကောင်းတဲ့အချိန်တွေ ရောက်လာတော့မယ်
ယုံကြည်ပါတယ်။ ပဋိပက္ခတွေလည်း အတန်အသင့် ပြေလ
နေပြီဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ လိုချင်တဲ့ပန်းတိုင်ဆီကို တရွေ့
ချဉ်းကပ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လမ်း
ဆက်သွယ်ရေးကောင်းမွန်ဖို့ကို အရမ်းပဲ မျှော်လင့်ပါတယ်။
တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီအကျိုးခံစားကြရမှ
နောက်ပြီး အရေးကြီးတာတစ်ခုရှိပါသေးတယ်။



အဲဒါကတော့ လျှပ်စစ်မီးပါပဲ။ လျှပ်စစ်မီးသာမရှိရင် ကိစ္စ
တော်များများက အဆင်မပြေပါဘူး။ ခွဲစိတ်ခန်းတွေရှိပြီး
လာတဲ့အခါ ဖယောင်းတိုင်မီးနဲ့ ခွဲစိတ်လို့မရပါဘူး။ ခွဲတယ်
တော့ အောင်မြင်ဖို့ ခက်ပါတယ်။ ဆိုလိုတာက ခွဲစိတ်ခန်းမှာ
တ်တဲ့အခါ သွေးကြောတွေကို ချည်တန်ချည်ရပါတယ်။ တစ်ခါ
ရဲ့ မချည်ဘဲ မီးရှို့ပါတယ်။ အဲဒီအခါ မီးမရှိရင် လုပ်လို့မရ
ဒါကြောင့် ဖယောင်းတိုင်မီးနဲ့ ခွဲစိတ်တာက ရကောင်းရမယ်။
ည်မှာတော့ အဆင်မပြေဘူးဆိုတာကိုပါ။

နောက်တစ်ခုကတော့ ကုန်ဈေးနှုန်းပါပဲ။ ချစ်စကားတစ်ခွန်း
ဆိုပါမယ်။ ကုန်ဈေးနှုန်းက အခုအချိန်ထိတော့ အထိန်းအကွပ်
တယ်။ ဆိုလိုတာက ဈေးတက်တာ ကြမ်းပါတယ်။ တက်ချင်
သိုတက်၊ ရောင်းချင်သလိုရောင်းလို့ မဖြစ်ပါဘူး။ ပြည်သူ့လက်ထဲ
ငွေရှိဖို့လိုပါတယ်။ ပြည်သူ့လက်ထဲ ငွေများများကျန်ဖို့က
န်ဈေးနှုန်းသင့်တင့်မျှတမှ ဖြစ်မှာပါ။ ဥပမာ–လစာသုံးသောင်း
ယ်ဆိုပါစို့။ တစ်နေ့ထမင်းစရိတ် ၁၀၀၀ ကုန်တယ်ဆို အဲဒီ
သူတာ တခြားဟာဝယ်လို့ မရတော့ပါဘူး။ ကုန်ပါပြီ။ ပြည်သူ့
က်ထဲငွေမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေပါတယ်ဆိုပြီး အော်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ အယားမြွေအော်တာလောက်ပဲ ဖြစ်မှာပါ။ တကယ့်လက်တွေ့မှ
မဖြစ်နိုင်ပါဘူး။

တကယ်တော့ ခန္ဓာကိုယ်ကို အစားအစာ အာဟာရဖြည့်တင်း
ပေးရသလို စိတ်ကိုလည်း အာဟာရဖြည့်တင်းပေးရပါတယ်။ စိတ်ကို
အာဟာရမဖြည့်နိုင်ရင် ကြုံလှီသွားပါလိမ့်မယ်။ ဒါဆို စဉ်းစားဉာဏ်
ရှိတော့မှာ မဟုတ်ပါဘူး။ စဉ်းစားဉာဏ်မရှိရင်တော့ အရာအားလုံး
သွားပါပြီ။

စာအုပ်စာတမ်းတွေလည်း ပေါပေါများများဖတ်ရဖို့ လိုအပ်
ပါတယ်။ စာအုပ်စာတမ်းတွေကို အလွယ်တကူ ချိုချိုသာသာနဲ့
ဖတ်နိုင်အောင် စီစဉ်ပေးသင့်ပါတယ်။ စာကြည့်တိုက်ရဲ့ တံခါး
တွေလည်း ၂၄ နာရီ ဖွင့်ထားစေချင်ပါပြီ။ ကျွန်တော့်ရဲ့ အဖြစ်
ချင်ဆုံးဆန္ဒကတော့ စာကြည့်တိုက်ကြီး အကြီးကြီးတစ်ခုလိုချင်
တာပါပဲ။ အဲဒီမှာ စာအုပ်တွေ သန်းချီရှိစေချင်တယ်။ နိုင်ငံတကာ
က စာအုပ်ကောင်းမှန်သမျှ စာကြည့်တိုက်ကြီးထဲရှိစေချင်တယ်။
စာကြည့်တိုက်တွေကို ညဘက်အထိ(ဖြစ်နိုင်ရင် ညလုံးပေါက်)ဖွင့်
စေချင်တယ်။ စာကြည့်တိုက်မှာ ညဘက်မီးတွေ လင်းထိန်နေမယ်။
အထဲမှာလည်း ပညာရှာသူတို့ ညလုံးပေါက် စာဖတ်နေကြမယ်။





ကြည့်ရုံနဲ့တင် အလွန်ကိုပဲ စိတ်ကြည်နူးရပါတယ်။ ဒါတွေဟာ
သူထဲက ပြည်သူဖြစ်တဲ့ ပြည်သူတစ်ယောက်ရဲ့ အိပ်မက်တွေ
ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော့်ကို ချစ်စကားတစ်ခွန်း အမှန်
ပြုပါ။ စာကြည့်တိုက်ကြီးတွေ ကျွန်တော်လိုချင်ပါတယ်။

တောတောင်ရေမြေတွေကိုလည်း ထိန်းသိမ်းတန့်ဖိုးထားစေချင်
တယ်။ မှတ်မိပါသေးတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆို
ညောင်ပင်ကြီးအောက်မှာ လသာတဲ့ညတွေမှာ ညောင်ပင်တစ္ဆေကစား
ကြတာတွေပေါ့။ အခုတော့လည်း ရန်ကုန်မှာဆို ညောင်ပင်ဆိုတာ
ကိုက်ထဲ သွားကြည့်ရမလို ဖြစ်နေပါပြီ။ လရောင်အောက်မှာ
သွားကစားခဲ့ရတဲ့ ကလေးဘဝကို အခုခေတ်ကလေးငယ်တွေ
လည်း ရရှိစေချင်ပါတယ်။

အခုတော့ ကျူရှင်ပြီး ကျူရှင်၊ ကျူရှင်နဲ့ ကလေးငယ်တွေ
သမီးငယ်တွေရဲ့ ဘဝဟာ စိတ်ပူစရာပါပဲ။ ဗိအားဆိုတဲ့ စကား
ကို ကျွန်တော်ဆို တက္ကသိုလ်ရောက်တဲ့အချိန်မှ ကြားဖူးတာပါ။
ခေတ်ကလေးငယ်တွေကတော့ မိဘတွေရဲ့ အဆင့်တစ်မှ အဆင့်
ဆိုတဲ့ ဗိအားတွေကြောင့် ဗိအားတွေကို ငယ်ငယ်ကတည်းက
နေကြပါတယ်။ ဗိအားဆိုတာ လူ့ခန္ဓာကိုယ်အတွက် အဆိပ်
တာက်ပါပဲ။ အသက်တိုစေပါတယ်။ ဗိအားအတန်အသင့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဝတိုးတက်ဖို့ လိုအပ်ပေမယ့် လူမမယ်အရွယ် ကလေးငယ်ပေါ်မှာ ဖိအားတွေ ကျရောက်စေတာကတော့ ရက်စက်ကြမ်းကြုတ်ရာကျပါတယ်။

နှောင်လည်း(အသက်ကြီးလာရင်)မလွဲမသွေ ဖြတ်သန်းရမယ့် ဖိအားများနဲ့ ဘဝကို လူမမယ်ကလေးငယ်ကို ဘာဖြစ်လို့ အ ကတည်းက ပေးတွေ့စေမှာလဲ။ ကလေးဆိုတာ ကစားနေမှ ဘဝအရသာကို အပြည့်အဝခံစားရမှာပါ။

ကျွန်တော်ဆို စိတ်ဖိစီးမှုတွေ ကြုံလာတိုင်း ငယ်ဘဝရဲ့ ပျော်ရွှင်စရာအချိန်လေးတွေကို ပြန်စဉ်းစားပြီး၊ ဒါတွေကို ကြိုး ကျော်ဖြတ်ပါတယ်။ ကလေးငယ်တွေ ပျော်ပါစေဗျာ။ ကလေးငယ် ဆိုတာ အပြစ်ကင်းစင်ပါတယ်။ မိဘတွေဟာ သူတို့တုန်း မဖြစ်မြောက်ခဲ့တဲ့ မပြီးမြောက်ခဲ့တဲ့ ဝါသနာတွေကို သားသမီး ပခုံးပြောင်း တာဝန်ပေးချင်ကြပါတယ်။ ဒါဟာ မှားယွင်းပါတယ် ကလေးငယ်တွေကို သူကြိုက်တဲ့အလုပ်တွေ သူ့ကိုရွေးချယ်ခွင့် ပေးသင့်ပါတယ်။ ဒီမှသာ အလုပ်မှာပျော်တဲ့ ပြည်သူတွေဖြစ်လာမှာ

အလုပ်မှာ မပျော်ရင်တော့ တိုင်းပြည်ဖွံ့ဖြိုးရေးကို ထိခိုက် စေမှာပါ။ ခေတ်မီပန်းခြံကြီးတွေကိုလည်း မြင်တွေ့ချင်ပါတယ်





ဒေသဆို မဟာဗန္ဓုလပန်းခြံကို အဆင့်မြှင့်မွမ်းမံပြင်ဆင်ပြီးပါပြီ။ ဆူးလေစေတီတော်ဝန်းကျင်ကို သာယာလှပစေမှာပါ။ ဒီလို ပန်းခြံမျိုး အပြောက်အများ ရှိသင့်ပါတယ်။ စိတ်အပန်းပြေစေပါတယ်။ အရိပ်ရ ပင်တွေလည်း ရှိတဲ့အတွက် အေးချမ်းစွာ အနားယူလို့ ရပါတယ်။ တယ့်ကို ကောင်းတဲ့အစီအစဉ်တွေပဲဖြစ်ပါတယ်။

ဒါကတော့ ချစ်စကားတွေပါပဲ။ ချစ်စကားတစ်ခွန်းအမှန်ဆို မယ်။ ချစ်သောပြည်သူ၊ ပြည်သူကိုချစ်သော အားလုံးပြည့်စုံရင် ရမ်းကောင်းမှာပါပဲ။ ပြည်သူကို ချစ်သော အစိုးရလည်း ရှိမယ် ဆိုရင်ပေါ့လေ။ ဟုတ်ကဲ့။ ကျွန်တော့်ကို ချစ်စကားတစ်ခွန်းပြောခွင့် ပြုပါ။ ချစ်သောပြည်သူတွေရဲ့ကိုယ်စား တိုင်းပြည်အနာဂတ်ဖော် ဆောင်သူ အစိုးရအရာရှိမင်းများကို ချစ်စကားတစ်ခွန်းအမှန်ဆို မယ်။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်စကားတစ်ခွန်းအမှန်ဆိုပါ့မယ်(၃)

ချစ်စကားတစ်ခွန်းအမှန်ဆိုချင်တယ်။ ယောကျ်ားလေးနဲ့ မိန်းကလေးချစ်ကျွမ်းဝင်ကြတဲ့အခါ အမှန်စကားကိုပဲ ကြားလိုကြပါတယ်။ ဒါကြောင့်လည်း ချစ်စကားတစ်ခွန်းအမှန်ဆိုပါမှပဲ ဖြစ်မှာပါ။ ဒါပေမယ့် အခုကတော့ အင်တာနက်သုံးစွဲတာနဲ့ ပတ်သက်ပြီး ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။

မြန်မာ့ဆက်သွယ်ရေးဆိုတာ နာမည်တစ်လုံးနဲ့ ကျော်ကြားတာပါ။ တိုင်းသူပြည်သားအားလုံး သိကြပါတယ်။ လှည်းနေ လှေအောင်းမြင်းစောင်းမကျန် သိကြပါတယ်။ ဒါဟာလည်း အကြောင်းရှိပါတယ်။ ကျပ် ၁၅ သိန်း ဖုန်းရောင်းခဲ့တာလည်း သူတို့ပါပဲ။ ကျပ် ၁၅၀၀ တန်ဖုန်းရောင်းနေတာလည်း သူတို့ပါပဲ။ မျက်နှာများတဲ့ကောင်းကင်လို့ ပြောရမယ်ထင်ပါတယ်။ ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။





ဆက်သွယ်ရေးဆိုတာ ရုပ်သေးရုပ်တစ်ခုထက် မပိုပါဘူး။ ထက်က ၁၅သိန်းဆို ၁၅သိန်း၊ ၁၅၀၀ ဆို ၁၅၀၀၊ အထက်က သိန့်အတိုင်း လုပ်ပေးရရှာတာပါ။ အထက်က ဟိုဟာမစားနိုင်းလို့ ကဲ်သေးတယ်ဆိုရမှာပါ။ အထက်ဆိုတာ ဘယ်သူလဲဆိုတာတော့ တိကျကျ မရှိပြန်ပါဘူး။ သနားစရာတော့ ကောင်းပါတယ်။ ပေမယ့် ခက်တာက ဘယ်သူ့ကို သနားရမှန်း မသိတော့တာပါ။ လိုလက်ညှိုးထိုး၊ ဒီလိုလက်ညှိုးထိုးနဲ့ လက်ညှိုးတစ်ချောင်း န်သေး၍ လုပ်စားသွားကြသေးတာပေါ့လေ။

ချစ်စကားတစ်ခွန်းအမှန်ဆိုပါမယ်။ စာရေးသူဖုန်းနဲ့ အင်တာ သုံးတာ တစ်နှစ်နီးပါးရှိခဲ့ပါပြီ။ နိုင်ငံတကာ စံချိန်မီပါတယ်။ လုံးလေးလည်နေတာကလွဲလို့ပေါ့။ စချင်းသုံးလတုန်းက သုံးလို့ ရမ်းကောင်းပါတယ်။ မိုးမမြင်လေမမြင် သုံးလို့ အရမ်းကောင်း တယ်။ အခုတော့ အလုံးလေးပဲ လည်နေပါတော့တယ်။ ဘာကြီး မယ်၊ ညာကြီးလုပ်မယ် ပြောသံကြားနေရပါတယ်။ ကြားရတိုင်း ည်း အံ့ဩမိပါတယ်။ video ကို download ဆွဲဖို့ မပြောနဲ့ တ်ပုံတောင် download ဆွဲလို့မရတဲ့ အမြန်နှုန်းနဲ့၊ အင်း ဒါ ကြောင့်လည်း ရှေးလူကြီးတွေက ပြောခဲ့တာဖြစ်ပါတယ်။ ဘဝထဲမှာ သရှိတယ်တဲ့။ မှန်ပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဟိုးလွန်ခဲ့တဲ့ လေးငါးလောက်က ပြူးတူးပြတဲ့ တစ်ခါလုပ်လိုက်သေးတယ်။ သုံးတဲ့အပေါ် မူတည်ပြီး data နဲ့ ပိုက်ဆံကောက်မယ်တဲ့၊ အခုလောလောဆယ်နှုန်းက GSM ဆို တစ်မိနစ် ၂ ကျပ်၊ ကျန်တဲ့ဖုန်းဆိုရင် တစ်မိနစ် ၄ ကျပ်၊ data အသုံးနဲ့ ပိုက်ဆံကောက်ရင်တော့ ဒီထက်ဆယ်ဆခန့် ပိုမိုကုန်ကျနိုင်ပါတယ်။ အားလုံးက ဝိုင်းပြီး ထောပနာပြုကြတယ်။

ဒီလို လိုင်းနှေးပြီး စုတ်ပြတ်သတ်နေတာကို ဘယ်လိုမျက်နှာနဲ့ အရှက်မရှိ တောင်းရဲတာလဲပေါ့။ အဲ့ဒီလို ဝေဖန်မှုတွေ သောသော ညံပြီးနောက်မှာတော့ data နဲ့ ပတ်သက်တဲ့သတင်း တိမ်မြုပ်သွားပါတယ်။ လိပ်ခေါင်းပွက်သလို အခွံထဲပြန်ဝင်သွားပါတယ်။ သွေးတိုးစမ်းကြည့်တဲ့သဘောဖြစ်နိုင်ပါတယ်။ ရမလားပေါ့။ မရတော့လည်း အရင်းဆိုပြီး ဘနပ္ဖူးသိုက်တူးကြည့်တဲ့ သဘောဖြစ်ပါတယ်။

တကယ်ဆို ဖုန်းနဲ့ အင်တာနက်သုံးသူတွေဟာ MPT ရဲ့ ကျေးငှားရှင်တွေဆိုလည်း မမှားပါဘူး။ ကျေးငှားရှင်ကို ကျေးစွပ်တာဟာလည်း မကောင်းတဲ့အလေ့အထတစ်ခုပါပဲ။ အလုံးလေးလည်နေတဲ့ဘဝကို ဘယ်သူမှ မလိုလားပါဘူး။ လိုလည်း မလိုချင်တော့ပါဘူး။





Online ပညာရေးစနစ်ဆိုတာ တစ်ခုရှိပါတယ်။ အဲ့ဒီပညာရေးစနစ်အရဆိုရင်တော့ အင်တာနက်လိုင်းဆိုတာ ရုပ်ရှင်ကြည့်လို့ ရရပါမယ်။ Online ကနေ ဘောလုံးပွဲ ကြည့်လို့ ရရပါမယ်။ Online ကနေ ဆရာ၊ ဆရာမတွေရဲ့ ဟောပြောချက်ကို တိုက်ရိုက်နားထောင်ဆွေးနွေးခွင့်ရှိရတယ်။ ဒါတွေအားလုံးပြည့်စုံဖို့ Connection မြန်နှုန်းမြင့်ဖို့ လိုပါတယ်။ အလုံးလေးလည်နေတဲ့ Connection နဲ့တော့ ဘာတစ်ခုမှ ဖြစ်လာမှာ မဟုတ်ပါဘူး။ တစ်ခါတစ်လေဆို စာရေးသူ အင်တာနက်သုံးနေရင်းနဲ့ စဉ်းစားမိပါတယ်။ ငါတစ်မိနစ်လေးကျပ်ပေးထားတာ ဝလုံးသင်ဖို့များ ဖြစ်နေမလားဆိုပြီးတော့ပါ။

ဆိုလိုတာက ဝလုံးလေးလည်နေတာပဲ တွေ့တော့ Online ပညာရေးဆိုတာ ဝလုံးသင်တဲ့ ပညာရေးလို့ပဲ မြင်မိပါတယ်။ အားလုံးကတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်၊ ပြောကြတာပါပဲ။ ခက်တာက ပုရွက်ဆိတ်တောင် မဖမ်းနိုင်တာပါ။

တစ်ခါတလေ အင်တာနက်သုံးရင် ဓာတ်ပုံလေးတွေ download ဆွဲပါတယ်။ ဓာတ်ပုံတစ်ပုံကို တစ်မိနစ်လောက်ကြာအောင် download ဆွဲရတာ ကြုံဖူးကြမှာပါ။ video download ဆွဲဖို့ ကတော့ ဒီဘဝမှာ မေ့လိုက်ပါတော့လို့ပဲ ပြောရမှာပါ။ video ဆိုတာ download ဆွဲဖို့မပြောနဲ့ အရုပ်တောင်မြင်ရတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိပါသေးတယ်။ အော်၊ ဟောရင်းသာပျံလွန်တော်မူသွားမယ် ဆိုတာ အလကားပြောတာ မဟုတ်ဘူးကိုး။ ဒီလိုဒီလို မထုံတတ် တေး အလုပ်ဌာနတွေကို ဆိုလိုတာပါလားဆိုပြီး တွေးမိပါတယ်

အင်တာနက် လိုင်းမကောင်းဘူးပြောတာ အခုမှ မဟုတ်ဘူ နှစ်နဲ့ချီပြီး ပြောလာခဲ့ တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ အခုထိတော့ လိုင်းကနှေးလို့ ကောင်းနေတုန်းပါပဲ။ ချစ်စကားတစ်ခွန်း အမှ ဆိုပါမယ်။ အင်တာနက်လိုင်းလေးကောင်းအောင် လုပ်ပေးပါလို့

အခုဆို နိုင်ငံတကာမှာလည်း အင်တာနက်လိုင်းတွေ ကောင် နေပါပြီ။ ကျွန်တော်တို့တွေ ကောင်းဖို့ပဲ ကျန်တော့တာပါ။ ၂၀၁ မှာ အာဆီယံကုန်သွယ်မှုကို free trade လုပ်လိုက်ပြီဆိုရင် ကုန်သွယ်မှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်တော့မှာ ဖြစ်ပါတယ် အဲ့ဒီအခါမှာ Internet လိုင်းမကောင်းရင် ကိုယ်ပဲခံစားသွားရမှာပ Online ငွေလွှဲငွေပို့လုပ်ငန်းဆိုတာလည်း လိုင်းကောင်းမှ ဖြစ်မှာပ နို့မို့ဆို ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။

ဒီလိုပဲ နေရာပေါင်းစုံမှာ အလုံးအရင်းနဲ့ ဖွံ့ဖြိုးတိုးတက်လာ ရှိနေပါတယ်။ Internet လိုင်းသာ ဒီထက်ပိုကောင်းမလာရင်တော့ အိတ်ပေါက်နဲ့ ဖားကောက်သလိုပဲ ဖြစ်နေမှာပါ။ Stock ရှယ်ယာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာဖို့လည်း လိုအပ်ပါတယ်။ အဲ့ဒီအတွက်





လည်း အင်တာနက်လိုင်းကောင်းဖို့လိုပါတယ်။ ဒါမှသာ ငွေကြေး ဈေးကွက်၊ ကုန်ပစ္စည်းဈေးကွက်ကို Online ကနေ လေ့လာနိုင်မှာ ဖြစ်ပါတယ်။

နောက်ပြီး Internet သုံးတာ Facebook သုံးတာမဟုတ် ဘူး။ ဒါကို သေချာသိနေဖို့လိုပါတယ်။ အခုတော့ Internet Facebook ဆိုပြီး မှားယွင်းနေကြပါတယ်။ Facebook ဆိုတာ Online လူမှုကွန်ရက်တစ်ခု ဖြစ်ပါတယ်။ သူငယ်ချင်းတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တွေ့ဆုံပြီး သတင်းတွေ၊ ဓာတ်ပုံတွေ သုံးနိုင်တဲ့နေရာလေး တစ်ခုဖြစ်ပါတယ်။ Facebook မှာ ဓာတ်ပုံ တင်ထားလို့ရပါတယ်။ ကိုယ့်ပုံကိုယ်တင်တာရှိသလို သူများပုံ ကူးတင်တာလည်း ရှိပါတယ်။ ကျမ္ပာဏီထောင်ထားတဲ့သူဆိုလည်း ကုမ္ပဏီနဲ့ပတ်သက်တဲ့ Information တွေကို Status တင်တာ လည်း ရှိပါတယ်။ လူတစ်ဦးချင်းစီကနေ ပုဂ္ဂလိကခံစားချက် တွေကို Status စာသားတင်ပြီး ရင်ဖွင့်လို့ရတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ အမျိုးမျိုး သုံးကြတာပါပဲ။ သတင်းတွေလည်း ကြည့်နိုင်ပါတယ်။ ဒေါ်လာဈေး၊ ယနေ့သတင်းစုံမှုခင်းသတင်း စသဖြင့် ကြည့်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး Online Update သတင်းစာလို့လည်း ပြောလို့ ရပါတယ်။ အခုဖြစ်တဲ့ အကြောင်းတစ်ခုအခုပဲ Facebook ပေါ်ရောက်ပါတယ်။ ဥပမာ-ကိုယ့်အိမ်ဘေးမှာ မီးလောင်နေတာ အပြင် ထွက်မကြည့်ဘဲ Facebook ကနေ သတင်းမှတ်ရင်းနဲ့တော့ သိနိုင်တာပါ။ ဒီလောက်ထိကို မြန်တာပါ။

ဒါပေမယ့် Internet ဆိုတာ Facebook တစ်ခုတည်းရှိတာ မဟုတ်ပါဘူး။ Online သင်ခန်းစာတွေကိုလည်း လေ့လာသင်ယူ နိုင်ပါတယ်။ Online ကနေ Online မာစတာတွေ၊ Online ပါရဂူတွေတောင် လေ့လာသင်ယူနိုင်ပါတယ်။ စိတ်ဝင်စားမှုရှိဖို့ပဲ လိုအပ်တာပါ။

Internet ဟာ ကမ္ဘာပေါ်မှာ အပြည့်စုံဆုံး စာအုပ်ကြီးဆိုလည်း မမှားပါဘူး။ သိချင်တာမှန်သမျှ အင်တာနက်ကနေ ရှာဖွေနိုင်ပါတယ်။ ရှာလို့မတွေ့ဘူးဆိုတာ မရှိပါဘူး။ တစ်နေရာမှာတော့ တွေ့တာပဲ။ Information ပေါက်ကွဲထွက်နေတဲ့ ခေတ်ဖြစ်ပါတယ်။ ကိုယ်နဲ့ ကိုက်ညီမယ့် အသုံးဝင်မယ့် Information ကို သတိထား ရွေးချယ် တတ်ဖို့တော့ လိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ Information အများကြီးရှိတာပဲ အဖတ်တင်မှာပါ။





ဒါကြောင့်လည်း မရှိတာထက် မသိတာခက်လို့ ဆိုကြခြင်းပဲ ဖြစ်ပါတယ်။ Information အဆင့်မှာတင် တင်းတိမ်မနေဘဲ Knowledge, attitude, practice အဆင့်ထိရောက်အောင် ကြိုးစား အားထုတ်ကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုရှိပါသေးတယ်။ Internet ဆိုတာ ဂိမ်းကစားတဲ့ နေရာမဟုတ်ပါဘူး။ တချို့ဆို ဂိမ်း ဥရက် လောက်ဆက်တိုက် ကစားပြီး သေဆုံးသွားတာတောင် ရှိပါတယ်။ အာရုံ့ငါးပါးကို ဖြေ ဖျော်ရာမှာ အလွန်အကျွံ မဖြစ်ဖို့ လိုပါတယ်။ ဂိမ်းကစားတာ စိတ်အပန်းဖြေစေတာ မှန်ပေမယ့် နေ့မအိပ်၊ ညမအိပ်ဆော့ရင် တော့ မပြန်လမ်းကို မြန်းရနိုင်ပါတယ်။

ဘယ်အရာမဆို တန်ဆေးလွန်ဘေးပဲ ဖြစ်ပါတယ်။ နောက်ပြီး Online သုံးရာမှာ အချိန်အကန့်အသတ် ရှိရပါမယ်။ သုံးရတာ အဆင်ပြေတယ်ဆိုတိုင်း၊ တစ်နေကုန်သုံးနေလို့လည်း မဖြစ်ပြန် ပါဘူး။

အင်တာနက် လိုင်းကောင်းဖို့ အရေးကြီးတာ ဒါတွေကြောင့် ပါ၊ ဒီလို နည်းပညာခေတ်ကြီးထဲမှာ အင်တာနက်ဆိုတာ ဘိန်းစွဲ သလိုပါပဲ။ တစ်နေ့မသုံးရရင် မနေနိုင်တာမျိုးပါ။ စာရေးသူလို အင်တာနက် အမြဲသုံးနေသူအတွက်ဆို အင်တာနက်တစ်ရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



မသုံးဖြစ်ရင် စိတ်ထဲမှာ တစ်မျိုးပါပဲ။ နေလို့မကောင်းသလို ခေါင်းမူးသလိုလိုလေး ဖြစ်လာတာပါ။

အင်တာနက်ကို စွဲလန်းတဲ့အဆင့်ထိ မရောက်အောင် အသိဉာဏ်နဲ့ပဲ ပိုင်းခြားသတိပြုရမှာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတလေတော့ တွေးမိပါသေးတယ်။ ဇဝလုံးသင်ချင်လို့ အင်တာနက်သုံးနေတာလားဆိုပြီးတော့ပါ။ အင်တာနက်လိုင်း ကောင်းတဲ့အချိန် ဓါတ်ပုံလေးတွေကြည့်၊ မကောင်းတဲ့အချိန် သင်ဆိုတဲ့ အခြေအနေဘဝကြီးကိုတော့ ဘယ်သူမှ မလိုလား အမှန်ပါ။

အရာအားလုံးဟာ ပြောင်းလဲနေတာပါ။ ဆက်သွယ်ရေး ပြောင်းလဲနေပြီဖြစ်ပါတယ်။ ကောင်းသောပြောင်းလဲခြင်းကို ကြရမှာဖြစ်ပါတယ်။ MPT ကနေ MEC ကို ပြောင်းတာ မဖြစ်ဖို့တော့ လိုပါတယ်။ M စာလုံးတူတယ်ဆိုပေမယ့် အဓိပ္ပ တော့ တော်တော်သက်ရောက်သွားပါတယ်။ အခုဆို GSM CDMA လိုင်းတွေကို လွှဲပြောင်းပေးတော့မှာ ဖြစ်ပါတယ်။

တကယ်တော့ လွှဲပြောင်းပေးသင့်တာ ကြာခဲ့ပြီဖြစ်ပါတ ဟိုဟာမနိုင်ဘဲ ပဲကြီးဟင်းစားခဲ့တာ များခဲ့ပါပြီ။ တလောက





တစ်မိနစ် ၈ ကျပ်ဆိုပြီး သတင်းသဲ့သဲ့ ကြားလိုက်ပါတယ်။ ဆတ်စကားနဲ့ ပြောရရင်တော့ ဟုတ်ပါ့မလား မောင်ကာဠုရယ် ပေါ့လေ၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

တစ်မိနစ် ၅၀ ကျပ်ဆိုတဲ့ ဘယ်နိုင်ငံမှာမှ မရှိတဲ့ စံနှုန်း တစ်ခုနဲ့ ကောက်ခံခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီလေ။ သူများကို အနိုင်ကျင့်တဲ့ ကလေးတစ်ယောက်ဟာ သူ့အနိုင်ကျင့်ရမယ့်ကလေး မရှိတော့တဲ့အခြေအနေကို လက်ခံနိုင်ပါ့မလား။ ဒီလိုပဲ အရင်က ကျပ် ၅၀ ကောက်ခဲ့တာပဲ၊ အခုလည်း ကျပ် ၅၀ကောက်နေဦးမှာ ဖြစ်ပါတယ်။

ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။ အဲ့ဒီပိုက်ဆံတွေ ဘယ် ရောက်သွားလဲလို့ တစ်ခါတလေ တွေးမိပါတယ်။ ငွေစက္ကူဆိုတာ အငွေ့ပျံတတ်တယ်လို့တော့ စာရေးသူတို့ကို ဓာတုဗေဒက သင် မပေးလိုက်ပါဘူး။

ဒီလိုပဲ ကျောက်စိမ်းတုံးကြီးတွေ၊ ပတ္တမြားတုံးကြီးတွေ၊ ကျွန်းတုံးကြီးတွေ ရောင်းရငွေတွေဟာ အငွေ့ပျံသွားမယ်လို့တော့ မထင်မိပါဘူး။

အဲ့ဒီငွေတွေ၊ အခွန်အခတွေကရတဲ့ ငွေတွေနဲ့ထိုက်တန်တဲ့ ဝန်ဆောင်မှုတစ်ခုကို ပြည်သူတွေ ပြန်လည်လိုချင်တာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကားတွေလည်း များခဲ့ပါပြီ၊ တစ်ခွန်းတစ်ခွန်းနဲ့ ထောင်ချီခဲ့ပြီ ဖြစ်ပါတယ်။ ဆက်သွယ်ရေးဝန်ဆောင်မှုတွေ ကောင်းလာဖို့ အမှန်တကယ်ကိုပဲ လိုလားပါတယ်။ ဒီမှပဲ ရှေ့ဆက်ရမယ့် အနာဂတ် မြန်မာပြည်ဟာ ပန်းတိုင်ကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

အလုံးလေးလည်နေတဲ့ အင်တာနက်ကိုတော့ စိတ်ကုန်နေပြီ ဖြစ်ပါတယ်။ တာဝန်ယူလိုသူ၊ တာဝန်ယူတတ်သူ၊ တာဝန်သိသူကို လိုလားတောင့်တပါတယ်။ မကြာခင်မှာပဲ အင်တာနက်ကနေ Online ပညာတွေ သင်ယူပြီးတော့ Online ဘွဲ့တွေ ရယူနိုင်ဖို့ မျှော်လင့်မိပါတယ်။

နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ အနာဂတ်ဟာ မဝေးတော့ဘူးဆိုတာ ယုံကြည်မိပါတယ်။ အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်ဖို့လည်း မျှော်လင့်မိပါတယ်။

ဘုရင့်နောင်ခုံးကျော်တံတားလို မပြီးခင်က ပြိုကျတာမျိုးကိုတော့ အဖြစ်မခံနိုင်ပါဘူး။ MPT ကောင်းဖို့ လိုပါတယ်။ MPT အခြေခိုင်ဖို့လိုပါတယ်။ ပုဂ္ဂလိကကို လွှဲပြောင်းပေးအပ်ရမှာလည်း ဇွဲလက်ကလွှတ် ပြီးရောဆိုပြီး မလုပ်သင့်ပါဘူး။





နှစ်ပေါင်းများစွာ လုပ်ခဲ့တဲ့ အတွေ့အကြုံတွေကို Over ပေးခဲ့ဖို့ လိုပါတယ်။ အသိပေးခဲ့ဖို့ လိုပါတယ်။ ဒီမှပဲ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအနေနဲ့ ဆက်သွယ်ရေးကို တင့်တင့်တယ်တယ် ဆက်လုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

ချစ်စကားလေးတစ်ခွန်း အမှန်ဆိုပါမယ်။ နိုင်ငံတကာမှာ မျက်နှာငယ် အောက်ကျို့ခဲ့ရတဲ့ နှစ်တွေ ကြာခဲ့ပါပြီ၊ ဒီတစ်ခါတော့ ဒီမိုကရေစီအသွင် ကူးပြောင်းမှုနဲ့အတူ ဆက်သွယ်ရေးလည်း အသွင် ကူးပြောင်းလာဖို့ ကြိုဆိုပါတယ်။ ဘဝဟောင်းကို ဖက်တွယ်မထားဘဲ၊ ဘဝသစ်ကို ကူးပြောင်းခဲ့ပါတော့လို့ ဆိုချင်ပါတယ်။

ချစ်စကားတစ်ခွန်း အမှန်ဆိုပါမယ်။ ပြည်သူတွေကို [illegible]သွေးစုတ်ခဲ့တဲ့ အခြေအနေတွေ မရှိပါစေနဲ့တော့။ လယ်မြေတွေ [illegible]တာလည်း မကြားလိုတော့ပါဘူး။ ယာဉ်တိုက်မှုတွေ များလာတာလည်း မဖတ်လိုတော့ပါဘူး။ အလုံးလေးလည်နေတာလည်း [illegible]လိုတော့ပါဘူး။ ဟုတ်ကဲ့၊ ချစ်စကားလေးတစ်ခွန်း အမှန် ဆိုပါမယ်။



www.burmeseclassic.com

# ဘတ်စ်ကားပေါ်မှ အတွေးများ

တစ်နေ့တော့ ကျွန်တော် ဘတ်စ်ကားစီးဖြစ်ပါတယ်။ ခရီးစဉ်ကတော့ တည်းကုန်းကနေ ဆူးလေကို စီးတာဖြစ်ပါတယ်။ ပါရမီ ၁၇၇ ကားတွေ့တော့ တက်စီးလိုက်ပါတယ်။ နံနက် ၆ နာရီခွဲဆိုတော့ စီးတဲ့သူနည်းနေပါသေးတယ်။ ထိုင်ခုံရတော့ ထိုင်ရင်းနဲ့ လိုက်ပါလာပါတယ်။ လိုင်းကားပေါ်မှာ လိုင်းကားစီးလာရင်းနဲ့ လိုင်းကားစီးဘဝတွေအကြောင်းကို စိတ်ကူးနယ်ချဲ့ စဉ်းစားမိပါတယ်။

လိုင်းကားတွေ ကျပ်နေတာကြာခဲ့ပါပြီ။ မိန်းမပျိုတွေ အတွက်လည်း ရုံးတက်ရုံးဆင်းချိန် ကားစီးဖို့ မသင့်တော်ခဲ့တာ ကြာပါပြီ။ အဆင်မပြေတာတွေ များခဲ့ပါပြီ။ ဒါပေမယ့်လည်း ဒီလိုဘဝဖြတ်သန်းမှုဟာ ရိုးသွားပြီဖြစ်လို့ ထူးပြီးတော့ မစဉ်းစားဖြစ်တော့ပါဘူး။





တကယ်တော့ မရှင်းရင်မပြီးတဲ့ ကိစ္စတွေထဲမှာ လိုင်းကားလုပ်တဲ့ကိစ္စပါပါတယ်။ ဒီလိုနဲ့ပဲ ရေလိုက်သင့် ငါးလိုက်သင့်ဘဝကို ရေစုန်မျောခဲ့ရတာများခဲ့ပါပြီ။ အိုက ရေစီးနိုင်သစ်ဆီ ပြောင်းလဲလာနေတာဖြစ်လို့ လူသားအခွင့်အရေးအတွက် ပြောသင့်တာတွေကြဖို့တော့လိုပါပြီ။

ယာဉ်ကြောက ရှုပ်ထွေးပါတယ်။ ကားစီးရေ တစ်သိန်းသောင်းကျော် သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ လိုင်းကားကတော့ သာလောက်အောင် တိုးလာတာ မတွေ့ရပါဘူး။ လူဆင်းရဲသူတွေအတွက် လိုင်းကားသစ်သစ်လွင်လွင်တွေ အပူတပြင်း ဆင်နေတာတော့ သေချာပါတယ်။

ကျွန်တော်စီးနေကျကားတွေဆိုလည်းတက်တဲ့ ခြေနင်းခုံက လှုပ်စိလှုပ်စိ ဖြစ်နေတာပါ။ ကားစီးနေရင်းနဲ့ ခြေနင်းခုံသံပြား ကျွတ်ချင်တော့ သေရင်သေ မသေရင် ကျိုးကန်းမှာပါပဲ။ တကယ်တော့ လိုင်းကားစီးပြည်သူတွေရဲ့ဘဝဟာ အသက်ကို ဖက်နဲ့ ထားရတာပါ။

ဂက်စ်အိုးသုံးတဲ့ CNG လိုင်းကားတွေကရော အဆင်ပြေကြရဲ့လား။ ထိန်းသိမ်းစစ်ဆေးတာတွေရော လုပ်ကြရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဂက်စ်အိုးပေါက်တာမျိုးရော မဖြစ်နိုင်တော့ဘူးလား။ စဉ်းစားကြည့် ရင်လေးစရာတွေပဲ ဖြစ်ပါတယ်။

နောက်တစ်ခုလည်း ရှိပါသေးတယ်။ မိုးရာသီမှာ ယာဉ် နိုင်မှု စစ်ဆေးတဲ့ကိစ္စပါ။ ကျွန်တော်ဖတ်မိမှတ်သားမိသလောက်တော့ ဘယ်ကားကိုတော့ဖြင့် စည်းမျဉ်းစည်းကမ်းနဲ့မညီလို့ မောင်း ပိတ်လိုက်တယ်ဆိုတာ မကြားမိပါဘူး။ ၄၈ မိနစ်ဘတ်စ်လေး ဆိုလည်း ကားအရိုးသာရဲ့ မောင်းနေတဲ့ ကားခေါင်းခန်းကို တစ်ချ ကြည့်လိုက်ပါ။ စက်တွေက ဘာအဖုံးအကာမှ မရှိပါဘူး။ မီး တွေလည်း တိပ်နဲ့ကပ်ထားတာ တွေ့ရမှာပါ။

ပိုက်ဆံရသရွေ့တော့ လိုင်းဆွဲနေဦးမယ်ဆိုတဲ့သဘောဖြစ် တယ်။ ထိုင်ခုံတချို့ဆိုလည်း ထိုင်စီးလိုက်တိုင်း တကျွိကျွိ ဘယ်အချိန်ကျိုးကျမလဲဆိုတာ မသိနိုင်ပါဘူး။ ကားတချို့ဆိုလည် ထိုင်ခုံတွေကို ဖြုတ်ပြီး တစ်ယောက်ထိုင်ခုံ ဒါးခုံလောက်ပဲရှိ တွေ့ရမှာပါ။ ကားဖြစ်တယ်ဆိုရုံ စတီသဘောလောက်လေးထိုင် ထားပြီး မတ်တတ်ခရီးသည်ကိုတော့ အစီစီရဲလို တင်ပါတယ်

အစီစီရဲမှာ ရဲသားများသည် အကြားအလပ်မရှိ၊ ရဲ များသည် အကြားမလပ်မရှိ၊ ဆင်းရဲခြင်းသည် အကြားအလ မရှိဆိုတဲ့ အကြားအလပ် မရှိခြင်း(၃)ပါးနဲ့ ပြည့်စုံတယ်လို့ မှတ်သ



ပါတယ်။ အစီစီနဲ့ကွာတာက ငရဲမီးအကြားအလပ်မရှိဆိုတာ ပဲတာဘဲ ပြောစရာရှိပါတယ်။ ကျန်တဲ့နှစ်ချက်ကတော့ ပြည့်စုံ ပါတယ်။

အထူးကားကလည်း ဘာမှမထူးတဲ့အကြောင်း စာရေးဆရာ ကြွက ဖန်တစ်ရာတေအောင် ရေးပြခဲ့ပြီးဖြစ်ပါတယ်။ အထူးကား ဆိုတာ အဲယားကွန်းဖွင့်လို့တောင် မဆိုထားနဲ့ ပြတင်းပေါက်မှန်တောင် ပါတဲ့ အထူးကားတွေရှိနေပါတယ်။ မတ်တတ်ရပ်မတင်ရလို့ မဆို ထားနဲ့၊ မတ်တတ်ရပ်ရာမှာတောင် လူနှစ်ယောက်ကျောချင်းကပ်တာ ရလို့ အလယ်မှာ လူတစ်ယောက်ထပ်သွင်းလိုက်ပါသေးတယ်။

အဲဒီအလယ်အသွင်းခံရတဲ့ ဘောလုံးသမားဟာ ရှေ့တန်းလူ၊ နောက်တန်းလူ ဘယ်ကလူရယ်လို့ မသိရတဲ့ လူ ၄၅ ယောက် နဲ့တဲ့ ကျပ်ညပ်နေတဲ့ ဘောလုံးကွင်းထဲမှာ ဘောလုံးမပါဘဲ ကိုယ်တော် လှုပ်ရှားရပါတော့တယ်။

တကာယ့်ကို မလွယ်ကြောပါပဲ။ တချို့က ထမင်းချိုင့်တွေ တယ်လေ။ ထမင်းချိုင့်ကလည်း ကိုင်ထားတယ်ဆို ထမင်းဟင်း တာ ထွက်တဲ့ဆီတွေ ပေလိုက်ရင်တော့ တစ်ရက်လုံး နံနံ တော် နေပေတော့ပါပဲ။ ဒါကြောင့်လည်း မလွယ်ဘူးလို့ ဆိုချင်း ပါတယ်။

မိတ်ဆွေစာပေ
မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



အတက်နဲ့အဆင်းလည်း ကံကြမ္မာမတူပါဘူး။ အတက်မှာ အေးဆေးသလောက် အဆင်းမှာတော့ တွန်းချတာပါပဲ။ အဆင်းမှာ ကျောကုန်းကို အပေါ်က စပယ်ယာက တွန်းလွှတ်ပါတယ်။ အောက်စပယ်ယာကတော့ မိန်းကလေးဆိုရင် လက်ကိုကိုင်ပါတယ်။ ယောက်ျားလေးဆိုရင်တော့ လက်ဖဝါးတောင် မဟုတ်ဘူး။ လက်ဖမိုးနဲ့ ကျောကုန်းကို တွန်းလွှတ်ပါတယ်။ တကယ်လို့ လက်တွေ့နားလည်ချင်ရင်တော့ ဘတ်စ်ကားစီးကြည့်လို့ရပါတယ်။

အဲဒီလိုမဟုတ်ဘူးဆိုရင် စာရေးသူကို တစ်နေ့အခွန်း တစ်သိန်း ဆဲနိုင်ပါတယ်။ တကယ်တော့ ကားစီးရာမှာ လိုရင်းပန်းတိုင်က ခရီးစဉ်ပြီးဆုံးတဲ့အထိ အဆင်ပြေပြေရောက်ဖို့ပါ။ အခုတော့ ခရီးစဉ် အစကနေ အဆုံးအရိုင်ဘာရဲ့ ဘရိတ်အုပ်တာနဲ့ စပယ်ယာရဲ့ ကြိမ်းမောင်းတာတွေကိုပဲ ခံနေရတာပါ။ နောက်ပြီး ကားပေါ်မှာ ရေးထားပါသေးတယ်။ ဘာတဲ့၊ ဆန္ဒကို သိက္ခာနဲ့ ထိန်းပါတဲ့။ သိက္ခာရှိတဲ့လူနဲ့ မရှိတဲ့လူဆိုတာ အမြဲရှိနေတာပါပဲ။ သိက္ခာဆိုတာ ခရီးသည်တင် မဟုတ်ပါဘူး။ စပယ်ယာမှာလည်းရှိဖို့ လိုပါတယ်။

စပယ်ယာ စွပ်ကျယ်နဲ့ပိုက်ဆံလိုက်ကောက်နေတာကတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်ပါပဲ။ တချို့စပယ်ယာဆို စက်ဆီတွေနဲ့ ပေတလူးနေပြီးတော့ ရုံးတက်ရုံးဆင်း လူစီးများတဲ့အချိန်မှာ

ကားရွေ့သွားလိုက် ကားနောက်သွားလိုက် ပိုက်ဆံကောက်ပါ တယ်။ အကျီအဖြူ ဝတ်လာတဲ့နေ့ဆိုရင်တော့ ပွဲသိမ်းပါပဲ။ က ထွက်လာသလို ကားထဲကနေ ထွက်လာရမှာပါ။

တကယ်တော့ ကားအစီးရေ မလုံလောက်တာဟာ မြင်သာ နေပြီးသားပါ။ လမ်းဆုံလမ်းခွ ကားမှတ်တိုင်တွေမှာ ကို သေချာသတိထားကြည့်ပါ။ ရုံးတက်ရုံးဆင်းချိန်တွေမှာဆို နေရာက ရောက်လာမှန်းမသိတဲ့ လူအုပ်ကြီးတွေကို တွေ့ရမှာ တယ်။ ဒီလူအုပ်နဲ့ လိုင်းကားနဲ့တော့ ဘဲအုပ်က တစ်ရာ မဖေဒါကတစ်ပင်တည်းလိုပါပဲ။

ကားတွေကလည်း မျက်လှည့်ကားတွေလိုပါပဲ။ အထဲမှာ ယ်နှယောက်ထည့်ထည့် ဆံ့ပါတယ်။ တစ်ခါတစ်ခါ ကားပေါ်က ဆင်းလာရင် အယောက် ၃၄ လောက် ရှိတတ်ပါတယ်။ က်သွားတဲ့လူဟာလည်း ၅၀ လောက်ရှိပါတယ်။ ဒါပေမယ့် ပဲ။ ငါးပိသိပ် ငါးချဉ်သိပ်ဆိုတဲ့ မြန်မာစကားရဲ့အဓိပ္ပာယ်ကို လည်ဘူး**ဆိုရင်လည်း** ဘတ်စ်ကားစီးရင် နားလည်သွားနိုင် ယ်။ **မြန်မာစကားပါ အဓိပ္ပာယ်**ပေါ်အောင် ဖန်တီးထားတဲ့ းတွေရဲ့စေတ**နာပါ**





www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေလည်း တွေးမိပါတယ်။ ဒီလူအုပ်တွေ ဒီကာ တွေ၊ ဒီလူတွေဟာ တစ်နေ့တစ်နေ့ ဒီလိုပဲ ဖြတ်သန်းနေတာပါ ဘာမှလည်း ပြဿနာကြီးကြီးမားမား မဖြစ်ပါဘူး။ ဟိုတစ်ခ ကတော့ အမျိုးသမီး သီးသန့်ယာဉ်ဆိုတာ ပေါ်ပါသေးတယ် ဒါပေမယ့်လည်း ပြန်ပျောက်သွားတာပါပဲ။ တကယ်တော့ ဒီသီးသန့် ယာဉ်ကိစ္စက လိုလည်းလို၊ မလိုလည်းမလိုလို့ပဲ ပြောရမှာဖြစ်ပါတယ် လိုတယ်ဆိုတာက လူကြီးတွေ သတိပြုမိဖို့လိုတယ်ပြောပါ။ မလိုဘူ ဆိုတာ လုပ်လည်း ရေရှည်မှာ မပြေလည်နိုင်ဘူးဆိုတာ ဆိုလို တာပါ။

လိုင်းကားစီးတာ အဆင်မပြေခဲ့တာက နှစ်ပေါင်းများစွာ ကြာခဲ့ ပြီးဖြစ်ပါတယ်။ ဒီလိုကိစ္စတွေဟာ အခြေခံကိစ္စတွေလည်း ဖြစ်ပါတယ် စားဝတ်နေရေးမှာ တိုက်ရိုက်မပါဝင်ပေမယ့် သွားလာရေးဆိုတော့ နေရေးထဲမှာ ပါတယ်လို့ ပြောလို့ရပါတယ်။

လူတိုင်းမှာ အတ္တကိုယ်စီရှိကြပါတယ်။ အတ္တနဲ့ပရ မျှတဖို့သာ လိုအပ်တာပါ။ ကျွန်တော် ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ဆို လူလူချင်း ဆက်ဆံတဲ့အခါမှာ အပြင်စည်းနဲ့ အတွင်းစည်းဆိုတာ ရှိတယ်တဲ့ အပြင်စည်းဆိုတာက မိတ်ဆွေသူငယ်ချင်းတွေအတွက်ပါ။ လူ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုကြတဲ့အခါ အနည်းဆုံး ၃ ပေ





ခွာပြီး ပြောဆိုဆက်ဆံကြပါတယ်။ ဒါဟာ မမြင်နိုင်တဲ့ အပြင် စည်းရှိနေလို့ပါ။ အပြင်စည်းကနေ အတွင်းစည်း ၃ ပေအတွင်းကို ကျော်ဖြတ်ဝင်ပြီး ဆက်ဆံမယ်ဆို ပြဿနာတွေ တွေ့ကြုံရမှာပါ။ အတွင်းစည်းဆိုတာကတော့ ချစ်သူရည်းစား မိသားစု သားချင်း တွေအတွက် ဖြစ်ပါတယ်။ ၃ ပေအတွင်းလို့ ဆိုရမှာဖြစ်ပါတယ်။

လိုင်းကားစီးတဲ့အခါ အပြင်စည်းရော အတွင်းစည်းပါ လုံးဝ မရှိတော့ပါဘူး။ အတွင်းစည်းဆိုတာ အသာထားလို့ ကျောချင်း ကပ်နေတာပါ။ တကယ်တော့ ဒါဟာ လူ့အတ္တကို ထိပါးတဲ့ကိစ္စပါ။ ကျွန်တော်တို့တစ်တွေဟာ အတ္တကို ထိပါးခံစားရတာတောင် သတိ မထားမိကြတာပါ။ နှစ်ပေါင်းများစွာ ထိပါးခံခဲ့ရတော့အတ္တထိလို့ နာကျင်းတောင် နားမလည်တော့တဲ့ဘဝပါ။

ဒါပေမယ့် လိုင်းကားတစ်ခုတည်း ကွက်ပြောလို့လည်း မဖြစ် ပါဘူး။ တကယ်တော့ တခြားကိစ္စတွေကိုပါ မီးမှိုးကြွက်လျှောက် ကြည့်ရမယ်ဆိုရင်တော့ အသက်ရှင်ချင်စိတ်တောင် ကုန်ခမ်းသွား ပါတယ်။ ဒါပေမယ့်လည်း ဘဝဆိုတာ ဒီလိုပဲ ဆက်လက်ရပ်တည် ရဦးမှာဖြစ်ပါတယ်။

ဒီမိုး ဒီလေ ဒီမြေမှာ ဒီလူတွေ ဒီလိုပဲ ရှင်သန်နေရဦးမှာဖြစ် တယ်။ ဒီလိုပဲ အဆင်ပြေအောင် နေကြရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်က ကားတွေ ကိစ္စလည်း ဖြေရှင်းကြရမှာဖြစ်ပါတ ရပ်ထားတဲ့ကားတွေ ဖြစ်ပါတယ်။ လမ်းပေါ်မှာ ကန့်လန့် ရပ်ထားတဲ့အခါ ခြောက်လမ်းသွားလမ်းကလေးလမ်းပဲ သွားလို့ တော့တယ်။ ယာဉ်ကြောတွေ ကျပ်တဲ့အထဲမှာ ဒီကိစ္စကလ ပါဝင်ပါတယ်။ ကားတစ်စီးတစ်စီး တစ်ခါရွှေ့ တစ်ပေရွှေ့ ရွှေ့တဲ့အခါ တကယ်သေရေးရှင်ရေးဆို လမ်းမှာတင် သေသွား ပါတယ်။

အရေးပေါ်ကားရဲ့ အချက်ပေးသံကြားတိုင်း တွေးမိတဲ့ အ လေးရှိပါတယ်။ ဩော် ကားထဲက လူနာကသာ တစ်နာရီအ အသက်ကယ်ရမယ့် ဝေဒနာရှင်ဆို ဘယ်နှယ့်လုပ်မလဲ။ ဒီလော ကျပ်နေတဲ့ ယာဉ်ကြောထဲမှာ ဆေးရုံကို အချိန်မီမှ ရောက်ပါ့မလ ဆေးရုံအထိ အသက်ရှော ပါပါ့မလား။ တောင်တွေးမြောက်တွေ တွေးမိတာပါ။ ကားသံက ဘယ်လိုပဲ အချက်ပေးပေး ယာဉ်ပိ တစ်လျှောက်က ကားတွေကတော့ လူနာတင်ကားကို ရှိတယ် တောင် ထင်တာမဟုတ်ပါဘူး။ ရင်လေးစရာပါ။

Taxi ယာဉ်တွေလည်း တစ်နေ့တခြား များပြားလာပြီ တယ်။ AA, BB ကနေ အခုတော့ CC, DD နံပါတ်များ ခေတ်တောင် ရောက်နေပြီဖြစ်ပါတယ်။ Taxi ကားတိုင်းမှာ ရ





တာရှိပါတယ်။ လမ်းဘေးကပ်မောင်းပြီး ကားသမားက လက်ညှိုး တစ်ချောင်းအပြင် ထုတ်ထားတာဖြစ်ပါတယ်။ လမ်းကူးဖို့စောင့်နေတဲ့ လူလား၊ ဘာလား၊ သူမစဉ်းစားပါဘူး။ လူနှစ်ယောက်လောက် ရပ်နေတာတွေ့ရင် ကားကို အရှိန်လျှော့လိုက်ပြီး ဘယ်သွားမလဲ မေးတော့တာပါပဲ။ နောက်မှာ ဘာလိုင်းကားကြီးပဲ မောင်းလာလာ သူကရှိတယ်လို့တောင် မထင်ပါဘူး။ အေးအေးပါပဲ။ ကားမှတ်တိုင် နားမှာ ထိုးထိုးရပ်လိုက်တာက ပြဿနာပါ။

နောက်က ကားကြီးကလည်း မှတ်တိုင်ထွက်ဖို့ တပွမ်ပွမ် တီးနေပါတယ်။ သူက ခရီးသည်နဲ့ ဈေးညှိလို့ကောင်းနေတုန်း ပဲ။ ပြီးရင်တော့ သူက နောက်ကကားကြီးကို လက်ကလေး ပြပြီး ဝူးဆို မောင်းထွက်သွားတာပါ။ ကားကြီးပေါ်က စပယ်ယာနဲ့ ယာဉ်မောင်းက မကြားဝံ့မနာသာ စကားလုံးတွေနဲ့ဆဲပြီး ကျန်နေ ခဲ့တာပါ။

ဒါတွေဟာ လိုင်းကားစီးရင် ကြုံရမယ့် ဘဝပေးအခြေအနေ တွေပဲဖြစ်ပါတယ်။ ကားစီးတဲ့အခါ သတိထားကြည့်ပါ။ လမ်း ဖြတ်ကူးသူတွေပါ။ လှစ်ခနဲ လှစ်ခနဲ ဖြတ်ဖြတ်ပြေးတာပါ။ တကယ် တော့ ကားလမ်းဖြတ်ကူးတဲ့အခါ ရူပဗေဒသဘောတရား ဒိုးရ ပါတယ်။ မောင်းလာတဲ့ကား အရှိန်ဘယ်လောက်ရှိသလဲ ကိုယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြန်နှုန်းက ဘယ်လောက်ရှိသလဲ။ သုတ်သီးသုတ်ပြာပြေးရ
လား။ အေးဆေးဖြတ်ကူးလို့ရလား။ သူ့ဘေးမှာရော ဘာကား
ရှိသလဲ။ အမြန်နှုန်းကရော ဘယ်လောက်ရှိသလဲ။ ဖြတ်ကူး
လွတ်ပါ့မလား။ ခေါင်းထဲမှာ တွက်ကြည့်ပြီးမှ ကူးရတာပါ။ အ
တော့ ဒီလို မဟုတ်ပါဘူး။

ကားလမ်းအလယ်မှာ သုတ်ခနဲ သုတ်ခနဲ ကားရှေ့က
ဖြတ်ကူးတာပါ။ တစ်ခါတလေလည်း တချို့ရှိပါတယ်။ တိုက်
တိုက်သွားဆိုတဲ့ မထီမဲ့မြင် မျက်နှာပေးနဲ့ တရိလှမ်းချင်းကူး
တာပါ။ လောကကြီးကို ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံပဲဖြစ်ပါတယ်
ဒီလို ခပ်မိုက်မိုက် လူစားတွေလည်း ရှိပါတယ်။ တချို့ကျတော့
ကားလာနေတဲ့ဘက်ကို တစ်စက်ကလေးတောင် မကြည့်တဲ့ ကို
ဟာကိုယ်အေးဆေးဖြတ်ကူးနေတာမျိုးပါ။ တကယ်တော့ ဘဝဆိုတ
နှစ်ခါနေလို့ရတာမျိုး မဟုတ်ပါဘူး။ အစမ်းသေကြည့်မယ်ဆိုလည်း
မရပါဘူး။

ဘဝဆိုတဲ့ လောင်းကစားပွဲမှာ အကြိမ်ကြိမ် ရှုံးလို့မဖြစ်ပါဘူး
အသက်နဲ့ဆိုင်တဲ့ကိစ္စတွေမှာ တစ်ကြိမ်သာရှုံးလို့ရတာပါ။ တစ်ကြိ
လည်းပြီး လောကကြီးကနေလည်း နှုတ်ထွက်ရတော့တာပါပဲ။





ပေတစ်ရာလမ်းပေါ်က ကလေးငယ်လေးတွေအကြောင်းက
ည်း မပြောမပြီးပါပဲ။ ကလေးတွေဟာ လမ်းမပေါ်ကို ဖြတ်ဖြတ်
ကြပါတယ်။ အထူးသဖြင့် ၅နှစ်၊ ၆နှစ် အရွယ်လေးတွေ
ပါတယ်။ သူတို့အတွက်ကတော့ စွန့်လိုက်တာဖြစ်ပါတယ်။
သက်ပါ ပါသွားနိုင်ပါတယ်။ ဒါပေမယ့်လည်း စွန့်တစ်ကောင်နဲ့
သက်တစ်ချောင်းလဲတဲ့ကလေးတွေ အများကြီးပါပဲ။

တရေးသူစီးလာတဲ့ကားဟာလည်း ဆူးလေရောက်တော့မှာ
ပါတယ်။ ဒီလိုပဲ တရွေ့ရွေ့နဲ့ မောင်းလာလိုက်တာ ရန်ကုန်မြို့
ယ်ထဲကို ဝင်ရောက်လာပြီဖြစ်ပါတယ်။ မီးပွိုင့်ပေါင်းများစွာကို
တ်သန်းခဲ့ပြီ ဖြစ်ပါတယ်။

မီးပွိုင့်မှာ မီးနီတဲ့အခါတိုင်း မီးနီကိုကြည့်ရင်း အတွေးတွေ
ကြက်မိပါတယ်။ မီးပွိုင့်နှစ်ကြိမ်သုံးကြိမ်မိတယ်ဆိုတာလည်း
ကားစီးသူ ကျွန်တော်တို့တစ်တွေအတွက် မထူးဆန်းတော့
ဘူး။ ပထမတစ်ကြိမ်က ကားက ဟိုနောက်ရောက်နေလို့။
တိယတစ်ကြိမ်က မီးပွိုင့်နဲ့တော့ နီးလာပါရဲ့။ ဒါပေမယ့် ထပ်မိ
သွားလို့။ တတိယတစ်ကြိမ်က ယာဉ်မောင်းနဲ့ စပယ်ယာအတွဲ
ညီနဲ့ မီးပွိုင့်မှာ လူတင်နေရင်းနဲ့ ထပ်မိသွားတာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းမီးပွိုင့်လိုနေရာမျိုးမှာ မီးပွိုင့်တစ်ကြိမ်မှမမိတဲ့ ခရီးသွားဖြစ်ခဲ့တယ်ဆို အဲဒီနေ့မှာ ထီထိုးရမှာပါ။ သိန်းတစ်ထောင်ဆုပေါက်နိုင်ပါတယ်။

ဒါတွေကတော့ (၁၇၇)ကားကြီးကိုစီးရင်း ပေါ်လာတဲ့အတွေးများပဲဖြစ်ပါတယ်။ လမ်းပေါ်မှာ လူတွေ၊ ကားလမ်းပေါ်မှာ ကားတွေ ဥဒဟို သွားနေပါတယ်။ မိုးတွေကလည်း ရွာနေပါတယ်။ ကျွန်တော်လည်း တွေးကောင်းကောင်းနဲ့ ဆက်တွေးနေပါတယ်။ တွေးတယ်ဆိုတာ ငွေကုန်ကြေးကျမှ မများတာ။ ဒါပေမယ့် အတွေးတွေကို လက်တွေ့ဘဝထဲမှာ ဖြစ်တည်လာအောင် ပြုပြင်ပြောင်းလဲဖို့တော့ လိုအပ်နေပါသေးတယ်။ လိုင်းကားစီးရင် ကျပ်တယ်ဆိုတာ …

✧ ✧ ✧



## လှည်းတန်းခုံကျော်တံတားကြီး ပြီးသွားသောအခါ

ဟုတ်ပါတယ်။ တံတားကြီးကတော့ ပြီးသွားပါပြီ။ ဒါပေမယ့် ယာဉ်လမ်းကြောကတော့ ကျပ်နေတုန်းပါပဲ။ တကယ်တော့ အဲ့ဒီကိစ္စဟာ အလေးပေး စဉ်းစားသင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တံတားကြီးပြီးသွားလည်း ခရီးကကြာမြဲဆိုရင် အလွန်ပဲဝမ်းနည်းစရာ ကောင်းပါတယ်။

တကယ်တော့ စာရေးသူဟာ အလုပ်သွား အလုပ်ပြန် အမြဲလိုင်း ကားစီးရတာပါ။ လိုင်းကားစီးတဲ့အခါ လိုင်းကားစီးရသူတွေရဲ့ စိတ်ဆင်းရဲမှုကို ကိုယ်တိုင်ခံစားနားလည်ပါတယ်။ တကယ်တော့ ဘဝဆိုတာ ကိုယ်တိုင်ခံစားဖူးမှပဲ ကိုယ်ချင်းစာတတ်တာပါ။ ဒါကတော့ အရမ်းအရမ်းကို ကိုယ်ချင်းစာတတ်တာပဲကွာလို့ တသွင်သွင်ပြောနေလည်း ကိုယ်တိုင်မခံစားဖူးရင်တော့ သေချာပါတယ်။ အဲဒီအယားပြေပြောတာပါ။ စာရေးသူ ဇာတ်စုံခင်းပြပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လှည်းတန်းခုံကျော်တံတားကြီးတာ ပြည်လမ်းနဲ့ အင်းစိန်လမ်းကို ခြားလိုက်တာပါ။ ဆိုလိုတာက မီးပွိုင့်မရှိတော့တဲ့ အခါကျတော့ သူ့သပ်သပ် ကိုယ်သပ်သပ်လိုဖြစ်သွားတာကို ပြော တာပါ။ စာရေးသူတို့ကျောင်း တက်တုန်းကအဖြစ်ကို သတိ ရမိပါတယ်။ ကျောင်းတံခါးက နှစ်ချပ်ရှိပါတယ်။ တံခါးပေါက် အကျယ်က ကားတွေဝင်ဖို့ပါ။ တံခါးပေါက်အကျဉ်းကတော့ လူဝင် ဖို့ပါ။ စာရေးသူတို့က နောက်ပြီးပြောလေ့ရှိပါတယ်။ ငါကတော့ ဒီနေ့ ဆင်းရဲသားအပေါက်ကနေ ဝင်ခဲ့တယ်ဆိုပြီး ပြောလေ့ ရှိပါတယ်။ ဆိုလိုတာက တံခါးပေါက်ကျဉ်းကနေ ဝင်ခဲ့တာကို ပြောတာပါ။ ကားမစီးနိုင်သူတွေဟာ လမ်းလျှောက်ပြီး ဆင်းရဲသား အပေါက်ကနေ ဝင်ထွက်ပြီး ကျောင်းတက်ကြရတာကိုဆိုလိုတာပါ။

ဒီလမ်းမကြီးနှစ်ခုမှာလည်း ပြည်လမ်းက သူချမ်းသာလမ်း ဖြစ်ပြီး၊ အင်းစိန်လမ်းက သူဆင်းရဲလမ်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အင်းစိန်လမ်းက လိုင်းကားတော်တော်များများသွားပြီး ပြည်လမ်းကတော့ အိမ်စီးကားတွေ ပိုများပါတယ်။ ဒါကြောင့် မီးပွိုင့်ရှိစဉ်တုန်းက အရမ်းသိသာပါတယ်။ အင်းစိန်လမ်းဘက်က လာတဲ့ လိုင်းကားတစ်စီး လှည်းတန်းမီးပွိုင့်မှာ မီးနီမိလို့ကတော့





သွားပြီ။ စောင့်ပေတော့ပါပဲ။ စောင့်တာမှ မီးပွိုင့်နှစ်ခါ(တစ်ခါတလေ သုံးခါ)မိတဲ့အထိပါပဲ။ အဲဒါဆို အဲဒီမီးပွိုင့်မိတာနဲ့တင် နာရီဝက် လောက်ထိသွားတာပါပဲ။

ဒီမှာ စာရေးသူအနေနဲ့ ခံစားချက်ကို ဘေးဖယ်ပြီးပြောရမယ် ဆိုရင် ဒီမိုးဒီရေ ဒီလူတွေနဲ့ မဖြစ်ပါဘူးလို့ပဲ ပြောချင်ပါတယ်။ ပြီးခဲ့တဲ့ရက်က ဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း ကားစီးရေ တစ်သိန်းခြောက်သောင်း တင်သွင်းခွင့် ပြုခဲ့တယ်တဲ့။ ဒါကြောင့် ယာဉ်ကြောက ပိုကျပ်သွားတာဖြစ်ပါတယ်။

စာရေးသူအမြင်ကတော့ လိုင်းကားကို ပိုမိုတင်သွင်းသင့်တယ် ဆိုတာပါပဲ။ အခုဆို ငါးပိသိပ် ငါးချဉ်သိပ် ကားစီးနေကြတာပါ။ လူသားဆိုတာ အကောင်းဆုံးကိုပဲ လိုချင်ကြတာပါ။ ဖြစ်နိုင်ရင် ကိုယ်ပိုင်ကားပဲ စီးချင်တာပေါ့။ မတတ်သာတော့လည်း လိုင်းကားပဲ စီးကြရတာပါ။ ဒီလို ကားကျပ်နေတဲ့ကိစ္စဟာ တကယ်တော့ တွေးကြည့်ရင် ဝမ်းနည်းစရာပါပဲ။ တိုင်းသူပြည်သူတွေကို ငဲ့ညာရိုး မှန်ရင် လိုင်းကား ပိုမိုတင်သွင်းသင့်ပါတယ်။ တကယ်တော့ လိုင်း ကားတင်သွင်းရုံနဲ့လည်း မပြီးပြတ်သေးပါဘူး။ လမ်းတွေကောင်းဖို့ လည်း လိုပါသေးတယ်။ စာရေးသူက ကိုယ်ပိုင်အတွေ့အကြုံကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေခြင်းပဲဖြစ်ပါတယ်။ အောင်ဇေယျတံတားအဆင်းမှာဆိုရင် (လှိုင်သာယာဘက်ခြမ်း)၁ထိပ်၊ ၃ထိပ်၊ ၅ထိပ်ဆိုပြီး ကားမှတ်တိုင်တွေရှိပါတယ်။ ၅ထိပ်မှတ်တိုင်ကျော်သွားတာနဲ့ နောက်ပိုင်းလမ်းတွေဟာ မကောင်းတော့ပါဘူး။ အဝေးပြေးကားကြီးတွေ ဖြတ်တာရော၊ ကုန်တင်ကားကြီးတွေ ဖြတ်တာရောပေါင်းပြီး လမ်းက တော်တော်ကို ပျက်စီးနေတာပါ။ ဂျာနယ်တစ်စောင်မှာ ဖတ်ရတာက အဲဒီလမ်းမှာမောင်းတဲ့ ကုန်တင်ကားဆို အဖောက်ခံရတယ်တဲ့။ ကားမောင်းနေရင်းနဲ့ နောက်ကကုန်ပစ္စည်းတွေကို ကားပေါ်တက်ပြီး အုပ်စုလိုက် ဖောက်ယူတဲ့လူတွေ ရှိပါတယ်တဲ့။ အလွန်ပဲ ရင်လေးစရာကောင်းပါတယ်။ နောက်တစ်ခု ရှိပါသေးတယ်။ ယာဉ်ထိန်းရဲကိစ္စပါပဲ။ ယာဉ်ထိန်းရဲဟာ မီးပွိုင့်တိုင်းမှာအနည်းဆုံး တစ်ယောက်ရှိနေသင့်ပါတယ်။ အခုဆို ယာဉ်ထိန်းရဲမရှိတဲ့ မီးပွိုင့်ဆို မီးပွိုင့်ကလည်း ပျက်နေတယ်ဆို ကားတွေက မောင်းချင်သလို မောင်းပါတော့တယ်။ ထင်သလို မောင်းတော့တာပါပဲ။ စာရေးသူ Facebook ပေါ်မှာ သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဆံသဆရာကို ဆံပင်ညှပ်နေတုန်း သေနတ်သမားက ဝင်ပစ်သွားတာ ဆံသဆရာ ပွဲချင်းပြီး သေဆုံးသွားတယ်ဆိုတဲ့ သတင်းပါ။ သူ့အလုပ်





လုပ်နေတာတောင် အသတ်ခံရတယ်ဆိုတော့ စာရေးသူ သတိ ဝေဂရမိပါတယ်။

ကားစီးနေရင်းလည်း ရတနာသုံးပါးကို အမြဲ အာရုံပြုထားပါတယ်။ ကားသမားယာဉ်မောင်းတွေက ဘရိတ်ကိုလည်း မထင် မထင်သလို ဆောင့်ဆောင့်ပြီး နင်းပါတယ်။ အပေါ်မှာ လိုက်ပါလာတဲ့ ခရီးသည်ကတော့ ဆီးပြွန်သီးကို ဆန်ကောထဲထည့်ပြီး လှည့်ခံရသလိုပါပဲ။ စာရေးသူ ကားစီးရင်းနဲ့ တစ်ခါတလေ တွေးမိပါတယ်။ ယာဉ်မောင်းတွေဟာ ကိုယ်ချင်းစာတရား ဘာဖြစ်လို့ င်းပါးရတာလဲ ဆိုတာကိုပါ။ တကယ်တော့ ဒီဆောင်းပါးဟာ ဆောင်းပါးနဲ့မတူဘဲ ငိုချင်းနဲ့တူနေပါတယ်။ ဒါပေမယ့် အဖြစ်မှန်တွေပါပဲ။ အခု ဒီစာကို ရေးနေတဲ့အချိန်မှာပဲ စာရေးသူဟာ တလုံးလုံးနဲ့ပါ။ ဟုတ်ပါတယ်။ အိမ်ထဲမှာ ရေးနေတာတောင် တော်တော်ကို ပူပါတယ်။ ပူတယ်လေ ဆယ်နွေကဲလို့တောင် ရမလားပါပဲ။ ခရမ်းလွန်ရောင်ခြည် ၁၂.၅ ထက်ကျော်တယ်လို့ လိုက်ရပါတယ်။ စာရေးသူဟာ ခရမ်းလွန်ရောင်ခြည်အကြောင်း လည်ပါဘူး။ ဒါပေမယ့် နေပူထဲမှာ ဖိနပ်စီးပြီး လမ်းလျှောက် ာ မျက်လုံးကို အပူငွေ့တွေ ရိုက်ပါတယ်။ အရမ်းပူခြစ်တောက်

www.burmeseclassic.com



နေတယ်ဆိုတာကိုတော့ သိပါတယ်။ အထူးသဖြင့် ဒီလိုပူတဲ့ရာသီမှာ တားပေါ်မှာ ချွေးထုတ်ခံရတဲ့လူတွေအဖြစ်ကိုသာ စဉ်းစားကြည့်ကြ ပါတော့။ အခုဆို လှည်းတန်းခုံးကျော်တံတားပြီးသွားပေမယ့် ရွှေဂုံတိုင်နဲ့ ဘုရင့်နောင်လမ်းဆုံ ကျန်နေပါသေးတယ်။ အခုတော့ ပြီးပါပြီ။ တံတားဆောက်နေတဲ့အချိန်မှာ ကားပိတ်တာ အရမ်းပါပဲ ရွှေဂုံတိုင်တံတားဆောက်နေတဲ့အချိန်ဆို ကားက တစ်စီးပဲ သွားလို့ ရပါတယ်။ ခြောက်လမ်းသွားဖြစ်ပေမယ့် ယာဉ်တစ်စီးသာ သွား လို့ရပါတယ်။ ဝမ်းသာစရာသတင်းတစ်ခုတော့ ရှိပါတယ်။ မိုးပျံ တံတားတွေ ဆောက်တော့မယ်လို့ ကြားမိပါတယ်။ ဒါဆို ယာဉ် ကြောပိတ်တာ ပိုသက်သာသွားမှာ အသေအချာပါပဲ။ ဒါပေမယ့် စာရေးသူ စိတ်ထင့်နေတာရှိပါတယ်။ အဲဒါကတော့ မိုးပျံတံတား ဆောက်လည်း ကယ်လို့ရချင်မှရမှာပါ။ အကြောင်းကတော့ ရန်ကုန် နေလူဦးရေကြောင့်ပါ။ ရန်ကုန်နေလူဦးရေဟာ လောလောဆယ် ခန့်မှန်းချက်တွေအရ လူဦးရေ ၆ သန်းရှိပါတယ်။ မြို့တွေဆီကို ပြောင်းရွှေ့လာတဲ့လူတွေက တစ်နေ့တစ်ခြား များပြားလာ နေပါ တယ်။ ဒါကြောင့် အခုထက် ပိုများလာဖို့ ရှိပါတယ်။ Down town ခြောက်မြို့နယ်မှာ အဓိကကုန်စည်စီးဆင်းမှုဖြစ်နေတဲ့အတွက်

ကြောင့် မိုးပျံတံတားလည်း ကယ်နိုင်ဖို့မလွယ်ပါဘူး။ တစ်ခုတော့ ရှိပါတယ်။ ဒလဘက်ကို တံတားထိုးဖို့ကိစ္စပါ။ ဒလဘက်ကို တံတားထိုးဖြစ်ရင်တော့ အခြေအနေပြောင်းသွားနိုင်ပါတယ်။ သီလဝါ စီမံကိန်း ပြီးစီးသွားရင်လည်း ပိုမိုရှုပ်ထွေးသွားနိုင်ပါတယ်။ ဒလ တံတားစီမံကိန်းကတော့ လုပ်ဖြစ်ရင် အရမ်းကို အဆင်ပြေသွားမှာ သေချာပါတယ်။ အခု လောလောဆယ်တော့ တံတားသုံးစင်းအမြိုင် ရှိနေပါတယ်။ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနဲ့ ရွှေပြည် သာတံတားတို့ပဲဖြစ်ပါတယ်။ နောက်တံတားတစ်စင်းလည်း ဆောက် နေပြီဖြစ်ပါတယ်။ နောက်တစ်ခုကြားမိတာ ရှိပါသေးတယ်။ ရေကြည်းကုန်း၊ ၈ မိုင်ဝန်းကျင်ကို စီးပွားရေးဇုန်အဖြစ် ပြောင်းလဲဖို့ပါ။ ကောင်းပါတယ်။ နေရာတစ်ခု တည်းမှာ ရှိတာထက်စာရင် ခွဲကျဲနေတာက ကုန်စည်စီးဆင်းမှု ပိုသွက်စေပါတယ်။ ယာဉ် ကြောတွေလည်း ပိုရှင်းသွားမယ်ထင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကိုလည်း အင်တိုက်အားတိုက် လုပ်သင့်ပါတယ်။ ဒါမှလည်း Globalization ဖြစ်စဉ်လို Urbanization များများ ဖြစ်မလာမှာပါ။ နို့မို့ဆို အားလုံး တောရွာမှာ မနေဘူးဆို ပြဿနာပါပဲ။ စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်တဲ့ စာရေးသူ တို့နိုင်ငံ ဒုက္ခအကြီးအကျယ် တွေ့သွားနိုင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ပြည်လုံး တန်းတူညီမျှ တိုးတက်ဖွံ့ဖြိုးရေးတာ တကယ်ပဲ အရေးကြီးပါတယ်။ ဒါမှပဲ တောင်ပေါ်မြေပြန့်စည်းလုံး ညီညွတ်မှုကိုလည်း ပိုမိုခိုင်မြဲစေမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ လှည်းတန်းခုံးကျော်တံတားကြီးကို ကြည့်ရင်းပေါ်လာတဲ့ အတွေး စများပဲ ဖြစ်ပါတယ်။ နေကလည်းပူပူ လူကလည်း အိုက်အိုက် တော်တော်ကို အဆင်မပြေတဲ့ မေလ နေ့လယ်ခင်းလေးပါပဲ။

✧ ✧ ✧



# ညီလေးရေ

ညီလေးရေ။ အစ်ကိုကြီးစာရေးလိုက်ပါတယ်။ ဒီလိုညီလေးရေ။ အစ်ကိုကြီးဒီအပတ်လည်း ရွာကို မပြန်နိုင်သေးဘူးကွာ။ အမေနဲ့ ညီကိုတော့လွမ်းပါတယ်။ ဒီမှာ(ရန်ကုန်)အစ်ကိုကြီး လုပ်စရာလေးတွေ များသွားလို့ပါ။

အစ်ကိုကြီးနေတဲ့ရန်ကုန်မှာ မီးမှာတော့ ခဏခဏပျက်တယ် ကွာ။ အခြားနေရာတွေတော့ ဘယ်လိုနေလဲမသိဘူး။ ဒီစာကိုလည်း ပိုးတောင်တဖျတ်ဖျတ်ခတ်ရင်း ရေးလိုက်ပါတယ်။ မီးပျက်တော့ အလုပ်တွေလည်း မတွင်ကျယ်ဘူးကွာ။ အစ်ကိုကြီးက စာသမား ဆိုတော့ ညဘက်ဆို ဖယောင်းတိုင်လေးထွန်းပြီး စာဖတ်ရတယ်။ ဖယောင်းတိုင်ဆိုလို့ သတိရသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော အစ်ကိုကြီးရွာနယ်တွေ၊ သတင်းစာတွေ တော် တော်ဖတ်ဖြစ်တယ်။ သတင်းတွေကတော့ အစုံပဲဟေ့။ ညီလေး သိစေချင်လို့ အစ်ကိုကြီးမှတ်မိသလောက် ပြောပြမယ်။

လွှတ်တော်ထဲမှာ နိုင်ငံရေးစကားမပြောရတဲ့။ အေးကွာ အစ်ကိုကြီးလည်း အဲဒီသတင်းဖတ်ရတော့ စိတ်ထဲမှာ တစ်မျိုး ရှိချင်သလိုလို၊ ဝိုချင်သလိုလို။ လွှတ်တော်ထဲမှာ နိုင်ငံရေးစကား မပြောရဆိုတော့။ အစ်ကိုကြီးနားမလည်တာက နိုင်ငံရေးနဲ့နိုင် အရေးဆိုတာပါ။ နိုင်ငံအရေးလုပ်တယ်ဆိုတာ စိတ်ဓာတ်မွန်မြတ် တယ်။ နိုင်ငံရေးဆိုတဲ့ စကားလုံးကတော့ ကြားရတာ သိပ်အဆ မပြောဘူး။ မင်းသိတဲ့အတိုင်းပဲလေ။ နိုင်ငံရေးလုပ်ရင် နှစ်မျိုး ရှိတာကိုး။ ထောင်ထဲရောက်ရင်ရောက်၊ မရောက်ရင်နိုင်ငံရေးအသိုင်း အဝိုင်းထဲရောက်ပေါ့။ နှစ်မျိုးစလုံးကတော့ အလုပ်ဖြစ်တာပါ ထောင်ထဲရောက်တော့လည်း အချိန်တန်ပြန်ထွက်တာပေါ့။ ပြီးရင်တော့ နာမည်ကြီးပေါ့ကွာ။ နိုင်ငံရေးအသိုင်းအဝိုင်းထဲရောက်ရင်တော့ ထိ ပေါ့ကွာ။ ခရိုနီနဲ့ပေါင်း။ ပြီးရင် မြိုးမြိုးမြက်မြက်လေး စားသုံး ပေတော့ပေါ့။ ဒါကလည်း ပွင့်လင်းမြင်သာမှုကို ဦးစားပေးလာ တစ်နေ့မှာတော့ အဲဒီကိစ္စတွေ ပျောက်ကွယ်သွားမယ်လို့ အစ်ကို တော့ယုံတယ်ဟေ့။





နောက်တစ်ခုက မီးမလာရင် ဖယောင်းတိုင်ထွန်းပေါ့တဲ့။ တုတ်တော့လည်း ဟုတ်တယ်ကွ။ မီးမလာရင် ဖယောင်းတိုင်ထွန်း မှာပေါ့။ အစ်ကိုကြီးတောင် အခု ဖယောင်းတိုင်ထွန်းပြီး ညဘက် ဖတ်နေတာပဲဟ။ အစ်ကိုကြီးစဉ်းစားလို့မရတာက နိုင်ငံခြားကို ရောင်းတဲ့ဓာတ်အားတွေပါကွာ။ ပြည်တွင်းမှာ မလုံလောက်ဘဲနဲ့ ပြည်ပကို ဘာဖြစ်လို့ ရောင်းတာလဲဆိုတာ အစ်ကိုကြီးတစ်သက်လုံး ဆုံးစားလည်း အဖြေပေါ်မယ့်ကိစ္စမဟုတ်ပါဘူးကွာ။ ဒါနဲ့ ရန်ကုန် တစ်ခုပဲ မီးပျက်တာလား။ ရွာမှာရော မီးလာလားဆိုတာတော့ အစ်ကိုကြီးလည်း သေချာမသိပါဘူးကွာ။ အစ်ကိုကြီးရွာကနေ မြို့ကိုတက်လာတာက ရွာမှာ မီးမလာလို့လေ။ အခုတော့ ရွာမှာ လာချင်လည်းလာမှာပေါ့။ ရန်ကုန်မြို့မှာတော့ မီးပျက်တယ်ဟေ့။ ရွာမှာ မီးလာရင် ညီလေးလည်း အစ်ကိုကြီးကို ပြောဦး။ အစ်ကို ကြီးရွာ ပြန်လာမယ်။ အခုတော့ အစ်ကိုကြီးမြို့မှာပဲ နေပါရစေ။

နောက်တစ်ခုက လယ်သမားကြီးတွေ ထမင်းတစ်နပ်ပဲစားတဲ့။ ထမင်းတစ်နပ်ပဲစားပြီး အကြွေးဆပ်ပေါ့ကွာ။ ဆိုလိုချင်တဲ့သဘော ကတော့၊ ဒီနေရာမှာ အစ်ကိုကြီးစဉ်းစားမိတာတစ်ခုရှိတယ်။ အစ်ကို ကြီးတို့ဟာ တကယ်တော့ လူ့လောကကို ခဏရောက်လာတဲ့ ဧည့်သည်တွေပါ။ ဧည့်သည်ဆိုတာ ဧည့်သည်လိုနေရတယ်။ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တနေ့နေ့မှာ လူတိုင်းနှုတ်ဆက်ကြရမှာ။ ဒီလိုမျိုးအနေ အနေမှာတို့တွေ ဆန်ကုန်မြေလေး မဖြစ်ဖို့လိုတယ်။ တောင် ဦးကြီးတွေဟာ နွားနဲ့ဖက်ပြီး နွားလိုရုန်းကြရတာပါ။ သူတို့တွေ နေ့ခင်းအချိန်ကျမှပဲ တောင်သူဇနီးက ပို့လိုက်တဲ့ ထမင်း သစ်ပင်အောက်မှာ စားသောက်ကြရတာပါ။ အစ်ကိုကြီးတို့ စားနေ ထမင်းဟာ သူတို့စိုက်လို့ရတာပါ။ စပါးမရှိရင် ဆန်မရှိပါဘူး ဩဇာဓာတ်ကို ကျေးဇူးပြုနေတဲ့ တောင်သူဦးကြီးတွေကို ထမင်း တစ်နပ်လျှော့စားပါဆိုတော့ အစ်ကိုကြီးစိတ်ထဲ တစ်မျိုးလေး သွားတယ်။

နောက်တစ်ခုက ဆရာဝန်တွေ စီးပွားရေးမလုပ်နဲ့တဲ့။ အ အစ်ကိုကြီးစဉ်းစားတယ်။ ဆရာဝန်တွေ စီးပွားရေးမလုပ်နဲ့ဆိုတော့ ဘာနဲ့ထမင်းစားမလဲပေါ့။ မိုးပေါ်ကနေ ထမင်းကျလာရင်တော့ တစ်မျိုးပေါ့။ တကယ်တော့ အဲ့ဒီစကားဟာ အစားထိုးသုံးရင် အကျိုးရှိမှာပါ။ နိုင်ငံရေးလုပ်ရင် စီးပွားရေးမလုပ်နဲ့ဆိုပြီး အစားထိုး သင့်တယ်။ မင်းပဲစဉ်းစားကြည့်လေ။ ဆရာဝန်တွေထဲမှာ မြန် နိုင်ငံမှာ အချမ်းသာဆုံးဆိုပြီး စာရင်းထဲမှာ ဆရာဝန်တွေ ပါလို့လာ ဘယ်ပါပါ့မလဲကွာ။ လက်ဖျားမှာ ငွေသီးတာ ဆရာဝန်လို့ ပြော





ကြတယ်။ ဒီမြင်ကွင်းကတော့ လက်ဖျားမှာ ရွှေသီးတာ နိုင်ငံရေး သမားကွ။

နောက်တစ်ခုက ကျွန်တော်တို့ဘာမှ မတတ်မှန်းသိပါပြီ တဲ့ကွာ။ ဒီလည်းဖတ်တုန်းကတော့ တော်တော်ကို နားမလည် ဘူးကွ။ ဘယ့်နှယ့် မတတ်မှန်းသိရင် သင်ပေါ့ကွာ။ အခုတော့ တတ်တာဘဲ လူသိအောင် ကြေငြာသလို ဖြစ်နေပြီ။ ဆိုပါပဲကွာ။ နိုင်ငံရေးသမားဆိုတာ ကြမ်းပိုးကိုလိပ်၊ လိပ်ကိုကြမ်းပိုးဖြစ်အောင် ပြောင်တာပါပဲ။ တစ်ခါတစ်လေတော့လည်း ဒီစဉ်းစားတယ်။ ဒီတို့ ဖြစ်လာတာဟာ ဘာများ အဓိပ္ပါယ်ရှိလဲပေါ့။ ထားပါတော့လေ။

ဒီအခုဆို ကိုရီးယားစာ လေ့လာနေတယ်ကွ။ ကင်ချီတို့ ဂျူးတို့ပဲ ကြားနေရတာလေ။ အခုဆို ကိုရီးယားမင်းသား မင်းသမီးတွေ လမ်းပေါ်မှာ အများကြီးပဲလေ။ သူတို့တွေ ကိုယ်တိုင် ဆိုတော့ ဘယ်ဟုတ်မလဲကွာ။ အဝတ်အစားတူတာကို ပြောတာပါ။ ဒါ့ပါလဲ ကိုရီးယားဆိုတာ ဘာလဲဆိုတာ သိချင်လို့ လေ့လာ တာပါ။ သင်တန်းလည်းတက်တယ်။ မြန်မာစာမှာ ဗျည်း ၃၃ လုံး ရှိတယ်။ ကိုရီးယားမှာတော့ ၁၉ လုံးပဲရှိတယ်။ စာလုံးပေါင်းတဲ့ ဟာ မြန်မာစာလုံးပေါင်းသလိုပဲ၊ သူ့မှာလည်း သရရှိတယ်။ ဗျည်းနဲ့သရပေါင်းရင် စာလုံးဖြစ်တာပါပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက ငါစိတ်ပညာလေ့လာနေတယ်ကွ။ စိတ်ရဲ့ သဘောကို သိချင်လို့ပါကွာ။ ငါအသုံးချစိတ်ပညာ ဘွဲ့လွန်ဒီပလိုမာ တက်နေတယ်ကွ။ အသုံးချချင်တာလည်း ပါတာပေါ့ကွာ။ နောက်ပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်ကိုလည်း လေ့လာဆည်းပူးနေတယ်။ သံသရာလွတ်ကြောင်း တရားကိုသိချင် လို့ပါ။ ဒီလိုပါပဲကွာ။ ဒို့တွေဟာ သံသရာမှာ ခဏတွေ့ကြရတာပါ။ ရခဲလှတဲ့လူ့ဘဝကို ရရှိပြီးမှတော့ ဒီထက်မြင့်မြတ်တဲ့ ဘုံဘဝကို ငါရောက်ချင်တယ်ကွာ။ နို့မို့ဆို လူ့ဘဝရလာတာ ရှုံးနေမှာပေါ့ ငါ မရှုံးချင်ဘူးကွာ။ ဒါမှပဲ ဘဝကို အနှစ်သာရရှိရှိ နေသွားနိုင် မှာပေါ့။ အဘိဓမ္မာဆိုတာ ဟိုတုန်းက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်း တတ်ကြတယ်တဲ့။ အင်္ဂလိပ်တွေ ဒို့တွေကို ကျွန်ပြုပြီး ကျွန်ပညာ ရေးကို အသက်သွင်းခဲ့လို့သာ ကွယ်ပျောက်လုဖြစ်ခဲ့ရတာတဲ့ အခုတော့ အဘိဓမ္မာထွန်းကားပြန့်ပွားရေးကို အထူးဂရုပြုလုပ်ဆောင် နေကြပြီ။ ဒါကြောင့် အနာဂတ်မှာ လူချွန်လူကောင်း၊ လူတော် လူမွန်တွေ ပိုမိုများပြားလာမှာတော့ သေချာတယ်ကွာ။

နောက်တစ်ခုက ငါအင်္ဂလိပ်စာ လေ့လာသင်ကြားနေတယ် အခုဆို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ရောက်လာ တော့မှာလေ။ အဲဒီအခါ ဒို့တွေ အင်္ဂလိပ်စာကို ကောင်းကောင်း





မတတ်ရင် မလွယ်ဘူးကွာ။ နောင်ဆို ငါတို့အလုပ်ရဖို့တောင် လွယ်မှာမဟုတ်ဘူး။ ဒီအကြောင်းတွေကြောင့် ငါအင်္ဂလိပ်စာကို အချိန်ရတိုင်း လေ့လာနေတယ်။

ငါလည်း စာထဲမှာ ငါ့အကြောင်းတွေ ရေးသလိုဖြစ်နေတယ်။ တကယ်တော့လည်း ညီလေးတို့လို ရွာမှာနေတဲ့ ညီငယ်တွေအတွက် အကြားအမြင် များအောင်စုံအောင် အစ်ကိုကြီးက ဇာတ်စုံခင်းပြတဲ့ သဘောပါ။ အစ်ကိုကြီးက မြို့မှာနေတော့ သတင်းစုံတယ်လေ။

BURMESE CLASSIC .com

နောက်သတင်းတစ်ခုပြောချင်သေးတယ်ကွ။ ဒီလိုကွ။ ၂၀၁၅မှာ ပြည်သူ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်သင့် မဖြစ်သင့်ဆိုတာပါ။ ဆွေးနွေးတဲ့အသံတွေကတော့ ဆူညံနေတာ ပါပဲကွာ။ အဲဒါကိုကြားတော့ ငါက တရားတော်နဲ့သွားပြီး ယှဉ်မိ တယ်။ ဒီလိုပါ။ မြတ်စွာဘုရားဟောကြားခဲ့တာက မိမိကိုယ်သာ တိုးကွယ်ရာတဲ့။ ဒါပေမယ့် အခုတော့ ခေါင်းဆောင်ကောင်း တော်မှတ် နေတဲ့ ပြည်သူဟာ ခေါင်းဆောင်ကောင်းကို လိုလားတောင့်တ နေကြတာပါ။ ငါပြန်တွေးကြည့်လိုက်တော့လည်း ဟုတ်တယ်ကွ။ ခေတ်အဆက်ဆက်မှာ ပြည်သူတွေဟာ ပြည်သူ့တာဝန်ကို ကျေပွန် ခဲ့ကြတယ်၊ ငါတို့တွေ ခေါင်းဆောင်ကောင်းကို မရခဲ့ဘူး။ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ငတ်ခဲ့ရတယ်။ တကယ်တော့လည်း ဒီကိစ္စဟာ ၂၀ ...
ကျရင် သိမှာပေါ့လေ။ ဘယ်သူတွေ ဘာဖြစ်လာမလဲဆိုတာ။ ...
ဒီမှာ ငါတွေးမိတာတစ်ခုရှိတယ်။ ငါတို့တွေဟာ လိုချင်တာ ...
သိတယ်။ ကိုယ်ဘာပေးလိုက်ရင် ကောင်းမလဲဆိုတာ မတွေး ...
ကြဘူး။ ငါကတော့ ရှင်းတယ်။ ကိုယ်ပေးသင့်တာတွေ အကုန် ...
ပေးလိုက်မယ်။ ပြန်ရတာ မရတာကတော့ ကံပဲပေါ့။ ငါတို့ ...
တိုင်းပြည်ကို ချစ်ခင်တဲ့စိတ်နဲ့ အရာရာကို အကောင်းဆုံး လုပ် ...
မယ်ဆို နို့တွေတိုင်းပြည်တိုးတက်ဖို့ မျှော်လင့်လို့ရတယ်။ တစ်ပိုး ...
ကောင်းရင် တိုင်းပြည်ကောင်းမှာပေါ့။ နို့တွေ တကယ် ...
ခေါင်းဆောင် မလိုပါဘူး။ ခေါင်းဆောင်ဆိုတာ မမြင်၊ မကြား ...
မတွေ့ရလေကောင်းလေပါပဲ။ ဆိုလိုတာက တိုင်းပြည်တစ်ပြည် ...
ခေါင်းဆောင် ရှိလို့ရှိမှန်း မသိတာကမှ တိုင်းပြည်တိုးတက် ...
နိုင်တယ်ပါ။ မင်းစဉ်းစားကြည့်လေ။ ၂၀၀၈ မတိုင်ခင်က မင်းအိုဘား ...
ဆိုတာ ကြားတောင်ကြားဖူးလို့လား။ ခေါင်းဆောင်ဆိုတာ ဒီလို ...
ရှိလို့ရှိမှန်း မသိရတာကိုက ခေါင်းဆောင်ကောင်း။ အစိုးရရှိ ...
မသိရလောက်အောင် ဖြစ်နေမှ အစိုးရကောင်းပါ။

တကယ်တော့ ရှေ့မှာ ငါပြောခဲ့သလိုပါပဲ။ ငါတို့တွေ ...
ကမ္ဘာမြေကို ခဏရောက်တဲ့ဧည့်သည်တွေပါ။ တစ်ချိန်မှာ (မ ...





... ခုနှစ်တောင် ဖြစ်နိုင်တယ်)နို့တွေ ဒီကမ္ဘာကို အပြီးတိုင် ခွဲခွာကြရမှာ။
... ဒီလိုမမြဲတဲ့ အနိစ္စတရားကို နို့တွေမြင်ဖို့ကောင်းတယ်။ ဂုဏ်တွေ၊
... ဒွဲ့တွေ၊ ရာထူးတွေဆိုတာ ဘဝတစ်ခုစာအတွက်ပဲ အသုံးဝင်တာပါ။
... သံသရာမှာတော့ ဘာဆိုဘာမှ မဟုတ်ပါဘူး။ ဒါကိုပဲ ငါတို့က
... ငါ့နေရာ၊ ငါ့ထိုင်ခုံ၊ ငါ့အိမ်၊ ငါ့မိသားစုဆိုပြီး ငါတကောကော
... နေတာပါ။ မင်းအခု သေပြီးတဲ့လူတွေသာ ပြန်ခေါ်ပြီးမေးခွင့်ရရင်
... မေးလိုက်ပါဦး။ ဒီရာထူးတွေ၊ ဂုဏ်တွေ၊ စည်းစိမ်တွေ အခုကော
... နေသေးလားဆိုတာကို။ သေပြီးရင် အားလုံးလက်လွှတ်ခဲ့ရမှာပါ။
... ။ သီလ၊ ဘာဝနာဆိုတဲ့ အထုပ်သုံးထုပ်ပဲ ယူသွားခွင့်ရှိတာ။

နောက်တစ်ခုကတော့ အခုတလော်ဖြစ်နေတဲ့ ပဋိပက္ခတွေ
... ကြောင်းပါ။ ငါလေ။ ဒီပဋိပက္ခတွေ ကြားတိုင်းစိတ်မကောင်း
... မိတယ်။ 'လူလူချင်း သတ်ဖြတ်တာ ဘာများအကျိုးရှိလဲလို့
... စဉ်းစားမိတယ်။ အခုဆို မင်းလည်းကြားမှာပေါ့။ မဟာစင်
... တိုင်းကုန်းတွင်းကို ဝင်သွားပြီ။ သဘာဝဘေးတွေကြောင့် ဒီလောက်
... နေရတဲ့ကြားထဲ ဘာဖြစ်လို့များ ပဋိပက္ခကို ချဲ့ထွင်ချင်ကြတာ
... လို့ ငါစဉ်းစားမိတယ်။

ခုဆို ကမ္ဘာကြီးက အရင်ကထက် ပိုပူလာပြီလေ။ အခုနေ့
... ခင်တာနွေတောင် တူလို့လား။ သဘာဝကို ဒီလောက်ဖြောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အချိန် ဒီလူတွေက တမျှော်၊ စိတ်လေပါတယ်။ လူ့ဘ
လူဆိုတာ အသက် ၂၀၀ ထိ နေရမှာမှ မဟုတ်တာ။ အသ
၈၀–၉၀ ပြည့်အောင်တောင် မနည်းကြိုးစားနေကြရတာ။ အဲ့ဒ
ဘာတွေဘယ်လိုဖြစ်မှန်းကို မသိတာ။ အတင်းအဓမ္မရာထူး
ဂုဏ်ဖြပ်တွေ၊ နေရာတွေ၊ ထိုင်ခုံတွေကို မရမကလုနေကြတ

လူဆိုတာ ဘဝင်စိတ်အမြဲလွှမ်းတယ်။ ပဋိသန္ဓေစိတ်
တာနဲ့ နောက်ပိုင်းကို ဘဝင်စိတ်လို့ပဲ ခေါ်တော့တယ်။ အခု
ဒီဘဝင်စိတ်နေရာကို လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်
ဝင်ရောက်နေရာယူကြတယ်။ စိတ်၊ စေတသိက်တွေအကြောင်း
ငါဒီထက် လေ့လာရဦးမယ်။

ကဲညီလေးရေ၊ စာလည်းရှည်သွားပြီ။ အမေနဲ့ရွာကို
ရကြောင်း ပြောပေးပါကွာ။ အစ်ကိုကြီးတော့ ဒီအပတ်
ရွာကို မပြန်နိုင်သေးဘူး။ လုပ်စရာလေးတွေလုပ်ပြီးရင်
ရွာပြန်လာနိုင်ကောင်းပါရဲ့။

အညာမြေရဲ့ စိမ်းစိုကျယ်ပြောတဲ့ လယ်ကွင်းပြင်တွေ၊ 
သစ်ပင်ရိပ်တွေ၊ အေးချမ်းတဲ့ပတ်ဝန်းကျင်တွေကို ငါသတိရပါ
ကားလမ်းတွေ မရှိလို့ ကားသံမကြားရတဲ့ အမေ့အိမ်ကို





တိရပါတယ်။ လေကောင်းလေသန့် ရှူရှိုက်လို့ရတဲ့ တောင်ကုန်း
တိုလည်း ငါသတိရပါတယ်။ ရထားသံတွေမရှိ၊ လေယာဉ်ပျံ
တွေမရှိတဲ့ အမေ့အိမ်ကို ငါပြန်လာပါဦးမယ်။ ညီလေးရေ၊
နဲ့ပြန်တာကို ငါမျှော်နေမယ်။ မင်းတို့ရဲ့အစ်ကိုကြီး။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အိပ်ပျော်နေသော မြန်မာပြည်

ဟုတ်ကဲ့၊ မြန်မာပြည်ကြီး အိပ်ပျော်နေပါတယ်။ တိတိကျကျ
ပြောရမယ်ဆိုရင် ၁၉၆၂ ခုနှစ်ကတည်းက အိပ်ပျော်နေတာ ဖြ
ပါတယ်။ အခုအိပ်ပျော်နေတာ နှစ် ၆၀ ကျော်ကြာခဲ့ပြီဖြစ်ပါတယ်
မနိုးသော အိပ်စက်ခြင်းမဖြစ်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်

အခုတလော သတင်းသဲ့သဲ့ ကြားမိပါတယ်။ ယာဉ်ကြော
ပိတ်ဆို့မှုကို ဖြေရှင်းဖို့ ကရိန်းကားတွေ အသုံးပြုမယ်ဆိုတာကို
တကယ်တော့ လမ်းဝဲယာမှာ ရပ်ထားတဲ့ စည်းကမ်းမဲ့ကားတွေ
စည်းကမ်းသိအောင် လုပ်ပေးသင့်တာ ကြာခဲ့ပါပြီ။ အခုတော့
တကယ်လုပ်တော့မယ်ထင်ပါတယ်။





ကျွန်တော်တို့တွေ စီးတဲ့ လိုင်းကားကနေ စပြောကြည့်ရ
အောင်ပါ။ ပြတင်းပေါက်(ကားဘေးမှန်ပေါက်)မှာ မှန်မရှိပါဘူး။
တွင်းလိုမျိုးမှာ သိသာပါတယ်။ အဲဒီမှန်မရှိတဲ့အပေါက်နားက
ဘယ်သူမှ မထိုင်ပါဘူး။ မှန်မရှိသော ကျွန်တော်တို့တွေပါ။

ကားပေါ်မှာ အင်ဂျင်နီယာသင်တန်းတက်လို့ရပါတယ်။ အထူး
၄၈ မိနီဘတ်စ်ကားပေါ်မှာပါ။ ကားခေါင်းခန်းက ဒရိုင်ဘာ
တဲ့ခုံပေါ်မှာ ဝါယာကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ကားခေါင်း
က စက်တွေကို အဖုံးမပါဘဲ အထင်သားမြင်တွေ့နိုင်ပါတယ်။
လိုက်တာ၊ လက်ကျစ်တာ ဖြစ်ဖူးချင်တယ်ဆိုသွားပြီး စမ်းကြည့်
ရပါတယ်။ အဖုံးမရှိသော ကျွန်တော်တို့တွေပါ။

ကားပေါ်မှာ သုံးယောက်ထိုင်ခုံတွေ အများအပြားရှိပါတယ်။
ကယ်ကျတော့ လူခပ်ဝဝနှစ်ယောက်ထိုင်ရင်တောင် ထိုင်ခုံက
ချင်ပါဘူး။ ဒါတင်ပြီးသွားတာ မဟုတ်ပါဘူး။ ဟိုဘက်ဘေးမှာ
နှစ်ယောက်ထိုင်ခုံ ရှိပါသေးတယ်။ ဆိုတော့ကာ အလယ်က
လျှောက်လမ်းက လူတစ်ကိုယ်စာပဲရှိတယ်။ ဒါပေမယ့် ကိုယ်ရွေ့
ယာကတော့ နှစ်ယောက်တင်ချင်းကပ်ရအောင် စီပါတယ်။
ယောက်ထိုင်ခုံမှာ နှစ်ယောက်ပဲ အပြည့်အဝထိုင်ပြီး အရှေ့က



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ ဖင်တစ်ခြမ်းလေထဲမှာ ထိုင်ပါတယ်။ ဖင်တစ်ခြမ်း လေထဲမှာထိုင်တဲ့ ကျွန်တော်တို့တွေပါ။

ကားပေါ်မှာ လူကျပ်ပါတယ်။ ဒါဟာ မဆန်းပါဘူး။ ထူးဆန်းတာက ကားက ဘယ်လောက်လူတင်တင် ဆံ့တာပါ။ အိုဘားမား ကြီးသာ မြန်မာပြည်က လိုင်းကားကြီးကို စီးဖူးရင် ပြောမှာ သေချာပါတယ်။ မောင်ရင်တို့မြန်မာတွေ တယ်တော်ပါလား၊ လူ ၃၀ ဆံ့တဲ့ ဘတ်စ်ကားကို လူ ၈၀ ရအောင်စီးတယ်။ ကွန်ဂရက် ကျူးလေးရှင်းလို့ပြောမှာ သေချာပါတယ်။ အံ့သြဖွယ်ကောင်းတဲ့ ကျွန်တော်တို့တွေပါ။

လိုင်းကားစီးပြီဆိုရင် တမေ့တမောပဲဖြစ်ပါတယ်။ ဘယ်အချိန် ကိုယ်သွားချင်တဲ့နေရာ ရောက်မလဲဆိုတာ မသိနိုင်ပါဘူး။ ကားပေါ် မှာတင် ဆောင်းပါးတစ်ပုဒ်လောက် ရေးလို့ပြီးပါတယ်။ A4 ၅ မျက်နှာ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်လိုင်းကားပေါ်မှာ ရေးဖူးပါတယ်။ တစ်ပုဒ်ပြီးပါတယ်။ ကျွန်တော်တို့တစ်တွေ စာရေးရာချင်ရင် လိုင်းကား ပေါ်မှာ တွေ့နိုင်ပါတယ်။ သည်းခံခြင်း ခန္တီအကျင့်နဲ့လည်း ပြည့်စုံ လှတဲ့ တိုင်းသူပြည်သားတွေ ဖြစ်ပါတယ်။ သည်းခံတတ်တဲ့ ကျွန်တော်တို့တွေပါ။





လိုင်းကားပေါ်မှာ ကျွန်တော်တို့တွေဟာ ကိုရွှေစပယ်ယာရဲ့ အာဏာအတိုင်း လိုက်လုပ်ရပါတယ်။ ကိုကိုက ကျွန်တော် တို့ ကားပေါ်တက်လာတာနဲ့ ပါဝါပြပါတယ်။ ညီအစ်ကိုတို့၊ ဆစ်ကို တိုးနောက်ဆုံးရောက်အောင်တိုးဆိုပြီး တွန်းထုတ်တာပါ။ တလေးတွေများ တက်လာပြီ သူပါလိုက်သွားတော့တာပါပဲ။ ရိုင်းလှတဲ့ စပယ်ယာပါပဲ။ မြန်အဆင်းမှာလည်း သူက ဟောက် ပါသေးတယ်။ မှတ်တိုင်မရောက်သေးဘဲ မထနဲ့နော်တဲ့။ (ရှိ)ရတယ်။ အမိန့်နာခံတတ်တဲ့ ကျွန်တော်တို့တွေပါ။

လိုင်းကားပေါ်မှာ ကျွန်တော်တို့အလွန်ယဉ်ကျေးကြပါတယ်။ ယာအော်လည်း ဘာမှ ပြန်မပြောပါဘူး။ ခေါင်းငိုက် စိုက်နဲ့ ယာပြောတဲ့အတိုင်း လုပ်ကြရတာပါမှဲ့။ စပယ်ယာ ကျွေး တဲ့ ထမင်းကိုစားနေရတာဆိုတော့ ဘာမှ ပြန်မပြောရဲပါဘူး။ ယာတိုးဆို တိုးရပါတယ်။ စပယ်ယာဆင်းဆို ဆင်းရပါတယ်။ ွန်ယဉ်ကျေးကြတဲ့ ကျွန်တော်တို့တွေပါ။

ဒီတစ်ခါတော့ လမ်းလျှောက်ကြရအောင်ပါ။ ကားပေါ်က ပြီး လမ်းလျှောက်ကြရအောင်ပါ။ လူသွားတန်းလမ်းမပေါ်မှာပေါ့။ တာက လမ်းလျှောက်လို့ မရပါဘူး။ လမ်းစိတ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးဈေးသည်တွေနဲ့ ဖိတ်နေပါတယ်။ သူတို့လည်း ဝမ်းရေး အတွက် ရှာဖွေစားသောက်ကြရတာ ဖြစ်ပါတယ်။ သူတို့တစ်တွေ အတွက် အထူးနေရာတစ်နေရာ စီစဉ်သင့်ပါတယ်။ ညဆိုလည်း ညဈေးပေါ့။ မနက်ဆိုလည်း မနက်ဈေးပေါ့။ လမ်းဘေးရောင်း တာတာ အဓိကကတော့ စားစရာပါပဲ။ စားစရာဆိုတာလည်း ညဘက်ဆိုရင် ပိုရောင်းရတတ်ပါတယ်။ ဒါကြောင့် ညဈေးတစ်ဈေး လောက်တော့ အပြင်းအထန်လိုအပ်နေတာပါပဲ။ လှည်းတန်းလမ်းမလို နေရာမျိုးမှာ စည်ကားတာကိုဘာမှ ပြောစရာရှိပေမယ့် စည်းကမ်း တကျလေး စည်ကားရင် ပိုကောင်းမယ်လို့ထင်မြင်မိပါတယ်။ အခုတော့ လူလမ်းလျှောက်လို့မရလောက်အောင် ရှုပ်နေတာတော့ မကောင်းဘူးပေါ့။

နောက်ထပ်လမ်းလျှောက်ကြည့်လိုက်တော့ ဖိနပ်ပြတ်တဲ့သူနဲ့ တွေ့ပါလေရော၊ ဖိနပ်ပြတ်မယ်၊ လမ်းစရိတ်တောင်းမယ်၊ လမ်းမှာ ခါးပိုက်နှိုက်ခံရလို့ ဘာမှမကျန်တော့ဘူး။ စသဖြင့် ရန်ကုန်မြို့ကြီးမှာ လိမ်နည်းပေါင်းစုံရှိပါတယ်။ ရေလည်ကို လိမ်တာပါ။ လိမ်တာဟာ ဖြစ်မှုတစ်ခုပါ။ ဒါပေမယ့် အားနာတတ်တဲ့သူတွေအတွက်တော့ ကိုယ့်အိတ်ထဲကငွေ အပြင်ကို ခုန်ပေါက်ပြီး ထွက်သွားတာပါပဲ။ အလွန်ပင် အားနာတတ်တဲ့ ကျွန်တော်တို့တွေပါ။





နောက်တစ်ခုပေါ့နော်။ မီးပွိုင့်တွေမှာ ကျပ်နှစ်ရာတန်ခေါက်လေး ကို ပစ်ချတဲ့ကိစ္စပါ။ လိုင်းကားပေါ်ကနေ စပယ်ယာက ပစ်ချ ပါ။ ကောက်တဲ့သူကလည်း သားသားနားနားပါပဲ။ ဝတ်ထားတဲ့ က Scholl ဖိနပ်နှစ်သောင်းခွဲတန်ပါ။ ဝင်ငွေတွေကောင်းတာ လေ။ မီးပွိုင့်က ရဲရဲကြီးကတော့ မကောက်ပါဘူး။ မိန်းမ ပေးလိုက်တဲ့ ဝတ်စုံဖြူဖြူလေး ဖုန်တက်မှာစိုးလို့ပါ။ သူတို့ ငွေလည်း တစ်နေ့တစ်နေ့ မနည်းပါဘူး။ တစ်ရက်တစ်ရက်ကို ၂၀၀ တန် အစီး ၁၀၀ နဲ့ တွေ့ရင်ပေါ့။ တကယ်တော့ မှာ တစ်နေ့ကား(လိုင်းကား)အစီးရေ ၅၀၀ လောက်တော့ လေးဖြတ်ပါတယ်။ အားနာရုံတင်မက အပေးအကမ်းလည်း ရောတဲ့ ကျွန်တော်တို့တွေပါ။

အဲအခုတော့ ကလေးတစ်ပက်နဲ့ ဆင်းရဲရှာတဲ့ သူဆင်းရဲမနဲ့ ပါပြီ။ သူကတော့ ဝင်ငွေကြမ်းပါတယ်။ သူပိုက်ထားတဲ့ လေးကလည်း ချေးကြီးပါတယ်။ ကလေးက သူ့ကလေးမဟုတ် ။ သူများကလေးပါ၊ လသားအရွယ်ကလေးလေးပါ။ တစ်ရက်ကို ခ ကျပ် ၃၀၀၀ ပေးရပါတယ်။ ကလေးပိုင်ရှင်ကို ပေးရ ။ ကလေးကို ဘာမိတွန်ဆေးတွေ ချေပြီး တိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကလေးက ငိုတောင် မငိုပါဘူး။ ဘယ်ငိုမလဲ၊ ကလေးက မှိန်းနေတာကိုး၊ ကလေးက နို့လည်းမစို့ပါဘူး။ ဘယ်စို့မလဲ ကလေးက အိပ်နေတာကိုး။ ဒီလိုပါပဲ၊ ရန်ကုန်မြို့မှာ ဥစ္စာစီးပွား ရှာဖွေရတာ အင်မတန်မှ လွယ်ပါတယ်။ ပက်ပက်စက်စက် လိုက် တာကို ပက်ပက်စက်စက် ယုံတတ်တဲ့ ကျွန်တော်တို့တွေပါ။

ဒီတစ်ခါတော့ မှတ်တိုင်နားမှာ ယောင်ပေပေလေးလုပ်ကြည့် ရအောင်ပါ။ တွေ့ပါပြီ။ သူပါပဲ၊ လက်မှာတော့ လက်ပတ်နာရီလေး ပတ်ထားပါတယ်။ စာအုပ်လေးတစ်အုပ် ကိုင်ထားပါတယ်။ ဘောပင် တစ်ချောင်းကိုင်ထားပါတယ်။ သူက ကားတစ်စီးလာတိုင်း ရှေ့ကား ဘယ်နှမိနစ်ရှိသွားပြီဆိုတာ ဒရိုင်ဘာကို သွားပြောတဲ့သူပါ။ သူ့ကို စပယ်ယာက ကျပ် ၂၀၀ တန် တစ်ရွက်ပေးပါတယ်။ အဲဒီ ကျပ် ၂၀၀ တန်က ခရီးသည်ပိုက်ဆံပါ။ ပြီးရင်တော့ ဒရိုင်ဘာ ဘာလုပ်သလဲ၊ ရှေ့ကားဝေးရင် နောက်ကားစောင့်ပါတယ်။ ရှေ့ကား ဝေးတော့ ခရီးသည်ကို စောင့်တဲ့သဘောပါ။ ရှေ့ကားနီးရင် နောက် ကားစောင့်ပါတယ်။ ရှေ့ကားကနီးတော့ သူမလိုက်တော့လို့ပါပဲ။ ဒါဆိုဘာဖြစ်လို့များ ရှေ့ကားဘယ်လောက်ဝေးလဲ မေးနေသလဲ ဆိုတာ စဉ်းစားလို့ မရပါဘူး။ အဲဒီလိုလေးတွေ ရှိပါတယ်။ အဲ





လက်ပတ်နာရီနဲ့ ပုဂ္ဂိုလ်ရဲ့ဝင်ငွေဟာလည်း ကောင်းလှပါတယ်။ အယောက်ကမများစွာနဲ့ ကျွန်တော်တို့တွေပါ။

တကယ်တော့ ရန်ကုန်မြို့ကြီးမှာ အလုပ်အကိုင် မရှားပါဘူး။ ကလေးတစ်ယောက်ရှိရင် ငွေတောင်းလို့ရပါတယ်။ လက်ပတ်နာရီ တစ်လုံးရှိရင် ငွေတောင်းလို့ရပါတယ်။ မီးပွိုင့်က ရဲရဲကြီးမိုင်းတာ ထုပ်ပေးရင် ငွေရပါတယ်။ ဖိနပ်ပြွတ်ရင် ငွေတောင်းလို့ရပါတယ်။ ငွေရနိုင်တဲ့အခြေအနေတွေဟာ အများကြီးပါပဲ၊ ဒါကြောင့်လည်း သတင်းစာမှာ အမြဲပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ဆီသို့ပါ။ သတင်းစာဖတ်တိုင်းလည်း အံ့ဩမိပါတယ်။ အဂတိ လိုက်စားမှု ကင်းစင်ရမည်တဲ့။ ဆိုလိုတာက အရင်က အဂတိ လိုက်စားတာပေါ့နော်၊ နောက်ရှိပါသေးတယ်။ သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ရမယ်တဲ့။ အရင်က ဘယ်လို အစိုးရဖြစ်ခဲ့လည်းတော့ မသိတော့ပါဘူး။ အရင်ကတော့ တစ်မျိုး ပေါ့လေ၊ အခုကတော့ တစ်မျိုးပေါ့လေ။ ခုတစ်မျိုး တော်ကြာ တစ်မျိုးဆိုတဲ့ ဥပဒေနှစ်ခုပဲရှိတယ်လို့ ကြားဖူးပါတယ်။ ဟုတ်တော့ လည်း ဟုတ်ပါတယ်လေ၊ ဥပဒေဆိုတာ နှစ်မျိုးပဲရှိသင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းပွနေရင် ဘယ်ကောင်းပါ့မလဲ၊ ခုတစ်မျိုးတော်ကြာတစ်မျိုး ဆိုတဲ့ ဥပဒေနှစ်မျိုးတည်းကသာ အကောင်းဆုံးလို့ ဆိုလိုက်ချ ပါတယ်။ ဥပဒေထုတ်ပြန်ရာမှာ ရှင်းလင်းပြတ်သားတဲ့ ကျွန်တော် တို့တွေပါ။

အခုတလောလည်း ကြားမိပါသေးတယ်။ ဟားခုနှစ်သ ကားဂိတ်ကို ခုနှစ်ပေါက်ပြီးရပ်မယ်တဲ့။ မြို့တွင်းမှာ ဖြစ်ပါတယ် တကယ်တော့ ဒီလိုခုနှစ်ပေါက်ပြီး ရပ်မယ်ကြံခဲ့တာ ကြာခဲ့ပါ နောက်ဆုံးကျတော့လည်း မှတ်တိုင်တိုင်းရပ်သွားတာပါပဲ။ ကျ ၂၀၀ အထူးကား ပေါ်ခါစမှာတုန်းက ဒီလိုပဲ ခုနှစ်ပြီးရပ်ခဲ့ဖူးပါတယ် နောက်ဆုံးတော့လည်း အထူးကားဆိုတာ ဘာသာနဲ့ထုတာမှတ် ဒုံရင်းက ဒုံရင်းပါပဲ။ မရောင်ရာဆီလူးခဲ့တဲ့ ကျွန်တော်တို့တွေ

အထူးကားဆိုတာ ဟိုတုန်းကတော့ တကယ့်ကို ထူးခဲ့တာ ကားက Aircon နဲ့ပါ။ အေးနေတာပါပဲ။ Aircon မတတ်နိုင် ကားစီးရမလိုပါပဲ။ ပြတင်းပေါက်တွေက အလုံပိတ်ထားပါတယ် အဲဒီရဲ့ အကျိုးဆက်က ခုထိပါလာပါတယ်။ Aircon က မအေး တော့ပါဘူး။ ကားပေါ်မှာလည်း အခုဆိုရင် Aircon မရှိတော့ပါဘူး ပြတင်းပေါက်ကတော့ ပိတ်လျက်သားကျန်ခဲ့ပါတယ်။ ချွေးထုတ်ခ





ထဲ ရောက်ရသလိုပါပဲ။ ဒီလို ချွေးထုတ်နိုင်ပါတယ်။ ကားစီးရင်း ချွေးထုတ်တတ်တဲ့ ကျွန်တော်တို့တွေပါ။

အထူးကားဆိုတာ ဟိုတုန်းက ထိုင်ခုံပြည့်ပဲ လူတင်ပါတယ်။ မတ်တတ်ခရီးသည် မတင်ပါဘူး။ မှတ်မိပါသေးတယ်။ အရင်က အထူးကားစီးချင်ရင် ကားကရပ်မပေးပါဘူး။ သူ့ကားပေါ်မှာ ထိုင်ခုံ ပြည့်နေလို့ မတ်တတ်ခရီးသည် အတက်မခံတော့တာပါ။ အဲဒီ တုန်းက ကားပေါ်မှာ ပါသွားတဲ့ခရီးသည်တွေကိုကြည့်ပြီး အားကျ ပါတယ်။ မနာလိုလည်း ဖြစ်မိပါတယ်။ အော်၊ ငါမှ ကံဆိုးလိုက်လေ ခြင်းဆိုပြီး ဝမ်းနည်းမိပါတယ်။ ကားဂိတ်မှာ နောက်ကားတစ်စီးကို ဝမ်းနည်းပက်လက်နဲ့ စောင့်ရပါတယ်။ နောက်ကားကလည်း ရပ်တဲ့အခါ ပဋ္ဌာစာရီဖြစ်ရပါတော့တယ်။ လူကောင်ကြီးအကြီးကြီး ကားဂိတ်မှာ မကြီးမငယ်နဲ့ ပဋ္ဌာစာရီလို မြေမလူးပေမယ့် ဆောက် တည်ရာမရ ဖြစ်ခဲ့ဖူးပါတယ်။ ရှူးသွပ်ခဲ့တဲ့ ကျွန်တော်တို့တွေပါ။

ခုများတော့ ဘယ်လိုလုပ်မလဲ၊ အထူးကားတွေများ လူတင် လိုက်သမှ ကျပ် ၅၀ တန်ကားကတောင် ဆဲဆို ကြိမ်းမောင်းတဲ့ အထိပါပဲ။ သူကကားလမ်းကို ခွပိတ်ပြီး ရပ်တယ်။ ပြီးတော့ ခရီးသည်တွေကို အကုန်မသွားတော့ နောက်က ကျပ် ၅၀



www.burmeseclassic.com

www.burmeseclassic.com



တန်လိုင်းကား ဒရိုင်ဘာနဲ့ စပယ်ယာက မိုးမွန်အောင် ဆဲဆို
ကျန်ခဲ့ပါတော့တယ်။ ဆဲမယ်ဆိုရင်လည်း ဆဲလောက်တယ်။ သူတို့
ကျပ် ၅၀ တန်ကားလေ၊ ၄ ယောက်တက်မှ အထူးကား
တစ်ယောက်စာပဲရတာလေ၊ ရှေ့ကားက ခန့်ခန့်ကြီး လူတင်သွ
တော့ သူတို့က ဟောင်းလောင်းကြီးကျန်ခဲ့တာပေါ့။ ခွာရပ်မှကြိုတ
ကျွန်တော်တို့တွေပါ။

အထူးကားတွေ မထူးခဲ့တာ ကြာခဲ့ပါပြီ။ ဒါနဲ့များ အ
တလော အထူးဆိုတဲ့ စာလုံးကို အကြီးကြီး ရေးပြထား
အထူးကားတွေ တွေ့မိပါတယ်။ အဲဒီအထူးဆိုတဲ့ စာလုံးနေရာ
အထူးကျပ်တဲ့ကားဆိုပြီး ပြင်ရေးရင် ပိုကောင်းမယ်ထင်ပါတ
ဒါဆိုရင် အမှန် တရားနဲ့လည်း ပိုမိုနီးစပ်သွားပါတယ်။

နောက်အထူးကားနဲ့ ပတ်သက်ရင် ရှိပါသေးတယ်။ စပယ်
တွေပါ။ စပယ်ယာတွေက အထူးမိုက်ရိုင်းတာပါ။ ခရီးသည်တွေ
မတ်တတ်ရပ် တစ်ရုံးမကပါဘူး။ သူကအထဲကိုပါ တွန်းထည့်တာ
ပြီးရင် သူကပဲ ကြိမ်းမောင်းလိုက်ပါသေးတယ်။ အထူးဆိုတဲ့နေရာ
အထူးမိုက်ရိုင်းသောကားလို့ ပြင်ရေးရမှာပါ။

ဟုတ်ပါတယ်။ ကျွန်တော်တို့တွေ အိပ်ပျော်နေကြပါတ





ဘု့အခွင့်အရေးဆိုတာ နားမလည်နိုင်လောက်အောင် အိပ်ပျော်
နေကြတာပါ။ တစ်တိုင်းလုံးတစ်ပြည်လုံး အိပ်ပျော်နေကြတာပါ။
မြန်နိုးအောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ တိုးတက်နေတဲ့ မြန်မာ
ပြည်ကိုသာ တွေ့မြင်လိုပါတယ်။ အိပ်ပျော်နေတဲ့ မြန်မာပြည်ကိုတော့
တွေ့မမြင် မကြားလိုတော့ပါဘူး။ နိုးထကြပါတော့ဗျာ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးဘာလဲ…ဘယ်လဲ

ဆယ်တန်းအောင်စာရင်းထွက်ခဲ့ပါပြီ။ အောင်တဲ့သူလည်းအောင် ရှုံးတဲ့သူလည်း ရှုံးပေါ့။ ဆယ်တန်းအောင်ပြီဆိုတော့ သမားရိုးကျ စဉ်းစားတာကတော့ အဝေးသင်တက်မယ်၊ အဝေးသင်တက်ရင်းနဲ့ အလုပ်လုပ်မယ်။ မရှိမရှား ကျောင်းသားမိဘတွေကတော့ သား သမီးကို Day ကျောင်းထားမယ်။ ဘွဲ့တစ်ခုရအောင် သင်ပေးမယ်။ ဂုဏ်ထူးထွက်တဲ့ ထူးချွန်တဲ့ကျောင်းသား၊ ကျောင်းသူများအနေနဲ့ လည်း မိဘတတ်နိုင်ရင် တတ်နိုင်သလောက် ကျောင်းတက်နိုင်ပါတယ်။ ဆေးတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်စသဖြင့်ပေါ့လေ။

မိတ်ဆွေစာပေ



တက္ကသိုလ်ပြီးရင်ရော ပြီးသွားပြီလား။ ကျွန်တော့်အမြင်အရ တော့ မပြီးသေးပါဘူး။ ဘွဲ့ရပြီးမှ စာလေ့လာတာကစတာလို့ ယူဆပါတယ်။ ဘွဲ့ရပြီးတာနဲ့ စာတွေကို ကျောင်းကို ပြန်ပေး လိုက်တာဟာ မိုက်မဲရာကျပါတယ်။ တကယ်တော့ အခုခေတ် မှာတော့ တစ်သက်တာ ပညာရေးလို့ သုံးနှုန်းပါတယ်။ ဘဝ တစ်သက်တာ ပညာရှာနေရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သိပ္ပံ ပညာရှင်တွေ တွေ့ရှိထားတာ တစ်ခုရှိပါတယ်။

လူဆိုတာ အသက်ကြီးလာလေ စာသင်ချင်လာလေတဲ့၊ မှန် ပါတယ်။ တော်တော်လေး မှန်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ခုတလော အဘိဓမ္မာသင်တန်းတွေ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေ တက်နေကြသူများဟာ သက်ကြီးပိုင်းတွေ ဖြစ်ပါတယ်။ အသက်ကြီး လာတဲ့အခါ ငယ်ငယ်တုန်းက သိပ်မနှံ့စပ်ခဲ့တဲ့ ဘာသာရပ်တွေကို ပြန်သင်ချင်လာတာမျိုးဖြစ်ပါတယ်။ ဒါဟာလည်း လေ့လာသင်ယူမှု ပုံစံတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုရှိပါသေးတယ်။ ကျွန်တော်ရေးပြချင်တဲ့ ခေါင်းစဉ် နဲ့ပတ်သက်လို့ ဖြစ်ပါတယ်။ ပညာရေးဘာလဲ၊ ဘယ်လဲ၊ ပညာရေး ဆိုတာဘာလဲ ပထမမေးခွန်းဖြစ်ပါတယ်။ ပညာရေးဆိုတာ ဘယ်လဲ ဒုတိယမေးခွန်းဖြစ်ပါတယ်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဆိုတာ ဘာလဲ၊ ပညာရေးဆိုတာ ပါရမီဖြည့်တာကို ပြောတာပါပဲ။ ပညာပါရမီဆိုတာ ဘဝအဆက်ဆက်ဖြည့်ရတာမျိုး ဖြစ်ပါတယ်။ ပညာမှာလည်း လောကီပညာနဲ့ လောကုတ္တရာပညာ ဆိုပြီး နှစ်မျိုးရှိပါတယ်။ လောကီပညာဆိုတာ ဘဝတစ်သက်တာ ကောင်းစားရေးဖြစ်ပါတယ်။ လောကုတ္တရာ ပညာဆိုတာကတော့ သံသရာခရီးလမ်းဖြောင့်ဖြူးသာယာရေး ဖြစ်ပါတယ်။ နောက်တစ်ခု ခွဲခြားထားတာရှိပါသေးတယ်။

အသိပညာနဲ့ အတတ်ပညာဆိုတာကိုပါ။ အသိပညာဆိုတာက ထိုးထွင်းသိမြင်ဉာဏ်နဲ့ ယှဉ်တာကို ဆိုလိုတာပါ။ အတတ်ပညာဆိုတာက တတ်မြောက်တဲ့ပညာမှန်သမျှကို ဆိုလိုတာပါ။ ဒါနဲ့ ပတ်သက်လို့ ပုံပြင်တစ်ပုဒ်ရှိပါတယ်။ စကားပုံလည်း ရှိပါတယ်။ ကျားသေကို အသက်သွင်းလို့ စင်းစင်းသေရဆိုတဲ့ စကား ဖြစ်ပါတယ်။ ပုံပြင်လေးကတော့ တစ်ခါက သူငယ်ချင်းလေးယောက် ရှိသတဲ့၊ သုံးယောက်က အတတ်ပညာတတ်တယ်၊ ကျန်တစ်ယောက် ကတော့ အတတ်ပညာမတတ်ပါဘူး။ အသိပညာပဲ ရှိပါတယ်။ သူတို့လေးယောက်ခရီးတစ်ခုကို အတူသွားပါတယ်။ လမ်းမှာ ကျားအရေခွံ တစ်ခုတွေ့ပါတယ်။ ပထမလူက ကျားအရေခွံကို အပြည့်အစုံဖြစ်အောင် ပြန်လုပ်တတ်ပါတယ်။ ဒုတိယတစ်ယောက်က





ကျားရဲ့ဝမ်းတွင်းကလီစာတွေကို ထည့်သွင်းတတ်ပါတယ်။ တတိယ လူက ကျားကို အသက်သွင်းတတ်ပါတယ်။ ဒါနဲ့ပဲ သူတို့သုံး ယောက် ကိုယ်စီကိုယ်စီ ပညာစွမ်းပြမယ်လို့ ဆုံးဖြတ်ကြပါတယ်။ အသိပညာသမားက သူတို့ကို တားပါတယ်။ ကျားပြန်ရှင်လာရင် သူတို့ကို ကိုက်သတ်လိမ့်မယ်ဆိုတာ သတိပေးပါတယ်။ ကျန် သုံးယောက်ကတော့ ပညာစွမ်းပြဖို့ပဲ စိတ်ညွတ်နေပြီး စတုတ္ထလူ သတိပေးတာကို လက်မခံပါဘူး။ ဒါနဲ့ပြောမရတော့ စတုတ္ထလူက သစ်ပင်ပေါ်တက်နေပါတယ်။ သူတို့သုံးယောက် ကျားကို အသက် သွင်းပါတယ်။ အသက်ဝင်လာတဲ့ကျားဟာ သူတို့ သုံးယောက်ကို ကိုက်ဖြတ်စားသောက်ပြီး ခရီးဆက်သွားပါတယ်။ စတုတ္ထလူပဲ ကျန်ရစ်ခဲ့ပါတယ်။ ပုံပြင်ထဲကပေးတဲ့ အသိပညာကတော့ အတတ် ပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်နေပေမယ့် အသိပညာ မရှိတဲ့အခါ ဘဝဆုံးရှုံးနိုင်တယ်ဆိုတာကိုပါ။ အသိပညာရော အတတ် ပညာပါ တန်းတူအရေးကြီးတယ်ဆိုတာကို သိစေချင်တဲ့သဘော ဖြစ်ပါတယ်။ အသိပညာတစ်ခုပဲ သိနေလို့လည်း မဖြစ်ပါဘူး။ အတတ်ပညာတစ်ခုပဲ တတ်နေလို့လည်း မဖြစ်ပါဘူး။

ဒါကြောင့် လောကီ၊ လောကုတ်ကြီးပွားချမ်းသာဖို့အရေး အတွက်မှာ အသိပညာ၊ အတတ်ပညာနှစ်မျိုးလုံး နားလည်တတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုပါတယ်။ အခုခေတ် ဥပမာတွေလည်း ရှိပါတယ်။ တလောကပဲ သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ဆရာဝန်လူငယ်တစ်ယောက် တည်းခိုခန်းမှာ သေဆုံးလျက် တွေ့ရဆိုတဲ့ သတင်းဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ဒီလူငယ်ဟာ အတတ်ပညာပိုင်းဆိုင်ရာမှာ ကျွမ်းကျင်တတ်မြောက်တယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် ဘဝနေထိုင်နည်းမှာ လိုအပ်တဲ့အသိပညာတော့ အားနည်းခဲ့မယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် အတတ်ပညာရော၊ အသိပညာပါစုံလင်စွာ သိနားလည်ဖို့ လိုအပ်ပါတယ်။

နောက် ပညာရေးမှာပဲ ခွဲခြားထားတာ တစ်မျိုးရှိပါသေးတယ်။ လူတော်နဲ့ လူကောင်းဖြစ်ပါတယ်။ လူတော်ဖြစ်ဖို့လည်း မလွယ်ပါဘူး။ လူကောင်းဖြစ်ဖို့လည်း မလွယ်ပါဘူး။ လူကတော်လည်း တော် ကောင်းလည်းကောင်းဖို့ကတော့ ပိုတောင်မလွယ်ပါဘူး။ လူကောင်းနဲ့လူတော်တစ်မျိုးပဲ လုပ်ခွင့်ရတဲ့အခြေအနေ ကြုံခဲ့လာရင် ဘာကိုရွေးမလဲ၊ လူကောင်းလုပ်မလား၊ လူတော်လုပ်မလား စဉ်းစားစရာကောင်းပါတယ်။

ပညာရေးဘယ်လဲ၊ ပညာရေးဆိုတာဘယ်လဲ၊ ပညာရေးဆိုတာ အခုလိုခေတ်ကာလမှာ တစ်သက်တာပညာရေးဖြစ်ပါတယ်။





ကျောင်းသင်ခန်းစာနဲ့ ဘယ်လိုမှကို မလုံလောက်တာ သေချာပါတယ်။ အရင်ကဆို ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုပြီး ဆိုဆုံးမပါတယ်။

အခုတော့ ဘယ်အရွယ်ဖြစ်ဖြစ် ပညာ၊ ဥစ္စာ၊ တရားရှာနေရတာပဲ ဖြစ်ပါတယ်။ တရားဆိုတာလည်း တတိယအရွယ်မှ ရှာလို့မဖြစ်ပါဘူး။ အိုမင်းမစွမ်းရှိတဲ့အခါမှာ တရားရှာတဲ့အခါ တရားတွေ့နိုင်ဖို့ ခက်ခဲသွားပါတော့တယ်။

လောကီရေးဘက်ပြန်သွားရအောင်ပါ။ တက္ကသိုလ်ကျောင်းတွေ များအပြားရှိတယ်။ သင့်တော်ရာကျောင်းကို ရွေးချယ်တက်ရောက်နိုင်ပါတယ်။ ရွေးချယ်တဲ့အခါမှာလည်း ရွေးချယ်မှုမှန်ကန်ဖို့ လိုအပ်ပါတယ်။ တစ်သက်တာလုံး သေတပန်သက်တစ်ဆုံးလုပ်နိုင်တဲ့ အသက်မွေးဝမ်းကျောင်း ပညာဖြစ်ဖို့ လိုပါတယ်။ ဒီမှပဲ ဘဝမှာ အဆုံးပျော်ရွှင်မှာပါ။ ဒါကြောင့် တက္ကသိုလ်တက်ရောက်တဲ့အခါမှာ အသေးဆုံးစဉ်းစားဆုံးဖြတ်ရမယ့် ရှေ့စည်းမျဉ်းကတော့ ရွေးချယ်မှု [illegible]သားပါစေ၊ ဟုတ်ပါတယ်၊ ကိုယ်တကယ်ကို တစ်သက်လုံး လုပ်နိုင်တဲ့ အလုပ်ဖြစ်ဖို့ လိုအပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာလည်း စဉ်းစားစရာ နည်းနည်းရှိပါတယ်။ အသက် မွေးဝမ်းကျောင်းပညာဆိုတာ ဘယ်နိုင်ငံမှာမှ အစုံအလင်မပွင့်လှ နိုင်ပါဘူး။ ဒါကိုပဲ ငါကတော့ ဒီပညာရပ်ပဲ တက်ချင်တာ၊ ကျောင်း မရှိဘာ။ ဘယ်လိုတက်မလဲဆိုပြီး လုပ်လို့မရပါဘူး။ ကိုယ်နဲ့နီးစပ် တိုင်းပြည်မှာ သွားရောက်သင်ယူနိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ့်တိုင်းပြည်မှာပဲ ဝါသနာအလုပ်နဲ့ နီးစပ်တဲ့ပညာရပ်ကို ရွေးချယ် သင်ယူရမှာဖြစ်ပါတယ်။

ဒီမှာလည်း တက္ကသိုလ်တက်ရမှ ပညာတတ်မယ်ဆိုတဲ့ ခေါင်း နောက်ကျတဲ့ အငွေ့အသက်တွေ မရှိစေချင်ပါဘူး။ အခုခေတ်မှာ ကွန်ပျူတာ တစ်လုံးရှိတယ်ဆိုရင်ပဲ အီလက်ထရောနစ် စာအုပ်သိန်းချီထည့်သွင်း ဖတ်ရှုနိုင်ပါတယ်။ ကျောင်းသင်ခန်းစာ စာအုပ်တွေလည်း မကုန်နိုင် အောင်ကို ရှိပါတယ်။ ဒါပေမယ့် ဆရာမပြရင် ငါးပိဖုတ်တော နည်းမကျဆိုတဲ့ စကားတော့ ရှိတာပေါ့လေ။ ဒါကတော့ နှစ်ဖက် စဉ်းစားရမယ့် အမြင်ဖြစ်ပါတယ်။ ကောင်းကျိုးဆိုးကျိုးဆိုတာ နေရာတိုင်းမှာ ဒွန်တွဲနေပါတယ်။

နောက်ပညာသင်ကြားရေးနဲ့ပတ်သက်လို့ တချို့ရှိပါတယ် အိမ်နဲ့တက္ကသိုလ်၊ ပဲခူးနဲ့သံလျင်တို့လို ဝေးနေတဲ့ကိစ္စပါ။ အခု





သဖြင့် ရန်ကုန်မြို့မှာဆို ပိုသိသာပါတယ်။ ကိုယ်တက်တာက အနောက်ပိုင်းတက္ကသိုလ်၊ နေတာက သာကေတဆို စဉ်းစားသာကြည့် ပါတော့။ ဒီလိုအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့ လိုပါ တယ်။ လမ်းပန်းဆက်သွယ်ရေးဆိုတာ အခုသွား အခုရောက်မဟုတ် ပါဘူး။ လမ်းမှာ မျှော်လင့်မထားတဲ့ မျှော်လင့်ထားတဲ့ အခက်အခဲ အတားအဆီးတွေ အများကြီးရှိပါတယ်။ မီးပွိုင့်သုံးခါ၊ လေးခါ တစ်ပွိုင့်တည်းမှာ မမိဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ခန္တီပါရမီ ဒီ ကျုံ့ကြုံ့ကြီးကုတ် အားထုတ်တတ်မယ်ဆိုရင် တရားထူးရနိုင်တဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။

ရှင်းမရတဲ့ကိစ္စတွေထဲမှာ ဒီယာဉ်ကြောပိတ်ဆို့မှုဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် နေရေး၊ ထိုင်ရေးအတွက် အဆောင်ထားနေတာမျိုးပဲဖြစ်ဖြစ် ကြိုတင်ပြုလုပ်စီစဉ်ထားသင့်ပါတယ်။ အကယ်တော့ ယာဉ်ကြောပိတ်ဆို့တဲ့ အချိန်တွေမှာသာ တက္ကသိုလ် စာတွေ သင်ရမယ်ဆို ဘွဲ့သုံးလေးခုကို တစ်ချိန်တည်းယူလို့ ရလောက်ပါတယ်။ နမြောဖို့ သိပ်ကောင်းတဲ့ အချိန်တွေပဲဖြစ်ပါတယ်။

တိုင်းပြည်တကယ်တိုးတက်ဖို့ဆို ဒီယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်သရွေ့တော့ No ပါပဲ။ ဘယ်လိုမှကို မဖြစ်နိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်တိုးတက်ဖို့၊ တိုးတက်ဖို့ဆိုပြီး လျှာအမြှုပ်ထွက်အောင် အော်နေပေမယ့်လည်း လမ်းပန်းဆက်သွယ်ရေး မပြေရှင်းလို့ ကတော့ အလကားပါပဲ။ စိတ်သာပါပြီး ကိုယ်ထိလက်ရောက် မလှုပ်ရှားတဲ့ အနမျိုးပဲဖြစ်မှာပါ။ အယားပြေပြောတာတွေ လျှောသွ ပြီဖြစ်ပါတယ်။

ပညာရေးဘာလဲဆိုတော့ ပညာရေးမှာ အသိပညာကို ပို့ချ ပေးတာ ဝိဇ္ဇာပညာပါ။ အတတ်ကို ပို့ချပေးတာ သိပ္ပံပညာပါ ဒါပေမယ့် လျှော့ဆိုးထစ်တော့ ပြောလို့မရပါဘူး။ ထပ်နေတာ လည်း ရှိပါတယ်။

အနာဂတ်မှာ လားရာကောင်းတဲ့ ပညာရပ်တွေကို ရွေးချယ် သင်ယူရမှာဖြစ်ပါတယ်။ အနာဂတ်နောင်အနှစ် နှစ်ဆယ်၊ သုံးဆယ် အသုံးကျလာမယ့် ပညာရပ်မျိုးဖြစ်သင့်ပါတယ်။ နဂါးဖမ်းတဲ့ ပညာ မျိုးတော့ မဖြစ်သင့်ပါဘူး။ နဂါးတော့ ဖမ်းတတ်ပါရဲ့။ ခက်တာက နဂါးမရှိတော့ အလုပ်လည်းမရှိ ဆိုတာမျိုး ဖြစ်တတ်ပါတယ် ဒါကြောင့် သူများယောင်တိုင်း လိုက်လို့ယောင် အမောင်တောင်မှန် မြောက်မှန်းမသိဆိုသလို မဖြစ်ဖို့ အရေးကြီးပါတယ်။

ပညာရေးမှာတော့ နှစ်မျိုးပဲရှိပါတယ်။ ကိုယ်တိုင်ရှာပညာရေးနဲ့ အသင်ကြားခံ ပညာရေးဖြစ်ပါတယ်။ ကိုယ်တိုင်ရှာပညာရေးကတော့





အတွေ့အကြုံတွေ၊ စာပေတွေကို ကိုယ်တိုင်တွေ့ကြုံခံစားဖတ်ရှု လေ့လာတာကို ပြောတာပါ။ အသင်ကြားခံပညာရေးကတော့ သင်ယူသူနဲ့ သင်ကြားပေးသူ ဆရာနှစ်ဦးစလုံးတွေ့ဆုံပြီး သင်ကြား တာမျိုးဖြစ်ပါတယ်။ တက္ကသိုလ်က ပေးနိုင်တာကတော့ အသင်ကြားခံ ပညာရေး(ကျောင်းပညာရေး)ဖြစ်ပါတယ်။

ကျောင်းပညာရေးနဲ့ ကိုယ်တိုင်ရှာ ပညာရေးနှစ်မျိုးစလုံး လိုအပ်ပါတယ်။ အဲမှသာ ပညာပြည့်ဝနလုံးလှမှာဖြစ်ပါတယ်။ အခု ခေတ်မှာ ပညာသည်သာ အားထားရာ၊ အားကိုးရာ၊ ကိုးကွယ်ရာ ဖြစ်ပါတယ်။ လက်နက်အားကိုးတဲ့ခေတ်ကာလက ကုန်ဆုံးသွား ပြီဖြစ်ပါတယ်။ နိုင်ငံအချင်းချင်း စစ်မတိုက်တော့ပါဘူး။ ခေါင်းချင်းပဲ ရိုက်ပါတော့တယ်။ ဉာဏ်မရှိရင် ကျန်ခဲ့မှာ ဖြစ်ပါတယ်။

ဒါကြောင့် အနာဂတ်မှာ ကျန်မနေဖို့ စာများများဖတ်နေဖို့ လိုပါတယ်။ ကိုယ်တိုင်ကြိုးစားရယူရမှာ ဖြစ်ပါတယ်။ မြင်းကို ရေစပ်ကိုပဲ ခေါ်သွားလို့ရပါတယ်။ သောက်တာမသောက်တာက မြင်းပေါ်ပဲ မူတည်ပါတယ်။

ဟုတ်ပါတယ်၊ ဒီသဘောအတိုင်းပါပဲ၊ ဒီဆောင်းပါးဖတ်ရှု လေ့လာတဲ့ ဆယ်တန်းအောင် ညီငယ်၊ ညီမငယ်တွေကိုလည်း နှစ်ဝကားတစ်ခွန်း အမှန်ဆိုချင်ပါတယ်။ အခုဆိုတာဝကို ဖြေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတက်လမ်းကြောင်းရှာပါလေဆိုတဲ့ စကားလေးလိုပဲ ဘဝ လမ်းကြောင်းလမ်းဆုံလမ်းခွကို ရောက်နေကြပြီ ဖြစ်ပါတယ်။

လမ်းကြောင်းဆုံးဖြတ်တာကတော့ ကိုယ်ပိုင်အတွေးနဲ့ ဆုံးဖြတ်[illegible] ပါ။ အထောက်အပံ့အနေနဲ့တော့ အဆုံးအမတွေကို နာယူ[illegible] ဒါပေမယ့် အဓိကဆုံးဖြတ်ချက်ရှာကတော့ ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

ဘဝဆိုတာတိုပါတယ်။ ရှည်တယ်လို့ထင်မယ်ဆိုလည်း ထင်[illegible] စရာဖြစ်ပါတယ်။ တကယ်တော့ ပျော်တဲ့အချိန်မှာ အချိန်တ[illegible] အကုန်မြန်ပါတယ်။ ချစ်သူလေးနဲ့ တွေ့ရတဲ့အချိန်မျိုးမှာဆို ပျော်[illegible] တယ်လေ။ အဲဒီအခါကျတော့ တစ်နာရီ၊ နှစ်နာရီဆိုတာ ခဏလေး ရယ်လို့ ထင်မိတတ်ပါတယ်။ မီးဖိုနားမှာထိုင်ပြီး မီးနဲ့ချက်ပြုတ် ကြော်လှော်တဲ့အခါမျိုးမှာတော့ တစ်နာရီဆိုတာလည်း ကုန်ခဲပါတယ်။ အပူဟပ်တဲ့အခါကျတော့ ကိုယ်ဆင်းရဲတယ်။ အဲဒီအခါ တစ်မိနစ် ကလည်း အကြာကြီးလို့ ထင်ရပါတယ်။ အိုင်းစတိုင်းရဲ့ E=MC ဟာလည်း ဒါကိုပဲ အခြေခံခဲ့တာဖြစ်ပါတယ်။ ဆိုလိုတာက ဘဝ တစ်သက်တာ အချိန်တွေဟာ ပျော်နေတယ်ဆိုရင်တော့ အကုန်မြ[illegible] ပါတယ်။ စိတ်ညစ်နေတယ်ဆိုရင်တော့ အချိန်ဟာ အကုန်နှေး[illegible] တယ်။ အသက်မွေးဝမ်းကျောင်း ပညာရွေးချယ်ရာမှာလည်း မှန်ကန်[illegible] လိုပါတယ်။

မိတ်ဆွေစာပေ



ဒါမှပဲ အချိန်ဆိုတာ ကုန်ခန်းလိုက်တာလို့ မခံစားရဘဲ ပျော်ရွှင်စွာ နေသွားနိုင်မှာ ဖြစ်ပါတယ်။ ဆယ်တန်းအောင်စာရင်းလည်း ထွက်ပြီး ဖြစ်ပါတယ်။ အမှတ်စာရင်းတွေလည်း ထုတ်ခွင့်ရတော့မှာ ဖြစ်ပါတယ်။

ပညာရေးဘာလဲ၊ ပညာရေးဘယ်လဲ၊ ပညာရွှေအိုးလူမခိုး ဆိုတဲ့ ဆိုရိုးရှိပါတယ်။ မိမိမှာရှိတဲ့ ပညာကို သူခိုးခိုးယူလို့မရပါဘူး။ ပညာကို သင်ကြားလေ့လာခြင်းဖြင့် ဘာသာလှပတဲ့ လူ့ဘောင်လောကကို တည်ဆောက်နိုင်ကြပါစေ။ နိုင်ငံ့အကျိုး ဆောင်ရွက် သယ်ပိုးနိုင်တဲ့ သားကောင်းသမီးမွန် လူငယ်လူရွယ်အများအပြား ပေါ်ထွန်းလာပါစေ။

လမ်းပန်းဆက်သွယ်ရေးတွေလည်း ချောမွေ့မယ်ဆိုရင်၊ ပညာရေးကိုလည်း အားပေးအားမြှောက် ပြုပေးမယ်ဆိုရင်၊ ပညာပြည့်ဝ [illegible]လုံးလှကြမယ်ဆိုရင် သာယာလှပတဲ့ ဘဝတွေစုပေါင်းပြီး နေချင်စဖွယ်ကောင်းတဲ့ တိုင်းပြည်ကြီးအဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်စွာ [illegible]ထိုင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ရင်း ....။

✧ ✧ ✧

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# သံကြိုးလေးနဲ့ရေအိုးစင်

သံကြိုးလေးနဲ့ရေအိုးစင်ဟာ တကယ်တော့ ဘာမှဆက်စပ်မှု မရှိတဲ့ အရာနှစ်ခုဖြစ်ပါတယ်။ သံကြိုးဆိုတာ ခိုင်မြဲအောင် တုတ်နှောင်ဖို့ ဖြစ်ပါတယ်။ ရေအိုးစင်ဆိုတာ ရေသောက်ဖို့ဖြစ်ပါတယ်။ ဒါပေမယ့် ရေအိုးစင်က စတီးခွက်လေးကို သံကြိုးနဲ့ ဂဟေဆော်ပြီး တုတ်နှောင်ထားလိုက်တဲ့အခါမှာတော့ အရုပ်ဆိုး အကျည်းတန်သွားပါတော့တယ်။ ဒါတွေဟာ နိုင်ငံခြားသားတွေ တွေ့တဲ့အခါ အမြင်မတင့်တယ်ပါဘူး။

နောက်တစ်ခုရှိပါသေးတယ်။ လက်ဖက်ရည်ဆိုင်က မီးခြစ်လေးပါ။ မီးခြစ်ကို သားရေကွင်းနဲ့ ချည်ထားပါတယ်။ မီးညှိပြီး မီးခြစ်ယူမသွားအောင်ပါပဲ။ ဘဏ်တွေမှာလည်း ရှိပါတယ်။ ဘောပင်ကို သားရေကွင်းနဲ့ ချည်ထားတာပါ။ ဒါတွေဟာ တခြားဘယ်မှာမှ မတွေ့နိုင်တဲ့ ယဉ်ကျေးမှုစတိုင်တွေပဲဖြစ်ပါတယ်။





ကျွန်တော်တို့တွေ ဘာတွေမှားနေခဲ့ပြီလဲ။ ကမ္ဘာလှည့်ခရီးသည်တွေ ရောက်လာတဲ့အခါ မြင်သွားမှာ သေချာပါတယ်။ နောက်ထပ်တို့တွေ့သွားနိုင်တာတွေ ရှိပါသေးတယ်။ လိုင်းကားစီးတဲ့အခါ တွေ့သွားနိုင်ပါတယ်။ ယာဉ်မောင်းက ဘာလုပ်ပါသလဲ။ ရိုးရိုးလေးပါပဲ။ ဘရိတ်ကို ဆောင့်ပြီးအုပ်ပါတယ်။ ရှေ့ကားကို တွန်းသံပွပ်ပွပ်ပေးပြီး ကျော်တက်ပါတယ်။ ကျော်လို့မရရင် ဆဲပါမယ်။ ရှေ့ကမောင်းနေတဲ့ကားကိုလည်း နှေးလို့ဆိုပြီး ခေါင်းထုတ်ပြီး ဆဲပါမယ်။ မီးပွိုင့်မှာ ကျော်ခွမောင်းပါမယ်။ ကားကျော်ချင်တဲ့အခါ ခေါင်းပေါက်ကနေ လက်ညှိုးတစ်ချောင်းထုတ်ပြီး ကျော်ပါမယ်။ လမ်းမှာ ကားမောင်းနေရင်း ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးပါမယ်။ ကားမောင်းနေရင်းနဲ့ စီးကရက် မီးညှိပြီး သောက်ပါမယ်။ ကားရဲ့ အတွင်းအပြင်အဆင်ကိုလည်း ကြည့်လိုက်ပါဦး။ အဖုံးအကာ ဘာမှ မရှိပါဘူး။ မီးကြိုးတွေကို ပလတ်စတစ်တိပ်အနီအပြာတွေနဲ့ ကပ်ထားပါမယ်။ ကားပြူတင်းမှာ မှန်မရှိပါဘူး။ နောက်ကြည့်မှန်က ကွဲနေပါတယ်။ သံချေးတက်နေတော့ ကျုံကျူမှာ ကြောက်ရပါတယ်။

ဒါတွေဟာ ကမ္ဘာ့လှည့်ခရီးသည်တစ်ယောက်အနေနဲ့ လိုင်းကား ...တယ်ရှိအောင် တက်စီးတဲ့အခါ တွေ့မြင်ရမယ့် မြင်ကွင်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ နိုင်ငံရဲ့ imageကို ပြနေတဲ့အခြေအနေတွေ
ဖြစ်ပါတယ်။

တစ်ခါက ဆရာကြီးတစ်ယောက် ပြောပူးတာ ကြားဖူး
တယ်။ သူနိုင်ငံခြား(ဂျပန်)သွားစဉ်က အဖြစ်ပါ။ သူက မြေအော
ရထားစီးသတဲ့။ စီးတော့ နေရာမရပါဘူး။ နီညိုရောင်ခုံတွေအကု
ထိုင်တဲ့လူပြည့်နေတာပါ။ ခေါင်းခန်းနားမှာတော့ အနီရောင်ခုံနှ
လွတ်နေပါတယ်။ သူက ခပ်တည်တည်ပဲ သွားထိုင်လိုက်ပါတယ်
ရထားပေါ်က လူတွေက. သူ့ကို ဝိုင်းကြည့်ကြပါတယ်။ ခဏ
တော့မှ သူလည်း မသက်သာနဲ့ ခုံမှာရေးထားတဲ့ စာတွေ
လိုက်ဖတ်ကြည့်ပါတယ်။ "DISABLED"လို့ ရေးထားပါတယ်
အဲဒီတော့မှ သူလည်း ရှက်ရှက်နဲ့ ဝုန်းခနဲ ထရပ်လိုက်ပါတယ်
ဆိုလိုတာက "မသန်စွမ်းသူများသာ"ဆိုတဲ့ ထိုင်ခုံပေါ်မှာ သူ
မိတာပါ။ နိုင်ငံကြီးသား ပီသသူတွေဟာ ခုံလွတ်တိုင်း ဝင်မ
ပါဘူး။ ကျွန်တော်တို့တွေဆီမှာတော့ "သံဃာတော်များသာ"ဆို
ထိုင်ခုံမှာလည်း လုပြီးထိုင်နေတာပါပဲ။ ဘုန်းဘုန်းတွေ ယာဉ်
ကြွလာတဲ့အခါ ဟိုဘက်လှည့်နေပြီး မမြင်ချင်ယောင်ဆောင် ဆေ
နေလိုက်ပါသေးတယ်။





တရိစ္ဆာမကျိုင် စုတ်ပြတ်သတ်သွားတဲ့အခါ တိုင်းပြည်ပြန်လည်
ထူထောင်ရေးဟာ အခက်အခဲများစွာ ရင်ဆိုင်ကြရပါတယ်။

ကားပေါ်မှာ အာဏာရှင်ပယ်ယာတစ်ယောက် ရှိပါသေးတယ်။
နိုလင်းလာတာနဲ့ ဆူလိုက်ဖေါက်လိုက်တဲ့ပါးစပ် မိုးချုပ်ကားသိမ်း
မှပဲ ရပ်ပါတော့တယ်။ ကျွန်တော် မှတ်မိပါသေးတယ်။ ကားပေါ်က
ဆင်းရင် အရမ်းသိသာပါတယ်။ အဲပေါ်က စပယ်ယာက နောက်
တစ်ယောက်၊ နောက်တစ်ယောက်၊ ခြောက်ဘီးလုံး ရပ်ထား
တယ်။ လက်လွတ်အောက်ကြည့်၊ လက်လွတ်အောက်ကြည့်၊ နောက်
တစ်ယောက်ဆိုပြီး စအိုလိပ် ခေါင်းထွက်မတတ် တရစပ် စက်
သေနတ်ပစ်သလို ပါးစပ်ထဲ ခွေးချီးပါချသွားတောင် မျိုချမယ့်
ပုံမျိုးနဲ့ ဘရင်းဂန်းဆွဲပါတယ်။ အဲဒီအခါ သူ့လက်ကလည်း ငြိမ်ငြိမ်
နေပါဘူး။ အဲဒီဆင်းနေတဲ့လူတွေရဲ့ ကျောကုန်းကို သူ့အားရှိ
သရွေ့တွန်းပါတယ်။ နောက်ဆုံးတစ်ယောက်ဆိုရင်တော့ အရှိန်ပို
သည်ပြီး တွန်းပါတယ်။ ခြေထောက်နဲ့ဆောင့်ကန် မချတာကိုဘဲ
ကျေးဇူးတင်မလိုပါ။

တကယ်တော့ လူတစ်ယောက် ၂၀၀ ကျပ် လွယ်လွယ်
တောင်းလို့ရတဲ့ ကိုရွှေစပယ်ယာတို့ ယဉ်ကျေးမှုသင်တန်းတက်ဖို့
လိုအပ်နေတာ ကြာခဲ့ပါပြီ။ ဒါက အပေါ်က စပယ်ယာအကြောင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးတယ်။ အောက်က စပယ်ယာကလည်း နောက်တစ်မျိုး မရိုးစေရပါဘူး။ သူလုပ်တဲ့အလုပ်ကလည်း မိုက်ပါတယ်။ ကားထွ ရင် ခေါင်းလေးပြူထွက်ပြီး နောက်ကကားကိုကြည့်ပါတယ်။ မိ ရောက်ရင် ဇလီဖားတုံးကိုဆွဲပြီး ကားအောက်ပြေးချပါတယ်။ မိ မှာ လူတင်ပါတယ်။ မှတ်တိုင်မဟုတ်လည်း လမ်းမှာ တွေ့ လူတင်ပါတယ်။ "ချိတ်၊ ညီအစ်ကို၊ ခြေထောက်တင်လိုက်၊ ဆ ဆရာရေ"ဆိုပြီး လှစ်ခနဲ လှစ်ခနဲ တင်တာပါ။

ကျန်ပါသေးတယ်။ မိန်းကလေးတွေတက်ပြီဆို ကျော ကို သူက လက်ဖဝါးလေးနဲ့ နူးနူးညံ့ညံ့ကိုင်ပြီး တင်လိုက် သေးတယ်။ ယောက်ျားလေးတွေတက်ပြီဆိုရင်တော့ ဘာမှ မလုပ်တော့တာပါ။ ကွာတာလေးတွေပေါ့လေ။

တကယ်တော့ ရန်ကုန်မြို့ကြီးပေါ်မှာ လိုင်းကားအစုံ တ လောက်စီးဖူးရင် လူ့လောကကြီးအကြောင်း စေ့စေ့စုံစုံ သွားနိုင်ပါတယ်။ ဒါတွေကတော့ ကားပေါ်က ၂၀၀ စပယ်ယာတွေအကြောင်းပဲ ဖြစ်ပါတယ်။

လမ်းပေါ်မှာလည်း ကျန်ပါသေးတယ်။ ကားလမ်း ထိုးရပ်ထားတဲ့ ဒေါ်ဂျစ်၊ ဒိုင်နာ၊ Taxi ကား စတဲ့ကားတွေ ရှိပါသေးတယ်။ ခြောက်လမ်းသွားတဲ့ လမ်းတစ်ခုမှာ တိုက်





ားတစ်ဖက်စီမှာ ကားတစ်စီးစီရပ်ထားမှတော့ ခြောက်လမ်း ွားလို့ မခေါ်ပါနဲ့တော့။ လေးလမ်းသွားလို့ပဲ ပြောင်းခေါ်ရမှာ။ လေးလမ်းသွားဖြစ်နေမှတော့ ဘယ်လိုပြောရမလဲ၊ ဘဲရိုးဂွတ်ပေ့ါနော်။

လမ်းပေါ်မှာ ပလက်ဖောင်းပေါ်မှာ လူလျှောက်စရာ နေရာမရှိ ာလည်း ပြဿနာတစ်ခုပါပဲ။ လှည်းတန်းလို လူစည်ကားတဲ့ ်းကို ညနေ ၅ နာရီလောက်သွားကြည့်လိုက်ပါ။ ငါးဖိုးမကောင် ောင်းတဲ့သူနဲ့၊ ကော်ပြန့်နှစ်လိပ် ၃၀၀ ရောင်းတဲ့သူနဲ့ DVD ရောင်းတဲ့သူနဲ့ လက်မလည်ပါဘူး။ လူလမ်းလျှောက်စရာ နေရာ ရှိပါဘူး။

ဒါတွေဟာ ဘာတွေလဲတော့ မသိပါဘူး။ ဒါပေမယ့် ကောက်ကြေး ကျပ် ၃၀၀၀ ပေးတိုင်း ကြိုက်တဲ့နေရာရောင်း ိုတဲ့ လူကြားမကောင်းတဲ့ကိစ္စတွေက တကယ်ပဲရှိနေဆဲပါပဲ။ နာရီကျော်ရင် ထွက်ဆိုတာကလည်း ရှိပါသေးတယ်။

မျှဉ်းကျားကိစ္စကလည်း ပြဿနာတစ်ရပ်ပါပဲ။ မျှဉ်းကျားမှာ ူးရင် ကားတိုက်ခံရဖို့ သေချာပါတယ်။ မျှဉ်းကျားမှာ မဟုတ်တဲ့ ြာလိုကူးမှ အန္တရာယ်ကင်းမှာပါ။ ပြောင်းပြန်ကြီးလို ဖြစ်နေ တယ်။ ပြောင်းပြန်ကြီးလိုဖြစ်တာ မဟုတ်ပါဘူး။ ပြောင်းပြန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါ။ မျဉ်းကျားမှာ လူကူးနေပေမယ့် ကားမရပ်ပါဘူး ဘယ်တော့မှ မရပ်ပါဘူး။ ကားသမားက ပြူတင်းပေါက်က ခေါင်းထွက်ပြီး ဆဲတောင်ဆဲသွားပါသေးတယ်။ သေချင်လို့လားတဲ့ ရယ်ရတယ်နော်။ ပျော်စရာကြီးလို့ပဲ ပြောရမှာဖြစ်ပါတယ် ကျွန်တော်ကတော့ လမ်းဖြတ်ကူးတိုင်း ပျော်ပါတယ်။ စည်းမဲ့ကမ်း ကူးရလို့ ဖြစ်ပါတယ်။ လူဆိုတာ စည်းကမ်းမရှိတာကို လိုချင် တယ်လေ။ ကားတွေကလည်း မောင်းချင်သလိုမောင်း၊ ကျွန်တော် ကလည်း လစ်ရင်လစ်သလိုကူး၊ ဘယ်လောက်ပျော်ဖို့ကောင်းလို ပါသလဲ။

ရုံးခန်းတွေထဲမှာလည်း စာတစ်ကြောင်း တွေ့ရနိုင်ပါတယ် လာဘ်ပေးရန် မလိုပါတဲ့။ ဒါပေမယ့် ပုဒ်ဖြတ်ထားတဲ့နေရာ သေချာဖတ်ကြည့်ပါ။ "လာဘ်ပေးရန် မလိုပါ"လို့ ရေးထားတာ ဆိုလိုတာက လာဘ်ပေးရင် ရန်မလိုပါဘူးတဲ့။ အဲဒီတော့ လာ ပေးကြရတာပေါ့လေ။ ဟုတ်တော့လည်း ဟုတ်နေတာပါပဲ။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဆိုတဲ့ သီချင်းလေးလ နားထောင်ဖူးပါတယ်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆို ဝန်ထမ်းမကောင်းရင် နိုင်ငံမကောင်းတော့ဘူးလား။ စဉ်းစားစရာ နောက်စာတစ်ကြောင်း ရှိပါသေးတယ်။ "သင်ကောင်းလျှင် ကျွ





ဆိုးပါ"တဲ့။ သင်မကောင်းရင်တော့ ကျွန်ုပ် ဆိုးပါမယ်ဆိုတဲ့ သဘောပေါ့နော်။ သင်ဆိုးလျှင် ကျွန်ုပ် သင့်ထက်ပိုဆိုးမည်ဆိုတာ ပေါ့နော်။ ပါးရိုက်ရင် နားကိုက်မယ်ဆိုတဲ့ မိုက်ကြေးခွဲတဲ့ တ်ဓာတ်တွေပါပဲ။

ကျွန်တော်ကြားဖူးတဲ့ Law တစ်ခုရှိပါတယ်။ Jungle Law ပါတယ်။ ကြီးနိုင်ငယ်ညှဉ်းဓါဒဖြစ်ပါတယ်။ တောထဲမှာ တိရစ္ဆာန် းတွေကို တိရစ္ဆာန်ကြီးတွေက သတ်ဖြတ်စားသောက်ပါတယ်။ မာသမင်ကို ကျားကစားပါတယ်။ ကြီးနိုင်ငယ်ညှဉ်းလုပ်တာ လေ။ လူ့လောကကြီးမှာလည်း အာဏာရှိသူက အာဏာမရှိသူကို ဉ်းဆဲတာ၊ ပညာရှိသူက ပညာမဲ့သူကို ညှဉ်းဆဲတာ စတာတွေ တယ်။ ဒါတွေကို Jungle Law ကျင့်သုံးတယ်လို့ ခေါ်ပါတယ်။

Jungle Law ဆိုတာ လူ့ယဉ်ကျေးမှု မတိုးတက်တာကိုပြ တယ်။ လူရိုင်းဓါဒလို့လည်း ပြောလို့ရပါတယ်။ Jungle law နဲ့ သင်တူတဲ့ အခြေအနေတွေကို လေ့လာသုံးသပ် အဖြေရှာကြ ဖြစ်ပါတယ်။

ဒီမိုကရေစီနိုင်ငံဆီ ဦးတည်တဲ့အခါမှာ Jungle Law တွေ လို့ မရပါဘူး။ ဒါဆိုရင် လူ့အဖွဲ့အစည်း ပျက်စီးသွားမှာ ပါတယ်။ ဆင်းရဲချမ်းသာ ကွာဟမှုတွေကိုလည်း မြေကြွန်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အပူတပြင်းလိုအပ်နေပါတယ်။ ဆင်းရဲချမ်းသာ ကွာဟချက် ဒီထက် ပိုဆိုးလာတဲ့တစ်နေ့မှာ အတိတ်ဆီက သမိုင်းကြောင်းတွေ တစ်ပတ် ပြန်လည်လာဖို့ ရှိပါတယ်။

သမိုင်းဆိုတာ လေ့လာသင်ယူစရာတွေနဲ့ ပြည့်နှက်နေပါတယ်။ သမိုင်းစာမျက်နှာဆိုတာ ကျော်ဖတ်သွားလို့မရပါဘူး။ ကျော်ဖတ် သွားပြီဆိုတာနဲ့ မပြည့်စုံတော့ပါဘူး။ အဲဒီအခါ သင်ခန်းစာ မယူ တော့ပါဘူး။ အဲဒီတော့ အဲဒီသမိုင်းဟာ တစ်ပတ်ပြန်လည်လာ လေရော။ သမိုင်းဆိုတာ ကျော်ဖတ်လို့ မရတဲ့ သင်ခန်းစာတစ်ခု ဖြစ်ပါတယ်။

သမိုင်းဆိုတာကိုလည်း ပြည့်ဖုံးကားချလို့မရပါဘူး။ လူ သဘောက ဖုံးထားတာကိုမှ သိချင်တာပါ။ ဝေးဝေးမကြည့်ပါနဲ့ အဝတ်အစားကိုပဲ ကြည့်ပါ။ လုံလုံခြုံခြုံဝတ်ထားရင် တန်ဖိုးထား ကြပါတယ်။ လျှပ်ပေါ်လော်လီမြင်မကောင်းအောင် ပြထားတဲ့အ မှာတော့ တစ်ခါနှစ်ခါ ကြည့်ပါတယ်။ နောက်တော့လည်း ရိုးသွား တော့ မကြည့်တော့ပါဘူး။ တန်ဖိုးမထားတော့ပါဘူး။ ဒီလို အမျိုးမျိုး ဖုံးကွယ်ထားတဲ့ သမိုင်းကိုမှ လူတွေက ကျားကုတ်ကျား လေ့လာစုံစမ်းကြတာပါ။ ဒါကြောင့် သမိုင်းဆိုတာ ပြည့်ဖုံးကားချ မရတဲ့အရာတစ်ခုပဲဖြစ်ပါတယ်။





ဘဝဆိုတာလည်း ဒီလိုပါပဲ။ သင်ယူစရာတွေနဲ့ ပြည့်နှက် နေတာပါ။ ဘဝရဲ့သင်ခန်းစာတွေကို မသိချင်ယောင်ဆောင်ပြီး ကျော်သွားခဲ့မယ်ဆို နောက်တစ်ကြိမ်ပြန်လည် သင်ကြားခံကြရမှာ ပဲ။

ရေဒိုးစင်လေးလည်း ရေတွေပြည့်နေပါတယ်။ ရေကြည်အေးမြ စ်ပေါက်သောက်ရတဲ့အတွက် ခရီးသွားတွေလည်း ကြည်နူးဝမ်း သာက်နေကြပြီ ဖြစ်ပါတယ်။ ရေခွက်နဲ့တွဲထားတဲ့ သံကြိုးလည်း တ်သစ်ဖို့ အချိန်တန်ပါပြီ။ လမ်းဘေးမှာ ရပ်ထားတဲ့ကားတွေလည်း ာ်နှိုးပြီး မောင်းထွက်သင့်နေပါပြီ။ အရာအားလုံးဟာ သစ်လွင် င်းဆီကို ဦးတည်နေပါပြီ။

မီးပွိုင့်ရောက်တဲ့အခါတိုင်း နှစ်ရာတန်လေးတွေ ပစ်ချတာတွေ သင့်ပါပြီ။ လိုက်ကောက်နေတဲ့လူလည်း မကောက်သင့်တော့ ဘူး။ ရှေ့ကားဘယ်လောက်ရှိပြီလဲ မေးတာတွေလည်း ဖျောက် သင့်ပါပြီ။ စပယ်ယာတွေလည်း ယဉ်ကျေးသင့်ပါပြီ။ အရာအားလုံး ပြောင်းလဲနေပါတယ်။ ကျွန်တော်တို့တွေလည်း ပြောင်းလဲကြပါစို့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅

၂၀၁၅ မှာ ဘယ်သူ့ကို မဲပေးကြမှာလဲ။ ဟုတ်ပါတယ်။ ဒီမေးခွန်းဖြစ်တည်ခဲ့တာကြာပါပြီ။ အဖြေရှာကြည့်ရအောင်။ ၂၀၁၅ မှာ ရွေးကောက်ပွဲတစ်ခုရှိပါတယ်။ ၂၀၁၆ ကနေ ၂၀၂၀ အထိ အုပ်ချုပ်မယ့် သမ္မတကို ရွေးချယ်ကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ တကယ်ရွေးရမှာက ပါတီကို ဖြစ်ပါတယ်။ ဟုတ်ပါတယ်။

အမေရိကန်နဲ့ မတူတဲ့အချက်ကတော့ ပါတီကိုပဲ ပြည်သူက ရွေးခွင့်ရှိတာပါ။ လူပုဂ္ဂိုလ်ရွေးခွင့်မရှိပါဘူး။ ဒါပေမယ့် အသာရ ပါတီရဲ့ ခေါင်းဆောင်က သမ္မတဖြစ်လာမယ်လို့တော့ ခန့်မှန်းလို့ ရပါတယ်။





အဲဒီတော့ ကျွန်တော်တို့တွေ စဉ်းစားကြည့်ရအောင်ပါ။ ၂၀၁၅ မှာ ရွေးမယ့် သမ္မတကို ဘယ်လိုအရည်အချင်းတွေရှိသင့်သလဲ။ သမ္မတတစ်ယောက်ဖြစ်လာဖို့ဆိုတာ လောလောဆယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီရပါ့မယ်။ ဒါတွေကတော့ ကျွန်တော်တို့ပြည်သူတွေလက်လှမ်းမမီတဲ့အတွက် ခဏ မေ့ထားရအောင်ပါ။

သမ္မတ ဘယ်သူ့ကို ရွေးမလဲ။ လူပုဂ္ဂိုလ်ကိုပဲ ရွေးကြရမှာ ဖြစ်ပါတယ်။ ကဲ စဉ်းစားရအောင်ပါ။ လယ်တွေသိမ်းတဲ့ သမ္မတကို ရွေးမလား၊ သိပ်မဖြစ်ဘူးလို့ ထင်ပါတယ်။ လယ်တွေသိမ်းရင် လယ်သမားတွေ ဒုက္ခရောက်ကုန်မှာပေါ့။ အဲဒီအခါ ဆူပူမှုတွေဖြစ်လာနိုင်ပါတယ်။ သေချာတာက ၂၀၁၅ မှာ လယ်သိမ်းတဲ့သမ္မတကိုတော့ ရွေးလို့မဖြစ်ပါဘူး။

နောက်တစ်ခု စဉ်းစားကြည့်ရအောင်ပါ။ မြစ်ဆုံစီမံကိန်းကို ဘယ်လိုဆက်လုပ်ကြမှာလဲ။ အရင်သမ္မတကတော့ သူ့လက်ထက်မှာ ဒီစီမံကိန်းကို ရပ်ထားမယ်လို့ ကတိပေးထားပါတယ်။ နောက်တက်မယ့် သမ္မတ ဘယ်လိုလုပ်မှာလဲ။ ဆရာဝန်ကြီးလုပ်မှာလား၊ စစ်ဗိုလ်ကြီးလုပ်မှာလား။ ဆရာဝန်ကြီးလုပ်လည်း အပြောခံရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ကြီးလုပ်လည်း အပြောခံရမှာပါပဲ။ တကယ်တော့ မြစ်ဆုံပြဿနာဟာ အသေးအဖွဲ့လေးမဟုတ်ပါဘူး။ မြစ်ဆုံကို ပေးလိုက်ပြီး သက်တမ်း ရှိတာမှန်သမျှပေးလိုက်တော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ တကယ်တော့ နောက်တက်လာမယ့် အစိုးရအနေနဲ့လည်း မြစ်ဆုံစီမံကိန်းကို လုံးဝရပ်ဆိုင်းလိုက်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

ဒါမှမဟုတ် ထမင်းတစ်နပ်ပဲ စားကြမလား။ ကျွန်တော်ကြားမိပါသေးတယ်။ လယ်သမားတွေ ကြွေးကျေအောင် ထမင်းတစ်နပ်ပဲစားတဲ့။ "ကြွေးတင်ရှင်ဘုရားဆပ်"ဆိုတာပဲ ကြားဖူးပါတယ်။ "ကြွေးတင်ထမင်းတစ်နပ်ပဲစားပြီးဆပ်"လို့တော့ မကြားဖူးပါဘူး။ မပြောတတ်ဘူး။ စကားပုံအသစ်ပေါ်နေလားတော့ မသိပါဘူး။

ဒါမှမဟုတ် ဖယောင်းတိုင်ထွန်းပြီး နေကြမလား။ မီးမလာရင် ဖယောင်းတိုင်ထွန်းဆိုတာတွေလည်း ရှိပါသေးတယ်။ ပျော်စရာကြီးပါပဲ။ မရှေးမနှောင်းပါပဲ။ သတင်းတစ်ခု ဖတ်လိုက်ရပါသေးတယ်။ ထိုင်းနိုင်ငံတွင် ၂၄ နာရီမီးလာစေရန် မြန်မာနိုင်ငံမှ ကူညီမည်တဲ့။ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ပါးစပ်လေးအဟောင်းသားနဲ့ ပါးစပ်ထဲမှာ ချေးပါချသွားတောင်မှာ သိမှာမဟုတ်တဲ့ မျက်နှာပေးလေးနဲ့ပဲ နေရတော့မလိုပါ။



မဲပေးတဲ့အခါ ဦးနှောက်ပါဖို့ လိုပါတယ်။ ဒါကြောင့်လည်း ပြည်သူလူထုရဲ့အသိရေချိန်မြင့်နေဖို့လိုပါတယ်။

ကျွန်တော်တို့တွေဟာ စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်ကြပါဘူး။ ထစ်ခနဲရှိသတ်မယ်။ ဖြတ်မယ်ပဲ စဉ်းစားလာခဲ့ကြတယ်။ ၈၈ တုန်းကလည်း သူများယောင်ရင် လိုက်ယောင်ခဲ့တာပါ။ ၈၈ အရေးအခင်းဟာ ဒီနှစ်မှာ ၂၅ နှစ်ပြည့်မြောက်ခဲ့တာပါ။ အသက်ပေါင်းများစွာ စတေးခဲ့ကြတာပါ။ မတန်ပါဘူး။

တကယ်ဆို ဒီလောက်တောင်အသက်တွေ စတေးခဲ့ပြီးမှတော့ တိုင်းပြည်ဟာ ဒီ့ထက်တော့ အခြေအနေတစ်ခုမှာ ရှိနေခဲ့သင့်တာပါ။ စိတ်ခံစားမှုကို သိပ်ကိုဦးစားပေးလွန်းပါတယ်။ ခေါင်းဆောင်မျှော်တဲ့ ဒီအကလည်း ကြီးစိုးလွန်းပါတယ်။ သေချာတာက ၂၀၁၅ မှာ ဘယ်သူသမ္မတဖြစ်ဖြစ် ကိုယ့်ထမင်းကိုယ်ရှာစားရမှာပါ။ ကိုယ့်ဘဝ ကိုယ်ကျောင်းရမှာပါ။ အထက်ကပြောင်းလဲမှုဆိုတာ မလွဲမသွေ ရှိလာမှာ ဖြစ်ပေမယ့် အဲဒီပြောင်းလဲမှုက ကိုယ့်ကိုလာရိုက်ခတ်ဖို့ ဆိုတာ အဝေးကြီးပါ။ အဆင့်ပေါင်း ၃၀ လောက် ဖြတ်သန်းရမှာပါ။ ဥပမာနိုင်ငံခြားက အလှူငွေ ဒေါ်လာသန်းတစ်ထောင်ပေးတယ် ဆိုပါစို့။ ကိုယ့်ဆီကို မြန်မာငွေကျပ်တစ်ရာတောင် ရောက်လာဖို့ မလွယ်ပါဘူး။ အဆင့်ဆင့်ဖြတ်သန်းရတာပါ။

www.burmeseclassic.com



နောက်အရေးကြီးတာ တစ်ခုကျန်ပါသေးတယ်။ ပြည်တွင်းစစ်ပြဿနာဖြစ်ပါတယ်။ ဘာတွေလုပ်ကြမှာလဲ။ ပြည်တွင်းစစ်လို့ သုံးနှုန်းရလောက်အောင် မပြင်းထန်ပေမယ့် ဒေသတွင်းပဋိပက္ခတွေကတော့ ရှိနေဆဲပါ။ နောင်လည်းရှိနေဦးမှာပါပဲ။ တကယ်တော့ လက်နက်ကိုင်အဖွဲ့အစည်းဆိုတာ ဘယ်ခေတ် ဘယ်ကာလမှာမှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ ဒါတာလည်း တကယ်တော့ သယံဇာတ ခွဲဝေမှုပြဿနာပါပဲ။ သယံဇာတခွဲဝေရာမှာ မညီမျှဘူးလို့ ထင်နေသရွေ့တော့ ဒီလိုပဲ ဖြစ်နေဦးမှာပါပဲ။ Win-Win အခြေအနေဖြစ်အောင် ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ အားလုံးတို့ ငြိမ်းချမ်းနိုင်တယ်လို့တော့ ပြောလို့မရပါဘူး။

ဒီမိုကရေစီလှိုင်းလုံးကြီး ၃ လုံး ရွေ့ခဲ့ပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ၂၀၁၃ ဆိုတာကတော့ စတုတ္ထလှိုင်းလုံးကြီးလို့ ပြောလို့ရတဲ့ အခြေအနေဖြစ်ပါတယ်။ အာရပ်နွေဦးနဲ့အတူ စတုတ္ထလှိုင်းစခဲ့တာဖြစ်ပါတယ်။ အရင်ကလှိုင်းလုံးတွေထဲမှာ အာရပ်ကမ္ဘာတာ မပါဝင်ခဲ့ပါဘူး။ ဒါကြောင့်လည်း ဒီတစ်ခေါက်လှိုင်းလုံးမှာတော့ အာရပ်ကမ္ဘာမှာ စတင်ခဲ့တာ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်ဖြစ်ပါတယ်။ နှင်းဆီဆိုတဲ့အတွက် ဆူးတော့ရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံလို မျိုးမှာ





ဒီမိုကရေစီကို သိပ်ဦးစားပေးတဲ့အခါ ကမောက်ကမအခြေအနေတွေကြုံတွေ့ရတတ်ပါတယ်။ ဒီမိုကရေစီနဲ့အတူ နောက်ကြောင်းပြန်လှည့်ခြင်းဆိုတဲ့ အရိပ်မ ဥ်းဟာလည်း အမြဲလိုက်နေတတ်ပါတယ်။ ဒါဟာ တိုင်းပြည်စီးပွားရေးကောင်းမှ ဖြစ်မှာပါ။ တိုင်းပြည်စီးပွားရေးကောင်းလာတဲ့အခါ အဲဒီအရိပ်မည်းကြီးဟာ အလိုလိုပျောက်ကွယ်သွားပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်တော်တို့တွေ ပုဂ္ဂိုလ်စွဲတွေ ဖယ်ကြဖို့လိုပါတယ်။ ဘာကြောင့် ဒီလိုပြောရတာလဲဆိုတော့ တိုင်းပြည်ဆိုတာ တစ်ယောက်တည်းကောင်းနေလို့ မရလို့ပါ။ နောက်ပြီး အစိုးရအဖွဲ့ဆိုတာလည်း ဘက်ညီဖို့လိုပါတယ်။ အဲလိုမဟုတ်ဘဲ လူတစ်လူ ငါတစ်မင်း မင်းလည်းယောက်ျား ငါလည်းယောက်ျား ဆိုရင်တော့ သွားပါပြီ။ ဝန်ကြီးရွေးချယ်ရာကအစ ခေါင်းသုံးဖို့ လိုပါတယ်။ ပညာရှင်ကို နေရာမပေးတဲ့အခြေအနေတွေ ရှားပါးသွားပြီ ဖြစ်ပေမယ့် ရှိတော့ရှိနေဆဲပါ။

တကယ်တော့ ပညာရှင်နဲ့အုပ်ချုပ်သူဟာ တိုင်းပြည်ရဲ့ လက်မနဲ့ လက်ညှိုးပါပဲ။ လက်မ မပါတဲ့ပစ္စည်းတစ်ခုကိုင်လို့ မကောင်းသလို လက်ညှိုးမပါရင်လည်း ပစ္စည်းတစ်ခုကိုင်လို့ မဖြစ်ပါဘူး။ ဒါကြောင့် တိုင်းပြည်မှာ ပညာရှင်ကိုလည်း အုပ်ချုပ်သူက



www.burmeseclassic.com

www.burmeseclassic.com



လေးစားရမှာ ဖြစ်သလို အုပ်ချုပ်သူကိုလည်း ပညာရှင်က ရ... ရမှာဖြစ်ပါတယ်။ ဒီလို အတိုင်အဖောက်ညီမှ ဖြစ်မှာပါ။ ငါကသ... အတော်ဆုံးဆိုတဲ့ ငါတစ်ကောတွေ ကောခဲ့လို့ တိုင်းပြည်ကြီးထ... နှစ် ၆၀ ကျော် မြောင်းထဲရောက်ခဲ့တာပါ။ ဒါကြောင့် ၂၀၁၅ မှ... ဒီလိုလူမျိုးအပေါ် ရောက်မလာဖို့ လိုပါတယ်။ တိုင်းပြည်နော... တစ်ကြိမ် မြောင်းထဲထပ်ဆင်းချင်နေရင်တော့ မပြောတတ်တေ... ပါဘူး။

၂၀၁၅ ဟာ မျှော်လင့်ချက်တွေ ပြည့်နှက်နေတဲ့ အချိန်လည်... ဖြစ်ပါတယ်။ ဒီမိုကရေစီရေစီးကြောင်းလည်း အားကောင်းမယ်... အခြေအနေဖြစ်ပါတယ်။ အစိုးရအဖွဲ့အပေါ် ယုံကြည်ချက်တွေလည်... မြင့်မားနေမယ့်အချိန်ဖြစ်ပါတယ်။ ဒီလိုအခြေအနေဟာ တကယ်တေ... စိတ်လှုပ်ရှားစရာ သိပ်ကောင်းပါတယ်။

ကျွန်တော်တို့က ပါတီကိုပဲ အဓိကမဲထည့်ပေးရမှာဆိုတေ... ပါတီတွေနဲ့ ပတ်သက်ပြီး ပြောကြည့်ရအောင်ပါ။ ဘယ်ပါတီ... မဲထည့်မလဲ။ ကိုယ့်ရဲ့အသည်းကြားက မဲတစ်ပြားဟာ ပါတီတစ်... အတွက်ပဲ ဖြစ်မှာပါ။ အဲဒီအခါ ဘယ်ပါတီကို မဲထည့်မလဲဆို... ဘယ်ပါတီကောင်းလဲ၊ ချာပါတီကောင်းတယ်တော့ လုပ်လို့မရပါဘူ... အခုကတစ်နပ်စာမဟုတ်ပါဘူး။ တစ်သက်စာဖြစ်ပါတယ်။ ဘာဖြစ်...





ဒီလိုပြောရတာလဲဆိုတော့ လူ့ဘဝဆိုတာ တိုတိုလေးပါ။ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် သေသွားနိုင်ပါတယ်။ ဒါကြောင့် မဲပေးကြတဲ့ကျွန်တော်တို့တွေအနေနဲ့ ၂၀၂၀ အထိ အသက်ရှင်နေဦးမှာ ဖြစ်ပေမယ့် ၂၀၂၀ အထိ အသက်ရှင်မယ်ဆိုတာ သေချာတယ်လို့ သေမင်းနဲ့ စာချုပ် ချုပ်ထားတာ မဟုတ်ပါဘူး။ ဒါကြောင့် အပြောင်းအလဲဆိုတာကို လက်တင်ပတ္တမြား မျက်မြင်ထားဆိုသလိုပဲ ပြတ်ပြတ်သားသား မြင်ရဖို့ လိုပါတယ်။ ဒီလိုပဲ အီရောအီရောနဲ့ နှစ် ၆၀ လောက် ကုန်လွန်သွားခဲ့ပါတယ်။ လူ့သက်တမ်းဆိုတာ အကန့်အသတ်ရှိပါတယ်။ ၂၀၁၀ ကိုတောင်မမြင်လိုက်ရတဲ့ စတေးခံပြည်သူတွေ သန်းပေါင်းများစွာရှိပါတယ်။

ပါတီဆိုလို့ ကျွန်တော်နည်းနည်းတွေးမိတာလေး ရှိပါတယ်။ ပါတီဝင်ဆိုတာ ဘယ်လိုသတ်မှတ်သလဲပေါ့။ နိုင်ငံရေးစိတ်ဝင်စားသူမည်သူမဆို ပါတီဝင်ဖြစ်သင့်ပေမယ့် နိုင်ငံရေး စိတ်ဝင်စားတိုင်း တိုင်းပြည်ကို အုပ်ချုပ်လို့ မရနိုင်ပါဘူး။ ဒါကို သတိပြုသင့်ပါတယ်။ တိုင်းပြည်အုပ်ချုပ်တယ်ဆိုတာ တယ်လီဖုန်းမဲဖောက်သလိုလည်း မဖြစ်သင့်ပါဘူး။ မဲပေါက်တဲ့သူ သမ္မတတက်လုပ်ဆိုတော့လည်း ဒုက္ခရောက်ကြီးဖြစ်နေမှာပါ။ အဲဒီအခါ သမ္မတတစ်ယောက်ကို ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်မလဲဆိုတာ ရှိလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တဖတ်သူအနေနဲ့ရော ဘယ်လိုရွေးချင်ပါသလဲ။ သမ္မတလုပ်ဖို့
လူသတ်မှုရမယ်တို့ ဘာတို့တော့ ထည့်ချင်မယ်မထင်ပါဘူး
ဒါပေမယ့်လည်း တစ်ခါတလေ အာဏာရှင်သမ္မတ အုပ်ချုပ်တာ
တိုင်းပြည်က ပြားပြားဝပ်ပြီး တိုးတက်သလိုလိုပါပဲ။ ဒါပေမယ့်
လက်တွေ့မှာတော့ အာဏာရှင်ကို ပြည်သူက လက်မခံတော့ပါဘူး

သမ္မတတစ်ယောက်ဟာ အနည်းဆုံးတော့ ရိုးသားရမယ်လို့
ထင်မိပါတယ်။ ရိုးသားမှ ဖြစ်မှာပါ။ နို့မို့ဆို မြေကြီးက ရွှေသီး
နိုင်ငံကြီး မြေကြီးပဲ ကျန်မှာပါ။ ရိုးသားဖြောင့်မတ်တဲ့ သမ္မတရွေးချ
ရမှာ ဖြစ်ပါတယ်။

သမ္မတဟာ အနည်းဆုံးတော့ ပိုင်ဆိုင်မှုစာရင်း ပြနိုင်ရပါမယ်
သမ္မတသက်တမ်းအတွင်းမှာလည်း ပွင့်လင်းမြင်သာမှုရှိရမှာဖြစ်ပါတယ်
ဒါတွေဟာ သမ္မတတစ်ဦးရဲ့ အခြေခံလိုအပ်ချက်တွေလို့ မြင်မိပါတယ်

နောက်တစ်ခုကတော့ မူဝါဒရေးရာဖြစ်ပါတယ်။ Budge
ခွဲဝေပုံကလည်း အရေးကြီးတယ်လို့ မြင်မိပါတယ်။ Budge
ခွဲဝေပုံအတိုင်းပဲ မိန့်ခွန်းပြောကြားသင့်ပါတယ်။ ဥပမာတစ်ခု ပြော
ပါရစေ။ ကာကွယ်ရေးအသုံးစရိတ်ကို Budget ရဲ့ ၂၅ရာခိုင်နှုန်း
သုံးစွဲတယ် ဆိုပါစို့။ ဒီဆို တိုင်းပြည်အတွက် ကာကွယ်ရေး
အရေးကြီးတယ်လို့ တသွင်သွင်ပြောသင့်ပါတယ်။ သတင်းစာဖတ်





တိထားစရာပါ။ စာလုံးမည်းကြီးတွေနဲ့ အမြဲဖော်ပြခံရတဲ့
အားလုံးတွေဟာ Budget စာရင်းမှာတော့ အိုးကပ်လောက်လေးပဲ
တာပါ။

ရိုးသားမှုရှိတယ်ဆိုတာ ဒီလိုမျိုးကို ပြောတာပါ။ ကိုယ်လုပ်တာ
ယ်ဝန်ခံရဲရမှာဖြစ်ပါတယ်။ မဲမပေးခင်တစ်မျိုး၊ မဲပေးပြီးတော့
မျိုးလည်း မလုပ်သင့်ပါဘူး။ တကယ်တော့ တစ်တိုင်းပြည်လုံးကို
ချုပ်ရတဲ့ သမ္မတဆိုတာ အင်မတန်ကုသိုလ်ကံအားကောင်းခဲ့လို့
ပါတယ်။ တော်ရုံတန်ရုံကုသိုလ်ကံနဲ့ သမ္မတဖြစ်လာမှာ မဟုတ်
ဘူး။ အတိတ်ဘဝက ကုသိုလ်ကံတွေ အားကောင်းခဲ့လို့ ဒီဘဝမှာ
ကျိုးပေးကောင်းတာပါ။ ဒါကိုမှ မသုံးစွဲတတ်တဲ့ ဒီဘဝမှာ ရိုးသားမှု
ဖောက်ဆုံးနေခဲ့မယ်ဆိုရင် နောင်ဘဝမကောင်းနိုင်တော့ပါဘူး။
ကပြီး နှမြောဖို့ကောင်းပါတယ်။ ကောင်းတဲ့ဘဝကနေ မကောင်း
တဲ့ဘဝကို ခုန်ဆင်းသလို ဖြစ်နေလို့ပါပဲ။

ဒါတွေကတော့ ၂၀၁၅ မှာ ဖြစ်လာနိုင်ဖွယ်ရှိတဲ့ အခင်းအကျင်း
တွေ၊ ကျွန်တော်တို့တွေ မျှော်လင့်ထားတဲ့ အခြေအနေတွေပဲ
ပါတယ်။ ဘာတွေဖြစ်လာမလဲဆိုတာတော့ ငွေရောင်ပိတ်ကား
မှာ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ၂၁ ရာစုမှာတော့
ရာတိုင်းဟာ ပြောင်းလဲနေပြီဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အရှေ့ပိုင်း နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိုင်ကုန်ခရီးနှင်နေပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ အလယ်မှာ မျက်နှာမငယ်ရအောင် အားလုံးကြိုးစားနေပြီဖြစ်ပါတယ် ထစ်ခနဲရှိ တုတ်ဆွဲ၊ ဓားဆွဲမယ်ဆိုတဲ့ စိတ်ခံစားမှုကို အလိုလို တာတွေ လျှော့ချရမှာ ဖြစ်ပါတယ်။

သေချာတာကတော့ ကျွန်တော်တို့တွေ မြစ်ဆုံစီမံကိန်း ပြန်စလို့မဖြစ်ပါဘူး။ ဖယောင်းတိုင်ပဲ ထွန်းနေလို့မဖြစ်ပါဘူး ထမင်းတစ်နပ်ပဲ စားလို့လည်း မဖြစ်ပါဘူး။

လက်ပံတောင်းတောင်ကြီးလည်း ပျောက်ကွယ်သွားလို့ မဖြစ်တော့ပါဘူး။ မဲပေးတဲ့အခါ ခေါင်းသုံးကြရမှာ ဖြစ်ပါတယ် အသည်းကြားက မဲတစ်ပြားကို စိတ်ကူးပေါက်ရာထည့်လို့ မဖြစ် ပါဘူး။

နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ ၂၀၁၅ ဟာ ရင်ခုန် စရာကောင်းပါတယ်။ ဒါပေမယ့် ရင်တုန်စရာ မဖြစ်ဖို့ သတိထား ရမှာဖြစ်ပါတယ်။ အတ္တပရမ္မတတဲ့ ခေါင်းဆောင်မျိုးကို ရွေးချယ် ရမှာဖြစ်ပါတယ်။ ပြည်သူတွေကို တကယ်ချစ်တဲ့ ခေါင်းဆောင်မျိုး လိုအပ်နေပြီဖြစ်ပါတယ်။ ဘဝဆိုတာ တိုပါတယ်။ ဒါကြောင့် ၂၀၁၅





အနေ ၂၀၂၀ အထိ ငါးနှစ်တာကာလဆိုတာ ရှည်လျားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်သူ့အသိ ရေချိန်မြင့်လာဖို့ စာများများ ဖတ်ဖို့လိုပါတယ်။ စာအုပ်များများ ဖတ်ဖို့လိုပါတယ်။ ဒီမှ အလိမ် ခံရမှာ ဖြစ်ပါတယ်။ ဆိုရရင်တော့ ၂၀၁၅ မှာ မဲတစ်ပြားတော့ သေးကြရတော့မှာ ဖြစ်ပါတယ်။

ဘယ်သူ့ကို မဲပေးမလဲဆိုတာကတော့ .....။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# သူခိုးယဉ်ကျေးမှု

ဒီဆောင်းပါးဟာ သူခိုးအားပေး ဆောင်းပါးတစ်ပုဒ်မဟုတ်ပါဘူး။ ဥပမာ သာဓကအနေနဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြောပြခြင်းသာ ဖြစ်ပါတယ်။ ဟိုးတုန်းကဖောက်ထွင်းဝိဇ္ဇာသူခိုးကြီးတစ်ဦးရှိသတဲ့။ သူနေတဲ့မြို့မှာ မြို့မျက်နှာဖုံးသူဌေးကြီးတစ်ဦးရှိသတဲ့။ သူဌေးကြီးဟာ နာမည်ဂုဏ်သတင်းကျော်ဇောတာကို အရမ်းလိုချင်ပါတယ်။ သူ့ရဲ့ အလှူဒါနတွေကိုလည်း သတင်းထောက်တွေကို ပြောပြလေ့ရှိပါတယ်။ သူဘယ်နေရာမှာ ဘယ်လောက်လှူခဲ့တဲ့အကြောင်း ဂျာနယ်တွေ သတင်းစာတွေထဲမှာ ပါလာရင် သူက ပြုံးလို့နေသတဲ့။ ဒီလို အချိန်မှာပဲ ဖောက်ထွင်းဝိဇ္ဇာ သူခိုးကြီးသတင်းပါလာပါလေရော။ သူဌေးတစ်ဦးရဲ့အိမ်ကို ဖောက်ထွင်းရာမှာ မိသွားတဲ့အတွက် ဂျာနယ် မျက်နှာဖုံးမှာ စာလုံးအမည်းကြီးနဲ့ ပါသတဲ့။





အဲ့ဒီအခါ သူဌေးကြီးက စဉ်းစားတယ်။ ငါဒီလောက် လှူတာတောင် မျက်နှာဖုံးသတင်းမှာ မပါဘူး။ သူခိုးကြီးကြတော့ မျက်နှာဖုံးမှာ ဓာတ်ပုံနှင့်တကွ ပါတယ်။ ဒီတော့ ဒီသူခိုးကို အသုံးချပြီး ငါလည်းနာမည်ကြီးအောင် ကြံရမယ်ဆိုပြီး သူခိုးကြီးကို သွားတွေ့သတဲ့။ သူခိုးကြီးကို သူက ညစာစားပွဲမှာ လာစားဖို့ဖိတ်သတဲ့။ သူခိုးကြီးက ငြင်းပါတယ်။ သူဌေးကြီးကျွေးတဲ့ ထမင်းကို မစားနိုင်ပါဘူးတဲ့။ သူ့အနေနဲ့ ဒီထဲမှာပါတဲ့ ဖောက်ထွင်းမှုကြောင့် ထောင်နန်းစံပြီး ပြန်လွတ်လာရင် သူခိုးအလုပ်ပဲ ပြန်လုပ်ရမှာတဲ့။ အဲ့ဒီအခါကျရင် အခုနေသာ သူဌေးကြီးကျွေးတဲ့ထမင်းတစ်နပ်ကို စားခဲ့မိရင် သူထောင်က ပြန်လွတ်လာရင် သူဌေးကြီး အိမ်ဖောက်လို့ မဖြစ်တော့ဘူးတဲ့။ တစ်လုပ်စားဖူး သူ့ကျေးဇူးရှုးကြောင့်ဒဏ်(၁၀)ပါး သင့်မှာတဲ့။ ဒါကြောင့် သူဌေးကျွေးတဲ့ ထမင်းတစ်နပ်သူမစားနိုင်ပါဘူးလို့ ငြင်းလိုက်ပါတယ်။ ပုံပြင်လေးကတော့ ဒါပါပဲ။ ဒါပေမယ့် တကယ်တော့ဒါဟာ ပုံပြင်မဟုတ်ပါဘူး။

အပြင်မှာလည်း ဒီလိုအဖြစ်အပျက်တွေရာဇဝင်မှာ အများအပြား ရှိခဲ့ပါတယ်။ ထမင်းတစ်နပ်စားခဲ့မိလို့ ကျေးဇူးရှင်ကို မသတ်ခဲ့တဲ့ ရာဇဝင်တွေကျွန်တော်တို့တွေ သမိုင်းမှာ သင်ကြားခဲ့ရပြီး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အပြင်လောကမှာ ဘာတွေဖြစ်နေပါလိမ့်။ သူခိုးလောက်တောင် သီလမစောင့်တဲ့သူတွေ အများအပြားပါပဲ။ သူခိုးတောင် သီလတစ်ပါး မလုံပေမယ့် ကျန်တဲ့သီလတွေ လုံတာတွေရှိပါတယ်။ ထားပါလေ။

အခုလမ်းလယ်ခေါင်ကိုပဲ ကြည့်ကြပါဦးစို့ရဲ့။ မီးပွိုင့်မှာ ဗိုက်ဆံပစ်ချတဲ့ ယဉ်ကျေးမှုရှိပါတယ်။ ၂၀၀ တန်၊ ၁၀၀ တန်တွေ လိုင်းကားပေါ်က ပစ်ချပါတယ်။ ပစ်ချလိုက်တဲ့ ငွေစက္ကူခေါက်လေးတို ကားရှင်းရင်ကောက်တဲ့ လူတစ်ယောက် အမြဲရှိပါတယ်။ ဒါကလည်း နေ့ပေးနဲ့ ငှားထားတာပါ။ ဦးထုပ်ဖြူကြီးနဲ့ဆိုတော့ ကောက်ရတာ အဆင်မပြေဘူးလေ။

နောက်ရုံးတွေ ဘာတွေ သွားရင်လည်း သတိထားကြည့်နိုင်ပါတယ်။ လျှောက်လွှာစာရွက်ကြားထဲမှာ ထောင်တန်သုံးလေးရွက် ညှပ်ပြီး တစ်ခါတည်းပေးလိုက်ပါတယ်။ ဝန်ထမ်းကလည်း ဖင် သေသေပဲ။ အဲဒီထောင်တန် သုံး၊ လေးရွက်ကို သူ့ရဲ့ညာဘက် အံဆွဲထဲ ပစ်ထည့်ပြီး အံဆွဲပြန်ပိတ်လိုက်တာပဲ။ လုပ်ရိုးလုပ်စဉ်လို ဖြစ်နေတော့ ဘာမှတောင်မထူးတော့ပါဘူး။ အခုပြောခဲ့တဲ့ သာဓက နှစ်ခုက လာဘ်ပေးလာဘ်ယူမှုတွေပါပဲ။





စာဖတ်သူတို့ သတင်းစာကို သေချာဖတ်ကြည့်ရင် စဉ်းစားရာတွေ အများကြီးတွေ့နိုင်ပါတယ်။ ဒါကြောင့် စာကို သေချာဖတ်ပြီး သေသေချာချာ စဉ်းစားစေဖန်္နို့ ပြောချင်ပါတယ်။ ဥပမာ တစ်ခုပြောပြပါတယ်။ တိုနေ့က သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးတဲ့။ လာဘ်ပေးလာဘ်ယူမှုမှာတဲ့။ ပေးတဲ့လူရော ယူတဲ့လူရောကို ထိန်းသိမ်းရမယ်တဲ့။ နယ်တိုးစလုံးမှာ တာဝန်ရှိတယ်တဲ့။ မတိုင်ရင်တောင် အထောက်အထား ခိုင်လုံရင် အရေးယူဆောင်ရွက်မယ်တဲ့။

အဲဒီမှာ ၂ ချက်တွေ့ပါတယ်။ တစ်ချက်က လာဘ်ပေးတဲ့ သူလည်း အပြစ်ရှိတယ်ဆိုတော့ လာဘ်ပေးတဲ့လူက တိုင်ပါဦးမလား။ လုပ်ပုံက လုပ်ပုံက။ နောက်တစ်ချက်ကတော့ သေချာစဉ်းစား ကြည့်ရင် ရင်လေးစရာအဲတိပါပဲ။ လာဘ်ပေးလာဘ်ယူမှု ပပျောက် ရေးလို့ ဖန်တစ်ရာတေအောင် အော်နေပေမယ့် လွှတ်တော်မှာ ပိုင်ဆိုင်မှုစာရင်း ပြခိုင်းတဲ့အခါ မဲရှုံးခဲ့တာပါ။ ကိုယ်မှာရှိတဲ့ ပိုင်ဆိုင် မှုတောင် မပြနိုင်ဘဲ သူများလာဘ်ပေးလာဘ်ယူတာကို ဖြေရှင်း မယ်ဆိုတော့ ဘယ်လိုပြောရမလဲ။ ဘယ်လိုပြောရမလဲ။ ဘယ်လို ပြောရမလဲ။ (ဝတ်မှုန်ရွှေရည် လေသံလေးနဲ့ဖတ်ကြည့်ပါ)အိုအိုရှိ ပေါ့နော်။

www.burmeseclassic.com



ဒါကြောင့် စာဖတ်သူတို့အနေနဲ့ စာဖတ်မယ်ဆိုရင် စာတမ်း
ကို သေချာနားလည်အောင် ဖတ်ပါလို့ တိုက်တွန်းချင်ပါတယ်
စာများများဖတ်ပါလို့လည်း ဆိုချင်ပါတယ်။ ဗဟုသုတအကြားအမြင်
မှပဲ သူများလိမ်တာမခံရမှာပါ။ နို့မို့ဆိုရင်တော့ တစ်ကောင်ကျွ
ဗီးကောင်စားတာနဲ့တွေ့သွားမှာပါ။

တကယ်တော့ ကျွန်တော်ရေ့မှာ ရေးခဲ့တဲ့ ထောင်တန်
လေးရှက်ကိစ္စတို့ မီးပွိုင့်ရောက်လို့ ပစ်ချတဲ့ရာတန်လေးတွေ
တို့ဟာ ကျွန်တော်တို့တစ်နိုင်ငံတည်းမှာရှိတဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်
ဂရင်းနစ်စံချိန်တင်လို့ရပါတယ်။ တကယ်တော့ ကျွန်တော်တို့တွေ
ဂရင်းနစ်မှတ်တမ်းဝင်တဲ့ကိစ္စတွေ ရာထောင်ချီပြီး ရှိပါတယ်။ နော
များမှာ ဂရင်းနစ်စာအုပ်ထုတ်ဝေသူများ မြန်မာနိုင်ငံအရေ
လည်ပတ်တဲ့အခါ စာအုပ်ထဲထည့်စရာ စံချိန်အများအပြား
နိုင်မှာဖြစ်ပါတယ်။

ဒါတွေကတော့ အမြည်းလေးတွေပဲ ဖြစ်ပါတယ်။ အဓိက
ထမင်းနဲ့ဟင်းတွေရှိပါသေးတယ်။ ပျံကျဈေးသည်များကိစ္စဖြစ်
တယ်။ အခုခေတ်က ပျံကျဈေးသည် အလုပ်ကောင်းတဲ့ခေတ်
ဈေးခေါင်းကိုသာ ငွေပေးထားလိုက်ရင် ရောင်းချတဲ့နေရာရောင်း





ရပါတယ်။ ဈေးခေါင်းဆိုလို့ ပြောချင်တာလေးပေါ်လာပြန်ပါပြီ။ နည်းနည်းလေးတော့ အာချောင်လိုက်ပါဦးမယ်။

ပျံကျဈေးသည်တွေက ဈေးခေါင်းကို တိုက်ဆောက်ပေးခဲ့တယ်ဆို ယုံနိုင်မလားပါပဲ။ ဒီလိုပါ။ ဈေးကောက်ရတဲ့ငွေတွေနဲ့ တိုက်ဆောက်သွားတာကို ပြောတာပါ။ ကျွန်တော်ကြုံဖူးတဲ့ ဈေးခေါင်းတစ်ယောက်က ပြောပြတာက သူ့ရဲ့တစ်နေ့ဝင်ငွေဟာ တစ်သိန်းခွဲဖြစ်ပါတယ်။ ဟုတ်တော့လည်းဟုတ်ပါတယ်။ သူက ကိုယ်တိုင် ပိုက်ဆံလိုက်မကောက်ပါဘူး။ တပည့်လွှတ်ပြီး ကောက်ခိုင်းတာပါ။ တပည့်က ဘောင်းဘီနဲ့ပါ။ ပိုက်ဆံကောက်တယ် ကောက်တယ်။ (၁၀)နာရီလောက်ဆို ပြန်လာပါပြီ။ လက်ထဲမှာ စပယ်ယာတွေလို ငွေစက္ကူအထပ်လိုက် ကိုင်ထားပါတယ်။ အကျႌအိတ်ကပ်နှစ်ဖက်မှာလည်း တစ်ထောင်တန်တွေ ထည့်ထားတာ ဖောင်းကားနေပါတယ်။ ဘောင်းဘီအိတ်ကပ်ထဲမှာလည်း ပြည့်ကျပ်နေပါတယ်။ တပည့်သုံးယောက်နေရာခွဲပြီး ဈေးကောက် လိုက်ကောက်တာပါ။ ပြီးတော့ ဝေစားမျှစားပေ့ါ။

အဲဒီဈေးကောက်ကရတဲ့ငွေနဲ့ပဲ ဈေးခေါင်းဟာ တိုက်တစ်လုံး၊ ကားတစ်စီး အေးအေးလေး ဝယ်နိုင်ပါတယ်။ အေးအေးပါပဲ။ လောကကြီး တော်တော် သာယာပါတယ်။ ဒါတောင် ညဘက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကုံးတစ်ကုံး သွားသွားစွပ်တဲ့စရိုက်တွေ မပါသေးပါဘူး။ စည်းစိမ်ကင်းမဲ့ လွယ်လွယ်ရ လွယ်လွယ်ကုန်တဲ့ သဘောလေးပဲဖြစ်ပါတယ်။

လောကကြီးမှာ လူတွေဟာ ကျေးဇူးသိတတ်ဖို့လိုပါတယ်။ နိုင်ငံတော်က လစာလေးတွေကိုလည်း ယူတယ်။ ပြည်သူတွေဆီက ပိုက်ဆံကိုလည်း ယူတယ်။ ဒီလိုနဲ့ပဲ နှစ်သီးစား၊ သုံးသီးစားလေးတွေ လုပ်နေကြတာပါ။ ဒီနေရာမှာလည်း စကားအသုံးလေးကို သတိထားစေချင်ပါတယ်။ နိုင်ငံတော်ကပေးအပ်သောလစာကြောင့် နိုင်ငံတော်ကို ကျေးဇူးသစ္စာရှိရမည်ဆိုတာကိုပါ။

ဒီနေရာမှာ လူတွေ လွဲမှားနေတာက နိုင်ငံတော်ဆိုတဲ့ အသုံးအနှုန်းကိုပါ။ နိုင်ငံတော်ဆိုတာက အစိုးရကို ဆိုလိုတာလို့ ထင်နေတာပါ။ မှားပါတယ်။ သွက်သွက်ခါအောင် မှားပါတယ်။ အစိုးရဆိုတာ ပြည်သူတွေ ရွေးကောက်ထားတဲ့ အုပ်ချုပ်သူပဲဖြစ်ပါတယ်။ အစိုးရဆိုတာ သက်ဦးဆံပိုင်ဘုရင်မဟုတ်ပါဘူး။ နိုင်ငံတော်ဆိုတဲ့ စကားလုံးဟာ ပြည်သူတွေကို ပြောတာပါ။ ပြည်သူကပေးတဲ့ လစာကို ယူထားလို့ ပြည်သူတွေအပေါ် ကျေးဇူးသစ္စာစောင့်ရမည်လို့ ဆိုလိုတာပါ။

ဒီနေရာမှာ အစိုးရနဲ့ ပြည်သူ ဘယ်သူက အာဏာရှိသလဲဆိုတာ ရှိလာပါတယ်။ ပြည်သူပဲ အာဏာရှိပါတယ်။ အစိုးရဆိုတာ ပြည်သူလိုအပ်တာ လုပ်ပေးဖို့ ခန့်အပ်ထားတဲ့ အဖွဲ့အစည်းတစ်ခုပဲဖြစ်ပါတယ်။ သူတို့မှာ အချိန်အကန့်အသတ် ရှိပါတယ်။ ရွေးကောက်တင်မြှောက်ထားတဲ့ သက်တမ်းအတွင်းမှာ အကောင်းဆုံးလုပ်ဆောင်ပြရမှာ ဖြစ်ပါတယ်။ သက်တမ်းကုန်လို့ ပြည်သူ့သဘောမတူတော့ရင် နောက်တစ်ကြိမ်အုပ်ချုပ်ခွင့် မရတော့ပါဘူး။ ဒါကြောင့် အစိုးရဆိုတာ ဧည့်သည်ပါ။ အချိန်တန်ရင် အိမ်ပြန်ရတာပါ။ ပြည်သူတွေက ငါးနှစ်တာ အာဏာခဏပေးသုံးထားတာပဲ ဖြစ်ပါတယ်။ အိမ်ရှင်ဖြစ်တဲ့ ပြည်သူတွေ ယုံကြည်ကိုးစားလာအောင် ဧည့်သည်ဖြစ်တဲ့ အစိုးရက လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ လောကကြီးဟာ ထူးဆန်းလှပါတယ်။ ပြောင်းပြန်ဖြစ်တဲ့အဖြစ်တွေ အများကြီးပါ။ ပြည်သူ့လက်ထဲက အာဏာကို ခဏငှားရထားတာကို တစ်သက်လုံးပေးထားသလို အချိုးမျိုး ချိုးတတ်ကြပါတယ်။ တကယ်တော့ ရိုးရာကြီးပဲဖြစ်ပါတယ်။

နောက်တစ်ခုရှိပါသေးတယ်။ ပြောင်းတွေပြတဲ့ထဲမှာ ဝပယ်ယာတွေလည်း ပါပါတယ်။ ပိုက်ဆံပေးပြီး ကားစီးတာကို အအော်အငေါက်ခံရတာ လိုင်းကားစီး ပြည်သူတွေရဲ့ဘဝပါပဲ။ မိုးလင်းလာရင် လိုင်းကားစီးကြရပါရော။ လိုင်းကားပေါ်ရောက်ရင်တော့ အာဏာရှင်







www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေစပယ်ယာရဲ့ ယဉ်ကျေးပျူငှာလှတဲ့စကားသံတွေကို ကြား
တော့မှာပဲဖြစ်ပါတယ်။ "ဟိုရှေ့က အင်္ကျီအကွက်နဲ့အစ်ကို ရှေ့
တိုးပါ။ အမကလည်း လိုက်တိုးပေးလိုက်ပါ။ ကဲ ... အစ်ကို
အမတို့ တိုးစီးကြပါ။ ရုံးချိန်ကတော့ ဒီလိုပဲ။ လူတိုင်းစီးချင်
တာပဲ။ ဟိုအစ်ကို၊ ဟိုရှေ့က အင်္ကျီအကွက်နဲ့အစ်ကို ရှေ့နည်းနည်း
တိုးပါဗျာ။ မိုးလင်းလာရင် ပြောနေရတယ်။ ကိုယ့်အသိစိတ်ဓာတ်
ကိုယ်တိုးစမ်းပါ။ ကျွန်တော်တို့ရင် ဒီထက်ဆိုးမယ်နော်။ စပယ်ယာ
ပြောရင်လည်း မိုက်ရိုင်းတယ်ဖြစ်ဦးမယ်။ ကဲ ... အစ်မကလည်း
တိုး၊ ဟိုအပေါက်ဝက ဦးကြီးလည်း ပိတ်ရပ်မနေနဲ့လေ။ အပေါ်
မှာ အမျိုးသမီးတွေချည်းပဲ။ ကဲ ... စပယ်ယာလုပ်မလို့လာ
တံခါးကပိတ်မှာနော်။ ကဲ ... ဆရာရေ စက်သာသတ်လိုက်တော့
ဒီမှာ အပေါက်ဝမှာပဲ ပိတ်နေတယ်။ မမောင်းနဲ့တော့ဗျာ" ထား
တော့လေ။ ထပ်မရေးတော့ပါဘူး။ စပယ်ယာတွေ ဒီထက်မိုက်ရိုင်း
တာတွေ ရှိပါတယ်။ စာမျက်နှာ ညစ်ပတ်မှာစိုးလို့ မရေးတော့ပါဘူး
အမိမဲ့သားစကားရိုင်း၏ ဆိုတဲ့အတိုင်းပါပဲ။ ပြောမယ်ဆို မိမဆုံး
ဖမဆုံးမလို့ ပြောရမယ်ထင်ပါတယ်။ ထားပါလေ။ သူတို့နဲ့ယှဉ်
ရိုင်းနေလို့လည်း ဘာမှထူးလာတာမှမဟုတ်တာ။





ရေစက်တွေမကုန်သေးသ၍တော့ တွေ့ကြရဦးမှာပဲဖြစ်ပါ
တယ်။ စာရေးသူကတော့ ပြေပါတယ်။ အော်၊ ငါ့အရင်ဘဝက
အနည်းနည်းခဲ့လို့ ဒီဘဝမှာ ဆင်းရဲတယ်ပေါ့။ အခုဆိုအနအမြဲပြုပါတယ်။
ပါပေမယ့်လည်း တစ်တိုင်းပြည်လုံး ဆင်းရဲတာကို တွေးမိပါတယ်။
တစ်တိုင်းပြည်လုံး အနနည်းခဲ့တယ်နဲ့ ပါတယ်။ ဝဋ်ကြွေးဆိုတာ
အမြဲဆပ်ကြရတယ်တဲ့။ ကုသိုလ်၊ အကုသိုလ်ဆိုတာ ထပ်ချပ်မကွာ
အကျိုးပေးသတဲ့။

ဒီဘဝမှာ ခံစားရတာတွေဟာ သံသရာက အကြွေးတွေကို
ဆပ်ကြရတာလို့ပဲ ခံယူလိုက်တယ်။ ဒီဘဝမှာ အကုသိုလ်နည်းတဲ့
အခါ သံသရာမှာ ဆပ်စရာအကြွေးနည်းသွားမယ်လို့ ယုံကြည်မိ
ပါတယ်။

သူခိုးယဉ်ကျေးမှုဆိုတာရှိသလို လူ့ယဉ်ကျေးမှုဆိုတာလည်း
ရှိကြရမှာပါ။ ထမင်းကျွေးတဲ့လက်ကို ပြန်မကိုက်သင့်ပါဘူး။ ထမင်း
ကျွေးတဲ့လက်ကို ပြန်ကိုက်ရင် ခွေးဖြစ်တတ်ပါတယ်။ ပြည်သူ့
ဝန်ထမ်းများဖြစ်ကြတဲ့အတွက် ပြည်သူကျွေးတဲ့ထမင်းကို စားထား
ကြတာပါ။ ထမင်းရှင်ကို ကျေးဇူးကန်းတာ မလုပ်သင့်ပါဘူး။
ဆင်ပွန်းကြီးဆယ်ပါးထဲမှာ ထစ်ပါးအပါအဝင်ဖြစ်တဲ့အတွက် ရဲကြီးမှာ
တောန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့ သူခိုးယဉ်ကျေးမှုလိုပဲ လူ့ယဉ်ကျေးမှုဆိုတာလည်း ရှိသင့်ပါတယ်။ ဂရင်းနစ်စံချိန်တင်စရာကိစ္စတွေလည်း ပပျောက်သင့်ပါပြီ။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ကာလမှာ လာဘ်ပေးလာဘ်ယူမှုတွေလည်း မရှိသင့်တော့ပါဘူး။ ကိုရွှေစပယ်ယာတွေလည်း ယဉ်ကျေးသင့်ပါပြီ၊

ခေတ်တွေပြောင်းလို့ စနစ်တွေလည်း ပြောင်းခဲ့ပါပြီ။ ရှုတ်ဟောင်းကြွေလို့ ရှုက်သစ်တွေလည်း ဝေခဲ့ပါပြီ။ ခေတ်ဟောင်းကအကျင့်ဆိုးတွေ ပျောက်ဖို့ကို ရည်သန်ပြီး ဒီဆောင်းပါးကို စာရှုက်ပေါ်တင်လိုက်ပါပြီ။ ဆောင်းပါးတော့ဆုံးပါပြီ၊ ဘဝတွေမဆုံးဖို့တော့လိုအပ်ပါတယ်။ စာရိတ္တတွေ မဆုံးဖို့တော့ လိုအပ်ပါတယ်။ ငါးပါးသီလတွေ မဆုံးဖို့တော့ လိုအပ်ပါတယ်။ တုတ်ကဲ့။ သူခိုးယဉ်ကျေးမှုရှိပါစေ။

✧ ✧ ✧



# အဖြူအစိမ်းတွေတွေ့တဲ့နေ့

ဩော်၊ ဘာလိုလိုနဲ့ ကျောင်းတွေတောင် ပြန်ဖွင့်ပြီနော်။ ဒန်တော် မနက်စောစော အိပ်ရာကထတော့ ပြက္ခဒိန်ကြည့်လိုက်ပါတယ်။ ပြက္ခဒိန်မှာပြထားတာက ဇွန်လ ၃ ရက်နေ့။ အင်း၊ ဘာလိုလိုနဲ့ ကျောင်းဖွင့်ချိန်တောင် ပြန်ရောက်ခဲ့ပြီ။

လမ်းထဲ မုန့်ဝယ်စားတော့လည်း ကျောင်းသားကျောင်းသူလေးတွေ ကျောင်းဝတ်စုံအဖြူအစိမ်းလေးတွေနဲ့ ကျောင်းဆီကိုသွားနေကြတယ်။ သူတို့လေးတွေကို ကြည့်ရင်း ငယ်စဉ်ကကျောင်းဖွင့်ချိန်ကို သတိရမိပါတယ်။ ကျောင်းတွေဖွင့်တဲ့ ဇွန်လဆိုအမြဲပျော်တာ။ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမှာမို့လေ။ အခုတော့လည်း အဖြူအစိမ်းကျောင်းသားဘဝကို ကျော်လွန်ဖြတ်သန်းခဲ့ပါပြီ။ အခုတော့ ဘဝတက္ကသိုလ်မှာပဲ ဘဝပညာရပ်တွေကိုသင်ယူနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော သတင်းတွေမှာ တစ်ခုခုတော့ ထူးတာချည်းပါပဲ။ ပညာရေးနဲ့ပတ်သက်လို့ သတင်းတစ်ခု ကြားမိပါတယ်။ ဆယ်တန်း (တက္ကသိုလ်ဝင်တန်း)အမှတ်ကို မသုံးတော့ဘူးတဲ့။ ကျွန်တော် စဉ်းစားမိပါတယ်။ ဒါဆို ဘာလို့ဆယ်တန်းစာမေးပွဲစစ်နေသေးလဲ ပေါ့။ ဒါပေမယ့် ဒီကိစ္စဟာ လေ့နိုးဘားထစ်ပြောတာမှ မှန်တယ် လုပ်လို့ မရပါဘူး။

တကယ်တော့ ဆယ်တန်းကို ပုံချလို့ မရပါဘူး။ အခုဖြစ်နေတဲ့ ပြဿနာက အမှတ်များရင် ရေကြောင်းတက္ကသိုလ်တက်တဲ့ကိစ္စပါ။ အရင်ကတော့ ဆေးတက္ကသိုလ်ပေါ့။ အမှတ်များရင် တက်ခွင့်ရတော့ ဂုဏ်ရှိတယ်ပေါ့။ ရေကြောင်းဖြစ်ဖြစ် ဆေးဖြစ်ဖြစ် ဝါသနာမပါရင် မအောင်မြင်နိုင်ပါဘူး။ အိမ်ထောင်ရေးနဲ့ ဥပမာပေးချင်ပါတယ်။

မမြင်ဖူး မတွေ့ဖူးတဲ့ လူနှစ်ယောက်ကို မိဘတွေက အိမ်ထောင်ချပေးလိုက်တယ်ဆိုပါစို့။ ဒီလင်ဒီမယားဟာ သေတယ်သက်တဆုံး ပေါင်းသင်းချစ်ပေါင်းသင်းမယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်သွားဖို့ဆိုတာတော့ ဖြစ်ချင်မှဖြစ်မှာပါ။ လုပ်ယူလို့မရပါဘူး။ နောက်တော့လည်း ချစ်သွားမှာပါဆိုတဲ့ သီချင်းစာသားတောင်ရှိတဲ့အတွက် နောက်တော့လည်း ချစ်သွားနိုင်ပါတယ်။ ဒါပေမယ့် အစကတည်းက ချစ်လို့အိမ်ထောင်ပြုတာဆို ပိုမကောင်းဘူးလားပေါ့။





ဒီလိုပါပဲ။ ရေကြောင်းတို့ ဆေးတို့ကိုလည်း ဝါသနာပါမှ တက်သင့်ပါတယ်။ ဝါသနာမပါဘဲ တက်တယ်ဆိုပါတော့။ ကျောင်းတက်ရင်းနဲ့ ဝါသနာပါသွားနိုင်ပါတယ်။ ဒါပေမယ့် ဝါသနာပါမလာနိုင်ရော။ ဟုတ်ပါတယ်။ ဝါသနာမပါလို့ စာမေးပွဲတဖုန်းဖုန်းကျပြီး ထွက်သွားသူတွေ မနည်းပါဘူး။

နောက်ပြီး တလွဲဆံပင်ကောင်းကြတာကိုလည်း စဉ်းစားမိပါတယ်။ ဆေးကျောင်းတက်မှပဲ လူတန်းစေ့နေနိုင်သလို ဖြစ်နေတာကိုက လွဲနေတာပါ။ ရေကြောင်းရမှပဲ လူနဲ့တူသလိုလိုဆိုတာကိုက မဟုတ်တာပါ။ ဒါက မိဘတွေ အသိဉာဏ်မပြည့်စုံလို့ ဖြစ်တာပါ။ မိဘတွေဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာပါ။ ဒါက သဘာဝကျပါတယ်။ ဒါပေမယ့် ဒီကျောင်းတွေ တက်ရလို့ရော ဘာကြီးဖြစ်သွားမယ်ထင်လို့လဲ။ ဘာမှ ဖြစ်မလာဘူး။ အရည်ကိုတွေးဖို့လိုပါတယ်။ မျက်တောင်မွေးတစ်ဆုံးလေးပဲ ဆုံးစားလို့မရပါဘူး။ ကျွန်တော့်အမြင်ပြောရရင်တော့ ကျောင်းသား စိတ်ဝင်စားတာကိုပဲ လေ့လာခိုင်းစေချင်ပါတယ်။ ဒါက သူ့ဘဝလေ။ သူ့ဘဝကို သူရွေးပါစေလေ။ မိဘဆိုတာ ကိုယ့်အလှည့်မှာ ပြီးအောင် မမက်လိုက်ရတဲ့ အိပ်မက်ရှည်ကို သားသမီးကို ဆက်မက်ခိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ မိဘတွေရဲ့ မေတ္တာဖြစ်တဲ့အတွက် မစော်ကားသင့်ပါဘူး။ ဒါပေမယ့် သားသမီးရဲ့ ဘဝတစ်သက်တာ စိတ်ပျော်ရွှင်ဖို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ကိုယ့်သားသမီးကို ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားတာကိုပဲ မြင်ချင်ကြမယ်လို့ ယုံကြည်ပါတယ်။

တကယ်တော့ ကျွန်တော်မြင်မိတာတစ်ခုရှိပါသေးတယ်။ သားသမီးတွေ(ကျောင်းသားကျောင်းသူတွေပေါ့လေ)က ဆယ်တန်းအောင်တယ်။ ဘဝရည်မှန်းချက် တိတိကျကျ မရှိပါဘူး။ ကျွန်တော် မှတ်မိပါသေးတယ်။

မူလတန်းတုန်းကပေါ့ ကျွန်တော်က မူလတန်းကျောင်းမှာ ကျောင်းတက်နေတာပေါ့။ ကျောင်းတက်ပြီး အိမ်ပြန်ရောက်ရင် ဆော့တာပါပဲ။ လွယ်အိတ်ကလေးချပြီးတာနဲ့ အိမ်မှာ မရှိတော့ပါဘူး။ တစ်နေ့တော့ အိမ်ကိုလာလည်တဲ့ဦးလေးက မေးပါ တယ်။ မောင်ကြီးလာရင် ဘာလုပ်မလဲတဲ့။ ကျွန်တော် ပြန် မဖြေတတ်ပါဘူး။ အမေကဝင်ပြောပါတယ်။ ဆရာဝန်ကြီးလုပ်မယ် ဖြေလိုက်လေတဲ့။ ဟုတ်ပါတယ်။ ဆရာဝန်ကြီးလုပ်မယ် ဖြေခိုင်းပါတယ်။

ဆရာဝန်ကြီးလုပ်ချင်မလုပ်ချင်ဆိုတာ မူလတန်းတက်နေတဲ့ ကျွန်တော် ဘယ်လိုလုပ်သိမလဲ။ ဆရာဝန်ဆိုတာ ဘာလုပ်တာလဲ ကျွန်တော်သေချာမသိတာ။ ဆေးခန်းသွားပြရင် ဆရာဝန်ကြီး ဆေးထိုးမှာကိုကြောက်တယ်။ ငိုတယ်။ ဒါပဲသိတာလေ။ ဆရာဝန်ကြီးဆိုတာ သူများကို ဆေးထိုးအပ်ကြီးနဲ့ ဆေးထိုးဘဲ့သူပေါ့။ ဒါပဲ သိတာပါ။ ကျွန်တော်မှတ်မိပါသေးတယ်။ ငယ်ငယ်တုန်းက နေမကောင်းဖြစ်ရင် ဆေးမထိုးတဲ့ ဆရာဝန်မကြီးဆီပဲ သွားပါတယ် ဆေးထိုးတယ်ဆိုရင် အဲဒီဆရာဝန်ကြီးဆီ မသွားချင်ပါဘူး။ ဆေးခန်း ရောက်တာနဲ့ အသံကုန်ဖြစ်ပြီး အော်ငိုတော့တာပါပဲ။

တကယ်တော့ ပညာရေးစနစ်ကို ပြောရမယ်ဆိုရင် မယောင်မလည်ဆိုလူးတဲ့ အလုပ်တွေ လျှော့သင့်နေပါပြီ။ တက္ကသိုလ်ကို ပညာသင်နှစ်တစ်နှစ် တိုးမယ်လို့လည်း ကြားမိပါတယ်။ ကျွန်တော် မြင်ချင်တာက ကြက်တူရွေးစာသင်နည်းပါ။ ကြက်တူရွေးက သူ့ကို ဦးခိုးလို့အော်ခိုင်းရင် သူခိုးလို့ပဲ အော်ပါတယ်။ သူခိုးဆိုတာ ဘာလဲ သူမသိပါဘူး။ ဒီလိုပါပဲ။

အခုခေတ်ကျောင်းသားတွေ အလွတ်ကျက်တာပဲ လုပ်နေကြတော့တယ်။ အားလုံးကို ကြောင်ပုစ္ဆန်စား ကျွတ်ကျွတ်ဝါးနေတော့တာပါပဲ။ ဒါကလည်း နည်းနည်းတော့ လိုပါတယ်။ လုံးဝမကျက်ရင်တော့ စာမေးပွဲအောင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အလွတ်







www.burmeseclassic.com

www.burmeseclassic.com



ကျက်တာကိုပဲ အရမ်းအားကိုးတော့ ဝေဖန်စဉ်းစားနိုင်စွမ်း
တော့ပါဘူး။ Critical thinking လို့ခေါ်တဲ့ ထွင်းဖောက်မြင်
အမြင်အားနည်းသွားပါတယ်။ အရာရာကို မျက်စိမှိတ်ယုံတော့တာ
ဒီဟာ တိုးတက်ချင်လှပါရဲ့ဆိုတဲ့ တိုင်းပြည်အတွက် အဆိပ်
အဆိပ်မိရင် လူတစ်ယောက်ပဲ သေတာပါ။ ပညာရေးအဆိပ်မိ
တော့ တစ်တိုင်းပြည်လုံး ပြာကျတာပါပဲ။

ဝေဖန်စဉ်းစားတတ်တဲ့စိတ်ဟာ မင်္ဂလာတစ်ပါးပါပဲ။ ကျွန်တော်
ကျောင်းဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျောင်းသား
စာမေးပွဲဖြေတဲ့အခါ အမှတ်ခြစ်ရပါတယ်။ အမှတ်ခြစ်တဲ့အခါ ဘာ
လဲဆိုတော့ ကျောင်းသားတွေက အလွတ်ကျက်ဖြေတာပါ။ စာကြော
တစ်ကြောင်းရေးရင် တစ်ဝက်မှာ မေ့သွားပါတယ်။ အဲ
ကွက်လပ်ချန်ပြီး၊ နောက်တစ်ကြောင်းဆက်ဖြေပါတယ်။ ကျ
စာကြောင်းအပိုင်းအစကို စာမေးပွဲဖြေချိန်သာ ကုန်သွားတ
ပြန်မဖြည့်တော့ပါဘူး။ မဖြည့်တော့တာဟာ မမှတ်မိတော့လို့
အလွတ်ကျက်ထားတော့ အဲဒီနားရောက်တော့ စာတွေ မေ့
လို့ပါ။ စာကြောင်းတစ်ကြောင်းကို အဓိပ္ပာယ်မရှိဘဲ တစ်ဝက်တစ်
ရပ်ထားခဲ့တာပါ။ တိုင်းပြည်ကြီးတိုးတက်နေတဲ့အချိန်မှာလ





စာကြောင်းတစ်ကြောင်းရပ်သွားသလို တစ်ဝက်တစ်ပျက် ရပ်မသွားဖို့
ပါတယ်။ ပညာရေးအဆိပ်မိရင်တော့ တစ်ဝက်တစ်ပျက်မရပ်ချင်
သည်း သူ့အလိုလို ရပ်သွားမှာပါ။
အဆိပ်က ပြင်းပါတယ်။ တစ်နိုင်ငံလုံးကို မိတဲ့အဆိပ်ပါ။
ဝေဖန်စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိတော့ရင်တော့ လူနဲ့နွား အတူတူပဲ
ဖြစ်သွားမှာပါ။ ခုနပြောတဲ့ ကျောင်းသားဟာ Critical thinking
ကို လုံးဝမသုံးမှန်း သိသာပါတယ်။ ဘဝမှာ မဝေဖန်မစဉ်းစား
သုံးသပ်နိုင်ရင်တော့ တစ်ဘဝလုံး ဖောက်ထိုးမိုးမျှော် ဖြစ်မှာပါပဲ။
ဒါပေမယ့် ဒါဟာလည်း ကျောင်းသားရဲ့အပြစ်မဟုတ်ပါဘူး။
ပတ်ဝန်းကျင်က ရောမဖြစ်နေမှတော့ သူလည်း ရောမလိုပဲ
ကျင့်တော့မှာပေါ့။ ငယ်ရွယ်စဉ်ကတည်းက အလွတ်ကျက်ခိုင်းခဲ့တဲ့
ကျိုးတွေပါ။ မူလတန်းကို ကျူရှင်ယူရတယ်ဆိုကတည်းက
ကိုမဟုတ်တော့တာပါ။ တိုင်းပြည်ကဆင်းရဲတယ်။ ဆင်းရဲတော့
တယ်။ ငတ်တော့ ကျူရှင်ဖွင့်တယ်။ ကျူရှင်ဖွင့်တော့ မစဉ်းစား
တတ်။ မစဉ်းစားတတ်တော့ ဆင်းရဲ။ ဒီပါပဲ။ အဆိုးသံသရာ
iscious cycle)လို့ ခေါ်ပါတယ်။ မရှိလို့မလှူ၊ မလှူလို့မရှိ ဆို
သို့ပါပဲ။ ဆင်းရဲတော့ မစဉ်းစား၊ မစဉ်းစားတော့ ဆင်းရဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ကြီးကို ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် တကဲ
လုပ်နေတဲ့သူတွေ အများကြီးပါပဲ၊ ဆင်တွေ ကျားတွေပဲ ဖမ်းမယ်
လုပ်ပြီး ပုရွက်ဆိတ်တော့ ဖမ်းမယ် ဘယ်သူမှ မပြောပါဘူး
ပုရွက်ဆိတ်က အဆိပ်ရှိတာကိုး။ ပုရွက်ဆိတ်ကိုက်ရင် သေနို
ပါတယ်။ ဒီလိုပါပဲ။ ပညာရေးအဆိပ်ကိုက်ရင်လည်း တိုင်းပြည်
တစ်ပြည်လုံး ဖွတ်ဖြစ်နိုင်ပါတယ်။ ပညာရေးကို မစဉ်းစား
ကျန်တာတွေကိုပဲ ပြူးတူးပြဲတဲ့လုပ်တာတာ ဆင်ဖမ်း၊ ကျားဖမ်းမယ်
သူတွေလို့ မြင်ပါတယ်။ ရှူးချင်ယောင်ဆောင်တာလို့လည်း ထင်
တယ်။ ရှူးချင်ယောင် ဘယ်လောက်ဆောင်ဆောင် တကယ်လိုအ
လာရင်တော့ လူကောင်းပြန်လုပ်ရတာပါပဲ။ ၂၀၁၅ နီးရင် ပညာရေး
အကြောင်း ရှန်းရှန်းဝေအောင် ပြောပါလိမ့်မယ်။ မဲရတော့မှာကိုး
ဟုတ်ပါတယ်။ ပညာရေးအကြောင်း ကျန်းမာရေးအကြောင်း
မစားရဝခမန်း ပြောကြမယ့်အချိန်ကို ဗေဒင်မေးစရာ မလိုပါဘူး
ခန့်မှန်းနိုင်ပါတယ်။ ကျွန်တော်ပြောကြည့်မယ်နော်။ ၂၀၁၅၊ ၂၀၂
၂၀၂၅၊ ၂၀၃၀၊ ၂၀၃၅၊ ၂၀၄၀၊ ၂၀၄၅။ ဟုတ်ကဲ့၊ ဇရိသတ်
လက်ခုပ်ဩဘာသံလေး သောင်းသောင်းဖြဖြ ကျွန်တော်ကြား
ပါတယ်။ ၂၀၄၅ လောက်ထိပဲ ရေးပါတော့တယ်။ ၂၀၄၅ ကျော်
ကျွန်တော်လည်း ရှိချင်မှ ရှိတော့မှာပါ။ တရားစကားအရ ပြော





တော့ ဒီဆောင်းပါးရေးလို့ မပြီးခင်တောင် မရှိတော့တာဖြစ်နိုင်ပါ
တယ်။ ထွက်သက်ဝင်သက် ရုတ်တရက် ရပ်သွားတာလည်းဖြစ်
နိုင်တာပါပဲ။ ဒီလိုဒီလိုကိုးလို့ ကျွန်တော်တို့တွေ ခန့်မှန်းနိုင်တာ
ပါပဲ။ ဒီမိုး၊ ဒီမြေ၊ ဒီလေတွေမှာ အမျိုးတွေ ရိုးနေပြီကွာလို့ပဲ
ကိုချစ်ကောင်းလို သီချင်းတစ်ပုဒ်လောက် ဆိုလိုက်ချင်ပါတယ်။
ကြုံလာတဲ့ကိစ္စများ၊ အမျိုးတွေ ရိုးနေပြီကွာ။

အမြုအစိမ်းတွေကို ကြည့်မိရင်နဲ့ မြင်လာမိတဲ့မြင်ကွင်းတွေပဲ
ဖြစ်ပါတယ်။ ကျောင်းသင်ခန်းစာတာ အုတ်မြစ်ပဲချပေးတာပါ။
တိုက်ခံအိမ်ဆောက်မလား၊ ပျဉ်ထောင်အိမ်ဆောက်မလား၊ နန်းတော်
ကြီးဆောက်မလားဆိုတာ ကိုယ်တိုင်ပဲ ရွေးကြရမှာပါ။ ဆိုလိုတာက
သင်ခန်းစာတွေတာ အခြေခံပါ။ ကိုယ်တိုင်ဆက်လက် မလေ့လာရင်
တော့ အုတ်မြစ်ဘဝနဲ့ပဲ နိဂုံးချုပ်သွားမှာပါ။

ကျောင်းသင်ပညာရေးကပေးလိုက်တဲ့ ပညာတွေကို ဘဝမှာ
လက်တွေ့အသုံးတည့်အောင် စာတွေဖတ်ကြရမှာပါ။ စာအုပ်များစွာ
ဖတ်ရှုရမှာပါ။ အဲ့မှပဲ ကိုယ်ပိုင်ပညာဖြစ်လာမှာပါ။ လက်တွေ့နယ်ပယ်
ထဲလည်း သင်ကြားကြရမှာပါ။ လက်တွေ့ဘဝနဲ့ ချိန်ထိုးပြီး
ကေးကိုက် သင်ယူကြရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သင်ယူလေ့လာတဲ့အခါမှာလည်း နှစ်မျိုးရှိပါတယ်။ တစ်မျိုး ကောင်းမွန်ပါတယ်။ ပထမတစ်မျိုးက ဆရာသင်လိုက်တာကို ကိုယ် သိခဲ့ပြီးတာနဲ့ ထပ်ပေါင်းပြီး ပြည့်စုံအောင် မှတ်သားတာ ဆရာ့စာနဲ့ ကျောင်းတ Level ညှိတဲ့သဘောပါ။ ဆရာဆိုတာ ကျောင်းသားထက်တော့ တစ်ခုခုမှာ ပိုသာတာအမှန်ပါပဲ။ အဲကြောင့် ဆရာ့ဆီကပညာကို တပည့်က လက်ဆင့်ကမ်းလက် ခံယူတာ

နောက်တစ်နည်းကတော့ ဆရာသင်တဲ့စာကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံးသပ်တဲ့နည်းပါ။ ဒီနည်းဟာလည်း သူ့အားသာချက်နဲ့သူ ရှိပါတယ်။ ဆရာသင်တဲ့အထဲမှာ ကျန်ခဲ့တဲ့အရာတွေရှိမလားဆိုပြီး ဝေဖန်တဲ့အမြင်နဲ့ စဉ်းစားတာပါ။ ဒီနည်းကစာတွေကို ကြိုးပမ်းသ ဖို့လိုပါတယ်။ ဒီနယ်ပယ်မှာ အတန်အတင့် အကျွမ်းတဝင်ရှိပြီးသား ဖြစ်ရပါတယ်။ နို့မို့ဆို ဒီနည်းက သုံးလို့မရပါဘူး။ စာသင်ယူ ရာမှာ ဒီနည်းနှစ်နည်းကတော့ လက်တွေ့ပွင့်နည်းပါပဲ။ တကွေ့ သင်ယူလေ့လာရာမှာ နည်းအမျိုးမျိုး ရှိပါသေးတယ်။ အဲဒီမယ် အကုန်လုံးကို အကျယ်တဝင့် မဆွေးနွေးနိုင်ပါဘူး။ ကျွန်တော် သိသလောက် တတ်သလောက် မျှဝေပေးတာဖြစ်ပါတယ်။





အမြို့အစိမ်းကျောင်းသားလေးတွေတောင် နောက်တစ်ခေါက် တွေ့ရပြန်ပါပြီ။ အခုကတော့ တစ်နေကုန်ကျောင်းလို့ခေါ်ရမယ့် ၉ နာရီကနေ ညနေ ၃ နာရီအထိ ကျောင်းတက်ကြမယ့် ကျောင်းသားတွေကျောင်းသွားတဲ့မြင်ကွင်းပဲဖြစ်ပါတယ်။ မိုးလေး ကလည်း ဖွဲဖွဲလေး ရွာနေပါတယ်။ သစ်ပင်ပန်းမန်တွေလည်း စိမ်းစိုလှပနေပါတယ်။ ကျောင်းစိမ်းအင်္ကျီ၊ ကျောင်းစိမ်းလုံချည်တွေနဲ့ လှလှပပ ကြွကြွရွရွ ခြေလှမ်းတွေကိုလည်း မြင်တွေ့နေရပါတယ်။ အနာဂတ်မှာ လူကြီးတွေဖြစ်လာမယ့် ကျောင်းသားကျောင်းသူတို့ တစ်တွေ လူကြီးလူကောင်းဖြစ်လာဖို့က ဆရာတွေ၊ လူကြီးတွေ၊ မိဘတွေအပေါ်မှာ တာဝန်ရှိပါတယ်။ လူတော်လူကောင်းလုပ်ကြ မလား။ လူကောင်းလူတော်လုပ်ကြမလား။ အားလုံးကို ကြိုက်ရာ ရွေးနိုင်ခွင့်ရှိပါတယ်။

ဘာသာတရားအမြင်အရလည်း ရှင်းပါတယ်။ လူ့ဘုံဆိုတာ ကြိုက်နှစ်သက်ရာ သွားနိုင်ပါတယ်။ ကြိုက်နှစ်သက်ရာ ဘုံဘဝ တွေကို ရွေးချယ်နိုင်ပါတယ်။ ငါးပါးသီလကို ချိုးဖောက်ပြီး အပယ် လေးဘုံကို ဖောက်ထိုးဆင်းမလား။ ကောင်းတာတွေကိုလုပ်ပြီး အထက်ဘုံတွေကို တက်မလား။ ကောင်းမှုပြုတ်နိုး ကောင်းအောင် ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်းပါပဲ။ ကောင်းတာလုပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာဖြစ်မယ်။ ဆိုးတာလုပ်ရင် ဆိုးတာဖြစ်မှာပါပဲ။ အတိတ်ဘဝက စုတိစိတ်မှာ ကောင်းတာတွေ ထင်ခဲ့လို့ အခုဘဝပဋိသန္ဓေစိတ်ဆီ အကျိုးလာပေးတာပါ။ ကောင်းသောကံကြောင့် ကောင်းသောအကျိုးတွေ ဖြစ်ခဲ့တာပါ။ လူ့ဘဝကိုရပြီးမှတော့ အပယ်လေးဘုံကို မျော်မျော်ကြီး ဇောက်ထိုးဆင်းတာ မဖြစ်သင့်တော့ပါဘူး။

ဒါကလည်း ပညာပါရမီပါမှ ဖြစ်မြောက်တာပါ။ လူ့ဘဝတော့ ရောက်လာပြီး လူ့ငနွားအဖြစ်နဲ့ ဇာတ်သိမ်းတာဟာ ပညာပါရမီ မဖြည့်ခဲ့လို့ပါ။ ပညာပါရမီ မရှိတဲ့အခါကျတော့ ခွန်အားကို အားပြုတတ်ပါတယ်။ ဒါတွေကတော့လည်း ပြောရရင် ရှည်လျားထွေပြားပါတယ်။ စာဖတ်သူတို့ဘာသာ ဝေဖန်သုံးသပ်စေလိုပါတယ်။ ထားပါတော့လေ။

ကျောင်းခေါ်ချိန် အတန်းတက်ချိန်ရောက်ပါပြီ။ ကျောင်းအုပ်ဆရာမကြီးကတော့ သူ့အခန်းထဲက ကျောင်းခေါ်င်းလောင်းကို လှုပ်ခါလိုက်ပါပြီ။ ကျောင်းတက်ပါပြီ။ ကျောင်းဖွင့်ချိန်မှာ ကျောင်းထဲမှာ စိန်ပန်းတွေဟာလည်း စိန်ပန်းပွင့်နီနီတွေနဲ့ ဝေဆာပူးပွင့်နေပါတယ်။ ကျောင်းသားကျောင်းသူတို့ရဲ့ ကမ္ဘာမကျေသီချင်းဆိုသံဟာလည်း ပြန့်လွင့်လို့လာပါတယ်။ မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်





အတွက် ကောင်းအောင်ကြိုးစားပါမည်တဲ့ သစ္စာအဓိဋ္ဌာန်ဆိုတဲ့အတိုင်း သစ္စာရှိဖို့လည်း လိုအပ်ပါတယ်။ သစ္စာမဲ့ရင်တော့ သစ္စာမဲ့သူတွေရဲ့ သွားရာလမ်းအတိုင်း သွားကြရမှာပါ။ အရာအားလုံးဟာ စိမ်းစိမ်းစိုစိုနဲ့ လှပနေပါတယ်။ ဇွန်လရဲ့ ကျောင်းဖွင့်ချိန်ဟာလည်း အနုပညာဆန်ဆန် လှပနေပါတယ်။ အနာဂတ်ပညာရေးအတွက်လည်း လေးလေးနက်နက် တွေးမိပါတယ်။

အခုဆို ကျောင်းတွေမှာ နွားနို့တိုက်ကျွေးတဲ့အစီအစဉ်တွေ ရှိတယ်လို့ ကြားရပါတယ်။ မင်္ဂလာအပေါင်းပြည့်စုံတဲ့ သတင်းလေးပါပဲ။ အရိုးအဆစ်သန်မာစေဖို့ လိုအပ်လှပါတယ်။ ကလေးငယ်တွေ ရှုနာဂျိုက်ကုန်း မဖြစ်စေဖို့ လူကြီးတွေမှာ တာဝန်ရှိပါတယ်။

အနာဂတ်အလားအလာတွေဟာ လင်းလက်တောက်ပနေပါတယ်။ အရာအားလုံးဟာလည်း စိမ့်လန်းနေပါတယ်။ ကောင်းမွန်တဲ့အတွေးတွေနဲ့ ကောင်းမွန်တဲ့ လုပ်ရပ်လုပ်ဖို့ လိုအပ်ပါတယ်။ ကားလမ်းတွေတော့ မပိတ်ပါစေနဲ့။ ရထားတွေလည်း အချိန်မှန်ပါစေ။ ရာသီဥတုတွေလည်း မှုတ်ပါစေ။ ကုန်စည်စီးဆင်းမှုတွေလည်း ချောမွေ့ပါစေ။ တိုင်းသူပြည်သားတွေလည်း ဘဝခရီးလမ်းချောမွေ့ပါစေ။ အရာရာတိုင်း အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြစ်ပါစေ။ လေးလေးနက်နက် ဆုတောင်းနေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ပညာရေး ထွန်းတောက်ပါစေ။ စက်ဘုတ်ထက် သာလွန်တဲ့ ပညာရေးကို အမီလိုက်နိုင်ပါစေ။ တစ်နေ့နေ့မှာတော့ ကျော်တက်သွားမှာကို မြင်ယောင်ရင်း အိပ်မက်ဖြစ်ချင် ဖြစ်ပါစေ အဆုံးထိတော့ မက်လိုက်ပါဦးမယ်။ လက်တွေ့ဘဝနဲ့ အိပ်မက်ဟာ ဆက်စပ်မှုရှိနေပါတယ်။ အိပ်မက်တိုင်းဟာ လက်တွေ့ဘဝဆီကို ရောက်ရှိလာခဲ့ရင်တော့ဖြင့် ...။

✧ ✧ ✧



## ကျွန်တော်ကြီးလာရင်

ကျွန်တော်အသက်ကြီးလာရင် ဘာလုပ်မလဲ။ ကျွန်တော် အသက်ကြီးလာရင် လုပ်ချင်တာတွေအများကြီးပါပဲ။ ကျွန်တော် အကြောင်းကစ ပြောကြည့်မယ်နော်။ ကျွန်တော်ကျောင်းတိုင်းမှာ စာကြည့်တိုက်ရှိစေချင်တယ်။ စာကြည့်တိုက်တိုင်းမှာ စာအုပ်အစုံ အလင်ရှိစေချင်တယ်။ ကျွန်တော် ဖွင့်တဲ့စာကြည့်တိုက်တိုင်းဟာ ၂၄ နာရီ စာဖတ်လို့ ရရမယ်။ စာကြည့်တိုက်ဟာ ကျောင်းသား တွေရဲ့ ပထမအိမ်မဟုတ်တောင် ဒုတိယအိမ်ဖြစ်ရမယ်။ ကျောင်းမှာ အားကစားပွဲတွေလည်း နှစ်တိုင်းပြုလုပ်စေချင်တယ်။ ကျောင်းတွင်း အက္ကသိုလ်တွင်း ကျောင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုရစေချင် တယ်။ မိန်းကလေးချည်းပဲတက်တဲ့ကျောင်း၊ ယောက်ျားလေး ချည်းပဲတက်တဲ့ကျောင်းတွေကို ဖြစ်နိုင်သမျှ နည်းစေချင်တယ်။ စိတ်ပိုင်းဆိုင်ရာ ကျဉ်းကျပ်မှု မဖြစ်စေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေခန်းမကိုလည်း ခမ်းခမ်းနားနားဆောက်မယ်။ အားကစားခန်းမကိုလည်း ပစ္စည်းကိရိယာစုံစုံလင်လင်နဲ့ဆောက်မယ်။ အားကစားတစ်မျိုး ကြိုက်နှစ်သက်ရာ မကစားမနေရ လုပ်ချင်တယ်။ ကိုယ်ကျန်းမာမှ စိတ်ကျန်းမာမှာမို့လို့ပါ။ ကျောင်း အပန်းဖြေခရီးတွေလည်း မကြာခဏ ပြုလုပ်ပေးမယ်။ ပြတိုက်တွေ လိုက်ပြမယ်။ ကျောင်းသင်ခန်းစာကို လက်တွေ့ဘဝနဲ့ ချိတ်ဆက်ပေးမယ်။

စဉ်းစားတွေးခေါ်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးမယ်။ အခြေခံ စိတ်ပညာကို သင်ပေးမယ်။ ယုတ္တိဗေဒကို သင်ပေးမယ်။ ဝေဖန်ပိုင်းခြားတတ်အောင် သင်ပေးမယ်။ ကျောင်းနေပျော်ပြီး စာတော်စေရမယ်။ ကျောင်းကို လွတ်လပ်တဲ့ပတ်ဝန်းကျင်ဖြစ်အောင် ပြုလုပ်ပေးချင်တယ်။ စာသင်သားတွေဟာ သစ်ပင်ရိပ်အောက်မှာ စာသင်ချင်တယ်ဆို မဖြစ်ဖြစ်အောင် စီစဉ်ပေးမယ်။ ကျောင်းသင်ခန်းစာတွေဟာ နံရံလေးဘက်ကြားထဲမှာပဲ သင်မှတတ်တယ်ဆိုတဲ့အစွဲကို ချွတ်ပေးမယ်။ လူမှုရေးသိပ္ပံကို သင်ပေးမယ်။ တိုင်းရင်းသားစကားတွေကို အခြေခံသင်ပေးမယ်။ အင်္ဂလိပ်စာကို အင်္ဂလိပ်ဆရာ၊ ဆရာမနဲ့ သင်ကြားပေးစေမယ်။ အပြင်လောကမှာလည်း အင်္ဂလိပ်စကားနဲ့ အဆက်အသွယ်မပြတ်ရအောင် အင်္ဂလိပ်စကား





ပြောတဲ့ ပတ်ဝန်းကျင်တစ်ခုကို အားလုံးတိုင်ပင်ပြီး ထူထောင်ပေးမယ်။

လူကောင်းလူတော်၊ လူတော် လူကောင်း ဘာကိုရွေးမလဲဆိုတာ နှိုင်းယှဉ်ပြမယ်။ အဲဒီနဲ့ပတ်သက်လို့ ကျွန်တော်ကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ တစ်ခါက ရွာတစ်ရွာမှာ ဆယ်တန်းဖြေမယ့် ကောင်လေးနှစ်ယောက်ရှိတယ်။ သူငယ်ချင်းနှစ်ယောက်ပေါ့။ သူတို့ဟာ ဆယ်တန်းအောင်ပြီးရင် ဆရာဝန်ဖြစ်ချင်ကြတယ်။ စာလည်းကြိုးစားကြတယ်။ အဆင့် ၁ နဲ့ ၂ ကို တစ်လှည့်စီ လုနေကြတာပေါ့လေ။ ဆယ်တန်းလည်း ဖြေပါလေရော။ ဆယ်တန်းဖြေတဲ့နောက်ဆုံးနေ့မှာ သူတို့နှစ်ယောက် စက်ဘီးကိုယ်စီနဲ့ ထွက်လာကြတယ်။ စာမေးပွဲခန်းမရောက်ခင်မှာပဲ လမ်းမှာ ယာဉ်တိုက်ခံရတဲ့ လူကြီးတစ်ယောက်ကို တွေ့တယ်။ ဆေးရုံ ပို့ပေးဖို့ လိုပေမယ့် အနီးအနားမှာ ဘယ်သူမှ မရှိဘူး။ အဲဒီ ခေတ်က ဖုန်းလည်းမရှိသေးတော့ ဆေးရုံကို တစ်ယောက်ယောက် လိုက်ပို့မှဖြစ်မှာ။ အငှားယာဉ်တစ်စီးအနီးက ဖြတ်သွားတော့ သူတို့ နှစ်ယောက်တည်းက တစ်ယောက်က ကားကို ငှားလိုက်တယ်။ လူကြီးကို ဆေးရုံလိုက်ပို့ဖို့ပါ။ တစ်ယောက်ကတော့ ဆယ်တန်း စာမေးပွဲဆက်ဖြေဖို့ စက်ဘီးကို ဆက်နင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တိုက်ခံရတဲ့လူကြီးကို လိုက်ပို့တဲ့ကျောင်းသားကတော့ စာမေးပွဲဖြေလို့ရတော့မှာ မဟုတ်ပါဘူး။ အချိန်မမီတော့လို့ပါ။ ကားလမ်းပေါ်မှာ ကားဘီးရာတစ်ခုနဲ့ စက်ဘီးရာတစ်ခုရှိတယ်။ တစ်ခုက လူကောင်းတစ်ယောက်အဖြစ်ကို၊ တစ်ခုက လူတော် တစ်ယောက်အဖြစ်ကို။ စာဖတ်သူများကရော။ ဒီလိုမျိုးဘဝမှာ ရွေးချယ်စရာကြုံလာရင် ဘာလုပ်မှာလဲဟင်။ စာဖတ်သူရဲ့အဖြေကို ကျွန်တော် အရမ်းသိချင်နေမိပါတယ်။

ဟုတ်ပါတယ်။ ဘဝမှာ လမ်းဆုံလမ်းခွတစ်ခုရောက်ပြီဆိုကြ ပါစို့။ လူကောင်းလုပ်မလား။ လူတော်လုပ်မလား။ တော်တော်ကို ရွေးရခက်တဲ့ အခြေအနေတစ်ခုပါပဲ။

ဒီလိုပဲ ကျောင်းသားတွေကို ဘဝနေထိုင်နည်းတွေ သင်ပေးချင် တယ်။ ကျန်းမာရေးအခြေခံ သိကောင်းစရာတွေကို သင်ပေးချင် တယ်။ ကျောင်းသင်ခန်းစာမှာ မပါတဲ့ဘဝမှာ အဆင်ပြေပြေ ဘယ်လို နေထိုင်ရမလဲဆိုတာ သင်ပေးချင်တယ်။ အခုခေတ်မှာ လူတော်တော် များများက ပြောကြတယ်။ ဆယ်တန်းအောင်လည်း ဘာလုပ်ရ လဲတဲ့။ မှန်ပါတယ်။ မေးတဲ့မေးခွန်းက၊ ဆယ်တန်းအောင်လည်း ဘာမှတော့ လုပ်မရပါဘူး။ ဒါပေမယ့် ဆယ်တန်းအောင်တယ်ဆိုတာ ကျောင်းသင်ခန်းစာကို ဖြေနိုင်လို့ အောင်တာလေ။ ဘဝစာမေးပွဲ





အောင်ဖို့ဆိုတာက ကျောင်းသင်ခန်းစာက သင်မပေးနိုင်ပါဘူး။ ဘယ်တော့မှလဲ သင်ပေးနိုင်မှာ မဟုတ်ပါဘူး။ ရည်ရွယ်ချက်မများ လိုပါတယ်။ ဆယ်တန်းအောင်တယ်ဆိုတာ လူတော်တစ်ယောက် ဘာ့ ဖြစ်ချင်ဖြစ်လာမယ်။ လူကောင်းတစ်ယောက်ဖြစ်လာဖို့ ဆိုတာ ဘာ့ အာမ မခံနိုင်ပါဘူး။ ထားပါတော့လေ။

ကျွန်တော်တို့ စာသင်ခန်းအပြင် ထွက်ကြရအောင်ပါ။ ကားလမ်း ဘွ။ ကျွန်တော်ကြီးလာရင် ကားလမ်းတွေကို ချဲ့ချင်တယ်။ နိုင်ငံသလောက်ပေါ့လေ။ နောက်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာ ဲ ခရီးသည်ယာဉ်၊ လိုင်းကားတွေအတွက် အမြန်ယာဉ်ကြော သန့်စီစဉ်ပေးမယ်။ အဲဒီလမ်းပေါ် ကိုယ်ပိုင်ယာဉ် တက်မမောင်း ရ။ ဒီဆို ကုန်စည်စီးဆင်းမှုရော၊ ယာဉ်ကြောပိတ်ဆို့မှုရော တန်အသင့်ဖြေရှင်းနိုင်မယ် ထင်ပါတယ်။ နောက်ပြီး ခုံးကျော် တားတွေ တစ်စင်းပြီးတစ်စင်း တည်ဆောက်မယ်။ လမ်းတွေ လည်း ခင်းတယ်ဆိုရုံမျှမဟုတ်ဘဲ ကတ္တရာတွေအထူကြီး၊ ကွန် ချစ်တွေ အထူကြီးလောင်းမယ်။ ခေတ်မီနည်းပညာတွေအတွက် ခြားကို ပညာတော်သင်လွှတ်မယ်။ အင်ဂျင်နီယာကျောင်းတွေ ်ကျောင်းပြီးတစ်ကျောင်းဖွင့်မယ်။ မိုးပျံတံတားတွေလည်း ဆောက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးပျံရထားလမ်းတွေလည်း ဆောက်မယ်။ ရထားတွေလည်း အဆင့်မြှင့်တင်မယ်။ ဖြစ်နိုင်ရင် ပုတာအိုကနေ ကော့သောင်းအထိ ကျည်ဆံရထား ပြေးဆွဲစေမယ်။ နည်းလမ်းမျိုးစုံသုံးပြီး ကုန်ဈေး စီးဆင်းမှုကို ချောမွေ့စေဖို့ ပြုလုပ်မယ်။

ကားလမ်းတွေလည်း ပင့်ကူအိမ်သဖွယ် ဖောက်လုပ်မယ်။ ကုန်တင်ကားကြီးတွေကိုလည်း တစ်နယ်ကနေ တစ်နယ် သွားရောက် အကောက်ခွန်ကင်းလွတ်ခွင့်ပေးမယ်။ ပုတာအိုမှာ ဈေးခြောက် တစ်ပိဿာ ၅၀၀၀ ကျပ်ဆို ယုတောမှာလည်း ဈေးခြောက်တစ်ပိဿာ ၅၀၀၀ ကျပ်ပဲ။ ဈေးနှုန်းကွာခြားချက်ကို မရှိသလောက်အထိ ကြိုးစားသွားမယ်။

မူကြိုကျောင်းတွေလည်း ဖွင့်မယ်။ မူကြိုကျောင်းတွေမှာလည်း ကလေးတွေ ကျောင်းနေပျော်ဖို့ အဓိကထားမယ်။ ဆော့ကစား ချိန်ကို အကန့်အသတ်မဲ့ ပေးထားမယ်။ စာသင်ချိန်နဲ့ ဆော့ကစား ချိန်ကို ရောနှောမယ်။ ဆိုလိုတာက စာသင်နေမှန်း မသိအောင်ကို သင်ခန်းစာတွေကို ကစားရင်းနဲ့ ပြုလုပ်တတ်မြောက်သွားစေမယ်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေမှာလည်း လော နီတိကို သင်ကြားပေးမယ်။ ကိုယ်ချင်းစာစိတ် ရှိစေဖို့ သင်ကြား





ပေးမယ်။ တကယ်တော့ ကမ္ဘာ့အရေး၊ နိုင်ငံ့အရေး ဘယ်အရေး ကိုပဲ ကြည့်လိုက်ကြည့်လိုက် လူလူချင်း ကိုယ်ချင်းစာစိတ် ကင်းမဲ့လို့ ဖြစ်ကြတာများပါတယ်။ ကိုယ်ချင်းစာတာရားခေါင်းပါးတဲ့သူဟာ ခေါင်းဆောင်ကောင်းတစ်ယောက်တော့ ဖြစ်လာနိုင်ပေမယ့် စိတ်ကောင်း ရှိတဲ့ ခေါင်းဆောင်ကောင်းတော့ ဘယ်နည်းနဲ့မှ ဖြစ်မလာနိုင်ပါဘူး။ ဒီမှာလည်း ကျွန်တော်ကြားဖူးတဲ့ အင်္ဂလိပ်စာလုံးနှစ်ခုကို သတိရ မိပါတယ်။ Sympathy နဲ့ Empathy ပါပဲ။ Sympathy ဆိုတာ တလည်း ကိုယ်ချင်းစာတာ၊ Emapathy ဆိုတာကလည်း ကိုယ်ချင်း စာတာ။ ဒါပေမယ့် မတူပါဘူး။ Sympathy ဆိုတာက သူများကို ကြည့်ပြီး ကိုယ်ချင်းစာတာ။ သူ့ခမျာ ပင်ပန်းရှာမှာပဲဆိုပြီးတော့။ Empathy ဆိုတာက ကိုယ်က သူ့နေရာမှာ ဝင်ခံစားတာ။ အော် ... ငါသာ သူ့နေရာမှာဆို ဘယ်လောက်စိတ်မကောင်းဖြစ်လိမ့် မလဲပေါ့။ ဘယ်လောက်စိတ်ထိခိုက်လိမ့်မလဲပေါ့။ တကယ်တော့ Sympathy ဆိုတာ လုပ်ရလွယ်သလောက် Empathy ဆိုတာ တော့ ဖန်ဆင်းယူလို့ မရပါဘူး။ ကိုယ်တိုင်ခံစားဖူးမှ သိတာ မျိုးပါ။

တကယ်ဆို ဆင်းရဲတဲ့ဘဝဆိုတာ ကိုယ်တိုင်ဆင်းရဲဖူးမှ သိတာ ပါ။ ဖိနပ်တစ်ရံ ဝယ်မစီးနိုင်လို့ လမ်းပေါ်မှာ ဖိနပ်မပါဘဲ ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ကလေးငယ်တွေ အများကြီးပါပဲ။ ကိုယ်တိုင်ဖိနပ်မပါဘဲ ဒီလမ်း၊ ဒီစခန်း၊ ဒီမြေ၊ ဒီရေကို သွားဖူးမှပဲ ကလေးငယ်ရဲ့ မျက်ဝန်းထဲက မျက်ရည်တွေကို သိနားလည်နိုင်တာပါ။ ထားပါ တော့လေ။ ကျွန်တော်လည်း လျှာတွေ ရှည်မိပြန်ပါပြီ။

ကျွန်တော်ကြီးလာရင် ပန်းခြံကြီးတွေ ဆောက်ချင်တယ်။ လူတွေ စိတ်လွတ်လွတ်လပ်လပ် အပန်းဖြေအနားယူနိုင်ဖို့ပါ။ စိတ်ကျန်းမာရေးကို ဦးစားပေးရမယ့် ခေတ်ကြီးပဲဖြစ်ပါတယ်။ Globalization ဖြစ်စဉ်ကြောင့် ကမ္ဘာကြီးဟာ ရွာတစ်ရွာလို ဖြစ်လာ ပါတယ်။ အဲဒီအခါ ဆက်သွယ်မှုတွေ အရမ်းကောင်းလာသလို လူတွေလည်း စိတ်ကျဉ်းကျပ်လာကြပါတယ်။ ပုဂ္ဂလိကဘဝမှာ လွတ်လပ်မှုတွေ ဆုံးရှုံးလာပါတယ်။ ဒီလိုမျိုးလည်း မဖြစ်စေချင် ပါဘူး။ ဘဝဆိုတာ နေပျော်ဖို့လိုပါတယ်။ ပျော်ရွှင်မှုမရှိရင် ဘဝမှာ နေထိုင်ရတာဟာ ဆားမပါတဲ့ဟင်းတစ်ခွက်ကို စားရသလိုပါပဲ ပေါ့ရွှတ်ရွှတ်နိုင်ပါတယ်။

ကျွန်တော်ကြီးလာရင် အင်တာနက်လိုင်းကြီးကိုလည်း မြန်အောင် လုပ်ပေးပါမယ်။ ကမ္ဘာ့အနှေးဆုံးအင်တာနက်လိုင်းကနေ ကမ္ဘာ့ အမြန်ဆုံးအင်တာနက်လိုင်းအဖြစ်ကို ပြောင်းလဲပါမယ်။ အင်တာနက် ကနေ စာမေးပွဲဖြေလို့ရရမယ်။ အင်တာနက်ကနေ ဘောလုံး





တိုက်ရိုက်ကြည့်လို့ရရမယ်။ အင်တာနက်သုံးလို့ စိတ်မညစ်စေ ရဘူး။

ကျွန်တော်ကြီးလာရင် နွားတွေ အများကြီးမွေးပါမယ်။ ကျွန်တော် နွားနို့သောက်ချင်တယ်။ နွားနို့ဟာ အရပ်ရှည်စေတယ်လို့ ကြားဖူးပါတယ်။ ကျောင်းသားတွေအားလုံးကို နွားနို့တစ်ခွက် နေ့တိုင်း တိုက်မယ်။ နွားနို့မသောက်ရင် ပဲနို့တိုက်မယ်။ နို့တစ်ခွက် မသောက် ဘဲနဲ့ ကျောင်းခန်းထဲ မဝင်စေရ။ အားလုံးကို အခမဲ့ တိုက်ကျွေး မယ်။ နိုင်ငံတကာမှာ အရပ်ပုလို့ဆိုပြီး ဘယ်တော့မှ မျက်နှာ မငယ်စေရ။

ကျွန်တော်ကြီးလာရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေ လုပ်ချင် တယ်။ တောင်ပေါ်ကနေ တောင်အောက်ဆို တစ်ရက်တစ်ညဆင်းမှ ရောက်တဲ့ခရီး မဖြစ်စေရ။ ကားလမ်းတွေဖောက်မယ်။ ရထား လမ်းတွေ ဖောက်မယ်။ ကျေးလက်လူဦးရေနဲ့ မြို့ပြလူဦးရေ အချိုးမျှခြေ ဖြစ်နေရမယ်။ မီးလာတယ်။ မီးရှိတယ်။ အဆင်ပြေတယ်။ အလုပ်ရတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကျေးလက်နေသူတွေ မြို့တက်အလုပ် လုပ်ကြတယ်ဆိုတာ ဖြစ်နိုင်သမျှ နည်းအောင် ပြုလုပ်ပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြီးလာရင် ရေအားလျှပ်စစ်ကို ပိုမိုထုတ်မယ်။ ပြည်တွင်းမှာ နေရာအနှံ့မီးလင်းစေရမယ်။ မီးမရှိလို့ မြို့တက်လာတာမျိုး ဘယ်တော့မှ မဖြစ်စေရ။ မီးမလာလို့ ဒုစရိုက်မှု ထူပြောတယ်ဆိုတာ မကြားစေရ။

ခေတ်ပညာကို တတ်အောင်သင်ပေးမယ်။ ပညာရေးမှာ ဗုံပေါ်လအော မြှုပ်နှံမယ်။ တိုင်းပြည်ရဲ့ ဦးနှောက်ကို ပုံအောပြီး လောင်းကစားပွဲတစ်ပွဲကို ဝင်နွှဲလိုက်ချင်တယ်။ ကမ္ဘာကြီးထဲမှာ ဦးနှောက်တွေနဲ့ ဝင်လောင်းလိုက်ချင်တယ်။ တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးမယ်။ စွန့်ဦးတီထွင်သူတွေကို မူပိုင်ခွင့်တွေ ထုတ်ပေးမယ်။ ဘာအကာန့်အသတ်မှ မရှိစေရ။

ကျွန်တော်ကြီးလာရင် ကျန်းမာရေးကို စောင့်ရှောက်ပေးချင်တယ်။ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းကို ပြုလုပ်ပေးမယ်။ အစွဲအလမ်းတွေကိုလည်း မှားတာတွေကို နားလည်အောင်ရှင်းပြမယ်။ တတတ်ပေတတ် ရဟန်းပညာရှိ လူပညာရှိတွေကို အားပေးချီးမြှောက်မယ်။ သောက်သုံးရေ သန့်ရှင်းရေးကို စနစ်တကျ ဆောင်ရွက်မယ်။ ရေကြောင့်ဖြစ်တဲ့ ဝမ်းရောဂါတွေ မဖြစ်အောင် ရေသန့်၊ အစာသန့်၊ အိမ်သာသန့်၊ လက်သန့်၊ သန့်လေးသန့်စီမံချက်ကို အကောင်အထည်ဖော်မယ်။ မသေသင့်ဘဲ သေစေရ။ လူသားအသက်ထက် တန်ဖိုးကြီးတာ ဘာမှမရှိစေရ။ ကျန်းမာရေးအတွက် အားကစားရုံတွေ၊ အားကစားကွင်းတွေ၊ အားကစားသင်တန်းတွေကိုလည်း လက်ညှိုးထိုး မလွဲအောင် ဖွင့်မယ်။





ကျွန်တော်ကြီးလာရင် စိုက်ပျိုးရေးကို ခေတ်မီအောင်လုပ်မယ်။ ဆင့်မြှင့် စိုက်ပျိုးရေးစနစ်တွေကို တောင်သူဦးကြီးတွေကိုယ်တိုင် သုံးပြုနိုင်အောင် သင်တန်းတွေဖွင့်ပေးမယ်။ တတတ်မြောက်ရေး တိန်းကိုလည်း မလွဲမသွေ အကောင်အထည်ဖော်မယ်။

အရွယ်ရောက်သူတိုင်း စာတတ်မြောက်ရမယ်။ စာကြည့်တိုက် ခံးတစ်ချပ်ဖွင့်တာ ထောင်တံခါးဆယ်ချပ်ပိတ်တာနဲ့ တူတယ် ဆိုတဲ့အတိုင်း ၂၄ နာရီ စာကြည့်တိုက်တွေ တောရွာမြို့ပါမကျန် ဖွင့်မယ်။ စာကြည့်တိုက်မှာနေတဲ့အချိန်ဟာ ဂိမ်းဆိုင်မှာထိုင်ပြီး ဆော့တဲ့အချိန်ထက် များစေရမယ်။

စာအုပ်ကို ကောက်ကိုင်လိုက်တာနဲ့ လက်ထဲက မချချင်အောင် ဆွဲဆောင်မှုရှိတဲ့ စာအုပ်တွေ အများအပြားဝယ်ပြီး စာကြည့်တိုက်တွေကို လှူမယ်။ အင်္ဂလိပ်စာပေကို ချစ်မြတ်နိုးလာအောင် အင်္ဂလိပ်စကားကို မြန်မာစကားပြောသလို ပြောတတ်အောင် သင်ကြားပေးမယ်။ နိုင်ငံခြားသွားရင် အင်္ဂလိပ်စာ မကောင်းလို့ ပြီး ဘယ်တော့မှ မျက်နှာမငယ်စေရ။



www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်တွေလည်းအများကြီး ဖွင့်ချင်တယ်။ ကမ္ဘာ့လှည့်ခရီးသည်များကိုပါ ဆွဲဆောင်နိုင်တဲ့အထိပါပဲ။ ရှေးဟောင်းယဉ်ကျေးမှုတွေကိုလည်း စနစ်တကျ ထိန်းသိမ်းမယ်။ Green economy ကို တည်ထောင်မယ်။ ကမ္ဘာ့လှည့်ခရီးသည်တွေကို ဆွဲဆောင်ခြင်းအားဖြင့် မီးခိုးမထွက်တဲ့ စီးပွားရေးကို ဖွံ့ဖြိုးအောင် တည်ဆောက်မယ်။

ကျွန်တော်ကြီးလာရင် ကျောင်းတွေမှာ ဂီတပညာရပ်ကို သင်ကြားပေးမယ်။ အနုပညာကို သင်ကြားပေးမယ်။ အနုပညာကို ချစ်တတ်မှ အကြမ်းပညာကို မုန်းတတ်မှာဖြစ်ပါတယ်။ စိတ်ထားလေးတွေ နူးညံ့အောင် သင်ကြားပေးမယ်။ ပျော့ရင်ဖယောင်း မာရင်သံချောင်းဖြစ်အောင် စာရိတ္တမဏ္ဍိုင်ကိုလည်း ထူထောင်ပေးမယ်။ ယုန်သူငယ်လို နူးညံ့တဲ့နှလုံးသားပိုင်ရှင်တွေ ဖြစ်စေရမယ်။ ခြင်္သေ့မင်းလို ခွန်အားကြီးတဲ့ ရဲစွမ်းသတ္တိကြီးတဲ့ လက်ရုံးရည်ပိုင်ရှင်တွေဖြစ်စေရမယ်။ လက်ရုံးရည်၊ နှလုံးရည်ကြံ့ခိုင်စေရမယ်။ လူလူချင်း လူပါးဝတဲ့လူတွေမဖြစ်စေရ။ လူလူချင်း ခွက်စောင်းခုတ်တဲ့လူတွေ မဖြစ်စေရ။

ဘဝတစ်ကွေ့မှာ လာတွေ့ကြသူအချင်းချင်း ရိုင်းပင်းကူညီတတ်စေဖို့ သင်ကြားပေးမယ်။ တကယ်တော့ တရားသဘော





ကြည့်လည်း ဒီအတိုင်းပါပဲ။ ကျွန်တော်တို့တွေဟာ ဘာကြောင့်ဖြစ်လာကြတာလဲ။ ၃၁ ဘုံမှာ လူဖြစ်ရတဲ့ဘဝလောက် နေပျော်တာဘယ်ရှိနိုင်မှာလဲ။ ဖြစ်ချင်တဲ့ဘဝဖြစ်လို့ရတဲ့၊ သွားချင်တဲ့ဘုံသွားလို့ရတဲ့ လမ်းခွမှာ ဘာကြောင့်များ အပါယ်လေးဘုံကိုမှ ရွေးပြီးသွားနေရဦးမှာလဲ။ ဒီ့ထက်မြင့်မြတ်တဲ့ဘုံကိုရောက်ရင် ပိုမကောင်းပေဘူးလား။

ဒီ့ထက်မြင့်မြတ်တဲ့နေရာရောက်ဖို့ကတော့ အရာအားလုံးကို သွတ်ချရဲဖို့ လိုပါလိမ့်မယ်။ ထောင်မြင်ရင် ရာစွန့်ရဲရမယ်။ ထားပါတော့လေ။ အရေးကြီးတာကတော့ တစ်ခုပါပဲ။ လူလူချင်း လူပါးဝတဲ့လူတွေထဲမှာတော့ မြင့်မြတ်တဲ့ဘုံဘဝကို ရောက်မယ့်သူ မပါပါဘူး။ မျှော်လင့်လို့ရကောင်းတဲ့အရာမဟုတ်ပါဘူး။

ကျွန်တော်ကြီးလာရင် လေယာဉ်ကွင်းတွေကိုလည်း အဆင့်မြှင့်ချင်တယ်။ သင်္ဘောဆိပ်တွေကိုလည်း အဆင့်မြှင့်ချင်တယ်။ ကုန်စည်စီးဆင်းမှုကို လွယ်ကူချောမွေ့စေချင်တယ်။

တရားဥပဒေစိုးမိုးစေချင်တယ်။ တရားဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိစေရ။ အဲ့နဲ့ပတ်သက်ပြီး ပုံပြင်တစ်ပုဒ်ပြောပြချင်ပါတယ်။ ဆင်ရယ်၊ ခွေးရယ်၊ မျောက်ရယ် သုံးကောင်ကို ကြက်တစ်ကောင်က ပြိုင်ပွဲလုပ်ပေးသတဲ့။ သူ့ရဲ့စည်းကမ်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပါတယ်။ သစ်ပင်ကြီးပေါ်ကို အမြေးပြိုင်ပြီး တက်ခိုင်းတာပါ။ အရင်တက်နိုင်တဲ့သူ နိုင်တယ်တဲ့။ ထုံးစံအတိုင်း မျောက်ပဲနိုင်တာပေါ့။ မျောက်ဆိုတာ အပင်တက်တာပဲကို။ သူ့အတွက် ထမင်းစားရေသောက် အလုပ်ပဲဟာ။ ဆင်က ဘယ်လိုလုပ် သစ်ပင်ပေါ် တက်မလဲ။ စည်းကမ်းဆိုတာ တစ်ပြေးညီရှိသင့်ပါတယ်။ ဒါပေမယ့် ဆင်ကို သစ်ပင်ပေါ်တက်ခိုင်းတဲ့ တရားမျှတမှုမျိုးကိုတော့ ဘယ်သူမှ လိုချင်မယ်မထင်ပါဘူး။

တရားမျှတမှုဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ ထားပါတော့လေ။ စာတွေ များများဖတ်စေခြင်းနဲ့ပဲ၊ ပညာရေးကို မြှင့်တင်ခြင်းနဲ့ပဲ၊ ဒီအခက်အခဲကို ကျော်လွှား လွှတ်မြောက်နိုင်စေမယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်တော်ကြီးလာရင် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးကို ပြုလုပ်ပေးချင်တယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း နောင်တစ်ချိန်အတွက် လူကြီးဖြစ်လာမယ့် ကလေးသူငယ်တွေကို ဘဝကြီးအကြောင်း နားလည်နိုင်အောင် သင်ပေးချင်တယ်။

စာတွေ့တွေ ဘယ်လောက်များများ လက်တွေ့ကို မမီဘူး ဆိုတဲ့အတိုင်း ကျောင်းသင်ခန်းစာကို လက်တွေ့ဘဝလုပ်ငန်းခွင် တွေနဲ့ တတ်အားသမျှ ချိတ်ဆက်ပေးမယ်။ ကျွန်တော်ကြီးလာရင်





သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ချင်တယ်။ ကျွန်တော် အခု စာရေးနေတာ မေလရဲ့ နေ့လယ်ခင်းဖြစ်ပါတယ်။ ပူလိုက်အိုက်လိုက် တာတော့ မပြောပါနဲ့တော့။ နာဂစ်မုန်တိုင်းအပြီးမှာပဲ ရန်ကုန်မြို့ရဲ့ သစ်ပင်ကြီးတွေ မရှိတော့ပါဘူး။ ကုန်ပါပြီ။ ဒီတော့လည်း တစ်နှစ် ထက်တစ်နှစ် ပိုပိုပူလာလိုက်တာ ဒီနှစ်မှာတော့ မခံမရပ်နိုင်အောင် ပူပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ကြီးလာရင် သစ်ပင်တွေ စိုက်ချင်ပါတယ်။ အရိပ်ရအပင်တွေနဲ့ ဝေဆာနေတဲ့မြို့တွေ တစ်မြို့ပြီး တစ်မြို့ မြင်တွေ့ချင်ပါတယ်။

ကျွန်တော်ကြီးလာရင် ဖြစ်ချင်တာတွေ အများကြီးပါပဲဗျာ။ ကျွန်တော် မြန်မြန်ကြီးချင်ပြီ။ ကျွန်တော်အခုတော့ ဘာတွေလုပ် နေလဲ သိလား။ ကျွန်တော် စာတွေဖတ်နေပါတယ်။ ကျွန်တော် ကြီးလာရင် ကျွန်တော် ဘာလုပ်မလဲဆိုတာ ကျွန်တော် အိပ်မက် မက်နေပါတယ်။

ဆရာတစ်ယောက်က ပြောဖူးပါတယ်။ အကောင်အထည် ဖော်နိုင်တဲ့၊ မဖြစ်နိုင်တဲ့ အိပ်မက်ဆိုတာ ဆောင်းအိပ်မက်ပါတဲ့။

အခုတော့ ကျွန်တော်အိပ်မက် မက်နေပါတယ်။ ကျွန်တော့် အိပ်မက်ဖြစ်လာ မလာတော့ ကျွန်တော်လည်း မသိပါဘူး။ ဖြစ်လာ အောင်တော့ တတ်သမျှ ကြိုးစားရမှာပါပဲ။ အခုလောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လုပ်တတ်တာဆိုလို့ တပတ်တာပဲရှိပါသေးတယ်။ ကျွန်တော် တစ်နေ့နေ့တစ်ချိန်ချိန်တော့ ကျွန်တော်လိုချင်တာတွေ လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အော်၊ ကျွန်သေးတယ်။ မေ့တော့မလို့။ ကျွန်တော်ကြီးလာရင် အေးအေးချမ်းချမ်း နေချင်တယ်ဗျာ။ ကျွန်တော်က ကော်ဖီတစ်ခွက်နဲ့ စာအုပ်တစ်အုပ်ရှိရင် ဘဝကို ကျေနပ်နေတဲ့သူဗျ။ ကျွန်တော် ဒီနေ့တော့ နားချင်ပြီဗျာ။ ကျွန်တော်ကြီးလာရင်၊ ကျွန်တော်ကြီးလာရင်၊ ကျွန်တော်ကြီးလာရင် ...။

✧ ✧ ✧



# ကျွန်တော်ပြောကြည့်မယ်နော်

တုတ်ကဲ့။ ကျွန်တော် ပြောကြည့်ပါရစေ။ ကျွန်တော် တနင်္လာနေ့က Global English သွားအပ်တယ်။ ဒီလိုပါခင်ဗျာ။ မာလာမှတ်တိုင်ရှေ့က လှိုင်တက္ကသိုလ်(ရန်ကုန်တက္ကသိုလ်)နဲ့ကပ်လျက် နိုင်ငံခြားသာသာ လေ့ကျင့်သင်ကြားပေးရေး သင်တန်းကျောင်းမှာ အင်္ဂလိပ်စာသင်တန်း သွားအပ်တာကို ပြောတာပါ။ ကျွန်တော်က ပြီးခဲ့တဲ့မတ်လက Basic အတန်းကိုအောင်တော့ အခု Intermediate အတန်းကို သွားအပ်တာပါ။

ကျွန်တော်က ဘွဲ့ရဖြစ်ပါတယ်။ အကြောင့် ဘွဲ့လွန်ဒီပလိုမာလို့ ပြောရင် ရပါတယ်။ ထားပါတော့လေ။ အဲနဲ့ ကျွန်တော်သင်တန်းအပ်ရမယ့်နေရာကို ၁၀ နာရီ ထိုးခါနီးလေး ရောက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပ်မယ့်သူက တစ်ထောင်ယောက်ရှိပါတယ်။ သင်တန်းအပ်တ
လက်ခံတဲ့သူက ၅ ယောက်ပဲရှိပါတယ်။ အဲတော့ ကျွန်တော်
များများလေးပြောလိုက်တာပါ။ ကျွန်တော်တကယ်အပ်ခဲ့ရတာ
နှစ်ယောက်တည်းပါ။ တစ်ယောက်က ဘွဲ့လက်မှတ်အစစ်တု
မဟုတ် ဝစ်တာပါ။ နောက်တစ်ယောက်က သင်တန်းကြေး ၂၀၅
ကို လက်ခံတဲ့ ငွေကိုင်ဝန်ထမ်းဖြစ်ပါတယ်။ အဲပေမယ့် ကျွန်တေ
ပြောတာလေးတော့ နားထောင်ပေးပါခင်ဗျာ။ ကျွန်တော်အတန်း
တာ နှစ်နာရီခွဲမှ ပြီးပါတယ်။ တုတ်ပါတယ်။ ကျွန်တော်ရော
သွားတာ မနက် ဆယ်နာရီ။ ကျွန်တော်အပ်လို့ပြီးတာ နေ့ခ
နှစ်နာရီခွဲ။ အတန်းတစ်တန်းအပ်တာ လေးနာရီခွဲကြာတယ်ဆို အဲ
ရယ်စရာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲပေမယ့် အဖြစ်မှန်ပါ။ ကျွန်တေ
တို့ရဲ့ စနစ်တွေဟာ ဂင်းနစ်စံချိန်တင်လို့ရတဲ့ စနစ်တွေပါ။

သင်တန်းတစ်ခုအပ်တာ လေးနာရီခွဲကြာတာ ကျွန်တော်တို့
ဆီမှာကလွဲလို့ ဘယ်နိုင်ငံမှာမှ မရှိပါဘူး။ ဘယ်စကြဝဠာမှာ
မရှိဘူးဆို ပိုမှန်မလားပါပဲ။ ကျွန်တော်နည်းနည်း ဖြည့်စွက်ပြော
ရဦး။ ကျွန်တော်ဖြည့်ရတဲ့လျှောက်လွှာမှာ လိပ်စာ(၄)ခါ ဖြည့်
ပါတယ်။ လျှောက်လွှာက နှစ်စောင်ဆိုတော့ လိပ်စာ(၈)ခါ ဖြည့်





ပါတယ်။ အဖေလိပ်စာ၊ အမေလိပ်စာ၊ ကျွန်တော့်လိပ်စာ၊ ကျွန်တော့်
လက်ရှိလိပ်စာ အဲဒါတွေကို နှစ်ခါစီဖြည့်ရပါတယ်။

အဲတွေ ပြောနေတာဟာ ကျွန်တော်ဟာ ဒီသင်တန်းကို ပုတ်ခတ်
နေတာမဟုတ်ပါဘူး။ ကျွန်တော်သိသလောက်က တခြားသင်တန်း
တွေလည်း ဒီလိုပဲ ဖြည့်ရတာပါ။ တချို့ဆို အခါ ၂၀ တို့ အခါ
၃၀ တို့တောင် ဖြည့်ရတာပါ။

ကျွန်တော်ပြောကြည့်မယ်နော်။ ကျွန်တော့်အဖေနဲ့ ကျွန်တော့်
အမေလိပ်စာ မတူဘူးဆိုတာ ဖြစ်နိုင်မလား။ တကယ်လို့ မတူဘူး
ဘဲဆိုကြပါစို့။ ကျွန်တော်တက်တာက အင်္ဂလိပ်စာလေ့ကျင့်ချင်လို့
တက်တဲ့အင်္ဂလိပ်စာအတန်းလေ။ ကျွန်တော် လေယာဉ်ပျံမောင်း
သင်နေတာမှ မဟုတ်တာ။ စိတ်ပညာအရဆိုရင်တော့ အမေနဲ့
အဖေ ကွဲနေတဲ့ကလေးဟာ စိတ်ဒဏ်ရာရှိတယ်လို့ဆိုပါတယ်။
အဲဆို လေယာဉ်မောင်းတာမျိုးကို မလုပ်သင့်ဘူးလို့ ကောက်ချက်
ချကြတာပါ။

အခုအခြေအနေကိုပဲ ပြန်သွားရအောင်ပါ။ ကျွန်တော် အင်္ဂလိပ်
စာသင်တဲ့အချိန်မှာ ကျွန်တော်က ဘေးကလူကို လည်ပင်းသွား
ညှစ်မှာကြောက်လို့ ဒီလိပ်စာကို မေးတာလား။ အဲမှမဟုတ် ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးတာလဲ။ ကျွန်တော်တကယ်ကို နားမလည်လို့ပါ။ နောက်ပြီး ကျွန်တော်က စိတ်မနှံ့တဲ့လူမို့လို့ မေးတာလား။ ကျွန်တော် စိတ်မနှံ့ရင် ဘွဲ့ရပါ့မလား။ စဉ်းစားစရာတွေပါ။

ကျွန်တော်ပြောကြည့်မယ်နော်။ တကယ်တော့ ကျွန်တော် အခုတက်နေတဲ့၊ တက်ဖို့ပြင်နေတဲ့ အတန်းတွေများပါတယ်။ များတယ်လို့ထင်ပါတယ်။ များတယ်လို့ ထင်ချင် ထင်နိုင်ပါတယ်။ ဒီလိုပါ။ ကျွန်တော်ညနေ ၅း၃၀ ကနေ ၆း၃၀ လှည်းတန်းမှာ ကိုရီးယားစာသင်နေပါတယ်။ ၆း၃၀ ကနေ ၈း၃၀ က စံရိပ်ငြိမ်က အင်းလျားရွာသစ်ကျောင်းမှာ အဘိဓမ္မာသင်ကြားတာ နာယူနေပါတယ်။ ဇွန် ၃ ရက်နေ့မှာ အသုံးချစိတ်ပညာတက်မှာပါ။ အခု လာမယ့် မေ ၂၅ မှာ Global English တက်မှာပါ။ စနေ၊ တနင်္ဂနွေ အားတဲ့အချိန်တွေမှာလည်း ဆင်ရေတွင်းက ဆရာကြီးဦးမြကြိုင် အင်္ဂလိပ်စာသင်တန်းကျောင်းမှာ အင်္ဂလိပ်စာတက်နေတာပါ။ ထားပါတော့လေ။ ကျွန်တော်ဆိုလိုတာက ကျွန်တော်အပြင်သင်တန်းတွေ တက်တာ ဒီလိုလျှောက်လွှာတွေ တစ်ထပ်ကြီးမပြည့်ရဘူးဆိုတာပါ။

ကျွန်တော်အသုံးချစိတ်ပညာသင်တန်းအပ်တဲ့ အတွေ့အကြုံလေး နည်းနည်း ပြောပြပါရစေ။ ကျွန်တော် မိန်းထဲမှာ လျှောက်လွှာ





သွားထုတ်ပါတယ်။ လျှောက်လွှာထုတ်တဲ့ရက်မှာပဲ ကျွန်တော်က တင်လိုက်ချင်တာပါ။ မရပါဘူး။ ဆယ်တန်းအောင်လက်မှတ် မပါလို့ပါ။ ကျွန်တော် သိချင်တာတစ်ခုပဲရှိတာပါ။ လူတစ်ယောက်ဟာ ဆယ်တန်းမအောင်ဘဲ ဘွဲ့ရတယ်ဆိုတာ ရှိလို့လား။ ကျွန်တော် ဒီအတိုင်းပဲ မေးခဲ့ပါတယ်။ ကျွန်တော်ဆယ်တန်းမအောင်ဘဲ ဘွဲ့ရတယ်လို့ ထင်လို့လားပေါ့။ သူတို့က ပြောတာလည်း ရှင်းပါတယ်။ ပြောင်ပြောင်ပဲ။ ဆယ်တန်းအောင်လက်မှတ်မှာက မွေးသက္ကရာဇ်ပါတယ်တဲ့။ အသက်လိမ်တဲ့လူ၊ လူလိမ်တဲ့လူ ဖြစ်မှာစိုးလို့တဲ့။ သူတို့ဆိုလိုတာက ကျွန်တော်က အသုံးချစိတ်ပညာဒီပလိုမာစာရွက်ကို လိုချင်လို့ ခိုးပြီးတက်တာကို ဆိုလိုတာပါ။

ကျွန်တော်ကလည်း နည်းနည်းတော့ ပြန်မေးချင်ပါတယ်။ တကယ်လို့ အဲဒီဘွဲ့ကို လုံးဝမယူဘူး။ သင်တန်းကသင်တဲ့ သင်ခန်းစာတွေကိုပဲ လေ့လာချင်တာဆိုရင်ရော ဆယ်တန်းအောင်လက်မှတ် ပြနိုင်ဦးမှာလားပေါ့။

ပညာကို စိတ်ဝင်စားလို့ သင်တာရော မရဘူးလားဗျာ။ ကိစ္စက အဲဒီမှာ မပြီးသေးပါဘူး။ ဆယ်တန်းအောင်လက်မှတ်မပါခဲ့တဲ့(ကျန်တာတွေ အကုန်ပါခဲ့တဲ့)ကျွန်တော်က မေလရဲ့ အပြန်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ တပ်ခေါက်ပြန်ခဲ့ရပါတယ်။ စာဖတ်သူ နည်းနည်းခံစား
ပေးလို့ရမလား မသိဘူး။ ကျွန်တော်ပြောပြပါရစေ။ ကျွန်တော်
ရုံးဝန်ထမ်းပါ။ ကျွန်တော် ခွင့်ယူခဲ့ရတာပါ။ အဆင်မပြေတော့
ကျွန်တော်နောက်တစ်ရက် ခွင့်ထပ်ယူရပါတယ်။ အဲဒါတွေက အရေး
မကြီးပါဘူး။ ဒါပေမယ့် စာဖတ်သူကို နည်းနည်းလောက်ပြော
ချင်ပါတယ်။ အခုဆိုရင် သတင်းစာမှာရော၊ ဂျာနယ်မှာရော ဆ
လွှန်ရောင်ခြည်အကြောင်း အလွှန့်အလွှန် ရေးနေတဲ့အချိန်
ကျွန်တော်က နေပူကြီးထဲမှာပါ။ ကျွန်တော် အတွင်းတိမ်ဖြစ်မှာ
သေချာပါတယ်။ ဒီလောက်နေပူထဲ ခဏခဏသွားနေရတာမှ အတွ
တိမ်မဖြစ်ရင် ဘယ်သူဖြစ်မလဲဗျာ။ ဆိုလိုတာက အသုံးချစိတ်
ဆိုတဲ့ စာရွက်တစ်ရွက်နဲ့ ကျွန်တော် အတွင်းတိမ်နဲ့ လဲလိုက်
တယ်ဆိုတာပါ။

ထားပါတော့လေ။ ကျွန်တော်နောက်တစ်ခေါက် ထပ်သွ
တယ်။ ဆယ်တန်းအောင်လက်မှတ်ယူသွားပါတယ်။ ဒါလည်း
ဘူး။ ပါမောက္ခလက်မှတ်မပါလို့တဲ့။ ဒါနဲ့ပဲ ကျွန်တော်ရာမည
ကို လမ်းလျှောက်ပြီး ပါမောက္ခကို လက်မှတ်ထိုးပေးဖို့ ခွင့်
ရပါတယ်။ ကျွန်တော်သိချင်တာက ကျွန်တော့်ကို ဘာ





ပါမောက္ခလက်မှတ်ပါရမယ်ဆိုတာ အစောကြီးကတည်းက မပြောတာ
လဲပေါ့။ ကျွန်တော်သိရင် ရာမညဆောင်အရင်သွားပြီးမှ လျှောက်လွှာ
လာတင်မှာပေါ့။ တကယ်တော့ လျှောက်လွှာတင်တဲ့နေရာနဲ့ ရာမည
ဆောင်ဟာ တက္ကသိုလ်တစ်ခုထဲမှာပါ။ ကျွန်တော်သွားသင့်တာပေါ့။
တုတ်ပါတယ်။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ရဲ့ အကျယ်အဝန်းကို
စာဖတ်သူ သိမှာပါ။ ဟုတ်ပါတယ်။ ကျွန်တော် ၂၅ မိနစ် နေပူ
ထဲမှာ လမ်းလျှောက်ရတာပါ။ အသွားအပြန်ဆိုတော့ တစ်နာရီနီးပါး
ပဲ။

ကျွန်တော်ပြောကြည့်မယ်နော်။ ကျွန်တော်ဘာတွေမှားနေ
တာလဲ။ ကျွန်တော်တစ်ခုခုတော့ မှားနေတာသေချာပါတယ်။ ဒီသင်
တန်းကို တက်ချင်တာ ကျွန်တော့်အမှားလား။ ဒါမှမဟုတ် ဘာမှား
တာလဲ။ ကျွန်တော် လူဖြစ်လာတာကိုက မှားနေတာလား။ မှားပြီး
ဖြစ်လာတာလား။ ကျွန်တော် တွေးမိတယ်။ ကျွန်တော် အဲဒီ
တွေးကို အမိပတိလမ်းပေါ်လျှောက်ရင်းနဲ့ တွေးမိတာပါ။ အော်-
ကကြီး၊ လောကကြီးပေါ့။

ဒီက ဘွဲ့သာရတာ။ တကယ်တော့ ဒီဟာ လူ့နွားပါပဲ
ပေါ့။ ဟုတ်တယ်လေ။ ကျွန်တော့်မှာတော့ အားကြီးမာန်တက်နဲ့
လျှောက်လွှာသွားတင်တာ။ သူက တစ်ခွန်းပဲ ပြောလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခလက်မှတ် ယူလာခဲ့တဲ့။ ကျွန်တော်သိပါတယ်။ ကျွန်တော်မှားသွားတာ။ သတင်းမပြည့်မစုံနဲ့ လူကိုမလိမ့်တစ်ပတ်လုပ်တတ်တဲ့ ဝန်ထမ်းနဲ့မှ ကျွန်တော်သွားတွေ့တာကိုး။ သင်တန်းတက်ချင်တာကိုက ကျွန်တော်မှားသွားတာပါ။ ဒါပေမယ့် ကျွန်တော်သိချင်တာက အဲဒီဝန်ထမ်း ငရဲကြီးမှာ မကြောက်ဘူးလားဆိုတာပါ။

ကျွန်တော်နဲ့သူနဲ့ ဘာမှလည်း မပတ်သက်ပါဘဲနဲ့(ဘာရန်ငြိုးမှလည်း မရှိပါဘဲနဲ့)ကျွန်တော့်ကို တစ်နာရီနီးပါး ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းကို လျှောက်ခိုင်းတာလေ။ အချိန်ကိုလည်း ကြည့်လေ။ နေ့လည်တစ်နာရီ ခြစ်ခြစ်တောက်ပူတဲ့ နေရောင်အောက်မှာ ကျွန်တော်တစ်ယောက်တည်း။ ထီးဆောင်းပေမယ့် အပူတွေတာ မျက်လုံးထဲကိုတပ်တာ အဲဒီအချိန် နေပူထဲမှာ ထီးဆောင်းလျှောက်ဖူးတဲ့သူတိုင်း သိပါတယ်။

ဒီဆောင်းပါးကို ကျွန်တော်ရေးတာဟာ ပြစ်တင်ဝေဖန်လိုစိတ်နဲ့မဟုတ်ပါဘူး။ ကျွန်တော်ဖြစ်ချင်တဲ့ အခြေအနေလေးကို တင်ပြပြောပြချင်တာလေးတစ်ခုပါပဲ။ ကျွန်တော် တကယ်တော့ အဲဒီလိုအဓိပတိလမ်းပေါ်လျှောက်နေတဲ့ အချိန်တုန်းက ဝမ်းနည်းလွန်းလို့ မျက်ရည်တောင် ဝဲပါတယ်။ ယောကျ်ားတန်မယ့် မျက်ရည်မကျ





ရဲလို့ မျက်ရည်ဝဲလာတာကို သုတ်ခဲ့ရတာပါ။ တကယ်တော့ အဲဒီကိစ္စကို ပြန်ပြန်တွေးမိတဲ့အခါတိုင်း ရင်ထဲမှာ လှိုက်တက်လာတာပါ။

အော် ... ငါ့ကို အမေက ပညာတတ်ကြီးဖြစ်စေချင်လို့ ပညာသင်ပေးခဲ့တယ်။ နေရိပ်ထဲမှာ နေရအောင်လို့ပေါ့။ မိဘဆိုတာ သားသမီးကို အရိပ်ထဲမှာပဲ နေစေချင်တာပေါ့။ ပညာတတ်ကြီးဖြစ်လာရင် အရိပ်ထဲမှာ ကောင်းကောင်းမွန်မွန် နေရမယ်ပေါ့။ ဒီလိုယူဆပြီး ကျောင်းထားပေးခဲ့တယ်။ ဘွဲ့ရအောင်အထိ ပညာသင်ပေးခဲ့တယ်။ ကျွန်တော်ကတော့ ဒီလိုပါပဲ။ ဘွဲ့ရရင်ပြီးတာပဲဆိုပြီး၊ ဆယ်တန်းအောင်အောင် ဖြေခဲ့တယ်။ နောက်တော့ ဘွဲ့ရတယ်။ ဒါပေမယ့် အခုထိ အရိပ်ထဲမှာ မနေရသေးဘူးဆိုရင် မအံ့ဩပါနဲ့။

ဟုတ်ပါတယ်။ ကျွန်တော် ယူထားတဲ့ဘွဲ့ကို နည်းနည်းလေးတော့ ပြောပြပါရစေ။ ဆရာဝန်ဘွဲ့ပါ။ ကျွန်တော်က လူထဲမှာနေ၊ လူတွေနဲ့စကားပြောနေရတာကို အရမ်းသဘောကျတာပါ။ ကျွန်တော် အကြိုက်ဆုံးအလုပ်ကတော့ ကော်ဖီလေးတစ်ခွက်သောက်ပြီး ပက်လက်ကုလားထိုင်ပေါ်မှာ စာအုပ်လေးတစ်အုပ်ဖတ်နေရတဲ့အလုပ်ပါ။ အခုတော့ ဘယ်ဟုတ်ပါ့မလဲဗျာ။ ဆေးခန်းဆို အရေးစွဲမယ့်လူနဲ့၊ တိုင်မယ်ဆိုတဲ့လူနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောကတောင် ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသေး တယ်။ ဘာတဲ့။ ဆရာဝန်တစ်ယောက်ကို အခွန်ငွေတစ်နှစ် ကျပ်သိန်း တစ်ရာဆောင်ခိုင်းမယ်တဲ့။ ကျွန်တော်ဆို အဲဒီသတင်းကြားတော့ ရယ်လိုက်တာမှ ဖတ်ဖတ်ကိုမောနေတာပါပဲ။

သူပြောသလိုဆို ဆရာဝန်တွေက ပိုက်ဆံတော်တော်ရနေတဲ့ ပုံပဲ။ အခွန်ငွေ တစ်နှစ် ကျပ်သိန်းတစ်ရာဆိုတော့လေ။ သူပြောတဲ့ အရ တစ်နှစ်ကို ဝင်ငွေ ကျပ်သိန်းတစ်ထောင်လောက် ရနေသလိုပဲ။ ကျွန်တော် မငြင်းပါဘူး။ ရတဲ့ဆရာဝန်ကြီးတွေ ရှိချင်ရှိမှာပေါ့။ ဝင်ငွေခွန် ဆယ်ရာခိုင်နှုန်းဆောင်ခိုင်းရင် သိန်းတစ်ရာဆောင်ရတဲ့ ဆရာဝန်ကြီးတွေ ရှိကောင်းရှိမှာပေါ့။ ဒါပေမယ့် သူ(စာရေးသူ စေတနာရှင်ပြည်သူ)ရေးတာက အခွန်ကို ဆရာဝန်တိုင်းဆောင်ရမယ် ဆိုတာပါ။ အခွန်မဆောင်ရင်လည်း ထောင်ချမှာတဲ့။ အံ့ရော၊ အံ့ရော သူပြောသလိုဆို ကျွန်တော်ထောင်ထဲဝင်ရတော့မှာပေါ့။

ကျွန်တော်ဘယ်လိုလုပ် ကျပ်သိန်းတစ်ရာဆောင်မလဲ။ စဉ်းစား ကြည့်လေ။ ကျွန်တော် လစာငွေ ကျပ်တစ်သိန်းခွဲရတယ်။ အရ ခေတ် တားစရိတ်တွေ ဈေးကြီးတာ စာဖတ်သူတို့ သိမှာပါ လျှော့လျှော့ပေါ့ပေါ့ ကျွန်တော် တစ်လကျပ်တစ်သိန်း ကုန်တယ်





ဆားပါတော့။ ငါးသောင်းပိုမှာပေါ့။ အဲဒီ ငါးသောင်းကို လတိုင်းစုပြီး အခွန်ဆောင်မယ်ဆိုရင် ကျွန်တော် အနှစ် ၂၀ လောက်ကြာမှ စေတနာရှင်ပြည်သူကြီးပြောတဲ့ တစ်နှစ် ကျပ်သိန်းတစ်ရာဆိုတဲ့ အခွန်ကို ဆောင်နိုင်မှာပါ။ ဆေးခန်းမထိုင်ဘူးလားလို့ မေးမှာပေါ့။ တုတ်ပါတယ်။ ကျွန်တော်ဆေးခန်းမထိုင်ပါဘူး။ ကျွန်တော့်မှာ အပိုဝင်ငွေမရှိပါဘူး။ ဒါကြောင့် သူပြောသလိုဆို ကျွန်တော် ထောင် ထဲဝင်နေရမှာပါ။

ကျွန်တော်ပြောကြည့်မယ်နော်။ ကျွန်တော် ကားမပြောနဲ့ ဆိုက်ကားတောင် မစီးနိုင်ပါဘူး။ ဂျာနယ်က ဒီလိုဆောင်းပါးကို ဘာဖြစ်လို့ ထည့်တာလဲဆိုတာကိုပဲ ကျွန်တော် စဉ်းစားတာပါ။ သူ့မှာ ရေးစရာအကြောင်း ဒီလောက်ရှားလား။ ကျွန်တော် လမ်း ပေါ်မှာ လမ်းလျှောက်နေတဲ့အချိန်မှာ ကုန်သည်တွေက လန်ခရူဇာ စီးနေတာပါ။ ကျွန်တော်ညဘက်ဆေးရုံမှာ လူနာတွေကို ဆေးကု နေတဲ့အချိန်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူ့အကြီးအကဲဆိုတဲ့ သူတွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတာပါ။

ကျွန်တော်မှာ ငိုဆိုင်ပြုရမယ်ဆိုတော့ ဘာဖြစ်လို့ ကန့်ကွက် တာလဲ။ ငိုဆိုင်မှုဆိုတာ ပြုလိုက်ရင်ဘာတွေပေါ်သွားမှာကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ။ ကျွန်တော်ဆိုလိုတာက တခြားတခြားတွေမှာ လိုအပ်ချက်တွေ ဒီလောက်များတာကို ဘာဖြစ်လို့ ဒီဆရာဝန်ဆိုတဲ့လူကိုပဲ ပတ်ပြီးပြဿနာရှာနေတာလဲ။ ကျွန်တော်ကတော့ ရှင်းပါတယ်။ အဲဒီနေ့ကစလို့ အဲဒီဂျာနယ်ကို ကိုင်တောင်မကြည့်တော့ပါဘူး။

ဒါဟာလည်း ကျွန်တော်နဲ့ ဂျာနယ်ရန်ငြိုးရှိလို့ မဟုတ်ပါဘူး။ မဟုတ်ကဟုတ်က မဖြစ်နိုင်တာကို ဇာတ်လမ်းဆင်ပြီးရေးလို့ မဖတ်ချင်တော့လို့ပါ။ ရှုံသွားလို့ပါ။ ရေးစရာရှားလို့။ တကယ်တော့ ဂျာနယ်ရောင်းကောင်းရင်ပြီးရော၊ ထည့်ပစ်လိုက်မယ်ဆိုတာ ဉာဏ်တိမ်လွန်း အားကြီးပါတယ်။

ကျွန်တော် ပြောကြည့်မယ်နော်။ ဒီပိုကရေစီလမ်းကြောင်းဆိုတာ အရှည်ကြီးပါ။ အခုမှ အစခရီးပဲ ရှိသေးတာပါ။ တကယ်တော့ အားလုံးလက်တွဲပြီး ပန်းတိုင်ကိုချီတက်ကြရမှာပါ။ အခုတော့ ဘယ်ဟုတ်မလဲဗျာ။ Professional တစ်ခုနဲ့တစ်ခု ခွက်စောင်းခုတ်ကြ၊ ထစ်ကြနဲ့။ ကျွန်တော်ကတော့ ဆောင်းပါးရှေ့မှာ ပြောခဲ့သလိုပါပဲ။ ကော်ဖီတစ်ခွက်နဲ့ စာအုပ်တစ်အုပ်ရှိရင် ဘဝကြီးမှာ နေရတာကို ကျေနပ်နေမယ့်သူပါ။ အခုတော့ ကျွန်တော်အကုသိုလ်ပဲ ပွားနေရသလို ဖြစ်နေတော့တာပါပဲ။





ကျွန်တော်တကယ်ပါ။ တော်တော်ကို စိတ်ညစ်သွားတာ။ အဲလို ကိစ္စတွေ ခဏခဏ ကြုံလာတော့ ကျွန်တော် အိုမင်းရင့်ရော်သွားတာပါပဲ။ အခုဆို ကျွန်တော့ခေါင်းမှာရှိတဲ့ ဆံပင်တွေလည်း အဖြူရောင်ပြောင်းနေပါပြီ။ တစ်ခေါင်းလုံးဖြူဖို့ နည်းနည်းပဲလိုပါတော့တယ်။ မကြာခင်မှာ တစ်ခေါင်းလုံး ဖြူဖွေးနေတဲ့ ကျွန်တော်ကို မြင်ရဖို့ရှိပါတယ်။ ထားပါတော့လေ။

ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်။ ကျွန်တော် ဒီအိပ်မက်လေးကို ပြောပြပြီး၊ ဒီဆောင်းပါးလေးကို အဆုံးသတ်ပါရစေ။ ကျွန်တော် လိပ်စာအခါ ၂၀ လောက် မပြည့်ချင်တော့ဘူးဗျာ။ ကျွန်တော် နေပူကြီးထဲမှာ တစ်နာရီလောက် မလျှောက်ချင်တော့ဘူးဗျာ။ ကျွန်တော်မကြီးမငယ်နဲ့ ထောင်ထဲမှာ မနေချင်ဘူးဗျာ။ ကျွန်တော် လူလူချင်း ကိုယ်ချင်းစာမှာတဲ့ ပတ်ဝန်းကျင်တစ်ခုကို လိုချင်တယ်ဗျာ။ ကျွန်တော်ဒါလေးတွေပဲ မျှော်လင့်တာပါ။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်အတိုင်းပဲ ကျွန်တော်ဘဝကြီးဆီက နည်းနည်းလေးပဲ မျှော်လင့်တာပါ။

ကျွန်တော်အိပ်မက်ဖြစ်လာပါ့မလားတော့ မသိဘူးဗျာ။ ကျွန်တော့် ဆံပင်တွေ ဖြူနေပါပြီ။ ကျွန်တော်ပါးရေတွေ တွန့်နေပါပြီ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တော်တတဲ့ လူလူချင်း ကိုယ်ချင်းစာတရား အပြည့်အဝထားတဲ့ ပတ်ဝန်းကျင်တစ်ခု(ပြောမယ်ဆို၊ ကြီးကြီးကျယ်ကျယ် ပြောမယ်ဆို နိုင်ငံတစ်ခု)ရနိုင်ပါ့မလား။ စာဖတ်သူတို့လည်း ကူညီပြီးတွေးပေး ကြပါဗျာ။ ကျွန်တော်အိုပါပြီဗျာ။ ကျွန်တော်ဝမ်းနည်းနေတယ်။ ကျွန်တော်အရမ်းကို မျှော်လင့်နေတာပါ။ ဖြေပေးပါဦးဗျာ။

✧ ✧ ✧



# ကျွန်တော်တို့ရပ်ကွက်ထဲမှာ

ကျွန်တော်နေတာ လှိုင်မြို့နယ်ထဲမှာ ဖြစ်ပါတယ်။ ကျွန်တော် ထိုင်ကြီးပြင်းရာဒေသလည်း ဖြစ်ပါတယ်။ အခုတော့ ဖုန်းတွေ ကျ်နေကြလေ့ရဲ့။ ရပ်ကွက်ရဲ့လော်စပီကာနဲ့ကို လိုက်ကြေညာ နေတာဖြစ်ပါတယ်။ အော်၊ ဒီလိုနဲ့ မဲနှိုက်တဲ့ရက်တောင် ရောက်ခဲ့ ပါပြီ။ ဖုန်းမဲနှိုက်တော့ မဲပေါက်တဲ့သူတွေ ပျော်တာပေါ့။ မပေါက် သူတွေကတော့ မှိုင်လို့ပေါ့။ နောက်တစ်ကြိမ်ပေါက်နိုးနိုးနဲ့ စောင့်ရတော့တာပေါ့။ လူဦးရေတစ်သောင်းလောက် လျှောက်တဲ့ ထဲမှာ မဲပေါက်တာက အလုံး ၁၀၀ ခန့်ဆိုတော့ လူအယောက် ရာကို ဖုန်းတစ်လုံးနှုန်း မဲပေါက်တဲ့သဘောဖြစ်ပါတယ်။ ပေါက်တဲ့ သူတွေတော့ ပျော်ကုန်ကြပါပြီ။ ပြန်ရောင်းဖို့ အားခဲတဲ့သူတွေလည်း သပေါ့။ အပြင်မှာ ဈေးကောင်းရတာကိုး။ ပြီးခဲ့တဲ့ တစ်လ တော့ သတင်းသဲ့သဲ့ကြားမိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



GSM ဖုန်းနံပါတ်လှတဲ့တစ်လုံးကို ကျပ် ၂ သိန်း ၈ သော
အထိ ပေးဝယ်ပါတယ်တဲ့။ အံ့သြကုန်နိုင်ဖွယ်ပါပဲ။ ကျပ် ၁၅
တန် ဖုန်းတစ်လုံးကို ကျပ် ၂ သိန်း ၈ သောင်းဈေးပေါက်တ
ဆိုတော့ ဘယ်လိုပြောရမလဲ။ ဇိမ်ခွတ်လို့ပဲ ပြောရမယ်ထင်ပါတ

ကျွန်တော်တွေးမိပါသေးတယ်။ ဖုန်းတွေပေါ်ခါစအချိန်
GSM ဖုန်းတွေ ပေါ်ခါစတုန်းကဆို ဖုန်းကိုင်နိုင်ရင် အရှိန်
မျက်နှာပွင့်လန်းတာပါ။ ဖုန်းကိုင်နိုင်တဲ့သူဟာ တကယ့်ကိုသူဌေး
ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းကဖုန်းက ဝယ်ဈေးကိုက ကျ
၁၅ သိန်းဖြစ်ပါတယ်။ ကျပ် ၁၅ သိန်းနဲ့ ကျပ် ၁၅၀၀၊ အ
တစ်ထောင်တိတိကို ကွာပါတယ်။ တရားကျစရာလေးတွေ ဖြ
တယ်။ အဲဒီတုန်းက ဖုန်းကိုင်ပြီး ဖုန်းပြောနေတဲ့သူကို ကျွန်တေ
တို့တွေ ငေးကြည့်ခဲ့ရတာပါ။ ဝယ်ဈေးက ကျပ် ၁၅သိန်း ဆိုပေ
အပြင်မှာ တကယ်ပြန်ဝယ်တော့ ကျပ် ၂၅သိန်းပေးပြီး ပြန်ဝယ
ပါတယ်။ အဲဒီတုန်းက လက်ကိုင်ဖုန်းတစ်လုံးကို ကျပ်သိန်း ၅
အထိ ဈေးပေါက်ခဲ့တာပါ။ ကြောက်ခမန်းလိလိပဲဖြစ်ပါတယ်။

တကယ်တော့ ဖုန်းနဲ့ကားဟာ အဆင်းလောကခံနဲ့ ကြုံ
ခဲ့ရတာဖြစ်ပါတယ်။ ကားဟာလည်း ဒီအတိုင်းပါပဲ။ အရင်တုန်
ကျပ်သိန်း ၃၀၀၀ လောက်ပေးဝယ်ရတဲ့ Cygnus ကား





အခုတော့ ကျပ်သိန်း ၁၀၀၀ တောင် မရှိတော့ပါဘူး။ ကားအများကြီးပိုင်ခဲ့လေလေ ငွေအများကြီးရှုံးလေလေလို့ ပြောရမလားမသိဘူး။ ဒါကတော့ မသိတဲ့သူ ခံရတဲ့သဘောဖြစ်ပါတယ်။ သိတဲ့သူအတွက်ကျတော့လည်း ခွင်ရိုက်သွားရုံပါပဲ။

ဟုတ်ကဲ့၊ ကားဟောင်းကနေ ကားသစ်လဲတဲ့ စီမံကိန်းမှာ ခွင်တွေရိုက်ခဲ့တဲ့သူတွေ သန်းကြွယ်ကုဋေကြွယ်တွေ ဖြစ်ကုန်ကြပြီဖြစ်ပါတယ်။ လေးဘီးကားအပ်ပြီး ကားသစ်ဝယ်ခွင့်ချပေးခဲ့တော့ အဲဒီခွင်မှာပဲ အပိုင်ရိုက်ခဲ့ကြသူတွေ အများကြီးပါ။ လေးဘီးကားအင်ကျင်မပါတာကို ကျပ် ၅ သိန်းလောက်နဲ့ဝယ်ပြီး စလစ်ပြားကို ကျပ်သိန်း ၁၀၀နဲ့ ပြန်ရောင်းခဲ့တာပါ။ တချို့ကျတော့လည်း လေးဘီးကားကို တစ်စီးတည်းတောင် မဟုတ်ပါဘူး။ လေးဘီးကားအစီးငါးရာဝယ်ပြီး အစီးငါးရာအတွက် စလစ်ထုတ်သွားခဲ့တာပါ။ ဥပဒေမှာက နှစ်မျိုးပဲရှိတဲ့ အတွက်ဖြစ်ပါတယ်။ ခုတစ်မျိုးတော်ကြာတစ်မျိုးဖြစ်ပါတယ်။ ဒီဥပဒေထုတ်မယ်ဆိုတာ ကြိုသိနေသူကသာ လေးဘီးကားအစီးရေ ၅၀၀ ဝယ်မှာဖြစ်ပါတယ်။

လေးဘီးကားအစီး ၅၀၀ ဝယ်ပြီး အိမ်မှာစီးဖို့ဆိုတာတော့ ဖြစ်နိုင်ပါဘူး။ တည်ငြိမ်မှုမရှိတဲ့ စနစ်တစ်ခုကို လက်တစ်လုံးကြား ညှပ်သွားခဲ့တာ ဖြစ်ပါတယ်။ အခုလည်း သတင်းသဲ့သဲ့ကြားမိ



www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ်။ ဒလတံတားဆောက်မယ့် စီမံကိန်းဖြစ်ပါတယ် အဲဒီ့သတင်းလည်းထွက်ရော မကြာပါဘူး။ ဒလဘက်မှာ မြေဈေး ဆယ်ဆခုန်တက်ပါလေရော။ အရင်က ကျပ်သိန်း ၅ဝ လယ်ကွက်က ကျပ်သိန်း ၅၀၀တန် ဖြစ်သွားတာပါပဲ။ ဒါကတော့ ဆယ်ဆခုန်တက် တာဖြစ်ပါတယ်။ အဆ ၁၀၀၀ လောက်ခုန်တ သွားခဲ့တဲ့ နေရာတွေလည်း ရှိခဲ့ဖူးပါတယ်။ လှိုင်သာယာစက်မှု နယ်မြေ ဖြစ်ပါတယ်။ ဘုရင့်နောင်တံတားမထိုးခင်က ငွေတစ်သိန်း ဝယ်လို့ရတဲ့ လှိုင်သာယာဘက်ကမ်းကမြေဟာ တံတားလည်းပြီး ကျပ်သိန်း ၁၀၀၀ဖြစ်သွားပါလေရော၊ ငွေဝင်ကြမ်းခဲ့တဲ့ အခြေအ တွေပါ။

အခုတော့လည်း လှိုင်သာယာဘက်ကမ်းမှာ အိမ်ဈေးမြေဈ တွေ တည်ငြိမ်သွားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတစ်သ တစ်ပေတောင် ဝယ်လို့မရနိုင်တော့တဲ့ ဈေးတွေဖြစ်ကုန်ပါပြီ။ ပါစို့။ တစ်လကို ကျပ်တစ်သိန်းဝင်ငွေရှိသူဟာ သူ့မှာရှိတဲ့ ပိုက်ဆံ တစ်လကျပ် ၅၀၀၀၀ ပဲသုံးမယ်ဆိုကြပါစို့။ ဒါကလည်း စိတ် ယဉ်ပြောတာပဲ ဖြစ်ပါတယ်။ လူတစ်ယောက်ကို ငွေကျပ် ၅၀၀ တစ်လပြည့်အောင် ရန်ကုန်မြို့မှာ ရပ်တည်ဖို့ မလုံလောက် ထားပါလေ။ ကျပ် ငွေ ၅၀၀၀၀ လတိုင်းစုသွားမယ်ဆို၊ တစ်





ကျပ် ၆ သိန်းစုမိမှာ ဖြစ်ပါတယ်။ အိမ်ဝယ်ဖို့ ကျပ် သိန်း ၂၀၀ ခန့် လိုပါတယ်။ အခုပြောနေတဲ့ တန်ဖိုးနည်းအိမ်ရာ ဆိုတာတောင် ကျပ် သိန်း ၁၀၀ အထက်မှာ ရှိနေတာပါ။ ကျပ် သိန်း ၂၀၀ ရဖို့အတွက် နှစ်သုံးဆယ်ခန့်စုရမှာ ဖြစ်ပါတယ်။ ကျပ်သိန်း ၂၀၀ တန် အိမ်မဝယ်နိုင်ခင် ကားတိုက်သေသွားရင်တော့ အိမ်ဝယ်နိုင်တော့မှာ မဟုတ်ပါဘူး။ ကားနဲ့တော့ အကျိုးပေးတာ ပေါ့လေ။

ကျွန်တော် တွေးမိတာလေးတစ်ခုရှိပါတယ်။ လွှတ်တော်မှာ ပိုင်ဆိုင်မှုစာရင်းပြသဖို့ မဲခွဲဆုံးဖြတ်ရမှာ မပြသဖို့ဘက်က မဲနိုင်ခဲ့ ပါတယ်။ ကျွန်တော်တွေးမိတာလေးက နိုင်ငံအကြီးအကဲတွေအနေနဲ့ ပြည်သူတွေကို ပိုင်ဆိုင်မှုစာရင်းပြရမှာ ရှက်တယ်ထင်ပါရဲ့လို့ တွေးမိ ပါတယ်။ ဟုတ်တယ်လေ၊ သူတို့ရတဲ့လစာက အိမ်တစ်လုံးလောက် ဝယ်နိုင်တဲ့ လစာမှမဟုတ်တာ။ အဲဒီတော့ ပိုင်ဆိုင်မှု စာရင်းပြတဲ့ အခါ အိမ်မရှိဘူးလို့ဆိုရင် ပြည်သူတွေက သနားကရုဏာ သက်သွား ပြီးတော့ အလှူငွေတွေ အမြောက်အမြား ထည့်ဝင်သွားမှာ ကြောက်လို့ထင်ပါတယ်။ ကျွန်တော်တော့ ဒီလိုပဲတွေးမိပါတယ်။

နောက်ဘာတဲ့၊ ကျွန်တော်ကြားလိုက်မိတာ ရှိပါသေးတယ်။ လယ်သမားတွေ ထမင်းတစ်နပ်ပဲစားပါတဲ့။ ကျွန်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဆိုကို လုံးဝထောက်ခံပါတယ်။ ဒါဟာ ဉာဏ်အမြော်အမြင်ကြီးတဲ့ဝန်ကြီးရဲ့ နှုတ်မြွက်ချက်ဖြစ်တဲ့အတွက် ချက်ချင်း အကောင်အထည် ဖော်သင့်ပါတယ်။ ထမင်းတစ်နပ်ပဲစားတာဟာ မြတ်စွာဘုရားရဲ့တရားတော်နဲ့လည်း ညီညွတ်ပါတယ်။ ကျန်းမာရေး ပြည့်စုံစေဖို့ နေ့လွဲညစာမစားရလို့ မြတ်စွာဘုရားက သံဃာတွေကို ပညတ်ခဲ့ပါတယ်။ ဒါကြောင့် ဒီလိုတရားတော်နဲ့အညီ ဟောပြောသွန်သင်တဲ့ ဝန်ကြီးကို ကျွန်တော်လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ ရှိခိုးကန်တော့မိပါတယ်။ ဒါဟာ လယ်သမားကြီးတွေတင် မကဘူး တစ်နိုင်ငံလုံးပါ လိုက်ပါဆောင်ရွက်သင့်တဲ့ အပြုအမူ ဖြစ်ပါတယ်။ ကျန်းမာရေးကို ရှေးရှုတဲ့စကားဖြစ်ပါတယ်။ ဗဲရီးဂွတ်။

နောက်ရှိပါသေးတယ်။ မီးမလာရင် ဖယောင်းတိုင်ထွန်းပါတဲ့ ဟုတ်သားပဲ။ တကယ်ကို ဉာဏ်ပညာကြီးမားလှပါပေတယ်။ ကျွန်တော်တို့တွေဟာ သတိမမူတော့ ဂူတောင်မမြင်ပါဘူး။ သတိမူတယ်ဆို မြူတောင်မြင်မှာပါ။ အခုတော့ ပညာရှိကြီး သတိပေးမှပဲ သတိရပါတော့တယ်။ ဟုတ်တယ်လေ၊ ဖယောင်းတိုင်ရှိသားနဲ့ ဘာများပူစရာလိုလို့လဲ၊ ဒီလိုဉာဏ်အမြော်အမြင် ကြီးမားသူတွေ ရှိတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့တစ်တွေဟာ ခုဆိုကမ္ဘာ့ ထိပ်တန်းနိုင်ငံအဖြစ်ကို မနက်ဖြန်ပဲ ရောက်ရှိတော့မှာဖြစ်ပါတယ်။





ခုဆိုကျွန်တော်တို့တွေ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံမဟုတ်တော့ပါဘူး။ ကျွန်တော်တို့ရဲ့အောက်မှာ ကျွန်တော်တို့ထက် ဆင်းရဲတဲ့ အာဖဂန်နစ္စတန်နိုင်ငံရှိပါသေးတယ်။ စစ်ဖြစ်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုပါပဲ၊ မိုင်တစ်ထောင်ခရီးကို ခြေတစ်လှမ်းနဲ့စကြရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့တစ်တွေ ကမ္ဘာ့အဆင့်တစ် အချမ်းသာဆုံး နိုင်ငံအဖြစ်ကို ကြိုးစားလျှောက်လှမ်းကြရမှာဖြစ်ပါတယ်။

ဒီလိုပြည့်စုံတဲ့ အရည်အချင်းတွေနဲ့သာဆိုရင် လာမယ့် ၂၀၁၅ ခုနှစ်မတိုင်ခင်မှာပဲ ကမ္ဘာ့ထိပ်သီးနိုင်ငံအဖြစ်ကို ရောက်ရှိလာနိုင်ပါတယ်။ ကြိုးစားဖို့ပဲ လိုတာပါ။

ဟိုတစ်နေ့က သတင်းစာထဲမှာ ဖတ်လိုက်ရပါသေးတယ်။ ကင်ဆာအဖြစ်အများဆုံး နိုင်ငံများစာရင်းမှာ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အဆင့်နှစ် ဖြစ်ပါတယ်။ ဒါဟာ လက်မခံနိုင်ဖွယ် အခြေအနေဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်တစ် ကင်ဆာအဖြစ်အများဆုံးနိုင်ငံအဖြစ် ရောက်အောင်ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒါလည်းဖြစ်နိုင်ဖို့အလားအလာ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ကင်ဆာဆိုင်ရာ ကျွမ်းကျင်တဲ့ဆရာဝန်ကြီးများဟာ ၆၁ ဦးထိ ရှိပါတယ်။ လူဦးရေ သန်း ၆၀ ရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် လူဦးရေ တစ်သန်းကို ဆရာဝန်တစ်ဦးနှုန်းပဲရှိပါတယ်။ ဒါဟာ လုံးဝပြီးပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်တဲ့ အရေအတွက်ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်မတိုင်ခင်မှာပဲ ကျွန်တော်တို့တစ်တွေ ကမ္ဘာ့ ကင်ဆာအဖြစ်များဆုံး ကမ္ဘာ့အဆင့်တစ်ကို ရောက်ရှိမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ(မြေကြီးကို လက်ဖြင့်ပုတ်လျှင် မလွဲတမ်း ထိမှန်နိုင်သကဲ့သို့)ဖြစ်ပါတယ်။

အခုတော့ ကျွန်တော့်အိမ်နားက ဒေါ်ဘုမကတော့ ငိုနေလေရဲ့။ ဟုတ်တယ်လေ၊ သူ့ခမျာ မရှိမဲ့ရှိမဲ့ပိုက်ဆံလေးနဲ့ ဖုန်းလျှောက်လွှာ တစ်စောင် တစ်ထောင်ကျပ်ကိုဝယ်ပြီး ကံစမ်းခဲ့တာ၊ အခုတော့ ဖုန်းလည်းမပေါက်ရော သူကဒြေ့စာရင်းနဲ့နေတာဆိုတော့ ထုတ် မပေးပါဘူး။ ဒေါ်ဘုမ ချုံးပွဲချငိုနေလေရဲ့။ ကျွန်တော်သိသလောက် ကတော့ ဒေါ်ဘုမက ကျွန်တော်မမွေးခင်ကတည်းက ဒီရပ်ကွက်မှာ နေလာတာပါ။ ခုတော့ သူ့ခမျာ နှစ်ငါးဆယ်လုံးလုံးနေလာပြီး ဒြေ့စာရင်းတိုင်ပြီးနေတဲ့ သူမို့လို့ ဖုန်းမထုတ်ပေးဘူးတဲ့။ ကျွန်တော် ကတော့ မသနားပါဘူး။ ဟုတ်တယ်လေ၊ ဒေါ်ဘုမက နှစ် ၅၀ လုံးလုံး တရားမဝင်နေထိုင်ခဲ့တာပဲ။ သူဖြစ်သူခံပေါ့။ ကောင်းတယ်။

သူပေါက်တဲ့ ဖုန်းကိုဖယ်ပြီး မဲပြန်နှိုက်တော့ နောက်တစ်ယောက် မဲပြန်ပေါက်ပါတယ်။ သူကတော့ ကွမ်းယာဆိုင်က အပနားဖြစ်ပါ တယ်။ ဟုတ်ကဲ့၊ အပနားတော့ ဖုန်းဝယ်ခွင့်ရသွားပါတယ်။ အပနားက





အိမ်ပိုင်ဖြစ်ပါတယ်။ ဒေါ်ဘုမက အိမ်ငှားဖြစ်ပါတယ်။ အပနားက မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဆိုပြီး မှတ်ပုံတင်မှာ(မှတ်ပုံတင်မှာနော်) ရေးထားပါတယ်။ ကျွန်တော်လည်း တွေးမိပါတယ်။ မြန်မာစကားကို သိချင်းဆိုသလိုပြောတတ်တဲ့ အပနားက ဘာလို့ မြန်မာလူမျိုး ဖြစ်နေတာလဲဆိုတာ၊ နောက်ပြီး အပနားက အသားလည်း မဆို သလောက်လေးပဲ မည်းတာပါ။ အင်း၊ အပနားတော့ ကံကောင်း လှပါတယ်။

ကျွန်တော်လည်း ပျင်းပျင်းရှိတာနဲ့ ရပ်ကွက်ထဲက လက်ဖက် ရည်ဆိုင်ခဏသွားထိုင်ဖြစ်ပါတယ်။ သူငယ်ချင်းဖိုးတုတ်ကဆိုင်ထဲ ဝင်လာပြီး ကျွန်တော့်နားလာထိုင်ပါတယ်။ သူက လက်ဖက်ရည် တစ်ခွက်မှာပြီးတော့ ကျွန်တော့်ကို တိုးတိုးလေးပြောပြပါတယ်။ "ရပ်ကွက်ထဲမှာ ဒီတစ်ခါမဲပေါက်တာ အလုံး ၁၀၀ ကွ။ တကယ် ဒီတို့ရပ်ကွက်ထဲက ခွဲတမ်းရတာက အလုံး ၁၂၀ ကွ၊ အလုံး ၂၀က မဲနှိုက်တဲ့ထဲမပါဘဲ ဖြောင်ထားတာကွ၊ ပြီးတော့ ရပ်ကွက်ရုံး မျက်စောင်းထိုးမှာပဲ ဖုန်းကတ်တစ်ကတ်ကို တစ်သိန်းပေးဝယ်တဲ့ သူစောင့်နေတယ်ကွ"စသဖြင့် ပြောပြပါတယ်။

ကျွန်တော်လည်း ဖိုးတုတ်ပြောတာနားထောင်ရင်း သမဝါယမ ခေတ်ကို ပြန်တွေးမိပါတယ်။ သမဝါယမခေတ်တုန်းကလည်း ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဆန်စာအုပ်၊ ဆီစာအုပ်လုပ်ပြီး ဆန်တိုး၊ ဆီတိုးလုပ်ကြရပါတယ်။ ပြီးတော့ ရတဲ့ဟာကို မှောင်ခိုဈေးနဲ့ ပြန်ရောင်းကြပါတယ်။ သမဝါယမရုံးကလည်း အလုပ်လုပ်တာ ပွင့်လင်း မြတ်သားလှပါတယ်။ သမဝါယမကို စာရင်းစစ်ဝင်မယ်လို့ ကြားတာနဲ့ အဲဒီနေ့မတိုင်ခင်မှာ သမဝါယမရုံးမီးလောင်ပါလေရော၊ စာရင်းစာအုပ်တွေ မီးထဲပါသွားတော့ စာရင်းစစ်ဖို့ ဘာမှစစ်စရာမရှိတော့ပါဘူး။ ကျွန်တော်ဆို စာရင်းစစ်လာမယ်ဆိုတဲ့ အသံကြားရင် မီးလောင်တာနဲ့ တွဲပြီး မြင်ယောင်မိပါတယ်။ တိုက်ဆိုင်မှုလေးတွေပါ။ မဟာအရေးတိုက်ဆိုင်တာပေါ့လေ။

အခုတော့ ဖုန်းခေတ်ဖြစ်ပါတယ်။ ဘယ်တော့မှ မရိုးတဲ့ ဇာတ်လမ်းလေးတွေ နားထောင်ရတဲ့အခါ တော်တော်အရသာရှိပါတယ်။ ကာတွန်းတစ်ပုဒ်ဖတ်ဖူးပါတယ်။ ကာတွန်းမှာက အလေးပြုတဲ့ ကာတွန်းဖြစ်ပါတယ်။ ကာတွန်းရုပ်လေးတွေက အလေးပြုတာကို ရေးဆွဲထားပါတယ် "နိုင်ငံတော်အလံကိုအလေးပြု" ပြီးတော့ ဘာပြောလဲဆိုတော့ "နေမြဲ" တဲ့။ ကာတွန်းက ဒီမှာတင် မဆုံးသေးပါဘူး "ခိုးမြဲ၊ ဖွက်မြဲ၊ လိမ်မြဲ၊ ပြောင်မြဲ၊ လုပ်မြဲ" တဲ့။ နေမြဲတင်မကပါဘူး ခိုးမြဲ၊ လိမ်မြဲပါ တိုးတက်လာတာလေးတွေပါ။ ကာတွန်းထဲကဇာတ်ကောင်ကတော့ မြန်မာလိုပြောပေမယ့် ကျွန်တော်ကတော့





အဲ့မြန်မာပြည်မှာရှိတယ်လို့ လုံးဝမယုံပါဘူး။ ဘယ်သူဘာပဲပြောပြော ကျွန်တော်ကတော့ ခိုးမြဲ၊ လိမ်မြဲဆိုတာ လုံးဝမယုံပါဘူး။ သစ္စာဖောက်တွေပဲ ယုံမှာပါ။ တိုင်းပြည်ချစ်စိတ်ရှိတဲ့သူတိုင်း ကျွန်တော်မြင်သလို မြင်မယ်လို့ ယုံကြည်မိပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှာတော့ ဒီလိုပါပဲ။ မဲပေါက်လာရင် ပျော်ကြရတာပါ။ နောက်ပြီး ကျွန်တော်တို့တစ်တွေဟာ ပျော်စရာအတိပြီးတဲ့ ရပ်ကွက်ထဲမှာ နေထိုင်နေကြတာဖြစ်ပါတယ်။ ကျွန်တော်နေတဲ့လမ်းမှာ မီးခဏခဏလာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခဏခဏပျော်ရပါတယ်။ မီးလာတိုင်း "ဟေး" ဆိုတဲ့ အသံကိုကြားရင် ကျွန်တော်ငယ်မူငယ်သွေးကြွမိပါတယ်။ ကျွန်တော်လည်း လိုက်အော်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ငယ်ငယ်လေး လူမှန်းသိတတ်စအရွယ်ကတည်းက မီးကခဏခဏလာတာ အခုထိပါပဲ။ အခုဆိုမီးလာတဲ့အကြိမ်အရေအတွက်တောင် ပိုများလာပါတယ်။ ကျွန်တော်ကတော့ မီးလာတိုင်း ပျော်နေဆဲပါ။ ကဲ၊ စာဖတ်သူတို့ရဲ့ ရပ်ကွက်ထဲမှာရော၊ ပြောပါဦးဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ဖိုး

ဖိုးထောင်တာ နေရာအနှံ့မှာ ဖြစ်ပွားနေပါတယ်။ သူ့ရဲ့သော ကြောင်သူတွေရဲ့ လုပ်ရပ်ဖြစ်ပါတယ်။ သတ္တိမရှိတဲ့သူတွေရဲ့ လုပ်ရပ် ဖြစ်ပါတယ်။ အေးချမ်းသာယာမှုကို စိန်ခေါ်တဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။

ဖိုးဘာကြောင့် ထောင်သလဲ၊ အကြောင်းရင်းများစွာ ရှိပါတယ်။ နိုင်ငံရေးရည်ရွယ်ချက်ကနေ စပြောကြည့်ရအောင်ပါ။ တိုင်းပြည် ဆူပူအောင် လုပ်ချင်တဲ့ သဘောဖြစ်ပါတယ်။ မီးလောင်ရာလေပင့် လိုတဲ့ သဘောဖြစ်ပါတယ်။ အုပ်ချုပ်ရေးယန္တရားကို ထိပါးစေလိုတဲ့ သဘောဖြစ်ပါတယ်။ တောမီးလောင် တောကြောင်လက်ခမောင်း ခတ်ဆိုတဲ့ နိုင်ငံရေးတောကြောင်အချို့ရဲ့ သဘောဖြစ်ပါတယ်။ ဖိုး ထောင်ရင် နိုင်ငံရေးအကျိုးအမြတ် ဘာတွေရနိုင်သလဲ။ ဒါပေမယ့် ဖိုးထောင်လို့ တစ်ခုခုပြောင်းလဲစေချင်တာတော့ သေချာပါတယ် ပြောင်းလဲမပြောင်းလဲကတော့ မသေချာလှပါဘူး။





ဖိုးထောင်ခဲ့သူ အသိဉာဏ်ရှိသလား။ ပွင့်ပွင့်လင်းလင်း ပြောရ ရင်တော့ ဖိုးထောင်တဲ့သူဟာ အသိဉာဏ်မရှိပါဘူး။ သူသိတဲ့ အသိဉာဏ်က ဖိုးလုပ်တတ်တဲ့အသိဉာဏ်ပဲ ရှိပါတယ်။ စဉ်းစား ဆင်ခြင်တတ်တဲ့ အသိဉာဏ်ပါမလာပါဘူး။

ဖိုးထောင်တော့ ဘယ်သူတွေ သေသလဲ၊ ပြည်သူတွေ သေပါ တယ်။ သေပြီးရင် ပြန်ရှင်သလား။ သေပြီးမှတော့ ဘယ်လိုမှ ပြန်မရှင်တော့ပါဘူး။ ဒါပေမယ့် ပြန်ရှင်လာတာတော့ရှိပါတယ်။ အာဃာတတွေ၊ ရန်ငြိုးတွေတော့ ပြန်ရှင်သန်လာပါတယ်။ ဖိုးထောင် တာရဲ့ ရည်ရွယ်ချက်ကဘာလဲ၊ ပြည်သူတွေကို သေစေလိုတဲ့ ဆန္ဒဖြစ်ပါတယ်။ ပြည်သူသေမှ သူတို့ဆန္ဒပြည့်မယ်ထင်တဲ့သူတွေ ဖိုးထောင်ပါတယ်။ အကြမ်းဖက်မှု စစ်စစ်ဖြစ်ပါတယ်။

အကြမ်းဖက်မှုဆိုတာရဲ့ အဓိပ္ပာယ်မှာလည်း ဒီလိုဖွင့်ဆိုထား ပါတယ်။ အပြစ်မဲ့သူတွေကို သတ်ဖြတ်ခြင်းဟာ အကြမ်းဖက်မှုဖြစ် ပါတယ်။ ဒီအကြမ်းဖက်မှုကို အာဏာရသူနဲ့ မရသူအကြား ကစားတဲ့ ကစားပွဲတစ်ခုအနေနဲ့ မှတ်ယူနိုင်ပါတယ်။ ကစားပွဲကစားတာက ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက လူသေတာပါ။

လူ့အသက်ထက်တန်ဖိုးကြီးတာ ဘာတစ်ခုမှမရှိပါဘူး။ ဒါပေမယ့် အသိဉာဏ်မပါတဲ့ လူတစ်ချို့ကတော့ ဖိုးထောင်နေဦးမှာပဲ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်တစ်ခုရှိပါသေးတယ်။ စိတ်ပညာအလိုအရ ရှင်ချစ်တဲ့ ဆန္ဒရှိသလို၊ သေချစ်တဲ့ဆန္ဒလည်းရှိပါတယ်။ ရှင်ချစ်တဲ့ဆန္ဒက ပိုအား ကြီးတဲ့အတွက် အသက်ရှင်နေနိုင်အောင် ကြိုးစားကြတာဖြစ်ပါတယ်။ နောက်တစ်ဖက်မှာတော့ သေချင်ဆန္ဒအားကြီးတာ ရှိပါတယ်။ ဗုံး ထောင်တဲ့သူတွေဟာ သေချင်တဲ့ ဆန္ဒအားကြီးသူတွေလို့ သုံးသ နိုင်ပါတယ်။

ရန်ကုန်နဲ့ အခြားမြို့တွေမှာ ဗုံးတွေနေရာအနှံ့ထောင်ေ ပါတယ်။ ဘာရည်ရွယ်ချက်များ ရှိနေမလဲလို့ စဉ်းစားမိပါတယ်။

ဗုံးထောင်တာမှ မဟုတ်ပါဘူး။ အလုပ်တိုင်းမှာ ရည်ရွယ်ချက် ရှိပါတယ်။ ကျောင်းသားတစ်ယောက်စာကျက်တာ စာမေးပွဲအောင် ချင်လို့ပါ။ စီးပွားရေးသမား စီးပွားရေးလုပ်တာ ချမ်းသာချင်လို့ပါ။ ဈေးသည်ဈေးရောင်းတာ အမြတ်ရချင်လို့ပါ။

ဒါဆို ဗုံးထောင်တဲ့သူတွေ ဗုံးထောင်တာ ဘာလိုချင်လို့လဲ လိုချင်တာ တစ်ခုခုတော့ ရှိရမှာဖြစ်ပါတယ်။ ဘာမှမလိုချင်ဘဲ ဗုံးထောင်တာဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ရှာသာကြီးပဲ သွားရှာ ဖြစ်ပါတယ်။ ရူးနေလို့ဖြစ်ပါတယ်။

ဗုံးထောင်တဲ့သူတွေ ဘာရည်ရွယ်ချက်ရှိသည်ဖြစ်ပါစေ၊ သူ့ ရည်ရွယ်ချက်အောင်မြင်နိုင်သလား။ ဒီတစ်သက်မဟုတ်ပါဘူး။ နော





ဆယ်သက်လည်း မအောင်မြင်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဗုံးထောင်တယ်ဆိုတာ လူသတ်တာပါပဲ။ လူသတ်တဲ့အလုပ်တာ ဒုစရိုက်(၁၀)ပါးမှာ ပါဝင်ပါတယ်။ ဘယ်လိုနည်းနဲ့မှ ရည်ရွယ်ချက် မအောင်မြင်နိုင်ပါဘူး။

ကောင်းသောရည်ရွယ်ချက်မှသာ ကောင်းသောရလဒ်ကို ရမှာ ဖြစ်ပါတယ်။ မကောင်းသော ရည်ရွယ်ချက်ကတော့ အပါယ်လေးဘုံ ကိုပဲ ဇောက်ထိုးဆင်းသွားမှာ ဖြစ်ပါတယ်။ ဗုံးထောင်တာမှ မဟုတ် ပါဘူး။ အောက်တန်းကျတဲ့ ယုတ်ညံ့တဲ့စိတ်ထားနဲ့ ပြုလုပ်ဆောင်ရွက် သမျှအားလုံးဟာ အဝိစိဆီကိုသွားရမှာပါပဲ။

နိုင်ငံရေးမှာလည်း ဒီအတိုင်းပါပဲ။ အများအကျိုးအတွက် မဟုတ်ဘဲ ကိုယ်ကျိုးအတွက် ဆောင်ရွက်သမျှအားလုံးဟာ အဝိစိ အတွက် ကြိုတင်လက်မှတ်ရယူခြင်းတွေပါပဲ။ ငါ့အတွက်၊ ငါ့ မိသားစုအတွက်၊ ငါ့အမျိုးအတွက်၊ ငါ့ဆွေမျိုးအတွက် အားလုံးဟာ ငါအဝိစိရောက်သွားဖို့အတွက်ပဲ ဖြစ်သွားမှာပါ။

ဗုံးထောင်ရင် ဘာထူးမှာလဲ၊ ဗုံးထောင်ရင် ဘာမှမထူးပါဘူး။ ဗုံးထောင်လို့ ပြောင်းလဲသွားတာ တစ်ခါမှ မရှိဖူးပါဘူး။ မဟာယာန ဗုဒ္ဓဘာသာမှာ ယုံကြည်မှုတစ်ခုရှိပါတယ်။ တရားထိုင်တဲ့အခါ တရား စစ်တဲ့ဆရာက ကြိမ်လုံးကိုကိုင်ထားပါတယ်။ ငိုက်မျဉ်းနေတဲ့တရားထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကို ကြိမ်နဲ့တရှမ်းရှမ်းရိုက်ပါတယ်။ ကြိမ်နဲ့ရိုက်လိုက်ရင် လန့်ဖျပ်ပြီးတရားထူးရနိုင်တယ်လို့ ယုံကြည်လို့ပဲဖြစ်ပါတယ်။ ဒီလို ယုံကြည်မှုတွေအတိုင်းဆို ကြိမ်လုံးတွေ ရောင်းကောင်းလိုက်မယ့် ဖြစ်ခြင်း၊ အားလုံးတရားထူးတွေရဖို့ ကြိမ်လုံးဖြင့် အရိုက်ခံကြဖို့ ဆိုပြီး လိုက်လံဆော်ဩရမလို ဖြစ်နေမှာပါ။

ဗုံးထောင်ရင် ပြောင်းလဲမယ်လို့ ယုံကြည်သူတွေဟာ လောကကြီးမှာ ကိုယ်ချင်းစာတရား ရှိ မရှိ စမ်းသပ်တာမျိုးပါ။ ကိုယ်ချင်းစာတရားမရှိတဲ့ လူတွေကြားမှာ ကိုယ်ချင်းစာတရားဆိုတာ ပြားငါး ဆယ်တောင်မတန်ပါဘူး။ ဒါကြောင့် ဗုံးထောင်ထောင်၊ မိုင်းခွဲခွဲ ဘာမှမထူးတာတော့ ဘာမှမထူးပါဘူး။

အခုလို ဗုံးထောင်တော့ စာရေးသူအနေနဲ့ ယမန်နှစ်တွေမှာ ပေါက်ခဲ့တဲ့ဗုံးပေါက်ကွဲမှုတွေကို သတိရမိပါတယ်။

ဗုံးထောင်တယ်ဆိုတာ တကယ်တော့ ကြွက်မနိုင် ကျီမီးနဲ့ ရှို့တာဖြစ်ပါတယ်။ သတ္တိမရှိတဲ့သူတွေ လုပ်တာဖြစ်ပါတယ်။ သွေးကြောင်တဲ့လူတွေ လုပ်တာဖြစ်ပါတယ်။ ဗုံးထောင်တာထက် ပိုကြမ်းတာကတော့ အသေခံဗုံးခွဲတာဖြစ်ပါတယ်။ အသေခံဗုံးခွဲတာကတော့ နိုင်ငံရေးရည်ရွယ်ချက်ထက်စာရင် ဘာသာရေးရည်ရွယ်ချက်တွေပါ ပါဝင် ပတ်သက်လာပါတယ်။





ဗုံးမှာလည်း အမျိုးမျိုးရှိပါတယ်။ ချိန်ကိုက်ဗုံး၊ ပါဆယ်ဗုံး၊ ဆွဲအိတ်ဗုံး၊ ရေဗုံးစသည်တို့ ဖြစ်ပါတယ်။ ရေဗုံးကတော့ အန္တရာယ် ပေးတဲ့ထဲ မပါဘူးပေါ့လေ။ ခုဖြစ်စဉ်တွေမှာတော့ အမျိုးအမည် မပြတ်သားတဲ့ဗုံးတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

အခုတော့ ဗုံးတွေထောင်ကုန်ကြပြီဖြစ်ပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်တဲ့လုပ်ရပ်တွေ ဖြစ်ပါတယ်။ အမှုမှန်သမျှဟာ သဲလွန်စတွေ ကျန်ရစ်တတ်ပါတယ်။ ဗုံးမှာလည်း တရားခံကို ရှာဖွေတွေ့ရှိမယ်လို့ ယုံကြည်မိပါတယ်။ မဆုံဘူးဆိုတာ မကြုံသေးလို့ပါဆိုတဲ့အတိုင်း၊ မမိဘူးဆိုတာ မဖမ်းသေးလို့ပါလို့ဆို ရမှာပါ။

လူသားဆိုတာ ကဏန်းနဲ့ တူပါတယ်။ ကဏန်းတွေကို တစ်ခုထဲ ထည့်ကြည့်ပါ။ ကဏန်းတစ်ကောင်အပေါ်ကို တက်လာလိမ့်မယ်။ ဒါပေမယ့် တခြားကဏန်းတွေက ဆွဲချတဲ့အတွက် ဒီကဏန်းပုံးနှုတ်ခမ်းဝအပြင်တော့ ဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူး။ လူသားမှာလည်း ဒီလိုအမှုအကျင့်ရှိပါတယ်။ သူများကောင်းတာ မနာလိုတဲ့ဆန္ဒပါ။ ဒီဗုံးဖောက်ခွဲမှုတွေမှာတော့ မနာလိုလို့ လုပ်တာတွေ့ရမှာ မဟုတ်ပါဘူး။ သိတဲ့သူက သတင်းပေးကြပါ။ ဒါကြောင့် မိကိုမိမှာလို့ ယုံကြည်ရခြင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗုံးတွေအရင်ကလည်း ကွဲခဲ့တယ်။ အရင်ကလည်း ဖောက်ခဲ့တယ်။ အရင်ကဘာတွေ ပြောင်းလဲခဲ့သလဲ၊ စဉ်းစားစရာဖြစ်ပါတယ်။ အခုရောဘာတွေ ပြောင်းလဲမှာလဲဆိုတာ စဉ်းစားစရာ ဖြစ်ပါတယ်။ လူတိုင်းဟာ ယုံကြည်ချက်ကိုယ်စီရှိကြတာဖြစ်ပါတယ်။ ကျောင်းသားက စာမေးပွဲအောင်မယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် စာကျက်တာဖြစ်ပါတယ်။ ဈေးသည်က အမြတ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် ဈေးရောင်းတာဖြစ်ပါတယ်။ ယုံကြည်ချက်ကိုယ်စီနဲ့ ဘဝကို ဖြတ်သန်းနေကြတာဖြစ်ပါတယ်။

ဒီနေရာမှာ ယုံကြည်ချက်ဆိုတာဟာ ဘာသာတရားကနေ သွေဖည်မသွားဖို့လိုပါတယ်။ ပြောင်းလဲမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဗုံးဖောက်တယ်ဆိုပါစို့၊ လူသေစေတဲ့ လက်နက်ဖြစ်တဲ့အတွက် ငရဲရောက်မှာတော့ သေချာပါတယ်။ ပြောင်းလဲတယ်၊ မပြောင်းလဲဘူး ဆိုတာကတော့ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ပြီးဖြစ်ပါတယ်။ ခုလောက်ဆိုအဖြေကို သိသင့်ပြီလို့ ယူဆမိပါတယ်။ ဦးနှောက်မပါတဲ့သူတွေ ဗုံးထောင်ပါလိမ့်မယ်။

ဗုံးထောင်တဲ့သူတွေကို ဆုချတဲ့ တိုင်းပြည်ရယ်လို့ ဒီကမ္ဘာမှာ မရှိပါဘူး။ အပြစ်မဲ့ပြည်သူကို သေကျေပျက်စီးစေတာဟာ အယုတ်[illegible] လားတဲ့လုပ်ရပ်ပဲဖြစ်ပါတယ်။





တစ်ခါတစ်ရံမှာ လူဆိုတာ တိရစ္ဆာန်ထက်တောင် အသိဉာဏ်ကင်းမဲ့တတ်ပါတယ်။ မောဟအမိုက်မှောင်ဖုံးတဲ့အခါ အမှန်ကိုအမှားထင်၊ အမှားကိုအမှန်ထင်တတ်ပါတယ်။ လူ့ဘဝဆိုတာ တကယ်တော့ သမုဒ္ဒရာရေထက် ခေတ္တပွက်တဲ့ ရေပွက်ပမာဖြစ်ပါတယ်။

ဒီလို တိုတောင်းတဲ့လူ့ဘဝလေးမှာ အဖတ်ဆယ်မရတဲ့ အမှားတွေ မကျူးလွန်မိအောင် သတိထားရမှာ ဖြစ်ပါတယ်။

ခုဆို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ်ကို ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ပါတယ်။ ဒီခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဆိုတာလည်း ရေးရေလွှန်းလို့ အလွှတ်တောင် ရနေပါပြီ။ တကယ်ဖြစ် မဖြစ်ကတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အပြောင်းအလဲကို သက်တင်ပတ္တမြားလို မျက်မြင်ထားကြည့်ရှုလိုသူတွေအတွက်ကတော့ ရွှေပြည်တော် မျှော်တိုင်းဝေးတဲ့ နွားကလောစရာစကားပဲ ဖြစ်နေဦးမှာဖြစ်ပါတယ်။

အသေခံဗုံးခွဲမှုတွေကတော့ ခုထိရှိမလာသေးပါဘူး။ ဘာသာရေး ယုံကြည်ချက်ပြင်းထန်သူတွေ စွဲကိုင်တဲ့နည်းဖြစ်တဲ့အတွက် ဖြစ်လာနိုင်ခြေတော့ နည်းပါးပါတယ်။ ဒါပေမယ့် ဘာသာရေးကို အကြောင်းပြီး ဆူပူမှုတွေဖြစ်အောင် ဖန်တီးတာတွေကိုတော့ သတိထားစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တာရေးသူအနေနဲ့ကတော့ တိုင်းပြည်ကို နောက်ကြောင်းပြန် လှည့်မယ်၊ မလှည့်ဘူးဆိုတာထက်စာရင် သေချာတာတစ်ခုတော့ ရှိပါတယ်၊ တိုင်းပြည်က ဒီအတိုင်းမပြောင်းလဲဘူးဆိုရင်တော့ ဆွေ ဖြစ်မှာသေချာနေပါတယ်။ အခုတောင် ဒီလောက်နောင်ကျနေတာ နောက်ထပ်များ အချိန်ဆွဲပြီးနေလိုက်မယ်ဆိုရင် ဘယ်ဘဝ ရောက် မလဲဆိုတာ မတွေးဝံ့စရာဘဲ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အနာဂတ်ဟာ ဘယ်သူတွေပေါ် တည်မှီနေပါသလဲ လူငယ်တွေဖြစ်ပါတယ်။ ပိုပြီးတိတိကျကျ ပြောရမယ်ဆိုရင်တော့ လူငယ်တွေရဲ့ ဦးနှောက်တွေ ဖြစ်ပါတယ်။ လူကြီးတွေဆိုတာ တစ်ချိန်မှာ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ လူငယ်တွေလည်း ဒီလိုပဲနေသွားမယ်ဆိုရင် လူကြီးတွေလိုပဲ တစ်ချိန်မှာ ပျောက်ကွယ် သွားမှာ ဖြစ်ပါတယ်။

ဗုံးတွေဘယ်လိုခွဲခွဲ ဦးနှောက်ကိုတော့ ဗုံးခွဲလို့မရပါဘူး ဦးနှောက်ကို ရင်းနှီးမြှုပ်နှံမှသာ တိုးတက်လာမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ ဗုံးတွေခွဲတာ အ သောကြောင်သူတွေရဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ သတ္တိမရှိတဲ့လူတွေ လုပ်ရပ်ဖြစ်ပါတယ်။ ဗုံးကွဲတာနဲ့ ဘာဆိုဘာမှ ပြောင်းလဲသွား





မဲဟုတ်ပါဘူး။ ခွေးတစ်ကောင် ဆင်မြီးစားရလို့ နောက်တစ်ကြိမ် စားရဦးမှာလားဆိုပြီး ခွေးဆင်မြီးမျှော်တဲ့လုပ်ရပ်ပဲဖြစ်ပါတယ်။ ဗုံးထောင်တိုင်းသာ ပြောင်းလဲမယ်ဆိုရင် ...။



www.burmeseclassic.com

www.burmeseclassic.com

## မောပြီးဟတဲ့ မောဟ

ပုံပြင်လေးတစ်ပုဒ်ရှိပါတယ်။ တစ်ခါက အရမ်းဆင်းရဲတဲ့ လယ်သမားတစ်ဦး ရှိသတဲ့။ သူက အလွန်ပဲ ချမ်းသာချင်တယ်။ ဒီလိုနဲ့ တစ်နေ့မှာ သူလယ်ဝယ်ခွင့်ရခဲ့တယ်။ ဒေသခံတွေက သူ့ကို မြေရောင်းတယ်။ မြေရောင်းတဲ့စနစ်မှာ စည်းကမ်း တစ်မျိုးပဲရှိတယ်။ မနက်မိုးလင်းတာနဲ့ အမှတ်အသားလုပ်ပြီး ထွက် သွားပါ။ မိုးကုတ်စက်ဝိုင်းအစွန်းထိ ကိုယ်သွားနိုင်သလောက်သွား နေစောင်းနေရစ်တော့ ပြန်လာရမယ်။ အဲဒီလို အမှတ်အသားလေး လုပ်ပြီးရင် အဲဒီ အမှတ်အသားထဲက မြေကြီးကို ပိုင်ဆိုင်ခွင့်ရှိ ဖြစ်ပါတယ်။ တကယ်လို့ နေဝင်တဲ့အထိ ပြန်မလာနိုင်ရင်တော့ မြေတစ်လက်မမှ ရမှာမဟုတ်ပါဘူး။





ဒီလိုနဲ့ အဲဒီလယ်သမားဟာ နေစထွက်ကတည်းက အမှတ်အသားလုပ်ပြီးထွက်သွားတယ်။ လမ်းမှာ သူလောဘကြီးကြီးနဲ့ ကောင်းတဲ့မြေလေးတွေကို သူလိုချင်တော့ လျှောက်ရင်းလျှောက်ရင်းနဲ့ နေဝင်တော့မယ်။ ဒါနဲ့ သူလည်း သူမှတ်သားခဲ့တဲ့ နေရာဆီခြေကုန်သုတ်ပြေးပြီး ပြန်လာပါလေရော။ သူမှတ်ခဲ့တဲ့ အမှတ်အသားလေး ရောက်ဖို့ လက်တစ်ကမ်းအလို မီလုမီခင်လေးမှာပဲ ရောက်ရှိလာပါတယ်။ သူမှတ်ခဲ့တဲ့ အမှတ်အသားကို လက်နဲ့လည်းထိပြီးရော အမောဆို့ပြီး သေပါလေရော။ မောပြီးဟတဲ့ မောဟဖြစ်ပါတယ်။ မသိမိုက်မဲမှုကြောင့် မောပန်းပြီး တစိတစိဖြစ်ပြီး သေဆုံးခဲ့ပါတယ်။

ကျွန်တော်တို့လူသားတွေလည်း ဒီပုံပြင်လေးကနေ သင်ခန်းစာယူစရာလေးတွေ အများကြီးရှိပါတယ်။ လောဘမကြီးဖို့ပါ။ လောဘကြီးအီးလောက်ရဆိုတဲ့ စကားပုံတောင်ရှိပါတယ်။ လယ်သမားဟာ သူနိုင်တာထက် ပိုမျှော်ခဲ့ပါတယ်။ ဟိုဟာမနိုင်ဘဲ ပဲကြီးဟင်းမတားနဲ့ဆိုတဲ့ စကားပုံရှိပါတယ်။ ဒါတွေဟာ သံဝေဂရယူစရာတွေပဲဖြစ်ပါတယ်။

လယ်သမားဟာ ဒေါသလည်း ကြီးခဲ့ပါတယ်။ သူများတွေတော့ ချမ်းသာတယ်။ ငါ့မှာတော့ တစ်နေ့လုပ်မှ တစ်နေ့စားရ။ မြေပိုင်လေးရှိရင်ကောင်းမယ်၊ သူများတွေမှာတော့ အိမ်နဲ့၊ ယာနဲ့၊

www.burmeseclassic.com



ခြံနဲ့၊ ဝင်းနဲ့ သူ့အလိုလိုနေရင်း ဒေါသဖြစ်နေတာပါ။ ဒေါသဟာလည်း မီးလိုပါပဲ။ ဒေါသမီးဆိုပြီး သုံးနှုန်းပါတယ်။

လယ်သမားဟာ မောဟလည်း ကြီးခဲ့ပါတယ်။ မောဟဆိုတာ အဝိဇ္ဇာပါပဲ။ မသိနားမလည်မှုဖြစ်ပါတယ်။ အဝိဇ္ဇာဖုံးတော့ စုံလုံးကန်း တာထက် ပိုဆိုးပါတယ်။ လောကကြီးရဲ့ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားသိရှိနိုင်တဲ့ဉာဏ် မရှိခဲ့လို့ဘဲ ဖြစ်ပါတယ်။ အကြောင်းတရားကင်းတဲ့ အကျိုးတရားသည် ဘယ်တော့မှ မရှိ ပါဘူး။ သူ့အနေနဲ့ သံသရာမှာ ဒါနနည်းခဲ့လို့ ဒီဘဝမှာ ဆင်းရဲ ရတယ်ဆိုတာ အမှန်ကို အမှန်အတိုင်း မြင်နိုင်ခဲ့မယ်ဆိုရင် ဒီလို ဖြစ်စရာမရှိပါဘူး။ ကျိုးကြောင်းသိမြင်ဉာဏ်နဲ့ ယှဉ်ရမှာ ဖြစ်ပါတယ်။

ယနေ့ခေတ် လူသားတွေကရော။ ပိုတောင် ဆိုးသေးတယ် လို့ ထင်မြင်မိပါတယ်။ လောဘ၊ ဒေါသ၊ မောဟပိုပြီးတော့တောင် ထူပြောနေပါအုံးတယ်။

လောဘတွေလည်း ကြီးလိုက်သမှ ကုန်ကုန်နိုင်ဖွယ်တောင် မရှိပါဘူး။ ဟိုဟာလိုချင်၊ ဒီဟာလိုချင် မတော်မတရားလိုချင်နဲ့ ခက်လှပါတယ်။ ဒေါသတွေလည်း ကြီးလိုက်သမှ သတ်မယ် ဖြတ်မယ် တကဲကဲပါပဲ။ မောဟဆိုလည်း အားကြီးကြတာပါပဲ။ မသိနားမလည်ဘဲ ရက်ရက်စက်စက် ပြုလုပ်တတ်ကြပါတယ်။





အဓမ္မဝါဒီတွေလည်း ဖြစ်တတ်ပါတယ်။ စာရေးသူတစ်ခါ ကြည့်မူးတဲ့ အစီအစဉ်ကတော့ ရက်စက်လှပါတယ်။ အရှင်လတ်လတ် မျောက်ဦးခေါင်းကို ဓားနဲ့ရိုက်၊ အပေါက်ဖောက်ပြီး အရက်စိမ် သောက်တယ်။ ပြီးတော့ ဦးနှောက်ကိုလည်း အရှင်လတ်လတ် ခပ်ယူစားသောက်တာပါ။ အောက်ကမျောက်ကလေး ခများမှာတော့ သနားစဖွယ် အော်ဟစ်ပြီး တွန့်လိမ်ကောက်ကွေးနေပါတယ်။ လူသားဆိုပေမယ့် လူမဆန်တဲ့ လူသားတွေပါပဲ။ လူသားဆိုတာ လည်း ဆင်ခြင်တုံတရားမရှိရင် တိရစ္ဆာန်နဲ့ အတူတူပါပဲ။ တိရစ္ဆာန် ထက်တောင် ရက်စက်တတ်ပါသေးတယ်။ အခု ဒီဖြစ်စဉ်မှာ မျောက် တစ်ကောင်ကို မသေမချင်း အရှင်လတ်လတ် ဦးနှောက်ဖောက်ပြီး စားတာပါ။ တကယ်တော့ ဒီထက်ပိုပါတယ်။ ကျောက်ခေတ်က လူသားစား လူရိုင်းတွေရဲ့ဘဝကို ပြန်ရောက်သွားတာပါ။ ယဉ်ကျေး မှုနဲ့ ဘာသာတရားဟာ လူ့ဘောင်လောကကို ယဉ်ကျေးစေပါ တယ်။ အခုတော့ ယဉ်ကျေးမှုလည်း မရှိတော့ပါဘူး။ ဘာသာ တရားကလည်း အဓမ္မဝါဒီ ဖြစ်သွားပါပြီ။

နောက်တစ်ခုရှိပါသေးတယ်။ မြွေကို အရှင်လတ်လတ်နုပ်နုပ် စင်ပြီး မြွေအပိုင်းအပိုင်းတွန့်လိမ်နေတဲ့အချိန်မှာ အချဉ်နဲ့တို့စား တာပါ။ တွေးကြည့်ရုံနဲ့တင် ကြက်သီးထဖွယ်ဖြစ်ပါတယ်။ လူသား



www.burmeseclassic.com

ဆိုတာ ရက်စက်ယုတ်မာပြီဆို ဟစ်တလာကတောင် အပေခေါ်ရမှာ ဖြစ်ပါတယ်။

ဒါတွေအားလုံးဟာ လောဘ၊ ဒေါသ၊ မောဟကြီးစိုးလို့ ဖြစ်ကြတာတွေပါ။ အိပ်စားကာမ ဤသုံးဝကား "နွားနှင့်လူသည် တူ၏မှန်ပင်"ဆိုတဲ့ စကားပုံရှိပါတယ်။ ဟုတ်ပါတယ်။ ဆင်ခြင်တုံ တရားမရှိလို့ကတော့ လူဆိုတာ ခွေးထက်တောင် ယုတ်ညံ့နေမှာပဲ ရှိပါသေးတယ်။ ခွေးအရှင်လတ်လတ်ကို ရေနွေးအိုးထဲထည့် ပြုတ် တာပါ။ ပိုးတိုးလုံးကောင်လေးတွေ ဆီပူအိုးထဲကို အရှင်လတ်လတ် ထည့်ကြော်တာတွေကို မြင်တွေ့ဖူးပါတယ်။ ကြောက်ရွံ့ဖွယ်ပါပဲ။

ဒါတွေကတော့ သတ္တဝါတွေအပေါ်မှာ ညှဉ်းပန်းနှိပ်စက်တာတွေ ဖြစ်ပါတယ်။ လူလူချင်းညှဉ်းပန်းနှိပ်စက်တာတွေလည်း ရှိပါသေး တယ်။ မတော်မတရားထောင်သွင်း အကျဉ်းချတာ၊ မတော်မတရား လယ်မြေသိမ်းတာ စတာတွေဟာလည်း လူလူချင်း ညှဉ်းပန်းတာပဲ ဖြစ်ပါတယ်။

လူလူချင်းအနိုင်ကျင့်တာတွေကတော့ အားမတန်လို့သာ မာန် လျှော့ချင်လျှော့မယ်။ အခွင့်အရေးကြုံရင်တော့ ပြန်လုပ်မှာဖြစ်ပါတယ်။ တစ်ဖက်လူက ပြန်မလုပ်ရင်တောင် ကံတရားက ဒီတိုင်းမနေပါဘူး။ ကြမ္မာဝိပါက်နောက်ပိုးတက်ပါတယ်။ ဝဋ်မှာအမြဲ၊ ငရဲမှာအပဆိုတဲ့





စကားရှိပါတယ်။ ကိုယ်လုပ်ထားတဲ့ မကောင်းမှု ကံဟာ နွားခြေရာနောက်ကို လှည်းဘီးထပ်ကြပ်မခွာလိုက်သကဲ့သို့ အကျိုးပေးပါတယ်။ ဝဋ်ဆိုတာ လည်တတ်ပါတယ်။ ဒါကြောင့်လည်း စက်ဝိုင်းလိုလည်နေတတ်လို့ ဝဋ်လို့ခေါ်တာပါ။

မောပြီးဟတဲ့ မောဟအကြောင်းပြောရင်းနဲ့ လောကလူသား တွေအကြောင်း နည်းနည်းစဉ်းစားခန်းဝင်မိပါတယ်။ စပယ်ယာမှာ လည်း မောဟရှိပါတယ်။ မောပြီးဟစိဟစိ ဖြစ်လောက်အောင် ထိုက်ဆံကုန်းရုန်းပြီး ရှာရတာပါ။ ဆရာဝန်မှာလည်း မောဟရှိတာပါပဲ။ သားကျွေးမှု၊ မယားကျွေးမှုနဲ့ လက်မလည်အောင် ဆေးခန်းတွေ ထိုင်ကြပါတယ်။ ဒီဆေးခန်း၊ ဟိုဆေးခန်း၊ ဟိုဆေးခန်း၊ ဒီဆေးခန်းနဲ့ တစ်ညကို ဆေးခန်း ၅ ခုလောက် ပြေးထိုင်ကြတာပါ။ မောပြီး ဟတဲ့ မောဟတွေပါပဲ။ သူငယ်တန်းကလေးတစ်ယောက်ကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဂိုက် ၃ ယောက်လောက်ထားပါတယ်။ တစ်ယောက် ကို ကျပ်ခြောက်သောင်းနဲ့ ကျပ်တစ်သိန်းနဲ့ရှစ်သောင်းကျပါတယ်။ သူငယ်တန်းကလေးဘဝတောင် ဂိုက် ၃ ယောက်နဲ့ဆိုတော့ [illegible]မှ ယုံဝွယ်ပါပဲ။ ဆယ်တန်းလိုမျိုးဆို ဂိုက် ၆ ယောက်လောက် အိမ်ကို သူ့အချိန်နဲ့သူလာပြီး စတင်းဂန်းပစ်သလို တရစပ်သင်



www.burmeseclassic.com

www.burmeseclassic.com



သွားတာပါ။ သူတို့လေးတွေတော့ မသိပါဘူး။ စာရေးသူကိုယ်တိုင် ဒီလိုသာ အသင်ခံရရင် ရူးတောင် ရူးသွားနိုင်ပါတယ်။

အသက်ရှူချိန်တောင်လည်းကောင်းမရတဲ့ မောဟများတဲ့ ဘဝတွေပါပဲ။ ဒါကြောင့် ဆောင်းပါးရှေ့မှာပြောခဲ့တဲ့ ကမ္ဘာကျော် စာရေးဆရာကြီး Leo Tolstoy ရဲ့ နာမည်ကြီးပုံပြင်အတိုင်းပါပဲ။ လူတစ်ယောက် မြေဘယ်လောက်လိုသလဲဆိုတဲ့ ပုံပြင်ဖြစ်ပါတယ်။ သေသွားရင်တောင် လူတစ်ယောက်ကို မြေ ၄ ပေ ၆ပေပဲ ပိုင်ဆိုင်ရတာပါ။ အသက်ရှင်စဉ်မှာ မြေတွေ သန်းချီပိုင်ဆိုင်ပါစေဦး။ သေသွားရင်တော့ မြေတစ်မှုန်တောင် ယူခွင့်မရှိပါဘူး။

ဒါကြောင့်လည်း ဦးပုညက သူသေတဲ့အခါ လက်တစ်ဖက်ကို အခေါင်းအပြင်ကို ထုတ်ပြဖို့မှာထားခဲ့တာပါ။ လူဆိုတာသေသွားရင် ငါးပြားစေ့တစ်စေ့တောင် ပါမသွားဘူးဆိုတာ သက်သေပြခဲ့တာပါ။

တကယ်တော့ ကူးတို့ခပေးလိုက်တဲ့ ငါးမူးစေ့တစ်စေ့တောင် ကိုယ်ပိုင်ဆိုင်ခွင့်ရတာ မဟုတ်ပါဘူး။ မရှိတာထက် မသိတာခက် ဆိုတဲ့ စကားလည်းရှိပါသေးတယ်။ လောကကြီးမှာ မရှိတာက သိပ်ဒုက္ခမရောက်ပါဘူး။ မသိနားမလည်ဘူးဆိုရင်တော့ လုံးဝရှုံး မျောတာပါပဲ။ သံသရာတစ်လျှောက်လုံး မိစ္ဆာဒိဋ္ဌိဖြစ်သွားရင်တော့





ဘယ်တော့မှ အပယ်လေးဘုံကနေ ပြန်တက်နိုင်တော့မှာ မဟုတ်ပါဘူး။

၃၁ ဘုံဆိုတာ တကယ်ရှိတာပါ။ လူ့ဘုံနဲ့တိရစ္ဆာန်ဘုံသာ ထင်သာမြင်သာရှိပေမယ့် ကျန် ၂၉ ဘုံလည်း တကယ်ရှိနေတာပါ။ လူဝင်စား၊ တိရစ္ဆာန်ဝင်စားဆိုတဲ့ ကိစ္စတွေ၊ ဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆို ကိုယ်နားမလည်နိုင်တဲ့ ကိစ္စတွေအများကြီးပါပဲ။ ဒေသပြန်မင်းသမီးဟာ မင်းသားအောင်ဗလဝင်စားခဲ့တာ ဖြစ်ပါတယ်။ ယောကျ်ားမင်းသမီးအောင်ဗလဟာ မင်းသမီးအကကို ကျွမ်းကျင်အောင်နိုင်လွန်းလှပါတယ်။ သူ့အနေနဲ့ ယောကျ်ားစစ်စစ်ဖြစ်ပေမယ့် စိတ်နဲ့စွဲပြီး သေဆုံးခဲ့လို့ ဒုတိယဘဝမှာ မိန်းကလေးအဖြစ် မွေးဖွားလာပါတယ်။ အောင်ဗလရဲ့ ကကွက်တွေအတိုင်း တစ်သဝေမတိမ်းတူအောင် ကပြနိုင်ခဲ့လို့ ဗလပြန်မင်းသမီးရယ်လို့ မြန်မာပြည် တစ်ဝန်း ကျော်ကြားခဲ့ပါတယ်။

ရိုက်စပီးယားဝင်စားတဲ့ နိုင်ငံခြားသူတစ်ယောက်လည်း ပေါ်ခဲ့ဖူးပါတယ်။ ရိုက်စပီးယားပြဇာတ်စာသားတွေကို ဘာသာစကား သင်ယူခြင်းမရှိဘဲနဲ့ တစ်သဝေမတိမ်း ပြန်ပြောနိုင်ခြင်းဟာ ရှေးဘဝ၊ နောက်ဘဝဆိုတာ တကယ်ရှိသာယ်ဆိုတာ သက်သေပြနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကာလဲလဲ ပြုလုပ်တာကို အထုံပါရမီလို့ ခေါ်ပါတယ်။ ကောင်းမှုတွေကို ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၊ ကောင်းကျိုး ကိုယ်၌ တည်စေမင်းဆိုတဲ့အတိုင်း ပါရမီမြောက်သည်အထိ ပြုလုပ်သင့်ပါတယ်။ မကောင်းမှုမှာ စွဲမြဲမွေ့လျော်တာကိုတော့ အနုသယကိလေသာလို့ ခေါ်ပါတယ်။ မကောင်းမှု အကုသိုလ်အလုပ်တွေမှာ အရက်အိုးထဲ အစိမ်ခံရသလို စွဲမြဲမွေ့လျော် ရုန်းမထွက်နိုင်ဖြစ်တာဟာ အနုသယကိလေသာပါပဲ။ အရက်သမားသည် အရက်ကိုပဲ သောက်မှာဖြစ်သလို မကောင်းမှုတွေကို ထုံခဲ့သူဟာ မကောင်းမှုကိုပဲ ထပ်တလဲလဲ ပြုလုပ်နေလေ့ရှိပါတယ်။

ဒါကြောင့် ကောင်းမှုပါရမီ အထုံရရှိအောင် ပါရမီမြောက်တဲ့ အလုပ်တွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ အထုံပါရမီပါသွားရအောင် ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။

မှော်ရုံတောမှာ မောလှပြီဆိုတဲ့ ဝတ္ထုစာသားလိုပါပဲ။ မှော်ရုံတောဖြစ်တဲ့ သံသရာမှာ မောဟတွေဖုံးလွှမ်းခဲ့တာကြာခဲ့ပါပြီ။ ဒါကြောင့် မောဟကိုပယ်ရမှာ ဖြစ်ပါတယ်။ မသိနားမလည်ခြင်းကို သိနားလည်ခြင်းနဲ့ အစားထိုးရမှာ ဖြစ်ပါတယ်။

မောပြီးဟတဲ့ မောဟတွေသက်သာကြပါစေ။ လူ့ဘောင်လောကကြီး အေးချမ်းပါစေ။ မောဟတွေများခဲ့လို့ လည်ခဲ့တဲ့





သံသရာစက်ဝိုင်းကို ရပ်လိုက်ကြပါစို့။ မောဟတွေလည်း ပယ်နိုင်ကြပါစေ၊ ဒေါသတွေလည်း ပယ်နိုင်ကြပါစေ။ လောဘတွေလည်း ပယ်နိုင်ကြပါစေ။

မောဟနှင့်သေ တိရစ္ဆာန်ပြည်ဖြစ်ပါတယ်။ မောဟနဲ့ သေလွန်ပါက တိရစ္ဆာန်ဖြစ်ရတတ်ပါတယ်။ လောဘနဲ့သေလွန်ပါက ပြိတ္တာဖြစ်ရတတ်ပါတယ်။ ဒေါသနှင့်သေ ငရဲပြည်ဖြစ်ပါတယ်။ ဒေါသနဲ့ သေလွန်ပါက ငရဲပြည်ရောက်ရတတ်ပါတယ်။

ဒါကြောင့် အပယ် ၄ ဘုံကို ခုန်မဆင်းဖြစ်အောင် လောဘ၊ ဒေါသ၊ မောဟကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ မေတ္တာနဲ့ယှဉ်သောစိတ်ကို ဖြစ်စေရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်ပြောရရင်တော့ ဒီတစ်ပတ်ဓမ္မဆောင်းပါးကို နိဂုံးချုပ်လိုက်ပါပြီ။ မောပြီးဟာစီဟာစီမဖြစ်ကြပါစေနဲ့။ လောဘတွေလည်း ကြီးကြပါနဲ့။ ဒေါသကိုလည်း ထိန်းသိမ်းကြပါ။ လောဘ၊ ဒေါသ၊ မောဟ ကင်းဝေးတဲ့ လူ့ဘောင်ဆီသို့ …။

**မျှော်လင့်ချက် (ဆေး-၂)**



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

စာမျက်နှာ ၃၀၀ နီးပါးဖတ်ရှုအပြီးမှာတော့ စာဖတ်သူတို့ မျက်ရိုးတွေကိုက်၊ မျက်စိတွေ ညောင်းနေလောက်ပါပြီ။

၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်၊ ဗိုလ်ချုပ်ရဲ့ နှစ် ၁၀၀ ပြည့် မွေးနေ့မတိုင်ခင် ထုတ်ဝေဖြစ်ခဲ့လို့ ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ကံကြမ္မာဘယ်လိုရှိမလဲဆိုတာ စာဖတ်သူတို့နဲ့အတူ ကျွန်တော်လည်း သိချင်နေမိတာ အမှန်ပါပဲ။

ကျွန်တော့်စာအုပ်ရဲ့ဆောင်းပါးတွေဟာ ဖတ်ပြီးရင် မောပန်း ကျန်ခဲ့နိုင်ပါတယ်။ ဘဝရဲ့အမောတွေကို ထည့်သွင်းရေးသားခဲ့လို့ ဖြစ်ပါတယ်။ လွမ်းတော်မူဖို့ စာကိုစီခဲ့တာပါ။ အခုဆိုရင် မြန်မာ နိုင်ငံဟာ ဒီမိုကရေစီ ဝတ်စုံကြီးကိုဝတ်လို့ ကမ္ဘာ့နိုင်ငံများနဲ့ လက်ဆွဲနှုတ်ဆက်လျက်ရှိပါတယ်။ ဝတ်ထားတဲ့ ဒီမိုကရေစီဝတ်စုံ ကြီးကြောင့်လည်း မြောက်ကြွမြောက်ကြွ ဖြစ်နေတာအမှန်ပါပဲ။ အင်္ကျီအသစ်၊ ပုဆိုးအသစ်နဲ့ ဖြစ်ပါတယ်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လည်းဖြစ်လို့နေပါတယ်။





မြန်မာနိုင်ငံရဲ့ အနာဂတ်ကို သိလိုသူတိုင်း စာဖတ်ကြမှာပါ။ အခုဆို သတင်းစာ၊ ဂျာနယ်တွေလည်း ဖတ်မကုန်အောင် ထွက် နေပြီဖြစ်ပါတယ်။ စာများများဖတ်မှပဲ အလိမ်မခံရမှာဖြစ်ပါတယ်။ နို့မို့ဆိုရင်တော့ လိမ်တာမှ ရက်ရက်စက်စက် အလိမ်ခံလိုက်ရမှာ ဖြစ်ပါတယ်။

ဘဝပျက်လောက်အောင် လိမ်သွားမှာ ဖြစ်ပါတယ်။ "လိမ် တယ် ညာတယ် လူညာကြီးရယ် ယုံအောင်ဖြီးတတ်တယ်"ဆိုပြီး ပီတိတွေ ဖြာနေရမယ့် အချိန်မဟုတ်ပါဘူး။ အလိမ်မခံရအောင် ဘဝထဲကစာတွေ၊ စာထဲကဘဝတွေကိုမြင်အောင် ကြည့်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

မြင်တယ်ဆိုတဲ့နေရာမှာလည်း မြင်ကာမတ္တမဟုတ်တဲ့ နှလုံးသား ထဲအထိရောက်အောင် စွဲစွဲမြဲမြဲ မြင်တတ်အောင် လေ့ကျင့်ထားကြ ပါလို့ ...။

နိဂုံးရဲ့နိဂုံးအနေနဲ့ကတော့ ကျွန်တော့်အနေနဲ့ ကျေးဇူး တင်ထိုက်သူများကို ကျေးဇူးတင်စကားနဲ့ နှုတ်ဆက်ပါရစေ။ ဖဝါး လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ်မှ ယနေ့အထိ ကျွေးမွေး စောင့်ရှောက်လာခဲ့တဲ့ အဖေနဲ့အမေကို ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သံသရာတစ်ကွေ့မှာ ကျေးဇူးရှိခဲ့ဖူးတဲ့ ကျေးဇူးရှင်အပေါင်းကိုလည်း ကျေးဇူးတင်ပါတယ်။ "မိတ်ဆွေ"စာပေတိုက်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဘဝခရီးလမ်းမှာ ဒီဆောင်းပါးတွေ ရေးဖြစ်အောင် လှုံ့ဆော်ပေးခဲ့တဲ့ သံသရာခရီးဖော်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ သမိုင်းဆိုတာ မအအောင်သင်ရတာပါ။ စာပေဆိုတာလည်း အလိမ်မခံရအောင် သင်ကြားပြသပေးနိုင်ပါတယ်။

စာဖတ်သူများအား အစဉ်လေးစားလျက်

မျှော်လင့်ချက်(ဆေး-၂)



BURMESE CLASSIC .com

www.burmeseclassic.com